
www.burmeseclassic.com

# လမင်းပိုပို

## အဝေးက ကောင်းကင်



L လင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အဝေးကကောင်းကင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၃၅၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၇၁၅၁၂၀

၂၀၀၉ ခုနှစ် မတ်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉) ၁၉ လမ်း လသာမြို့နယ်
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉) (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





## ၁

နဒီသည် မျက်စိနှစ်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်ကာ မျက်နှာမူရာတည့်တည့်မှာ ရှိနေတဲ့ မျက်နှာကြက်ဖြူဖြူဖွေးဖွေးကို ခဏစိုက်ကြည့်နေလိုက်ပါသည်။ မျက်စိနှစ်လုံးဖွင့်လိုက်တော့ အိပ်ရာက နိုးပြီဆိုတဲ့သဘောပေါ့။ တကယ်တော့ အိပ်ရာကနိုးပြီဆိုရလောက်အောင် နဒီ ညက အိပ်ရာဝင်ခဲ့တာလား၊ အိပ်ပျော်ခဲ့တာလား ကိုယ့်ဟာကိုယ် မရေရာ။

အဖြူရောင်အိပ်ရာခင်း ဇာဖြူခေါင်းအုံးစွပ်ဖြူဖွေးဖွေးတို့ထက်မှာ ကတ္တီပါမွေးပွစောင်ဖြူကိုခြုံလျက် ဖဲညဝတ်အင်္ကျီဖြူနှင့် လဲလျောင်းနေသော နဒီ့ကို ရုတ်တရက်ကြည့်လျှင် ခေါင်းအုံးပေါ် ပြန့်ကျဲလွင့်ဝဲနေတဲ့ ညိုနက်သည့် ဆံနွယ်တို့နှင့် မျက်နှာလေးတစ်ကွက်ကိုသာ အထင်းသား မြင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာကလေးတစ်ကွက်သည် ဖော်ပြရန်ခက်သည့်ဓေဒနာရိပ်တို့ စွန်းထင်းပေကျံလျက် သွေးဆုတ်ဖျော့တော့နေပါသည်။ သေလုမြောပါး နာကျင်ခံစားခဲ့ရသည့် ဒဏ်ရာဒဏ်ချက်တို့က နဒီ့ မျက်နှာပေါ် ခက်ခက်ခဲခဲ ရှာဖွေစရာမလိုဘဲ အလွယ်တကူ ပေါ်လွင်ကာနေသည်။

နဒီက ခုတင်ပေါ်မှ ဖြည်းညင်းစွာထ,ထိုင်ကာ ခြေနှစ်ဖက်ကို ကြမ်းပေါ်အသာချလိုက်သည်။ ဘာနှင့်မှ ထိခိုက်ရိုက်ပုတ်ခံရခြင်း မရှိခဲ့ဘဲ နှလုံးသားတစ်စုံကို ဗဟိုပြုပြီး တစ်ကိုယ်လုံးကိုင်ရိုက်ခံထားရသလို နာကျင်နေပါသည်။ အတွင်းရောအပြင်ရော အသွေးအသား အရေခွံ ခြေသည်းလက်သည်း ဆံပင်တွေကအစ နာကျင်နေတယ် ထင်မိသည်။

နဒီသည် အိပ်ခန်းတံခါးကို ဖွင့်ထွက်လိုက်ပါသည်။ ဂရင်းနိုက်ကျောက်ပြားဖြူတွေ ခင်းထားတဲ့ ဧည့်ခန်းမထဲက အဖြူရောင် ဆိုဖာဆက်တီများပေါ် ထိုင်နေသည့် သူတို့ပြောလက်စစကားရပ်ကာ ဟန်ချက်ပျက်သွားပြီး ကမန်းကတန်း ထရပ်လိုက်ကြပါသည်။

"မမ နိုးလာပြီလား"

"အင်း ... ခုန ဇာအသံကြားတယ်"





"ဟုတ် ... မမဇာ ရောက်နေပါတယ်၊ မီးဖိုထဲမှာ သူဝယ်လာတဲ့ မုန့်ဟင်းခါး နွေးနေပါတယ်"

နဒီက စုထွေးနှင့် မာလာ့ကို ကြည့်လိုက်ရင်း ...

"ရှင်တို့နှစ်ယောက် မနက် ဘယ်အချိန်ကတည်းက ထ,နေကြတာလဲ"

"ခြောက်နာရီခွဲလောက်မှပါ၊ မမက ထမင်းလည်းမချက်ရဘူးဆိုလို့ မချက်ထားဘူး"

"ဟုတ်တယ်လေ၊ ဒီနေ့ တို့လည်း အပြင်ထွက်မယ်ဟာ၊ အပြင်မှာပဲစားမှာ ချက်စရာမှမလိုပဲ၊ ရှင်တို့နှစ်ယောက်လည်း ဒီနေ့ ဆိုင်ကပြန်ရင် ကိုယ့်ဟာကိုယ် ပြန်ကြတော့နော်၊ ဒီမှာ အိပ်မပေးနဲ့တော့၊ နှစ်ည ရှိပြီ၊ မလိုအပ်ပါဘူးဆိုတာ ဝိုင်းစိတ်ပူကြပြီး လာအိပ်နေကြတာ၊ ကိုယ့်အိမ်များ အသုဘအိမ် ကျနေတာပဲ"

"ဖွ ... ဖွ ... မမကလည်း၊ မပြောကောင်းတာ"

"မပြောကောင်းတာ ဘာမှမရှိဘူး၊ ရှင်တို့က မိန်းမပျိုလေးတွေ၊ အသက်လေးတွေ နှစ်ဆယ်ကျော်လေးတွေနဲ့ အလကားနေရင်း မိဘအိမ်မှာ မအိပ်ဘဲ တခြားမှာ ဟိုအိပ်ဒီအိပ် မအိပ်သင့်ဘူး၊ အရေးကြီးကိစ္စရှိလို့ဆိုလည်း ထားတော့၊ အရေးကြီးကိစ္စလည်း မရှိဘူး၊ တစ်နေ့ကတော့

www.burmeseclassic.com

www.burmeseclassic.com



တို့ နည်းနည်းနေမကောင်းဘူး ဟုတ်တယ်၊ ဒါပေမဲ့ အခု တော့ ကောင်းသွားပြီ ...

ရှင်တို့စိတ်ပူတာ စေတနာထားတာကို ကျေးဇူးတင်တယ်၊ ဒါပေမဲ့ သမီးတို့ လာစောင့်အိပ်ပေးနေတာကို မြင်နေရတာကိုက ကိုယ့်ကိုယ်ကိုယ် တစ်ခုခု ဖြစ်နေတယ်လို့ ထင်ချင်စရာ ပြန်ဖြစ်နေတယ်၊ အဆောင့်အရှောက်နဲ့ နေရမယ့် အခြေအနေဆိုးဆိုးတစ်ခု ကိုယ်ကြုံနေရတယ်လို့ သတိပေးနေသလို ခံစားရတယ်"

စုထွေးနှင့် မာလာသည် နဒီရဲ့ဖက်ရှင်စတိုးမှအရောင်းဝန်ထမ်းမလေးတွေထဲက နှစ်ယောက်ဖြစ်ပါသည်။ သူတို့ကို နဒီ့ကိုလာစောင့်အိပ်ပေးဖို့ နဒီ့သူငယ်ချင်းဖြစ်သူ "ဇာ"က စီစဉ်ခဲ့တာဖြစ်သည်။

"စုထွေး ဟိုအံဆွဲမှာ သော့ယူပြီးတော့ ဟိုဘက်ခန်း သွားဖွင့်စမ်းပါ၊ အသားကပ် ဘောင်းဘီတွေ ပုံးတစ်ပုံးစာကျန်တယ် အားလုံး ဆိုင်ကိုသယ်သွားပြီး ၂၀ % ဒစ်စကောင့်ချလိုက်၊ ဈေးနှုန်းသစ်ကပ်လိုက်တော့၊ အစ်မ ဒီတစ်ခေါက်သွားရင် ဘောင်းဘီတွေ ခပ်များများ သယ်လာမှာ၊ ဒီဇိုင်းအသစ် ကက်တလောက်ကြည့်ပြီးပြီ သိလား၊ အဲဒီပုံဟောင်းတွေ အစ်မ အမြန်ကုန်ချင်တယ်"





"ဟုတ်"

နှစ်ရက်လုံးလုံး စကားမပြောနိုင်အောင် ဖြစ်ခဲ့တဲ့ သူတို့ရဲ့အလုပ်ရှင် အစ်မကို ကောင်မလေးနှစ်ယောက်က စိုးရိမ်မကင်း အကဲခတ်နေဆဲ။ သူတို့ အစ်မ ဘယ်လောက်ခံစားရမယ်ကို မိန်းမချင်း ကိုယ်ချင်းစာနိုင်သည်။ ခုလည်းပဲ ဘယ်လောက် ဟန်ကိုယ့်ဖို့ ထိန်းဆည်ကာ ပြောနေနေ နဒီ့ မျက်နှာပေါ်က နာကျင်ဖိစီးနေတဲ့ ဒဏ်ရာကြီးကို အတိုင်းသား မြင်နေရသလိုပင်။ နှစ်ရက်အတွင်းမှာ နှစ်နှစ်စာလောက် အိုမင်းကျဆင်းသွားတယ် ထင်ရတဲ့ ရုပ်ရည်က သက်သေပင်။ မျက်ကွင်းညိုညိုနှင့် မျက်လုံး တစ်ဝိုက်က အရေးအရစ်တို့က နဒီ့မျက်နှာကို ရင့်ရော်ခက်ထရော် စေနေသည်။

"သတင်းစာများ ရပြီလား"

"သတင်းစာ မမဇာ ယူလာပါတယ်"

"အင်း ... အင်း၊ မာလာလည်း စုထွေးနဲ့ လိုက်သွား၊ ဆိုင်ကို သယ်စရာ ဘာရှိလဲ နည်းနည်းစစ်လိုက်ပြီး ယူစရာရှိတာတွေ ယူလာလိုက်။ အစ်မ လက်ကျန်သိပ်မရှိချင်ဘူးနော် သမီးတို့"

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



စုထွေးနှင့် မာလာက သော့ယူကာ ဟိုဘက်ခန်းဆီ ထွက်သွားပါသည်။ ဒီကွန်ဒိုမီနီယမ်မှာပဲ နဒီက နှစ်ခန်းဝယ်ထားပါသည်။ ဟိုဘက်တစ်ခန်းရဲ့ အိပ်ခန်းတစ်ခန်းကို ဆိုင်ပစ္စည်းပိုတွေထားရာ ဂိုဒေါင်သဖွယ် အသုံးပြုပြီး ကျန်တဲ့နေရာတွေကိုတော့ အလွတ်ရှင်းလင်းထားသည်။

ဆိုဖာရှည်တစ်ခုက လွဲပြီးလျှင် ဇာခန်းဆီးဖြူတွေသာရှိသော ဤအခန်းပိုတွင် နဒီနှစ်သက်စွာ ဝယ်ယူစုဆောင်းထားသော ပန်းချီကားလေး,ငါးချပ်ကို ရှင်းရှင်းကျဲကျဲ ချိတ်ဆွဲအလှဆင်ထားပါသည်။

"နဒီ ... နင် နိုးပြီလား"

"အင်း"

နိုးတယ်ပဲ ထားလိုက်ပါတော့။ တကယ်တော့ အိပ်မပျော်လို့သာ ဇာ ရောက်လာတာကိုတောင် အိပ်ခန်းထဲက သိနေတာပေါ့။

"မုန့်ဟင်းခါး စားရအောင်"

"အေး"

"သတင်းစာ ယူလာတယ်၊ ထမင်းစားပွဲပေါ်မှာ၊ နင်ကြည့်ရင်း ထိုင်စောင့်နေ၊ ငါ မုန့်ပြင်ခဲ့မယ်၊ နွေးတာပြီးပြီ"

"အင်း"





နဒီက ညဝတ်အင်္ကျီကြီး တဖားဖားနှင့်ပင် ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။ သတင်းစာကို နောက်ဖုံးမှစပြီး လှန်ကြည့်လိုက်ပါသည်။

"(၆-၄-၂၀၀၈)တနင်္ဂနွေနေ့တွင် ဆီဒိုးနားဟိုတယ်၌ကျင်းပမည့် မင်္ဂလာဧည့်ခံပွဲအား ဖျက်သိမ်းခြင်း"

အလိုလေး ... ခေါင်းစဉ်ကြီးက ရှည်လျားပြီး ပြူးပြူးပြဲပြဲ နိုင်လိုက်တာ။ နဒီက အောက်ကစာကိုလည်း နာနာကျင်ကျင်နှင့်ပင် ခပ်လျှမ်းလျှမ်း ဖတ်လိုက်ပါသည်။

"မောင်သက်မင်းထွန်းနှင့် မရေနဒီတို့၏ မင်္ဂလာ
ဧည့်ခံပွဲကို စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါ
သောကြောင့် ဖျက်သိမ်းလိုက်ပါသည်။

မရေနဒီ"

ကြော်ငြာက ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်ပင်။ နဒီက သတင်းစာကိုပိတ်၍ ခေါက်ပစ်လိုက်သည်။ ထပ်မကြည့်ချင်တော့ပါ။ ကတုန်ကယင် ဖြစ်လွန်းလို့။ တစ်ကိုယ်လုံးမက အရိုးထဲကပါ နာလာလွန်းလို့။

"ရော့ ... နဒီ၊ ဒီမှာ ငရုတ်သီးမှုန့်"

ဇာက မုန့်ဟင်းခါး နှစ်ပန်းကန်ကို ဗန်းနှင့်ပြင်ကာ သယ်ယူလာကာ နဒီ့ဖို့ တစ်ပန်းကန် သူ့ဖို့တစ်ပန်းကန် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမျှားကြီးနော်၊ ငါ ငါးဆင့်ချိုင့်နဲ့ ဝယ်လာတာ၊ များ များစား၊ စုထွေးတို့ဖို့ပါ ပါတယ်"

နဒီသည် ကိုယ့်တပည့်တပန်း ဝန်ထမ်းရှေ့တော့ ခပ်တည်တည် လုပ်နေနိုင်ပြီး အချစ်ဆုံးသူငယ်ချင်း ဇာ့ရှေ့တော့ (ဟန်လုပ်နေလည်း မသိမယ့်သူ မဟုတ်ရာ)သွေးပျက်တဲ့ မျက်နှာကလေးနှင့် ဖြစ်နေပါသည်။

"ဇာ"

"ဘာလဲ နဒီ"

"စုထွေးတို့ကို ပြန်အိပ်ပစေတော့၊ ငါ ရပါတယ်"

"တစ်ယောက်တည်း ညရေးညတာ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ ဒီလိုပဲ တစ်သက်လုံး နေနေတာပဲဟာ"

နဒီသည် ဖေဖေနှင့် မေမေ မရှိကတည်းက အိမ်ဖော် ယ် ကိုယ်ရယ် နှစ်ယောက်အတူ နေဖူးပါသည်။ ကိုယ်မရှိတုန်း စ္စည်းခိုးပြေးတဲ့သူနှင့်၊ ကိုယ်ထွက်သွားရင် အိမ်မစောင့်ဘဲ သူ ါထွက်သွားကာ လည်ချင်တိုင်းလည် ဖြစ်ချင်ရာဖြစ် ရည်းစား င့် လွန်ကျွံသွားလို့ ပြဿနာပေါ်တဲ့လူနှင့်၊ ကိုယ်မရှိတုန်း အိမ် ပါခေါ်ချင်ရာ အဖော်အပေါင်းခေါ်တင် ပျော်ပွဲစားကြတဲ့သူနှင့်။

အမျိုးစုံဒုက္ခပေးသော အိမ်ဖော်များစွာနှင့် ကြုံတွေ့ ပြီး ဆက်လက် စိတ်ပင်ပန်း မခံနိုင်သောအခါ ကိုယ့်အိမ်မှာ



အတူထားတဲ့ အိမ်ဖော်မခေါ်တော့တာပါ။ တဖြည်းဖြည်းနဲ့ ကိုယ့် အသက်ကလည်းကြီးကာ ကိုယ်တိုင် လူကြီးတစ်ပိုင်း ဖြစ်လာပြီ ဆိုတော့ မိဘတွေဆုံးကာစ အသက်အစိတ်မ,လေးလည်း မဟုတ် တော့တာမို့ ခုတော့ နာရီပိုင်းအိမ်ဖော်သာ ခေါ်ပါတော့သည်။

"အင်း … ရရင်လည်း ပြန်လွှတ်လိုက်ပေါ့"

"သတင်းစာကြော်ငြာက နင် စာစီတာလား"

"အေး … ဘာဖြစ်လို့လဲ"

"အရမ်းပြူးပြဲနေတော့ လူတွေတွေ့မှာ ငါ ရှက်လို့ပါ"

ဇာက မျက်ခုံးကိုပင့်ကာ …

"ဟဲ့ … ကြော်ငြာထည့်တာကိုက လူတွေတွေ့ဖို့ ထည့်တာ လေ၊ ပြူးပြဲလေ ထင်းခနဲတွေ့လေ၊ ကောင်းလေပေါ့၊ နင့် ကြော်ငြာက လူတိုင်းတွေ့ဖို့လိုတယ်လေ နဒီ၊ မတွေ့သူ မရှိ ဖြစ်လိုက်မှ အဲဒီနေ့ကျ မှားယွင်းရောက်လာသူ မရှိ မှာပေါ့၊ ကြော်ငြာတာ မတွေ့လိုက်လို့ အဲဒီနေ့ မင်္ဂလာ ဆောင်ရှိတယ်ထင်ပြီး သွားနေကြမှာ စိုးရိမ်ရတာလေ"

"အဲသလို မတွေ့လိုက်တဲ့သူရှိပြီး သွားနေကြရင် ဘယ်လို လုပ်မလဲ"

"နင် ဘာမှမပူနဲ့၊ ငါတို့လင်မယားရယ်၊ ကိုကိုသန့်တို့ လင်မယားရယ် အဲဒီနေ့ ဆီဒိုးနားမှာ သွားနေဖို့ စီစဉ်ပြီး

www.burmeseclassic.com



ပြီ၊ မတော်တဆ မသိလိုက်တဲ့သူ တစ်ယောက်တလေ ရောက်လာရင် တောင်းပန်ရှင်းပြပြီး ပြန်လွှတ်လိုက်ရုံပေါ့၊ သူတို့ဘက်ကတောင် လာချင်လာစောင့်မှာ၊ ငါကြော်ငြာထည့်မှာ အန်တီဆွေ့ကို သွားပြောတော့ သူကလည်းပဲ လူတွေတွေ့အောင် ကြီးကြီးထည့်ဖို့ ပြောတယ်၊ သူတို့လည်း လာစောင့်မယ်လိုလိုလည်း ပြောတယ်၊ အန်တီဆွေတို့ခမျာ နင့်ကိုမပြောနဲ့ ငါ့ကိုတောင် မျက်နှာသိပ်မပြရဲကြဘူး၊ တအားကို နူးညွတ်ပြီး မျက်နှာအောက်ချထားကြတာ၊ သားသမီးမကောင်း မိဘခေါင်းပေါ့ဟယ်"

သူတို့ရဲ့သားက ဖောက်သွားတော့ မဟုတ်တာလုပ်သွားတော့ သူတို့ခမျာ မျက်နှာမပြရဲ ဖြစ်ကြပေမည်ပေါ့။ တကယ်တော့ လူကြီးလူကောင်းမိသားစု အသိုင်းအဝိုင်းပါ။ ပြောရရင်တော့ ကိုထွန်း ကိုယ်တိုင်ဟာလည်း လူကြီးလူကောင်းလို့ ခေါ်ရမည့်သူ တစ်ယောက်ပါပဲ။ အသက်တောင် သုံးဆယ့်ခုနစ်နှစ်ရှိနေပြီ။ လူကြီးစီစဉ်လို့ မဟုတ်ဘဲ ချစ်သူတွေအဖြစ် နှစ်နှစ်လောက်တွဲထားတဲ့ ကိုယ့်ခင်ပွန်းလောင်းဟာ မင်္ဂလာပွဲ တစ်ပတ်အလိုမှာ အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတဲ့ တခြားမိန်းကလေးတစ်ယောက်ကို ခိုးပြေးသွားခဲ့လိမ့်မယ်ရယ်လို့ ဘယ်တုန်းကမှ အိပ်မက် မမက်ခဲ့ပါ။





တစ်နေ့ကတော့ ဒါကို ကိုထွန်းရဲ့ညီမ ရီရီ အိမ်တိုင်ရာရောက် လာပြောတဲ့အခါ နဒီသည် မယုံကြည်နိုင်စွာ ကြောင်ငေးမျောသေနေခဲ့သေးတာ။ သူတို့အဖေက ကိုယ်တိုင်သွား အသိပေး အကြောင်းကြားဖို့ (သူကိုယ်တိုင်တော့ မျက်နှာပူလို့ မလိုက်ဘဲ) ဇနီးနှင့် သမီးငယ်ကို တာဝန်ပေးသည်။ ဇနီးဖြစ်သူကလည်း လိန်တွန့်ပြီး လုံးဝမလိုက်လိုတဲ့အတွက် ညီမဖြစ်သူ လင်မယားသာ ရောက်လာတာ။

သူ့ညီမဟာ နဒီနှင့်ရွယ်တူ သုံးဆယ့်လေး‚ငါး နှစ်ပတ်လည် ဆိုပါတော့။ ရီရီ့ယောက်ျားဟာလည်း ယောက္ခမတွန်းလွှတ်လို့ ပါလာရကာ မျက်နှာပူလွန်း၍ နဖူးနှင့်ဒူး ထိမတတ်ငုံ့ထိုင်နေခဲ့တာ။

"ဟို ... ကိုကိုက ... ဟိုလေ ... သရဖီ ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ဟို ... ဟို ... ခိုးပြေးသွားတာနဲ့ ... အဲဒါ ... ဒီမှာ စာတော့ ရေးထားခဲ့ပါတယ် နဒီရယ်"

မတော်လိုက်ရတဲ့ ယောက်မဟာ မျက်ရည်လည်ရွဲဖြစ်နေခဲ့သည်။ သဘောကောင်း ပြည့်ဝကြတဲ့ မိသားစုပါ။ သြော် ... ကိုထွန်း ဆိုသော ချစ်သူသည်လည်းပဲ အဆိုးအပေတော့ မဟုတ်ရှာပဲ ဝဋ်ကြွေးမကင်းပေလို့သာ ဖြစ်ဖို့ ကုသိုလ်ပါလာသလို့သာ ဖြစ်ရတယ်လို့ပဲ တွေးဖြေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မင်္ဂလာဆောင်ဖို့ တစ်ပတ်အလိုကျမှ ကပ်ဖြုတ်တာကတော့ တစ်ဆိတ် ရက်စက်လွန်းရာ မကျပေဘူးလား။ တော်သေးတာက လက်မှတ်ထိုး လက်ထပ်ခြင်းကို ခွာပြီးလုပ်မထားဘဲ ညှော်ခံပွဲမတိုင်ခင် တစ်ရက်မှာမှ ကပ်စီစဉ်ထားပေလို့။ ဖိတ်စာတွေက ဝေပြီးခဲ့ပြီလေ။ ဝေပြီးတာမှ သုံးလေးရက်ရှိသေးတာ။ နိုးမယ့်နိုးပြေးလည်း စောစောစီးစီး နိုးပြေးပါတော့လား။

"ငါ အရှမ်းစိတ်မကောင်းဘူး နဒီရယ်"

အာသည် မှန့်ဟင်းခါးဖွန်းကို ပါးစပ်ထဲ ခွံ့အပြီးပြန်ဆွဲမထုတ်ဘဲ သတိလက်လွတ် ငိုင်နေတဲ့ နဒီကို အလန့်တကြား ကြည့်ပြီးလျှင် ...

"ဟဲ့ ... နဒီ"

"အင်"

"နဒီ ... သူငယ်ချင်း"

ငှူကြီး ပြူးစိုက်ငိုင်နေတဲ့ နဒီမျက်ဝန်း၌ မျက်ရည်တစ်စက်မှ မရှိသော်ငြား အာ့မျက်ဝန်းမှာ မျက်ရည်တွေ သီဝေ့လာသည်။ နဒီပုံစံမှာ စိတ်နှင့်လူနှင့် မကပ်တာ အသိအသာ။ ရှိုက်ကြီးတငင်လည်း မငိုခဲ့ဘဲ သိသိချင်းနေ့က မျက်ရည်နည်းနည်းပါးပါး လည်တာသာ ရှိခဲ့ပြီး ငှူကြီးသာ မှုးမိုက်ပျော့ခွေနေခဲ့တာ။



"အာ ... နင် ဘာလို့ငိုတာလဲ"

"ငါ ... ငါ့ပယောဂလည်း မကင်းဘူး နဒီရယ်"

"ဘာဆိုင်လို့လဲ အာရယ်"

"သူတို့နဲ့ နင့်ကို ငါ မိတ်ဆက်ပေးခဲ့တာ၊ ငါ့ကိုကြားခံပြီး နင်နဲ့ ကိုထွန်း သိခဲ့တာ"

"အဲဒါ ဘာဖြစ်လဲ၊ သူကလွဲရင် သူ့အမေ သူ့ညီမကိုတောင် ငါ အပြစ်မတင်ပါဘူး၊ ဘာဆိုင်လို့လဲ အာ၊ ရီရီ့ကို ငါတောင် ပြန်ချော့လိုက်သေးတယ်။ ရီရီ့ခမျာ ငိုလို့သနားပါတယ်၊ အမှန်တိုင်း ပြောရရင် ကိုထွန်းကိုလည်း ငါ သိပ်ကြီး စိတ်မဆိုးပါဘူး"

"ဟင်"

"မုန်းလည်းမုန်းမသွားဘူး၊ မုန်းမသွားဘူးဆိုတော့ သိပ်ချစ်လို့လို့ နင် ထင်နေဦးမယ်၊ ချစ်ကတည်းကိုက သိပ်မချစ်လို့လား မသိပါဘူး၊ ငါ သိပ်မုန်းမသွားဘူး၊ ငါတကယ်ပြောတာ၊ ငါ့ခံစားချက်တ သိပ်ရှက်တာ၊ ဝမ်းနည်းတာ၊ ဒါပါပဲ အာရယ်၊ ငါ နာတော့ နာတယ်၊ နာတယ်ဆိုတာလေ တကယ်နာတာ၊ ငါ့လက်မောင်းကို ငါ အခု ဒီလိုဆုပ်လိုက်ရင်တောင် နာတယ်၊ အသည်းနှလုံးရော ကလီဇာတွေရော အရိုးအသားတွေရော တစ်ကိုယ်လုံးနာတာ"

www.burmeseclassic.com

www.burmeseclassic.com



"နဒီ ... နင် ဘာဖြစ်လို့ သိပ်မငိုတာလဲ"

"ငါ ဘာဖြစ်လို့ မငိုတာလဲ ! "

ပြန်လည်မေးနေတဲ့ နဒီ့ကို စာက ယူကျုံးမရ ကြည့်နေမိရင်း ...

"နဒီ ... နင် ဒေါ်ခင်လေးညိုနဲ့ သွားပြန်တွေ့ပါ"

နဒီက ခေါင်းလေး ဖြည်းဖြည်းယမ်းရင်း ...

"မတွေ့ချင်ပါဘူး စာရယ်"

"ဘာဖြစ်လို့လဲဟယ်"

"ဖေဖေတို့ မေမေတို့ ဆုံးတုန်းကလည်း တစ်ခါ၊ ခုတစ်ခါ ဆိုရင် သူက ငါ့ကို ခဏ ခဏ စိတ်ဓာတ်ကျလွယ်တဲ့ စိတ်မကြံ့ခိုင်တဲ့ စိတ်ပျော့တဲ့ မိန်းမတစ်ယောက်လို့ ထင် တော့မှာပေါ့၊ အခု ဘာမှသိပ်မဖြစ်ပါဘူးဟာ"

"ထင်တော့လည်း ဘာဖြစ်လဲ နဒီ၊ သူက Psychiatrist ပဲ၊ သူ နင့်အပေါ် ဘယ်လိုထင်ထင် နင် ရှက်စရာလဲ မလိုဘူး ဂရုစိုက်စရာလည်း မလိုဘူး၊ အဓိက,က နင့်စိတ်တွေ တည်ငြိမ်အေးချမ်းမှုရပြီး ပြန်တက်ကြွ အားရှိလာဖို့ပဲ။ သူဆိုရင် နင့်အကြောင်းကိုလည်း သိပြီးသားလေ၊ နင့် History ဘယ်လိုတွေ ရှိတယ်ဆိုတာ နားလည်ထားပြီး သား ..."





ဟိုးတစ်ခါက အတော်ကြီးကြာမှ နင်နာလန်မထူ အောင် စိတ်တွေကျနေမှ သူ့ဆီရောက်ရတာ အချိန်တွေ အကြာကြီး ပြန်ကုစားခဲ့ရတယ် မဟုတ်လား နဒီရယ်၊ အဲသလို နောက်ကျမှ သိပ်လိုအပ်လာမှ ကုစားရတာက နင့်အတွက်လည်း ပင်ပန်းဆင်းရဲပြီး အချိန်လည်း အများ ကြီး ပေးရတယ်၊ နင် နာလန်ထူဖို့ အချိန်အကြာကြီးပေး ခဲ့ရတယ်၊ အခု နင့်ကိုယ်နင် ဘာမှမဖြစ်ပါဘူးလို့ နင်ထင် ပေမယ့် နာကျင်မှုက တစ်မျိုးစီ နဒီ၊ ခုကိစ္စကလည်း ခု အလျောက်ပဲ ...

သွားလိုက်ပါ၊ မလိုအပ်ရင်တောင် နှစ်ခါ သုံးခါ လောက်ပဲ ဖြစ်ဖြစ်ပေါ့၊ စကားသွားပြောလိုက်ပါ၊ နင်က ဘာမှမဖြစ်ဘူး ဆိုပေမယ့် နင် ပြိုကွဲနေတယ်"

ပြိုကွဲနေတယ်တဲ့။ နဒီသည် သူ့ကိုယ်သူ သေချာ ဘာတစ်ခုကတော့ လောကကြီးကို အယုံအကြည်မဲ့သလို ဖြစ်နေ ဘာပင်။ ကိုယ့်ကိုယ်ကိုယ် အပေါ်လည်း ယုံကြည်ချက်နည်းပါး သွားတာပင်။ အဲဒီခံစားချက်က အံ့ဩနာကျင်စေသည်။

နဒီ့အသက်က သုံးဆယ့်လေးနှစ်ထဲမှာလေ။ တကယ် ဆော့ အပျိုကလေး မဟုတ်တော့။ အပျိုကြီးစာရင်းမှာ ဝင်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်မှာ ချောချောလှလှ ငယ်ငယ်ရွယ်ရွယ်တွေ ပေါများလွန်းလှတဲ့ အထဲမှာ၊ ငွေရှိ ဂုဏ်ရှိ ပညာတတ် ယောကျ်ားတွေဟာ ခေါင်းခေါက်စရာတွေ ပေါမှပေါများလှတဲ့ဟာ ဘာကြောင့်များ ရွှေရင်သိမ်းသစ် နုမျစ်မျစ်လေးတွေကိုပယ်ပြီး အိုစာရင်း ခြေတစ်ဖက်လှမ်းပြီဖြစ်တဲ့ အရွယ်မျိုးကို ရွေးမတဲ့လဲ။

ယူချင်းယူ နုနုငယ်ငယ်ရွယ် နှစ်ဆယ်လေးကိုပဲ ရွေးယူတော့မပေါ့။ မတိမ်းမယိမ်းကိုမှ ယူရပါမယ်လို့ စည်းကမ်းချက်ကြီး ရှိတာမှတ်လို့။ တကယ့်ကို ကြားလို့ကောင်းအောင် ပြောတာမဟုတ်ဘဲ ရင်ထဲက တကယ့်အရင်းခံအတိုင်း ရိုးသားစွာ ဝန်ခံရမည်မှာ ကိုထွဋ်ကို ခွင့်မလွှတ်နိုင်လောက်အောင်လည်း ဖြစ်မနေ၊ လွှတ်တဲ့ငါးကြီးပြီး နှမြောတသလို့လည်း မနေ၊ ထားပစ်ခံခဲ့ရခြင်းအပေါ်မှာသာ အုံ့သြနာကျင် ခါးသီးနေတာပါ။

"သူကကျတော့ Therapist ဆိုတော့ ငါတို့ထက်ပိုပြီး နင့်စိတ်ဓာတ်ကို တက်ကြွလာအောင် အားဖြည့်ပေးနိုင်မှာ၊ ထိရောက်တဲ့ စကားလုံးတွေနဲ့ နင့်ကို အမြန်ဆုံး နာလန်ထူပေးနိုင်မှာ"

"ဒေါ်ခင်လေးညိုနဲ့ မတွေ့တာတောင်ကြာပြီ၊ ကိုးနှစ်လောက်ရှိပြီပေါ့နော်"





နဒီက ကိုယ့်ဟာကိုယ် ခပ်ညည်းညည်းကလေး ပြောမိသည်။ မေမေနဲ့ မေမေ ဆုံးပြီးတဲ့နောက် နဒီ ဒေါ်ခင်လေးညိုနှင့် ခြောက်လလောက် ပြသကုသခဲ့ရပါသည်။ အဲဒီတုန်းကလည်း သူ့ကို နဒီ အစ်မကြီးတစ်ယောက်လို ဒါမှမဟုတ် အဒေါ် တစ်ယောက်လို အားကိုးခင်မင်ခဲ့ပါသည်။ ကိုယ့်ဝေဒနာသက်သာပျောက်ကင်းတဲ့နောက်မှတော့ သိပ်ပြီးမရောက်ဖြစ်ခဲ့တော့။

သူကလည်း စိတ်ရောဂါကု ဆရာဝန်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် နေကောင်းတယ် ထင်တဲ့အချိန်မှာ တကူးတက သွားချင်စိတ် မရှိခဲ့တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



## ၂

ဒေါ်ခင်လေးညိုသည် သူ့ရှေ့က နှစ်ယောက်ထိုင်ဆိုဖာပေါ် ထိုင်နေသည့် မိန်းမရွယ်ကို သဘောတကျ ပြုံးကြည့်နေမိပါသည်။ လည်ပင်းမှာ ပတ်ထားတဲ့ အဖြူရောင် ပိုးမာဖလာရှည်လေး အဖျားက သိုးမွေးလုံး ဖြူဖြူလေးတွေကို ခေါင်းငုံ့မျက်လွှာချကာ တို့ထိလှုပ်ခတ်ကစားနေတဲ့ "ရေနဒီ"အမည်ရှိသည့် မိန်းကလေးကိုလည်း သနားနေမိပါသည်။

လူသားတွေဟာ မိမိတို့ဘဝမှာ အပြောင်းအလဲအချိုးအကွေ့ အဖြစ်အပျက်ပေါင်းများစွာနှင့် နပန်းလုံးနေကြရတာမှန်ပေမယ့် ကြီးမားပြင်းထန်ထူးခြားတဲ့ ရိုက်ပုတ်ချက်လောကဓံကိုတော့ အကြိမ်ကြိမ် အခါခါ အဖန်တလဲလဲ ကြုံရဖို့မသင့်ပါ။ အချိုးအကွေ့ဆိုလည်း လေးဆယ့်ငါး ဒီဂရီကွေ့လောက် ခြောက်ဆယ်ဒီဂရီကွေ့လောက်ပေါ့။ ကိုးဆယ်ဒီဂရီကွေ့ ဆိုရင်တောင်မှ





သိသိသာသာ ပင်ပန်းစေပြီ။ ဂငယ်ကွေ့လို ဖျတ်ခနဲ ဟိုဘက်ဒီဘက် ပြောင်းလဲသွားတဲ့ ကွေ့ချိုးမှုမျိုး ဘဝမှာ တစ်ကြိမ်ကြုံလျှင်ပင် လူကိုအများကြီး ဖိစီးပြီ။

နှစ်ကြိမ် ဆိုရင်တော့ သနားစရာပေါ့။ ထပ်ပြီးတော့ သုံးကြိမ်ဆိုတာမျိုးတော့ ဘုရားရှင် ကယ်တင်စောင်မပြီး မကြုံရရှာတော့အောင် စောင့်ရှောက်ပါလို့ ကြားထဲက ဆုတောင်းပေးချင်မိပါသည်။

"နဒီက မြမဆီ မလာချင်ဘူး"

နဒီ့ထံက အသံထွက်လာသည်။ ဒေါ်ခင်လေးညိုက ပြုံးရင်း ...

"ဘာဖြစ်လို့လဲ နဒီ"

"နဒီ မျက်နှာပူလို့ပါ"

"ဘာကို မျက်နှာပူတာလဲ နဒီ"

"လိုအပ်မှပဲ ရောက်လာပြီး မလိုအပ်ရင်တော့ အဆက်ပြတ်နေတဲ့ သဘောမျိုး ဖြစ်နေလို့ပါ"

"ဒါ ဆရာဝန်နဲ့ လူနာကြားမှာ ဆန်းမှမဆန်းတာပဲ နဒီ၊ နေမကောင်း မဖြစ်ဘဲနဲ့ မလိုအပ်ဘဲနဲ့ ဘယ်လူနာက ဆရာဝန်ဆီ ရောက်ရောက်နေချင်မှာတဲ့လဲ၊ ဒါမျက်နှာပူစရာအကြောင်းမှ မရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



နဒီကပြုံး၍ ဒေါ်ခင်လေးညိုကို မျက်လွှာပင့်ကြည့်လိုက်ပါသည်။ သူ ပြောတော့လည်း ဟုတ်နေရာ ခုမှပဲ ရဲရဲကြည့်ဝံ့တော့သလို။

"တို့ မတွေ့တာ ဘယ်လောက်ကြာသွားပါလိမ့်"

"ကိုးနှစ်လောက်ပါ မမ"

"ကြားထဲမှာ အချိန်ကာလတွေ ရှိလို့သာ နဒီတောင်မငယ်တော့ဘူးပဲလို့ စဉ်းစားရတယ်၊ နဒီက အရင်ကထက် ဘာမှသိပ် မပြောင်းလဲဘူး၊ နဒီ အခု အသက်ဘယ်လောက်ရှိသွားပြီလဲ"

"သုံးဆယ့်လေးထဲမှာပါ"

ဒေါ်ခင်လေးညိုက ခေါင်းယမ်းရင်း ...

"သုံးဆယ်တောင် မပြည့်ချင် ပြည့်ချင် ထင်ရတယ်။ ဟိုးတုန်းက ကလေးမျက်လုံးကလေး အကြည့်လေးမျိုးတွေ ပျောက်ပြီး ရင့်ကျက်တည်ငြိမ်လာတဲ့ မျက်လုံးတွေပဲ သိသိသာသာ ပြောင်းလဲတယ်၊ ကျန်တာ ဘာမှသိသိသာသာ မပြောင်းဘူး၊ အရမ်းလည်း လှနေတုန်းပဲ၊ လှပြီးသားအလှထဲမှာ ဣန္ဒြေလေးနဲ့ ကျက်သရေလေးတစ်မျိုး တိုးလာတယ်"



နဒီက ခေါင်းကိုမော့လှန်ကာ အသံမထွက်ဘဲ ရယ်မောလိုက်မိပါသည်။

"အပျိုင်မိမ်ယူတာ နဒီ သူငယ်ချင်းတဲ့၊ သူက အကျိုးအကြောင်းတွေလည်း ပြောပြပါတယ်၊ နဒီက ငြင်းနေလို့ သူက ဖွတ်အပျိုင်မိမ်လုပ်တာ ထင်တယ်"

"ဟုတ်ပါတယ် မမ၊ နဒီ မင်္ဂလာဆောင်ကိုဖိတ်ဖို့ကျတော့ မမကို မဖိတ်ဖြစ်ဘူးလေ၊ မင်္ဂလာဆောင်ပျက်တော့ကျတော့ စိတ်တွေပြုတ်ကျပြီး မမဆီ ရောက်လာရတယ်ဆိုတာကို အားနာ မျက်နှာပူလို့ပါ"

"မတွေ့ဖြစ်တာ ကြာတော့လည်း မဖိတ်ဖြစ်ဘူးပေါ့၊ တစ်သက်လုံး သိခဲ့ကျွမ်းခဲ့သမျှ လူအားလုံး စုံစေအောင် ဖိတ်ရမယ်လို့မှ မဟုတ်ဘဲ၊ လောလောဆယ် တျင်လည်ပတ်သက်ရတဲ့ အဝန်းအဝိုင်းလောက်နဲ့ ချို့ရတာပဲလေ၊ ထုံးစံပဲဟာ နဒီရယ်၊ အခု နေကောင်းတယ် မဟုတ်လား"

"တစ်ကိုယ်လုံး နာနေတယ် မမ"

နဒီ မျက်ရည်လည်လာပါသည်။ အသံက တိုးတိုးကလေးပင်။

"ဘယ်လိုဒဏ်ရာမျိုးလဲ ပြောမပြတတ်ဘူး၊ မမကို ညာစရာအကြောင်းလည်း မရှိသလို နားထောင်ကောင်းအောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ အကြောင်းမရှိပါဘူး၊ ဆုံးရှုံးလက်လွှတ်ရလေခြင်းဆိုတဲ့ နှမြောပူလောင်မှုမျိုး လုံးဝမရှိပါဘူး၊ ဘာကို မှန်းမသိ ဝမ်းနည်းနေတာပါပဲ”

“ကိုယ့်ဟာကိုယ် တွေ့ခဲ့ကြတာလား”

“ဟုတ်ကဲ့၊ သူ ပရိုပို့စ် လုပ်တယ်၊ သုံးလလောက်နေတော့ နဒီ လက်ခံခဲ့တယ်၊ ဒီရှေ့မှာ ခင်မင်သိကျွမ်းတာလည်း တစ်နှစ်နီးပါးရှိပြီ၊ ငြင်းစရာလည်း အကြောင်းမရှိတာရယ်၊ အဓိကတော့ အရမ်း lonely ဖြစ်လွန်းတဲ့ ဘဝမှာ လက်တွဲဖော်ရယ်လို့ အားကိုးလောက်တယ်ထင်တဲ့ လူတစ်ယောက်ကို ရွေးလိုက်တာပါပဲ”

“သိပ်မချစ်ဘူးလား”

“မချစ်ဘူးလည်း မဟုတ်၊ တအား ရင်တွေခုန်အောင် အသည်းနှင့်အောင် ချစ်တာလည်းမဟုတ်၊ ကိုယ့်ချစ်သူဆိုတဲ့ အချစ်မျိုးနဲ့ပါပဲ”

ဒေါ်ခင်လေးညိုက နဒီ ပြောပုံကို ပြုံးရပါသည်။

“တာဝန်ကျေလေး ချစ်တာပေါ့”

“အဲဒီလိုလည်း … အင်း … နဒီ သေချာမပြောတတ်ပါဘူး မမရယ်၊ နဒီလေ တစ်ယောက်တည်း မနေချင်တော့တာ တစ်ခုပဲ၊ ဖေဖေတို့ မေမေတို့ မရှိကတည်းက ဆွေနီးမျိုး



စပ်ထဲကလည်း ခေါ်မနေ၊ အိမ်ဖော်ပဲ ခေါ်လိုက်ပြီး အဖော်ပြုနေတာ၊ အိမ်ဖော်တွေကလည်း စိတ်မချရတာရယ်၊ နဒီ့အပေါ်လည်း မကောင်းကြတာရယ်နဲ့ အသက်ကလည်း သုံးဆယ်ထဲ ဝင်လာတော့ ငါ လူကြီးဖြစ်ပြီဆိုပြီး နဒီတစ်ယောက်တည်းပဲ နေတော့တယ် မမ …

House maid ကိုတောင် မနက်ပိုင်း ညနေပိုင်း အချိန်ပိုင်းနဲ့ပဲ ခေါ်တော့တယ် မမ၊ အဲသလိုနေရင်းက အရမ်းအထီးကျန်ဆန်တာကို ခံစားလာရတာ၊ နောက်ဆုံးတော့ နဒီ ဘယ်လိုပဲဖြစ်ဖြစ် လူကောင်း အိမ်ထောင်ဖက် တစ်ယောက်ကို ရှာဖွေပြီး မိသားစုဘဝလေး တည်ဆောက်တော့မယ်လို့ ဆုံးဖြတ်လိုက်တာပါ”

“နဒီ ဆုံးဖြတ်တာလည်း မှန်ပါတယ်”

“လူရွေးသာ မှားခဲ့တာပေါ့နော်”

“လူရွေးလည်း မှားတယ်ပြောလို့ မရပါဘူး၊ လူကောင်းပဲ မဟုတ်လား၊ ခုလို ဖြစ်သွားရတာကတော့ ဖြစ်ဖို့အကြောင်းကံကို တိုက်ဆိုင်လို့ပဲလို့ နဒီ ဖြေသိမ့်လိုက်တော့၊ သူလည်း တကူးတက ရှုပ်ပွေတဲ့ လူစားထဲက မဟုတ်ဘူးလို့ မမ သိရတယ်၊ သူ့ကံအကျိုးပေးပေါ့၊ ဖူးစာမပါဘူးပဲ မှတ်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်စာတွေပါ ဝေပြီးတော့မှ အရက်တကွဲ နာမည်ပျက်ရတာကျတော့ ..."

"နဒီ နာမည်ပျက်စရာ အကြောင်းမရှိပါဘူး၊ လူ့ပါးစပ်ဆိုတာ ပိတ်လို့မှ မရဘဲ၊ ဘာကြောင့် ပျက်သွားတယ်ဆိုတာ လူတွေ သိလာကြမှာပဲ၊ သူ့ဘက်ကိုသာ အပြစ်ဖို့ကြမှာ၊ သူပဲ နာမည်ပျက်သွားမှာ၊ နဒီက ဘာအပြစ်မှ မရှိတာ ဘာနာမည်မှလဲ ပျက်စရာအကြောင်း မရှိဘူး၊ အရက်တကွဲဆိုတာကလည်း မင်္ဂလာပွဲ စီစဉ်ပြီးမှ ပျက်ရတာကို ရှက်စရာလို့ ကြိုတင်သတ်မှတ်ဖဲ့ အတွေးမျိုး နဒီ့မှာရှိနေလို့ အရက်ကွဲရတယ်လို့ နဒီ ထင်နေတာ ...

ဒါဟာ ရှက်စရာ မဟုတ်ပါဘူးလို့ ယူဆလက်ခံထားတဲ့ သူအဖို့ဆိုရင် ဒါဟာ အရက်တကွဲကို မဟုတ်ဘူး အဖြစ်အပျက်တစ်ခုပဲ၊ စီစဉ်ထားတယ်၊ အကြောင်းမတိုက်ဆိုင်လို့ စီစဉ်သလို မဖြစ်ဘူး ပျက်သွားတယ်၊ ဒါဟာအဖြစ်အပျက်ကလေးတစ်ခုပါပဲ နဒီ၊ ခံယူသူရဲ့ ခံယူပုံ ခံယူနည်းပေါ်ပဲ မူတည်တယ်၊ လူတွေကတော့ အဖြစ်အပျက်တစ်ခုအနေနဲ့ အထူးတဆန်းလုပ်ပြီး ပြောကြ ဆိုကြတာရှိမယ်_

အဲသလိုပြောကြရာမှာတောင် နဒီ့ကို မကောင်းလု... ပြီး ပြောချင်လို့တောင် ပြောစရာအကြောင်းမရှိဘူး၊ သတင်း... အဖြစ်တော့ ပြောကြဆိုကြမှာပဲ၊ ဒါ ဘယ်နှရက်လဲ နဒီ၊ တစ်ပတ် နှစ်ပတ်ပေါ့၊ တစ်လပေါ့၊ ဒီထက် ဘယ်သူမှ ဆက်မပြောနိုင်ဘူး၊ သူတို့မှာလည်း သူတို့စားဝတ်နေရေးနဲ့ သူတို့ကိစ္စနဲ့ ရှိသေးတယ်၊ ကိုယ့်ထက်တောင်ပိုပြီး သူများကို တစ်လထက်ပို စိတ်မဝင်စားနိုင်ပါဘူး နဒီ ...



ကြာတော့ မေ့ပျောက်သွားကြမယ့်ကိစ္စတွေပဲ၊ တစ်နေ့နေ့ အကြောင်းတိုက်ဆိုင်ပြီး စကားစပ်မိလို့ နောင်အခါ ပြန်ပြောဖြစ်တာမျိုး ရှိရင်ရှိမယ်၊ ဒါလောက်ပါပဲ၊ အခုကိုပဲ ဒီကိစ္စပျက်လို့ နဒီ့မှာ တစ်ကိုယ်ရည် ထိခိုက်ရှုံးနိမ့်သွားရတာ ဘာမှမရှိဘူး၊ အလုံးအရပ် စည်းစိမ်ချမ်းသာ ဘာများ လျော့သွားတာ ရှိလို့လဲ၊ နဒီက နဒီ့လမ်းပေါ်မှာ နဒီ လျှောက်နေတာပဲ၊ သူက ဘေးကပါလာတယ်၊ ခဏတဖြုတ်နေတော့ ဘေးကနေ လွှင့်ကျချော်ထွက်သွားတယ်၊ နဒီက ဆက်လျှောက်နေတုန်းပဲပေါ့၊ ဒါပါပဲ နဒီရယ်"

နဒီ့က ငေးငိုင်တွေဝေနေပြီးလျှင် ...

"နဒီ့ကိုမြင်ရင် လူတွေက မေးငေါ့ပြီး အတင်းမပြောကြဘူးလားဟင်"

"ပြောရင် ပြောမှာပေါ့၊ သူပေါ့ မင်္ဂလာဆောင်ခါနီး သူ့သတို့သားလောင်းက တခြားမိန်းမ ခိုးပြေးသွားတယ်လေလို့

www.burmeseclassic.com



ပြောကောင်း ပြောကြမယ်၊ ပြောရင်တောင် ဒီစကားထဲမှာ နဒီ့အဖို့ ရှက်စရာ ဘာမှမပါဘူး”

နဒီက ခေါင်းလေးညိုကို ငေးကြည့်နေပါသည်။

“သူ့ကို တွေ့ရင်တော့ ငေးငေါ်ပြီး ပြောကြမှာပဲ၊ သူပေါ့ မင်္ဂလာဆောင်ခါနီး ချစ်သူကိုပစ်ပြီး နောက်တစ်ယောက် ထပ်ခိုးပြေးတဲ့လူလေလို့ ပြောကြမှာပေါ့၊ သူသာရှက်ရမှာလေ နဒီ၊ သူ့အပြုအမူကသာ အမှား၊ သူက ရှက်ရမယ့်သူ၊ နဒီက ဘာအမှားမှ ပြုမူတဲ့သူ မဟုတ်ဘူး၊ ရှက်စရာအကြောင်းကို မရှိဘူး၊ ဝမ်းနည်းတယ်၊ စိတ်မကောင်းဖြစ်တယ် ဆိုတာတော့ ရှိမှာပေါ့၊ ဒီခံစားချက်ကလည်း အချိန်တန်ရင် သူ့ဟာသူ ပြီးပျောက်သွားမှာပဲ”

နဒီက အတန်ကြာ ငြိမ်သက်နေပါသည်။ ထို့နောက် ရစ်ဝဲနေတဲ့ မျက်ရည်စလေးတို့ကို မျက်တောင်ပုတ်ခတ်ရင်း ...

“နဒီကလေ နဒီလည်း အသက်ကြီးလာပြီပေါ့နော်၊ မိသားစုဘဝလေး တည်ဆောက်တော့မယ်ဆိုရင် သုံးဆယ့်ငါးနှစ်အရွယ်မှာ ရင်သွေးယူမယ်ပေါ့၊ အခု လက်ထပ်ဖြစ်တယ်ဆိုရင် မိသားစုဘဝလေး တည်ဆောက်ဖို့ သိပ်နောက်မကျဘူးပေါ့နော်၊ ကိုယ့်သားသမီးလေးကိုလည်း ပြုစုပျိုးထောင်နိုင်တဲ့အချိန် လုံလောက်တယ်ပေါ့နော်၊ အဲသလိုလေး





စိတ်ကူးယဉ်ခဲ့တယ် မမရယ်၊ တစ်ယောက်တည်း မဖြစ်ချင်လွန်းလို့ပါ”

နဒီ့အသံက တုန်ခတ်လာသည်။

“နဒီရယ် ... သုံးဆယ့်လေးနှစ် ဆိုတာ ဘာကြီးသေးလို့လဲ၊ နဒီက မြန်မာမျက်စိနဲ့ ကြည့်လို့ပါ၊ အနောက်တိုင်းတွေမှာ လေးဆယ်ဆိုရင်လည်း နောက်မကျပါဘူး၊ နဒီ တစ်ယောက်တည်း မဖြစ်ပါဘူး၊ အခုထက်ပိုချစ်ရတဲ့သူ ပေါ်လာဦးမှာ၊ လွဲသွားတာကိုက ကိုယ့်အဖော်စစ် မဟုတ်လို့ပေါ့၊ တကယ့် အဖော်စစ်နဲ့ တွေ့ရမှာမို့ ရှေ့လူနဲ့လွဲကို လွဲရတာပါ”

“ချစ်ရတဲ့သူ ပေါ်လာဦးမှာ !! ”

နဒီက ပြုံးမဲ့မဲ့လေး ရေရွတ်နေပါသည်။

“နဒီက လှပတယ်၊ ပြည့်စုံတယ်၊ ကိုယ့်ဘဝအတွက် အဖော်မွန်အစစ်ကို နဒီ့မှာ တွေ့ပိုင်ခွင့် ရပိုင်ခွင့် အပြည့်အဝ ရှိသေးတယ်၊ စိတ်ကို ပေါ့ပေါ့ပါးပါး ထားလိုက်ပါ နဒီ၊ ကိုယ်က ပျော်ပျော်နေမှ ပျော်စရာက ကိုယ့်ဆီလာမှာ၊ မပျော်တတ်တဲ့သူဆီ အပျော်က ဘယ်တော့မှ မလာဘူး၊ စိတ်ကို ဖွင့်ပြီးလွှတ်ထားပါ၊ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ချုပ်နှောင်မထားနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာပူပင်သောကကိုမှ မွေးမြူမထားနဲ့၊ ပတ်ဝန်းကျင်ကိုလည်း လိုအပ်တာထက်ပိုပြီး ထည့်တွက်ဖို့မလိုဘူး၊ ကိုယ့်စိတ်ချမ်းသာ ပျော်ရွှင်မှုဆိုတာ ကိုယ်ကိုယ်တိုင်ပဲ တတ်နိုင်တဲ့ အရာပါ နဒီ"

နဒီက ဒေါ်ခင်လေးညိုကို ခင်မင်အားကိုးသော အပြုံးလေးနှင့် ငေးကြည့်နေရင်း ...

"မမ ပထမကလေးမွေးတော့ အသက် ဘယ်လောက်လဲဟင်"

ဒေါ်ခင်လေးညိုက ခေါင်းငုံ့ကာ တဟက်ဟက် ရယ်လိုက်ပြီးမှ ...

"နှစ်ဆယ့်သုံး နဒီ၊ ဒါပေမဲ့ သိပ်ငယ်လွန်းပါတယ်၊ တကယ်တော့ အဲဒီအချိန်ဟာ အိမ်ထောင်သားမွေးအတွက် စောနေခဲ့တာ ခုမှ ပြန်နမြောမိတယ်၊ ဆေးကျောင်းပြီးပြီးချင်း လက်ထပ်လိုက်တာ၊ သားကိုမွေးပြီးမှ တခြားလေ့လာစရာတွေ ထပ်တက်ရ လေ့လာရတယ်၊ နောက်ဆံတင်းခဲ့ရတာပေါ့၊ မမက စောလွန်းနေတာပါ၊ နဒီ သိထားဖို့က နဒီ့အဖို့ နောက်ကျနေပြီလို့ ထင်နေရင် မမှန်ဘူး၊ အချိန်တွေရှိသေးတယ် နဒီ၊ အဓိက,က ပျော်ပျော်နေရမယ်၊ စိတ်ခံတ်မကျရဘူး"





နဒီက သက်ပြင်းလေးတစ်ချက်ချလျက် ပြန်တော့ဖို့ ကိုယ်ကို လှုပ်ရှားပြုပြင်ရင်း ...

"မမ သားလေးတွေ သမီးလေးတွေရော အတော်ကြီးရောပေါ့နော်"

ဒေါ်ခင်လေးညိုက ပြုံးရင်း ...

"သားက ဘွဲ့ရပြီ၊ သမီးက ဖတ်စ်အမ်ဘီ ရောက်ပြီ"

နဒီက အပြုံးနှင့် ခေါင်းလေးညိတ်လိုက်ပါသည်။

❦ ❧ ❦

ဒေါ်ခင်လေးညိုက အောက်ထပ် သူ့ဆေးခန်းမှထွက်ကာ အပေါ်ထပ် တစ်ထပ်ကို ခပ်သွက်သွက် တက်လာပါသည်။ ဆေးခန်းကြီးတွေမှာ အချိန်တစ်ခုယူပြီး လူနာကို မကြည့်ချင်တာမို့ နေအိမ်ခန်းရဲ့ အောက်ထပ်မှာပဲ သူ့ဆေးခန်းကို အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် ဖွင့်ထားပါသည်။

ခင်ပွန်းသည် သမားတော်ကြီး ဦးငြိမ်းအောင်ကတော့ ဆေးခန်းကြီးတွေမှာ ထိုင်ပါသည်။ သူက ကလေးအထူးကုပေကိုး။ လူနာတွေ များပြားလွန်းကာ အားလပ်ချိန်မရှိလောက်အောင်ပင် ဆေးရုံနှင့် ဆေးခန်းကြီး နှစ်ခုအကြား လွန်းထိုးပြေး

www.burmeseclassic.com

www.burmeseclassic.com



ရွှေးနေရပါသည်။ ဒေါ်ခင်လေးညိုကတော့ ကိုယ်တိုင်က စိတ်ချစ်ခင်စွာကြနေကုသတဲ့ ဆရာဝန်မို့ လူနာကို တစ်နေ့လေးငါးခြောက်ဆယ် တစ်ရာဖြစ်အောင် ဖုတ်ပူမီးတိုက် ကြည့်ရှုဖို့ လုံးဝစိတ်မဝင်စားပါ။

တစ်နာရီစာ အပ္ပိုင့်မဲင့် ကြိုယူတဲ့စနစ်ဖြင့် အေးအေးဆေးဆေးပဲ လူနာကြည့်ပါသည်။ ကိုယ်က စိတ်ကိုကုသရတာ၊ လူနာ့ကြောင်းရင်းဇာစ်မြစ်ကို ရေရေရာရာ မသိဘဲ ကုသဖို့မဖြစ်နိုင်ပါ။ ပြီးတော့ သူတို့ကုထုံးက ဆေးဝါးအပြင် နှစ်သိမ့်အားပေးဆွေးနွေးကုသခြင်းက ပိုပြီးအရေးပါ ထိရောက်တာပါ။

အပ္ပိုင့်မဲင့်ပေးပြီး လူနာတွေ့တာမို့ ပုံမှန်ဆရာဝန်တွေလို လေးနာရီက ခြောက်နာရီ၊ ဘယ်နှနာရီမှ ဘယ်နှနာရီဆိုပြီး ပုံသေကြီးထိုင်ဖို့လည်း အဆင်မပြေ။ ဒီတစ်နာရီမှာ လူနာရှိပြီးလျှင် နောက်နှစ်နာရီလောက်လည်း အားချင်အားလပ်နေမည်။ ထို့ကြောင့် ကိုယ်နေနေတဲ့ တာဝါမှာပဲ အောက်ထပ်ခန်းကို ဝယ်ယူပြီး သီးသန့်ဆေးခန်းကျယ် ဖွင့်လှစ်ထားလိုက်ကာ နာ့စ်တစ်ယောက်နှင့် အေးအေးချမ်းချမ်းပဲ အလုပ်လုပ်တာပင်။

နဒီ ပြန်အပြီး လူနာမရှိသေးတာမို့ နာရီကြည့်ကာ အပေါ်ထပ် တက်လာတဲ့ ဒေါ်ခင်လေးညိုက တံခါးလာဖွင့်တဲ့ အိမ်ဖော်မလေးကို ...





"ကိုကြီး ရှိသေးလား"

"ဟုတ်ကဲ့ အန်တီ၊ အခန်းထဲမှာပါ"

"အင်း"

ဒေါ်ခင်လေးညိုက တိုက်ခန်းကျယ်ကြီးရဲ့ ကွေ့ချိုးတစ်ခု စင်္ကြံလမ်းဆုံးမှ အိပ်ခန်းတစ်ခုကို တခေါက်ခေါက် သွားခေါက်လိုက်ပါသည်။

"သားကြီး"

"ဗျာ"

ထူးသံကြားမှ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ဝင်လိုက်ရင်း ...

"ဒီနေ့ ဒီမှာ မအိပ်ဘူးလား"

"ဟင့်အင်း ... မာမီ"

"ဘာဖြစ်လို့လဲ"

"အဘွားကို ပြန်လာခဲ့မယ် ပြောခဲ့တယ်၊ သား စာအုပ်တချို့လာရှာတာ မာမီ၊ ခဏနေပြန်မှာ"

ဒေါ်ခင်လေးညိုက အရပ်မြင့်မြင့် ရင်အုပ်လက်မောင်းကျစ်ကျစ်နှင့် နထွားကာ သူ့မျက်စိထဲ အမြဲကြည့်ကောင်းနေသော သားကြီးကို အားမလို အားမရကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဘွားတို့ အဘိုးတို့ကျတော့ မင်း ပိုလှည့်စားလို့ လွယ်တာကိုး ညိုသစ်ရဲ့ ... ဟင်၊ မအေကျတော့ သူ့ပါးစပ်ဟရင် အူဘယ်နှခွေရှိတာ မြင်တဲ့သူဆိုတော့ မအေးနားကို မနေချင်ဘူး"

"မဟုတ်ပါဘူး၊ ဘွားတို့အိမ်မှာ သားပဲရှိတာမို့ပါ၊ မာမီ့ဆီမှာ အငယ်မ ရှိတာပဲဟာ၊ ဘွားတို့ကို ပန်းပင်ရေလောင်းပေးရသေးတယ်၊ ကော်ဇောလည်း သားပဲ ဖုန်စုပ်ပေးရတာ"

ဒေါ်ခင်လေးညို မျက်နှာက မှုန်လာရင်း ...

"ညိုသစ်နော် ... သားကို မာမီက ပန်းပင်ရေလောင်းဖို့ ကော်ဇောဖုန်စုပ်ဖို့ မွေးထားတာ မဟုတ်ဘူး၊ တစ်နေ့တစ်နေ့ အားအားလျားလျား အဘွား ကျေနပ်အောင် မဖြစ်စလောက် လုပ်ပြပြီးရင် ဟိုသွားလိုက် ဒီလာလိုက် လေနေတာပဲ၊ ကျောင်းပြီးတာ နှစ်နှစ်ရှိနေတာတောင် ဘာမယ်မယ်ရရ ဖြစ်ဖြစ်မြောက်မြောက် အလုပ်မှ မလုပ်ဘူး၊ အချိန်တွေ ဖြုန်းပစ်နေတာ သား မနှမြောဘူးလား၊ မရှက်ဘူးလား"

ညိုသစ်ငြိမ်းက Nathaniel Harris ရဲ့ The life and works of dali ဆိုတဲ့ စာအုပ်ပြာပြာလေးကို ရှာတွေ့လိုက်ပြီဖြစ်ရာ ကျောပိုးအိတ်ထဲ ထိုးထည့်လိုက်ပါသည်။ ဒါလီ့ပန်းချီဆွဲအကြောင်း။ ကိုမျိုးက အဲဒီစာအုပ် လိုချင်နေတယ်ဆို၍ သူ့ဆီမှာ ရှိတယ်ဆိုပြီး အိမ်ကို ပြန်လာရှာပေးတာပါ။

"သား ... မာမီ မေးနေတာလေ၊ မရှက်ဘူးလားလို့"

ညိုသစ်ငြိမ်းက ခေါင်းကို ငုံ့နေလိုက်ပါသည်။ နှုတ်က မဖြေပါ။ စိတ်ထဲကတော့ ဖြေနေပါသည်။ မရှက်ပါဘူး၊ ဘာလို့ရှက်ရမှာလဲ။ ပန်းချီဆွဲဖို့ကလွဲရင် တခြားအလုပ်ကို စိတ်မဝင်စားတာ မလုပ်ချင်တာ ရှက်စရာလား။ ရှက်စရာလို့ တစ်ခါမှ မထင်ခဲ့ပါဘူး။

ဒါကိုပဲ ဝါသနာပြင်းပြတာပဲလေ။

ဆရာဝန်ကြီးတွေ သမားတော်ကြီးတွေ ဖြစ်ကြတဲ့ အဘိုးအဘွားနှင့် မာမီကတော့ ပန်းချီဆွဲတယ်ဆိုတာကို လက်တွေ့ကျတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုလို့ လုံးဝသတ်မှတ်မပေးကြပါ။ ဝါသနာအလျှောက် အားရင် ပျင်းရင်ဆွဲ။ ဒီလောက်ပဲ။ တခြားအလုပ်တစ်ခုခုကို လုပ်ရမည်။ ညိုသစ်ကတော့ တခြားဘာအလုပ်မှ မလုပ်ချင်။

ဒီအိမ်မှာဆိုရင် ပန်းချီဆွဲနေရင်ပဲ တစ်မြစ်။ သူ့မှာ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ပန်းချီဆွဲဖို့ နေရာတောင် မရှိပါ။ အိပ်ခန်းခပ်ကျဉ်းကျဉ်းလေးထဲမှာလည်း ဘာအာရုံမှမရ။ ဒါကြောင့် ဘွားဘွားတို့အိမ်မှာ ပြောင်းနေနေတာ နှစ်နှစ်ကျော်







www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အသွားကိုတော့ ညိုသစ်က နိုင်သည်။ အဘိုးကလည်း ဆော်နိုင်တာမှမပြောတာ မဟုတ်။ အသွားက ဗျစ်တောက် ဗျစ်တောက် သွပ်တတ်ပေမယ့် ညိုသစ် မျက်နှာညိုကာ စိတ်ဆိုးလျှင် လေကို လျှော့လိုက်မြဲ။

မာမီ့လိုလည်း အခန်းထဲ ကြိုက်တဲ့အချိန် ဥဒဟိုဝင်လို့ မရ။ ထမင်းစားခန်းဘက်က ဝင်ရတဲ့ ညိုသစ်ရဲ့ အိပ်ခန်း ကျယ်ကြီးကို အတွင်းကနေ အသေလော့ချထားလိုက်ကာ ဘေး စကြံ့ကတစ်ဆင့် ခြံထဲကပတ်ဝင်ရတဲ့ လမ်းကြောင်းကိုပဲ ညိုသစ်က အသုံးပြုသည်။ ဒီတော့ အသွားလည်း ...ချင်သလောက် အော် အသံသာရောက်ပြီး လူပါရောက်ချင်ရင်တော့ အိမ်ရှေ့က ထွက် ခြံထဲဆင်း၊ ဘေးကိုတစ်ပတ်ကွေ့၊ ဘေးစကြံ့ကတစ်ဆင့်မှ ညိုသစ် အခန်းဆီ ပတ်လာနိုင်ကာ လာနေရင်ပဲ မှန်ပြတင်းတွေ ကတစ်ဆင့် လှမ်းမြင်နေပြီမို့ ဖုံးချင် ဖွက်ချင်တာတွေလည်း ဖုံး ချိန် ဖွက်ချိန် ရသည်။

တကယ်တော့ သူ့ရဲ့ မြင်ဆရာတစ်ပိုင်း၊ အစ်ကို သူငယ်ချင်းတစ်ပိုင်းဖြစ်တဲ့ ကိုမျိုးလို တိုက်ခန်းခပ်ကျဉ်းကျဉ်းလေး ပဲဖြစ်ဖြစ် ကိုယ့်ဟာကိုယ် ငှားပြီး နေချင်ပြီ။ တိတ်ဆိတ်အေးချမ်း ...လပ်ကာ နားအေးပါးအေး ပန်းချီဆွဲနိုင်မည်လေ။ ဒက်ဒီရော မာမီရောက ခွင့်လည်းမပြု ပိုက်ဆံလည်း မပေးလို့သာ။





ညိုသစ်မှာ ခုချိန်ထိ ဘာဝင်ငွေမှ မရှိဘဲ ထွက်ငွေ သာရှိတဲ့သူဖြစ်ရာ အဘိုး အသွားထံကတစ်လှည့်၊ မာမီဆီကတစ် လှည့် တကိုယ်ရည်သုံးစရိတ်ကိုပင် လက်ဖြန့်တောင်းနေရတုန်း။ တစ်ခါတစ်ရံတော့ ညီမလေးဆီကတောင် တောင်းရသေးသည်။ ညီမလေးက ဆယ်တန်းကို ဂုဏ်ထူးခြောက်လုံးနှင့် အောင်မြင်ကာ ဆေးတက္ကသိုလ် ဝင်ထားတာမို့ သူ့ကို စာကျက် Guide အဖြစ် ငှားရမ်းထားသူတွေရှိရာ တစ်လဝင်ငွေ သိန်းကျော်ပါသည်။

ဒီတော့ မိဘခြေရာနင်းတဲ့ စာတော်တဲ့ ဆရာဝန် ဖြစ်တဲ့ ညီမလေးနှင့်ယှဉ်ကာ ညိုသစ်က ပိုပြီးအသုံးမကျသူ အား မရစရာလူ ဖြစ်ရပြန်သည်။

"အန်ကယ်ကျော့် ကုမ္ပဏီမှာ ဝင်လုပ်မလား၊ မင်း ဘာမှ မဟုတ်တာတောင် ငါးသောင်း ခြောက်သောင်းတော့ ရမယ်"

"အာ ... မာမီကလည်း၊ ငါးသောင်း ခြောက်သောင်းအတွက် တစ်နေကုန် အချိန်ပေးရဦးမယ်၊ ကျွတ် ... မလုပ်ပါဘူး ဗျာ"

"ဆံပင်ကလည်း ကြည့်ဦး၊ ညှင်းဆိုးဆိုးနဲ့ ကြယ်သီးတစ် လုံး တပ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်က သက်ပြင်းဆောင့်ချ၊ ကြယ်သီးတပ်ပြီး [illegible]နေပါသည်။ မာမိ ပြောနေတာ မပြီးသေးတော့ ထွက်သွား[illegible]သည်မရ။

"မင်းဟာ တာဝန်ကို မကျေဘူး၊ ငါးသောင်း ခြောက်သောင်းလောက်နဲ့ အချိန်ကုန်မခံနိုင်ဘူး ပြောရအောင် အခုတော့ကော မင်း ဘာဝင်ငွေရှိလို့လဲ ညိုသစ်"

ညိုသစ်ငြိမ်းက မာမိကို စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်ကာ ...

"ဝင်ငွေက အခု အရမ်းအရေးကြီးနေပြီမို့လို့လား မာမိ"

ဒေါ်ခင်လေးညိုက ခေါင်းယမ်းလိုက်ရင်း ...

"စကားကို ဝေ့ပြောမနေနဲ့ သား၊ မာမိ အဓိကဆိုလိုတာက မင်းဘဝအတွက် ဘာအကျိုးဖြစ်ထွန်းမှုမှ ရှိမလာတဲ့ ဒီပန်းချီလေးပဲ ချောက်တီးချောက်ချက် ဆွဲသလိုလိုနဲ့ မင်း လတ်လျား လတ်လျား လေနေတာကို ကြည့်မရတာ"

"မာမို့ပေးရှိုင့်ဆိုရင် မာမိ ဒီလိုပြောမှာ မဟုတ်ဘူး"

"ဘာ"

"မာမို့ပေးရှိုင့်တွေကိုဆိုရင် မာမိက သူ့ယုံကြည်ချက်ကို မြှင့်တင်ပေးတဲ့ စကားမျိုးပဲ ပြောတယ်၊ သားကိုဆိုရင် မာမိက သားရဲ့ယုံကြည်ချက် မျှော်လင့်ချက်တွေကို ဆွဲဆုတ်ဖဲ့ရွဲ့တဲ့ စကားမျိုးပဲ အမြဲပြောတယ်"





ဝမ်းနည်းသံပေါက်လာတဲ့ သားကြောင့် ဒေါ်ခင်လေးညိုက သိသိသာသာ သက်ပြင်းချလိုက်ရင်း ...

"မင်းက မာမို့လူနာ မဟုတ်ဘူး ညိုသစ်၊ လူနာကို ပြောရမယ့်စကား လူနာကို ပြောမယ်၊ သားကိုပြောရမယ့်စကား သားကိုပြောမယ်၊ ရှင်းရှင်းလေးပဲ၊ ကိုယ့်ပေးရှိုင့်နဲ့ ကိုယ့်သားကို စကားတစ်မျိုးတည်း ပြောစရာအကြောင်းလည်း မရှိဘူး၊ မင်းအဘွားက ပြောတယ်၊ ဖုန်းတွေလည်းပြောသလား မမေးနဲ့တဲ့၊ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်မနေနဲ့၊ ရည်းစားရနေပြီလား ... ပြောစမ်း"

မာမိက ထုံးစံအတိုင်း သူ့အပေါ် ကလေးလိုစစ်မေးမြဲ။

"မရပါဘူး မာမိရာ၊ ဟိုကဆက်ကြလို့ မကောင်းတတ်လို့ ပြန်ပြောရုံပဲ၊ သား သွားတော့မယ်၊ နောက်ကျနေပြီ"

ညိုသစ်က မာမို့ဆီးက ဖြတ်ကျော်ပြေးထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ကိုမျိုး ... ပြန်ပြီ"

"ပြန်ပြီလား ... အေး ... ကျေးဇူးပဲ ညိုသစ်ရာ၊ နောက်နေ့လည်း လာဦးလေ"

"ဟုတ် ... လာခဲ့မယ် ကိုမျိုး"

ညိုသစ်ငြိမ်းနှင့် ဝေလင်း နှစ်ယောက်အတူ လှည့်ထွက်လာရင်းက ဝေလင်းက သွားကိုစေ့ကာ အသံခပ်တိုးတိုးနှင့် ...

"ဒီဘဲကြီးကလည်း မင်းကို ခိုင်းကောင်းတိုင်း ခေါ်နေတာပဲ"

ညိုသစ်က ဝေလင်းကို ပခုံးချင်း လှမ်းတိုက်ကာ ရယ်ရင်း ...

"ငါကိုက လာချင်တာပါကွ ဝေလင်းရ"





"ဘာလို့လာချင်ရတာလဲ စဉ်းစားလို့တောင် မရဘူး၊ ဖြုတ်စဖျင်းတောင်းတွေနဲ့ သယ်ရ မိုးရ ထမ်းရ တွယ်တက်ရ ချိတ်ဆွဲရ ပင်ပန်းလိုက်တာ။ မင်း တစ်ကိုယ်လုံးလည်း ကြေးနဲ့ ဖုန်နဲ့၊ ငါက မင်းကို ဘီယာဆိုင် ခေါ်သွားမလို့ကွာ၊ ငါ ရုံးကပြန်လာတဲ့ကောင်တောင် မင်းလောက်ချွေး မပြန်ဘူး"

"ပြန်မလား၊ အဲကွန်းခန်းထဲ ကွန်ပျူတာကိုင်နေတာ ချွေးပြန်စရာလား"

"မင်းကကော ဘာကိစ္စ ဒီလောက် ချွေးတွေ ကြေးတွေပေကျံအောင် ခိုင်းဖတ်ကြီး လုပ်နေရတာလဲ"

"ခိုင်းဖတ်ကြီး လုပ်တာ မဟုတ်ပါဘူးကွ၊ ငါ ပျော်လို့ပါ"

"ဘာပျော်စရာရှိလို့လဲ"

"ဟော့ကောင် ဝေလင်း၊ ခုလို ကိုမျိုးလုပ်တဲ့ **Avt Solo Show** လေးတစ်ခုလောက် လုပ်ခွင့်ရဖို့က ငါ့အိပ်မက်ပဲလေ သူငယ်ချင်း၊ ငါ မလုပ်နိုင်သေးတဲ့ အချိန်မှာ သူများလုပ်တာကိုလည်း အားကျတယ်၊ အဲဒီမှာ တစ်ဖက်တစ်လမ်းက ကူပြီးဝင်ပါနေရတာကိုပဲ ငါ ရင်တွေခုန်နေတာ"

"ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းက သွားစမ်းပါဆိုတဲ့ ပုံမျိုး လက်ကိုတစ်ချက်ယမ်းရင်း _

"ဟော့ကောင် _ မင်း အိမ်ပြန်မနေနဲ့တော့၊ ရေတွေဘာတွေ ချိုးမနေနဲ့တော့ အချိန်မရဘူး၊ ဘဲလေး သွားရအောင်ကွာ နှန်းသီတာကလေး၊ ဒီကနေ့ တန်းသွားလိုက်မယ်"

ဝေလင်းရဲ့ဂျစ်ကားလေးပေါ် နှစ်ယောက်သားတက်ရင်း ဝေလင်းက ပြောလျှင် ...

"အာ ... ဟော့ကောင် မဖြစ်ဘူး၊ ငါ မလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲကွ၊ ဘာလဲ ... မင်းအမေ ဆူမှာစိုးလို့လား"

ကုမ္ပဏီတစ်ခုမှာလည်း အလုပ်ဝင်နေပြီဖြစ်ကာ ထိုက်သင့်တဲ့ လွတ်လပ်မှုလည်း ပေးထားတဲ့ မိဘမျိုးရဲ့သားဖြစ်တဲ့ ဝေလင်းက အမေက လက်ပွန်းတတီး နေရာတကာ့ပါတတ်သော ညိုသစ်ကို အမြဲ ကလေးလုပ်ကာ လှောင်လေ့ရှိပါသည်။ ညိုသစ်ကလည်း မနာပါ။ ဟုတ်တာပဲဟာ။ မာမီဟာ "ကြယ်သီးတပ်စမ်း" "ဆံပင်ညှပ်တော့" "ကိုးနာရီထက် ညဉ့်မနက်နဲ့၊ အဘွားက တံခါးဖွင့်ပေးရမှာ" "ထမင်းစားတော့ ဗိုက်အောင့်လာမယ်" "ဟိုကောင်လေးနဲ့ မပေါင်းနဲ့" စသဖြင့်သော အရေးလည်းသိပ်မပါလှတဲ့ အသေးစိတ်ကိစ္စလေးတွေမှာပင် ညိုသစ်ကို အလစ်မပေးဘဲ မျက်စိဒေါက်ထောက်ကြည့် ပြောနေတတ်ပါသည်။





မာမီဟာ အိမ်မှာ ကားနှစ်စီးရှိရက်နှင့် ညိုသစ်ကို ကားတစ်စီး ပေးသုံးထားတာမျိုး မရှိပါ။ မာမီကိုယ်တိုင်လည်း အလုပ်က အိုးမကွာ အိမ်မကွာမို့ ကားနောက်တစ်စီးက အောက်ကပါကင်မှာ အလကားရပ်ထားရက်နှင့်။ ကားသုံးလိုလျှင် ဘယ်ကိုလဲ၊ ဘယ်သူပါလဲ၊ ဘယ်လောက်ကြာမလဲ စတဲ့ စစ်မေးချက်တွေ အပုံအပင်နှင့်မှ ခွင့်ပြုပါသည်။ ဘီယာတို့ ဘာတို့ဆိုလည်း တစ်လတစ်ကြိမ်၊ တစ်ကြိမ်ကို နှစ်ပုလင်းထက် လုံးဝပိုမသောက်ရလို့ စည်းကမ်းထုတ်ထားတာ။

"ငါ့အမေ သိမှာမှ မဟုတ်တာ"

"အေးလေ ... ဒါဖြင့် ဘာဖြစ်လဲ"

"ငါ မေ့နေလို့ကွ၊ ငါ မီးမီးနဲ့ ချိန်းထားတယ်"

ဝေလင်းက မှုန်တတေ လှည့်ကြည့်လာလျှင် ...

"သူက ချိန်းလိုက်၊ ငါက ငြင်းလိုက်နဲ့ ကြာတော့ အားနာတာနဲ့ တစ်ခါတစ်ရံဆိုပြီး လာခဲ့မယ် ပြောလိုက်တာပါကွာ"

"ရှုပ်ကို ရှုပ်တယ်၊ ဘာလဲ ... မင်းတို့ ကြည်နေပြီလား"

"မကြည်ပါဘူး၊ ငါမှ သူ့ကို မကြိုက်တာ"

"မကြိုက်လို့ပေပဲ၊ အဲဒီဟာမလေးကဖြင့် ပတ်ပြောနေလိုက်တာ အပီအပြင်ပဲ၊ သူတို့သူငယ်ချင်းအုပ်စုထဲတော့ မင်းက သူ့ကို အရမ်းကြွေတာဆိုပြီး နာမည်ကို ကြီးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



**မီမီဆိုတဲ့** ကောင်မလေးဟာ ဝေလင်းညီမရဲ့သူငယ်**ချင်း အုပ်စုထဲကပင်**။ ညိုသစ်ကို မိတ်ဖွဲ့ကာ လမ်းတွေခင်းနေတဲ့ **ချာတိတ်မလေးပါ**။

"သူ ပြောချင်တာ ပြောပစေပေါ့ကွာ၊ မဟုတ်တာ သိနေတာပဲ"

"မင်းက သူနဲ့ချိန်းတယ်ဆိုတော့ ဟုတ်များနေလားလို့၊ ဒီကောင်မလေးက ဆရာ့မနိုင် နှစ်ဆောင်ပြိုင်နော် ညိုသစ်၊ မိဘတောင်လက်မှိုင်ချထားတာ၊ မင်း သိပ်အကပ်စံနဲ့၊ ခွာမရဖြစ်နေဦးမယ်၊ ငါ့အမေတောင်မှ ငါ့ညီမကို သူနဲ့ခွာနိုင်းရတယ်၊ လမ်းလည်းများတယ်၊ အတွဲလည်းများတယ်၊ မိန်းမပျိုလေးကွာ ဒီလိုနေဝင်ရီတရော ကောင်လေးတစ်ယောက်နဲ့ ချိန်းထွက်စရာလား၊ ဒါ ယောကျ်ားလေး ဘီယာချိန်ကွ"

"အေးကွာ။ ဒီနေ့ ထားလိုက်ပါတော့၊ ငါကတိပေးပြီးသား ဖြစ်သွားလို့၊ သူ့မွေးနေ့မို့ လိုက်ပို့ပေးပါဆိုလို့"

"သွားစမ်းပါကွာ၊ ဟုတ်မယ် မထင်ပါဘူးကွာ၊ အရွှီးနေမှာပါ၊ ဘယ်ကိုလဲ"

"ရုပ်ရှင် ပြရမှာကွ"

"ရုပ်ရှင် ! ၊ ကျွတ် ... မင်းပဲ မပျင်းမရိကွာ"





"ရုပ်ရှင်ဆိုလို့ ငါလည်း ပြမယ်ပြောလိုက်တာ၊ ပိုက်ဆံသိပ်မကုန်ဘူးလေကွာ၊ တော်ကြာ ဟိုဆိုင်လိုက်ကျွေး ဒီဆိုင်လိုက်ကျွေး ဆိုရင် ပြဿနာ၊ တအားကျမှာ"

"ကျွတ် ... မင်းလို ဘိုင်ကျတဲ့ကောင်ကျတော့ အလကားနေရင်း ရှုံ့နေပြီး ငါကျတော့ ဘယ်သူ့ကပ်လိုက် ကပ်လိုက်လန်ကုန်တာ ဘာဖြစ်တာလဲကွာ၊ မမိုက်ပါဘူး"

"မင်းက နဂိုကတည်းက မိန်းကလေးတွေကို အမြင်မကြည်တဲ့ စိတ်မရှည်တဲ့ ကောင်ကိုးကွ၊ အဲဒီပုံစံက ပေါ်လွင်နေတာ ဘယ်ကောင်မလေးက ကြည်မှာလဲ"

ဝေလင်း မျက်နှာကြီးကိုကြည့်ကာ ညိုသစ်ငြိမ်းတဟားဟား ရယ်မောနေမိပါသည်။ ဝေလင်းက မကျေမချမ်းနှင့်...

"မင်း ငါနဲ့ တကယ်မလိုက်ဘူးပေါ့"

"ငါ ကတိပေးမိလို့ပါကွာ"

"မင်း အမေကြောက် ကြောက်တယ်ပေါ့ကွာ"

"ဟား ဟား ... ငါ နောက်နေ့ကျရင် မင်းနဲ့ လိုက်ပါ့မယ်ကွာ"

"တောက် ... ငါ့မှာ မင်းကို ရုပ်ရှင်ရုံပို့ပေးဖို့ ကိုမျိုးထိက လာကြိုပေးရတာကျနေတာပဲ၊ ခွီးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်က တဟားဟား ရယ်ရင်း ဝေလင်း ပခုံးကို မနာတချင်အောင် လက်သီးနှင့်ထိုး၍ ရုပ်ရှင်ရုံရှေ့ ကားအရှိန်အလျှော့မှာပဲ ခုန်ဆင်းလိုက်ပါသည်။ မီးမီးနှင့် ရုံရှေ့မှာပဲ ချိန်းထားသည်။ ဟုတ်တော့ ဟုတ်ပါရဲ့။ မီးမီးရဲ့ လူကြီးမိဘများလည်း အံ့သြစရာပါ။ လွှတ်စရာလား။ မာမီသိလျှင်တော့ ရင်ဖိနေဦးမှာ။ သမီးမိန်းကလေး တစ်ယောက်ကို သားယောကျ်ားလေး တစ်ယောက်လောက်တောင် မအုပ်ထိန်းတဲ့မိဘများလည်း ခုခေတ်မှာ ရှိနေသည်။

"ဟိတ် ... ညိုသစ်"

ရုပ်ရှင်ရုံရှေ့ရပ်ကာ တီရှပ်နှင့် ဂျင်းဘောင်းဘီမှာ တကာယ်ပေကျံနေတဲ့ ဖုန်တွေကို လက်နှင့်တောက်ခါပစ်နေတဲ့ ညိုသစ်ငြိမ်းက အသံကြားရာဘက် ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ ကားတစ်စင်းနံဘေးမှာ ရပ်နေတဲ့ ကိုသီဟ။ ကိုသီဟဟာ ညိုသစ်ရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရဲ့ Best Friend ဖြစ်သည်။ ညိုသစ်နှင့်လည်း အတွေ့ရနည်းပေမယ့် ခင်ပါသည်။

"ဟား ... ကိုသီဟ"

ကိုသီဟက လက်မြှောက်ပြနေ၍ ညိုသစ်က ကိုသီဟအနား လျှောက်သွားလိုက်ပါသည်။ လျှောက်သွားနေရင်းနဲ့ ကိုသီဟရဲ့နံဘေးမှာ ကိုသီဟ ဇနီး(အမည်တော့ ညိုသစ် မသိ)ကိုမြင်သည်။





ထိုမှတစ်ဆင့် ... ...။ ကိုသီဟဇနီးရဲ့နံဘေးမှာ ရပ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို မြင်သည်။

အမျိုးသမီး တစ်ယောက် ...။

အမျိုးသမီး တစ်ယောက် ... ...။

လျှောက်နေတဲ့ ညိုသစ်ငြိမ်းရဲ့ ခြေလှမ်းများ နှေးသွားကာ သူ့ထံသို့ မျက်ခုံးတွန့်တွန့် မျက်ဝန်းလေးမှေးပြီး လှမ်းကြည့်နေတဲ့ ထိုအမျိုးသမီးကို လမ်းလျှောက်ရင်း စူးစိုက်ကြည့်လာမိပါသည်။ ကြည့်ရင်းက ညိုသစ်ငြိမ်းရဲ့ ရင်ထဲတွင် အမျိုးအမည်ဖော်ပြတတ်သော ရှိန်းမြလှိုက်ဖိုခြင်းတစ်မျိုးက စိမ့်ပျံ့အုံဖွဲ့ကာ တဖျပ်ဖျပ် လှုပ်ခတ်စေသည်။

နွမ်းနေတဲ့ ... ဒါမှမဟုတ် နေမကောင်းနေတာနဲ့တူတဲ့ မျက်နှာကလေး နံဘေးမှာ ညိုနက်သော ဆံနွယ်မျှင်ရှည်များက လိမ်တချို့ ခွေတချို့ ဝေ့ဝိုက်ကျနေသည်။ အင်္ကျီဖြူပေါ်မှာ ဆွယ်တာပါးပါးလက်ရှည် အဖြူလေး ထပ်ဝတ်ကာ လက်ပိုက်ရပ်နေတဲ့ ကိုယ်ဟန်လေးက ပိန်သွယ်ပါးဟိုက်နေသည်။

သူကလည်း ညိုသစ်ငြိမ်းကို လှမ်းငေးကြည့်နေပါသည်။

"ဟေ့ကောင် ... ဘာလာလုပ်လဲ"

"ရုပ်ရှင်ကြည့်မလို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဖြေတော့ ကိုသီဟကို။ မျက်လုံးက အဲဒီအစ်မကြီး
ဆီကို။ ဟန်ဆောင်မှု မကျွမ်းကျင်တဲ့ အရိုးခံနှင့် ကလေးဆန်တဲ့
ညိုသစ်ငြိမ်းရဲ့ မျက်ဝန်းတို့ကို စက္ကန့်ပိုင်းအတွင်းမှာပဲ ကိုသီဟ
ကိုသီဟ ဇနီးနှင့် အဲဒီ အစ်မကြီးတို့သုံးဦးလုံး ရိပ်မိကုန်ပါသည်။
ကိုသီဟ မိန်းမက ရယ်ချင်တဲ့ နှုတ်ခမ်းကိုကိုက်ကာ အစ်မကြီးထံ
လှည့်ကြည့်သည်။ အဲဒီ အစ်မကြီးကလည်း သူ့ထံ မျက်နက်ဆ
တွေ ပြေးကပ်တော့မယ့် ညိုသစ်ငြိမ်းကြောင့် အံ့ဩရယ်ချ
အနေခက်တဲ့ဟန် ပြုံးမြမြကလေးဖြစ်ကာ မျက်လွှာချသွားပါသည်။

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ယော့ကောင်၊ မေးတာကို ကြည့်ဖြေစမ်း"

ကိုသီဟကို သူ့မိန်းမက တံတောင်တစ်ချက်တွ
လိုက်ကာ ဘေးက အစ်မကြီးကတော့ ပိုပြုံးသွားပြီး ရယ်ချင်ဟ
တစ်ဖက်လှည့်လိုက်တာမို့ ညိုသစ်ငြိမ်းကလည်း မဖုံးဖွက်တော့
အရယ်အပြုံးတွေနှင့်ပင် ...

"ကိုသီဟတို့ရော ရုပ်ရှင်ကြည့်မလို့လား"

"အေး ...၊ မင်း ငါ့မိန်းမနဲ့ တွေ့ဖူးလား"

"ဟင့်အင်း"





"အေး ... ဒါ ငါ့မိန်းမ၊ ဓာဓာ တဲ့"

"ဟုတ်ကဲ့ အစ်မ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ကိုသီဟ မိန်းမဟာ ကိုသီဟထက် အသက်ကြီးတယ် ဆိုတာ အစ်ကိုဝမ်းကွဲထံမှ ကြားဖူးထားပါသည်။ ဒါပေမဲ့ ကြီးတယ် သိပ်မထင်ရ။ ကိုသီဟ မိန်းမက ချောလည်းချောပါသည်။

"ဟိုဘက်က ဓာဓာ့ သူငယ်ချင်း ရေနဒီတဲ့"

"ရေနဒီ ! "

ညိုသစ်က ရေရွတ်လိုက်မိသေးသည်။ မျက်စိကိုတော့ အဲဒီအစ်မကြီးထံက ပြန်မရုပ်သိမ်းမိ။

"ရေနဒီ ဆိုတဲ့ ဖက်ရှင်စတိုးဆိုင် ဖွင့်ထားတယ်၊ ဒါက ညိုသစ်ငြိမ်းတဲ့၊ အခင်ဆုံးသူငယ်ချင်းရဲ့ ညီဝမ်းကွဲပဲ၊ အနုပညာသမား၊ ပန်းချီဆရာပေါက်စ"

"အာ ... အစ်ကိုကလည်း"

ညိုသစ်ငြိမ်းက ခပ်ရှက်ရှက် ခေါင်းယမ်းလိုက်ရင်း ရုတ်တရက် လက်တစ်ဖက်ကို မရေနဒီရှေ့ ဆန့်ထုတ်လိုက်မိ ကာ ...

"တွေ့ရတာ ဝမ်းသာပါတယ် အစ်မ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နဒီက လက်ဖျားလေး ထုတ်ပေးလိုက်ရပါသည်။ လက်ဝါးချင်း ထိထိမိမိ ဆုပ်ကိုင်လှုပ်ယမ်းပုံမျိုး မဟုတ်ဘဲ လက်ဖျားလေးချင်းသာ မထိတထိ မရဲတရဲ ဆွဲကိုင်လှုပ်ယမ်းလိုက်မိကြကာ နဒီက မျက်နှာကလေးကို တည်တည်ကလေး တစ်ဖက်လွှဲထားလိုက်ပါသည်။

“ငါ့မိန်းမကို တွေ့ရတာရော ဝမ်းသာရဲ့လား”

“ယောက်ျား၊ ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကလေးကို ပြုံးသနားသွားရှာနေတယ်”

“ဟော့ကောင် ... မင်းက တစ်ယောက်တည်း ရပ်ရှင်လာကြည့်တယ်ပေါ့”

“ဟုတ်ကဲ့ ... ဒါပေမဲ့ ... ဟို ... လာတော့မယ်၊ တစ်ယောက်”

“ဘယ်သူ ပါသေးလဲ”

ညိုသစ်က ဘာဖြေရရင် ကောင်းမလဲ စဉ်းစားရင်း နှာခေါင်းဘေးကို လက်ညှိုးလေးနှင့်ကုတ်ကာ အချိန်ဆွဲနေခိုက် ...

“ကိုညို”

နောက်က ဝုန်းခနဲ ပစ်ဆောင့်လိုက်သလို အတင်းဘေးတိုးကပ်ပြီး ရောက်လာတဲ့ မိန်းကလေးကြောင့် သီဟ၊ ဓာဓာနှင့် နဒီတို့ ဇာန့်ဖျပ်သွားရပါသည်။





“ရောက်တာ ကြာပြီလား”

“အင်း၊ ဟင့်အင်း၊ ဒါလေ၊ သူ ပါသေးတယ်၊ သူငယ်ချင်း အဟဲ”

သီဟက ညိုသစ်ငြိမ်းကို ချက်မှောင်ကုတ်နှင့် တမင်ကြည့်ပေးကာ ...

“သြော် ... တစ်ယောက်လာမှာက သူပေါ့”

“ဟုတ်”

“သြော် ... သြော်”

သီဟက ညိုသစ်ငြိမ်းကို စေ့စေ့ကြည့်ကာ ခေါင်းညိတ်ညိတ်။ “ကောင်လေး ... ဟွန်း ... မင်းအမေနဲ့ တိုင်ပြောမလား” ဆိုတဲ့ မျက်နှာရိပ်။ ညိုသစ်ဟာ နဒီ ဆိုတဲ့ အစ်မကြီးကို တစ်ချက် ထပ်နိုးကြည့်လိုက်မိပါသည်။ နဒီကလည်း တစ်ချက်ပြုံးကြည့်လိုက်တာနှင့် အဆုံးမို့ ညိုသစ် ရင်မှာ တဒိန်းဒိန်း။

မနဒီ ဘယ်လိုထင်သွားပြီပါလိမ့်။ ညိုသစ်က သူ့အနား လိုက်တိုးကပ်နေတဲ့ မီးမီးနှင့် အနည်းငယ် ခွာလိုက်ပါသည်။ သဘောကောင်းတဲ့ အပြုံးမျိုးလေးနှင့် ပြုံးကြည့်နေတဲ့ မနဒီရဲ့ မျက်နှာလေးက ညိုသစ်ငြိမ်း ရင်ထဲ ပုံရိပ်ထင်စွဲနေသည်။

“လက်မှတ်ဝယ်ကြစို့ဟေ့၊ မင်းတို့ ဝယ်ပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ခုမှ ဝယ်ရမှာဗျ"

ကိုသီဟ ဦးဆောင်သွားတဲ့နောက် လိုက်ပါသွားကြကာ ကိုသီဟက ညိုသစ် လှမ်းပေးလိုက်တဲ့ ထောင်တန်သုံးရွက်ကို လှမ်းယူရင်း ...

"တစ်ဆက်တည်း ယူမလား၊ နောက်ခံ ယူမလား"

"နောက်ခံ"

မီးမီးက ဝင်ဖြေလိုက်တာ... နောက်ခံကို မီးမီး ရွေးချယ်လိုက်တဲ့အတွက် နေရာယူလိုက်ကြတဲ့အခါ ညိုသစ်ငြိမ်းရဲ့ ရှေ့တည့်တည့်မှာ မနုဒီရဲ့ ညိုမှောင်ပျော့နွယ်သော ဆံနွယ်လေး တွေက နေရာယူနေကြပါသည်။ ဆွယ်တာဖြူဖြူလေး အောက်က ပန်းစွန်းလုံးလုံးကလေးကလည်း ရင်ခုန်ချင်စရာ။ ဘစ်ချက် တစ်ချက် သေးက မဇာဇာကို စကားလှည့်ပြောလိုက်လျှင် လျှပ်တစ်ပြက် မြင်လိုက်ရတဲ့ ညာဘက်တစ်ခြမ်း မျက်နှာလေးကို နောက်တစ်ခေါက် ဘယ်တော့လှည့်လာဦးမလဲ စောင့်ကြည့်နေရပါသည်။

ညိုသစ်ငြိမ်းသည် ရုပ်ရှင်လည်း ဘယ်လိုအခန်းစဉ်တွေနဲ့ ချိတ်ဆက်သွားသလဲ မသိလိုက်။ သဘောလောက်သာ အကြမ်းဖျဉ်း သိလိုက်ရုံပင်။ သေးမှာ မီးမီး ဆိုတဲ့ ကောင်မလေး ထိုင်နေတာကိုလည်း မေ့လျော့နေပါသည်။ သူ့ကို စကားလှမ်း ပြောတာပင် မကြားမိ။ ဆံနွယ်လေးတွေကို ငေးလို့သာနေမိသည်။





မီးမီးက စိတ်တိုတိုနှင့် သူ့လက်မောင်းကို တံတောင်နှင့် တစ်ချက် တွက်လိုက်မှ နာသွားကာ သေးကို အလန့်တကြား လှည့်ကြည့်မိခဲ့သည်။

ဘယ်လိုမှန်း ပြောမပြတတ်အောင် သူ့နှလုံးသား ဆန်းကြယ်စွာ လှုပ်ရှားရင်ဖိုနေခဲ့တာကို သူပဲ အသိဆုံးပါ။ သူ့နှလုံးသားကို မနုဒီရဲ့လက်အစုံနှင့် ဆုပ်ကိုင်ထားတယ် ထင်ရအောင် နှလုံးသားက မွန်းကျပ်ပူနွေးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ရေနဒီဖက်ရှင်စတိုး"

ညိုသစ်က ဒိုင်ယက်ထရီထဲက လိပ်စာနှင့်ဖုန်းနံပါတ်တစ်ဆက်တည်း အတွဲလိုက်လေးကို ထပ်ထပ်ခါခါ ဖတ်နေမိပါသည်။ ကော့ဒ်လက်စ်ဖုန်းကို ကောက်ကိုင်ထားမိတဲ့ လက်ထဲ ချွေးစေးတွေ စိုစွတ်ကာ ချောကျိကျိ ဖြစ်လာ၍ ဖုန်းကို ဖုန်းအိမ်ပေါ် ပြန်ချကာ လက်ဖဝါးကို ဘောင်းဘီနောက်ဖက်၌ ပွတ်သုတ်လိုက်ရပါသည်။

"ညိုသစ်ရေ"

"... ... ..."

"ညိုသစ် ... ဒီမှာ ထမင်းချူပြီးနေပြီ၊ ငါ့မြေးလေး"

"လာမယ် အဘွား၊ လာပါ့မယ်"





"အခုလာတော့ ဟင်းတွေနွေးထားတာ အေးကုန်မယ်"

"လာပါပြီဆိုဗျာ"

ညိုသစ်ငြိမ်းက ခုတင်ပေါ် စူပုပ်ပုပ် ဆက်ထိုင်နေမိပါသည်။ ဒီမှာ လူက ကတုန်ကယင် ဖြစ်နေရတဲ့အထဲ။ ထမင်းက မဆာတဲ့အပြင် ရင်ထဲတောင် ပြည့်ကယ်နေသေးသည်။ လောလောဆယ် ဘာကိုမှ မျိုမချနိုင်အောင် ဖြစ်နေသေးတာ။ ဒီတယ်လီဖုန်းလေး တစ်ချက်လောက် ခေါ်ဖို့အရေးကို ဘာဖြစ်လို့ ဒီလောက်တုန်လှုပ်ထိတ်လန့်နေရတာပါလိမ့်။

ဒိုင်ယက်ထရီထဲမှာ စာလုံးပေါင်းနှင့် အမှတ်စဉ်လိုက်စီရေးထားတဲ့ နေရာမှာတော့ ဖုန်းနံပါတ်တစ်ခုပဲ ပါသည်။ အဲဒါက ဆိုင်ဖုန်းဖြစ်လိမ့်မည်။ တခြားတစ်နေရာက ကြော်ငြာကွက်လေးနေရာမှာတော့ ခုန ဆိုင်ဖုန်းရော၊ တခြားဖုန်းနံပါတ်တစ်ခုရော၊ ဟဲန်းဒ်ဖုန်းနံပါတ်ပါ ပါဝင်ပါသည်။

တခြားဖုန်းနံပါတ်ဟာ အိမ်ဖုန်း ဖြစ်နိုင်သည်။ အဲဒါဆိုရင်တော့ မနဒီရဲ့အိမ်ဟာ ညိုသစ်နေနေတဲ့ အဘွားတို့အိမ်နှင့် တစ်မြို့နယ်တည်း၊ ဒါမှမဟုတ် မလှမ်းမကမ်းမှာ ဖြစ်နိုင်သည်။ ထိပ်စဂဏန်းနှစ်လုံး အတူတူပဲလေ။

ညိုသစ်က ဖုန်းကို ဖြတ်ခနဲ ကောက်ယူလိုက်ကာ တုန့်နှေးနှေးလျှင် တွေဝေကြောက်လန့်နေမိဦးမှာ စိုးရိမ်သလို ဂဏန်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ထဘောက်တောက်နှင့် ခပ်သွက်သွက် နှိပ်ချလိုက်ပါသည်။ ခုတော့ဒေါ်ဘထ,ကာ အခန်းထဲမှာ လှည့်ပတ်ပြီး ဂနာမငြိမ် လမ်းလျှောက်နေမိသည်။

“ဟယ်လို”

“.......”

ညိုသစ်ငြိမ်းသည် အောက်နှုတ်ခမ်းလေးကို ဖိကိုက်ကာ အားတဲ့ လက်တစ်ဖက်က ဆံပင်တွေထဲ လက်ထိုးသွင်းအုပ်ကိုင်ထားမိရင်း ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ မနုဒီရဲ့အသံလေးက တိုးဖွညင်သာပြီး ချိုသာလှပါသည်။

ညိုသစ်ငြိမ်း။ မင်း ပြောလေ၊ ပြော ... ပြော ... တစ်ခုခုပြော။ “အစ်မ ... ကျွန်တော်ပါ”။ “ဟယ်လို ... မနုဒီလား”။ “အစ်မကို ချစ်တယ်”။ ဘယ်လိုပြောရမှာလဲ။ တစ်ခုခုတော့ ပြောရမှာ။ နဖူးတွေ ချွေးဥစို့သီးကာ ရင်တွေက ပေါက်ထွက်မတတ်ခုန်လျက် နှုတ်ကတော့ ဘာတစ်လုံးမှ ထွက်မလာ။

“ဟယ်လို”

ညိုသစ်က ဖုန်းခလုတ်လေးကို ဆတ်ခနဲဖိ၍ လိုင်းဖြတ်လိုက်ကာ ဖုန်းကို ဖုန်းအိမ်ပေါ် ပစ်ချလိုက်မိပါသည်။ အား ...။ ဘာဖြစ်လို့ ဒီလောက်တောင်မှ သတ္တိမရှိ ဖြစ်နေရတာလဲ။ ဣန္ဒြေရရကလေး တည်နေတဲ့ မနုဒီရဲ့မျက်နှာလေးကို သူ ကြောက်





တာလည်းပါသည်။ ပြုံးပြလိုက်တဲ့ အပြုံးလေးက သဘောကောင်းမှာ သိသာလှပေမယ့် အသက်အရွယ်ကြောင့်ပဲလား တစ်စုံတစ်ရာကြောင့်လား၊ ရှင်လန်းတက်ကြွခြင်း မဖော်ပြတဲ့ မနုဒီရဲ့မျက်နှာ ဖျော့တော့တော့ကလေးကိုပဲ သူ့မှာ အလကားနေရင်း ကြောက်နေတာ။

“မင်း ဘာဖြစ်နေတာလဲ၊ ဒါ ဒီလောက်ကြောက်စရာလား တောက်”

ကိုယ့်ဟာကိုယ် ဒေါသဖြစ်ဖြစ်နှင့် ခါးနှစ်ဖက် စုံထောက်ပြီး ခေါင်းယမ်း တောက်ခတ်နေမိသည်။

“ညိုသစ်ရေ”

“လာမယ် ... လာမယ် အဘွားရေ၊ ခဏနေဦး”

အဘွားကြားအောင် ပြန်အော်လိုက်ပြီးလျှင်တော့ ညိုသစ်သည် ကော့ဒ်လက်စ်ဖုန်းလေးကို ပြန်မ,ယူကာ **Redial** ပြန်နှိပ်လိုက်ပြီး ဖုန်းခေါ်သံကို အသက်အောင့်ကာ နားစွင့်နေလိုက်ပါသည်။

“ဟယ်လို”

“အစ်မ ... ကျွန်တော် ညိုသစ်ငြိမ်းပါ”

အသက်မရှူဘဲ ပြောချလိုက်တဲ့ စကားသံတွင် ရင်ခုန်သံကျယ်ကြီးတွေပါ ရောပါသွားမှာတောင် စိုးရိမ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညိုသစ်ငြိမ်း !!"

"ဟိုလေ ... အစ်မ၊ ရုပ်ရှင်ရုံမှာလေ ကိုသီဟရဲ့ ..."

"သြော် ... ညိုသစ်ငြိမ်း"

"ဟုတ်ကဲ့"

နဒီက မျက်မှောင်လေးတစ်ချက်တွန့်ကာ အကြောင်းကြောင်းကလေး ပြုံးလိုက်မိပြီး ဖျတ်ခနဲ အာရုံထဲ ချက်ချင်းမှတ်မိပေါ်လာတဲ့ နုနုထွားထွား ကောင်ကလေးရဲ့ သဏ္ဌာန်ကို မြင်ယောင်လိုက်ပါသည်။ ဟိုကောင်လေး။ အပြန်တစ်လမ်းလုံး "ဇာ"ပါးစပ်မပိတ်စတမ်း စ,လာတဲ့ နာမည်ရှင်ပေါ့။

ဇာ စ,ရင်လည်း စချင်စရာပဲလေ။ အဲဒီကောင်ကလေးဟာ မျက်လုံးအစုံလိုက် ပြူတ်ကျတော့မတတ် နဒီကို ကြည့်နေပုံက သတိလက်လွတ်။ ရုပ်ရှင်အပြီးမှာ ဇာနှင့် ကိုသီဟက ကော်ဖီသွားသောက်ကြဦးမည်ဆိုကာ လောကွတ်ပျူဌာသဘောနှင့် "ကော်ဖီလိုက်သောက်ဦးမလား"လို့ ညိုသစ်ငြိမ်းကို ခေါ်သည်။

"ဟုတ် ... လိုက်ခဲ့မယ်၊ မီးမီး ဒီကပဲ ပြန်လိုက်တော့"

သူ ပြောလိုက်ပုံကြောင့် နဒီတို့ လူကြီးသုံးယောက်လုံး ကလေးမလေးကို မျက်နှာပူသွားရပါသည်။ လာတုန်းကလည်း သူ့ဟာသူ ရောက်လာတာတော့ မှန်တာပေါ့။ ဒါပေမဲ့ ရုပ်ရှင်ပြီးချိန်က ကိုးနာရီထိုးတော့မှာလေ။ ညဘက်ကြီး။ ကိုသီဟက ဝင်ကာ ...





"သူ တစ်ယောက်တည်းပြန်လို့ ဖြစ်ပါ့မလား၊ ပြန်ပို့ပေးရမလား"

ဒီတော့ ချာတိတ်က ...

"ရတယ် ကိုသီဟ၊ သူက သွားနေကျ"

ကောင်မလေး မျက်နှာကတော့ ခရမ်းချဉ်သီးအလားနီမြန်းလာကာ ...

"မီးလည်း လိုက်ခဲ့မယ် ကော်ဖီဆိုင်ကို"

နဒီ၊ ဇာနှင့် ကိုသီဟ တစ်ယောက်မျက်နှာ တစ်ယောက် မသိမသာကြည့်မိကြကာ နောက်ဆုံးတော့ သူတို့နှစ်ယောက်ပါ ကော်ဖီဆိုင်ဆီ ပါလာသည်။ ကော်ဖီဆိုင်ကလည်း ရုပ်ရှင်ရုံနှင့် မလှမ်းမကမ်း ဟိုတယ်တစ်ခုကဆိုင်မို့ လမ်းကူးပြီး နည်းနည်း ဆက်လျှောက်လိုက်ရုံပင်။

ကောင်မလေးကို သိသိသာသာကို ဂရုမစိုက်တော့တဲ့ ကောင်လေးရဲ့ မျက်လုံးများကြောင့် နဒီ ရယ်ချင်သလိုလို အနေခက်ခဲ့ကာ မသိမသာ တို့ထိစ,နေတဲ့ ဇာ့ကြောင့်လည်း ပိုပြီးရယ်ချင်နေခဲ့ရပါသည်။ ညိုသစ်ငြိမ်းက မီးမီး ဆိုတဲ့ကောင်မလေးနှင့် သူ ဖုန်းပြောနေတာထက်ပိုပြီး ဘာမှမပတ်သက်ကြောင်း သိသာစေတဲ့ စကားမျိုးတွေကို (မပြောလည်းပဲ ရရက်နှင့်)အားလုံးသိအောင် ပြောခဲ့သည်။ ကောင်မလေး မျက်နှာကတော့ ရှုံ့မဲ့သို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အပြန် ကားပေါ်ကျတော့ ဇာက ရယ်ချင်ပက်ကျိ နှင့် ...

"မောင့်မိတ်ဆွေလေးက ဘယ်လိုဖြစ်တာလဲ"

"အေးကွာ၊ ဒီကောင်လေးက တစ်မျိုးကွ၊ ဘယ်လိုပြော မလဲ၊ အမေ့သားလေးပေါ့၊ ရိုးရိုးသားသား လိမ်လိမ်မာမာ လေးပါ၊ သူ့အစ်ကိုဝမ်းကွဲနဲ့ ခင်တာလေ၊ သူနဲ့တောင် မတွေ့တာကြာပြီ၊ ဆောရီး မနဒီ၊ စိတ်ကျဉ်းကျပ်သွားလား၊ ကျွန်တော်တောင် စိတ်ရှုပ်သွားတယ်၊ အတွေ့အကြုံမရှိတဲ့ ကောင်လေးပဲ"

နဒီက ရယ်မောရကာ ...

"ရပါတယ် ကိုသီဟရယ်၊ ကိစ္စမရှိပါဘူး"

"သနားလည်း သနားပါရဲ့၊ တကတဲမှပဲ၊ ဘေးကရွယ်တူ ကောင်မလေးကိုတောင်မှ သူ့မှာ အာရုံမစိုက်နိုင်တော့ ဘူး"

"ဟုတ်ပါ့ဗျာ၊ ကောင်မလေးလည်း ရိပ်မိတာပဲ၊ မျက်နှာ ကို ပုပ်နေတာ"

"သူ့ကြည့်ရတာ အတွေ့အကြုံမရှိ ဟန်မဆောင်တတ်နဲ့ တွေ့တွေ့ချင်း စွဲမိစွဲရာ စွဲလမ်းသွားတဲ့ပုံပဲ"

"တော်စမ်းပါ ဇာရယ်၊ ကလေးလေးကို"





တစ်လမ်းလုံး မဆုံးနိုင်အောင် စမြုံ့ပြန် ရယ်မော လာခဲ့ကြရသည်။ အဲဒီကောင်လေး။ မမှတ်မိစရာလား။ ဒီသုံးရက် လောက်အတွင်း အမှတ်မထင် ဖျတ်ခနဲ သတိရတွေးမိရင် ပြုံးတဲ့ တဲ့ ဖြစ်သွားရသေးတာ။ ခုတော့ သူ ဘယ်သူဆိုတာ မိတ်ဆက် အပြီး အသံတိတ်ကာနေပြီ။

"ညီသစ်ငြိမ်း"

"ဗျာ"

"မင်း ခုန ဆက်သေးလား"

"ခုန ...၊ အဟင်း ...၊ ဟုတ်ကဲ့"

"ဩော် ... လိုင်းပြတ်သွားတာ ထင်တယ်"

"မဟုတ်ဘူး အစ်မ၊ ကျွန်တော် ချလိုက်တာ"

"ဟင်"

"ရိုင်းရာကျသွား မသိဘူး အစ်မ၊ ကျွန်တော် ညာမပြော တတ်လို့ပါ"

"ဩော် ... မရိုင်းပါဘူး၊ ညာမပြောတာ ကောင်းပါတယ်၊ ဘာဖြစ်လို့ ချလိုက်တာလဲ"

"ကျွန်တော် ... ဟို ... ဘာပြောရမှန်း မသိလို့၊ ကြောက် လို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



နဒီသည် နှုတ်ခမ်းလေးကိုက်၍ တစ်ချက်ရယ်မောလိုက်မိပါသည်။ ဘယ်လိုလေးလဲ။

"ဟို ... ကျွန်တော် ဒိုင်ယက်ထဲရီထဲကနေ အစ်မ ဖုန်းကို ရှာကြည့်တာ"

"ဪ ... ဟုတ်လား"

"ဒါ အစ်မအိမ် ဖုန်းပေါ့"

"အင်း ... ဟုတ်တယ်"

"အစ်မ '......'မြို့နယ်မှာပဲ နေတာလား"

"အင်း ... ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် အခုနေနေတာနဲ့ မြို့နယ်တူတူပဲ"

"ဟုတ်လား၊ အစ်မက '......'ကွန်ဒိုမှာလေ"

"ညိုသစ်ရေ ... မင်း မလာသေးဘူးလား၊ ဟင်းတွေအေးကုန်ပြီ"

ညိုသစ်ငြိမ်းက ရှုံ့မဲ့ကာ ဖုန်းကိုလက်ဖြင့် အုပ်ပိတ်ရင်း ...

"လာပါမယ်ဆို အဘွားက၊ ထပ်မခေါ်နဲ့တော့ အဘွား၊ ဖုန်းပြောနေတယ်"

"အမယ်လေး ... ဖုန်းပဲ တစ်နေ့ တစ်နေ့ ပြောနေတာနဲ့ပဲ"





ညိုသစ်က ဖုန်းကိုပိတ်အုပ်ထားပြီး ပြတင်းပေါက်ဆီ လာခဲ့သည်။ ပြတင်းပေါက်ဘက်လှည့်ကာ ဖုန်းခွက်ပေါ်ကလက်ကို ဖယ်ရင်း ...

"အစ်မ"

"အင် ... ခုန ဘယ်သူလဲ၊ ခေါ်နေတာလား"

"မခေါ်ပါဘူး အစ်မ၊ အလကားပါ"

"ဘယ်သူလဲ၊ အမေလား"

"အာ ... မဟုတ်ပါဘူး၊ သူငယ်ချင်းပါ၊ ဟိုဒင်း အတူနေတဲ့ သူငယ်ချင်း"

"ဪ ... သူငယ်ချင်းနဲ့ နေတာလား"

"ဟုတ်"

ညိုသစ်က ညာပြောရင်း နှာခေါင်းရှုံ့ပြီး ခေါင်းကုတ်နေမိပါသည်။ ကိုယ့်ထက် အသက်ကြီးမှာ သေချာနေတဲ့ အစ်မကြီးရဲ့ ရှေ့မှောက်မှာ ကိုယ်က မိဘရင်ခွင်အောက်က မကွာသေးတဲ့ မရင့်မကျက် အရွယ်မရောက် ကလေးပေါက်စလို ဖြစ်နေမှာ မဖြစ်ချင်တာနှင့်ပဲ မိဘလက်အောက်ကတောင် ခွဲထွက်ပြီး သီးခြားနေနေသလို တမင်ရွှီးလိုက်တာပါ။

မနဒီကတော့ ကိုယ်ပိုင်စီးပွားရေးနှင့် ရင့်ကျက်တဲ့ အမျိုးသမီးကြီး တစ်ယောက်ရယ်လို့ မပြောလည်း သိရတဲ့အနေအထားလေ။ အသက်ဘယ်လောက်များ ရှိပြီပါလိမ့်။ ညိုသစ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အသက်က နှစ်ဆယ့်နှစ်ဆိုတော့ မနဒီဟာ နှစ်ဆယ့်ရှစ်နှ
နှစ်ဆယ့်ကိုးတော့ ရှိမယ်ထင်ပါသည်။ ခြောက်နှစ် ခုနစ်နှစ်တော့
ကြီးမယ့်ပုံပဲ။

"ထမင်းစားပြီးပြီလား"

နဒီက အနည်းငယ် ဟာလာတဲ့ ဝမ်းဗိုက်ကို ဖိကိုင်
ရင်း မေးလိုက်ပါသည်။ အပြင်ကို ထမင်းထွက်စားဖို့ ပြင်နေတာ
လေ။ ဝေးဝေးလံလံ မဟုတ်ပါ။ နဒီတို့ရဲ့ကွန်ဒိုမီနီယံအောက်မှာ
လည်း စားသောက်ဆိုင် ရှိသလို ကိုက်တစ်ရာလောက် လမ်းလျှောက်
လိုက်ရင်လည်း နာမည်ကြီး Restaurant တစ်ခု ရှိပါသည်။ ကြ
သလိုစားသောက်တဲ့ နဒီက ဒီနေ့အဖို့တော့ အဲဒီ Restaurant မှာ
သွားစားမလို့ ဟန်ပြင်နေတာပါ။

"ဟင့်အင်း ... မစားရသေးဘူး၊ အစ်မရော"

"တို့ မစားရသေးလို့ ခုပဲ အပြင်ထွက်စားတော့မလို့"

"ဘယ်ကို သွားစားမှာလဲ"

"ဒီနားမှာ '......' Restaurant ရှိတယ်လေ၊ လမ်းလျှောက်
သွားလိုက်ရုံပဲလေ"

"သြော် ... အဲဒီမှာလား"

ညိုသစ်က ရှေ့တိုးသင့် မတိုးသင့် ရင်တဒိတ်ဒိတ်
တုန်အောင် စဉ်းစားတိတ်ဆိတ်သွားရာ ...

"ဟိတ် ...၊ ဘာပြောဦးမလဲ ညိုသစ်ငြိမ်း၊ ဒါပဲလား"





"ဟိုလေ ... အစ်မ"

"အင်း ... ဘာလဲ"

"ကျွန်တော်ပါ အစ်မနဲ့ ထမင်းလိုက်စားလို့ ရမလား"

"ဟင် ! "

"ဟို ... ကျွန်တော် ကျွေးမှာပါ၊ နော် ... အစ်မ၊ ကျွန်တော်
နဲ့လည်း နီးနီးလေးပါ၊ ကျွန်တော် ခုချက်ချင်း ပြေးပြီး
လာခဲ့မယ်နော်"

နဒီသည် ဘာပြောရမှန်း မသိအောင် ဆွံ့အကြောင်င
သွားပြီး နှုတ်ဆိတ်သွားပါသည်။ အားမနာစတမ်း မလိုက်ခဲ့နဲ့လို့ပဲ
တားမြစ်ရမလား။ လိုက်ရင်လည်း လိုက်ခဲ့လေလို့ ပြောလိုက်ရင်
ဘာမှရင်းနှီးမှု မရှိသေးတဲ့ ယောကျ်ားလေးတစ်ယောက်ကို အခွင့်
အရေးပေးရာ ကျသွားမလား။ အို ... ဒါပေမဲ့ သူက ကိုယ်နဲ့ရွယ်
တူ တန်းတူလည်း မဟုတ်၊ ချာတိတ်သာသာပဲ ရှိသေးတာပဲလေ။
အသက်အစိတ်လောက်ပဲ ရှိဦးမှာပဲဟာ။

အမှန်တိုင်း ဝန်ခံရမှာဖြင့် စားပွဲတစ်လုံးမှာ တစ်
ယောက်တည်းထိုင်ပြီး တိတ်ဆိတ်စွာ စားသောက်ရခြင်း အဖြစ်
အပျက်ကို အထီးကျန်ဆန်လှတာ လူက ဒဏ်ရာတောင်ရနေပါ
ပြီ။ တကယ်တော့ ပုံမှန်အတိုင်းသာဆိုရင် ကိုယ်ဟာ ဒီနေ့ဒီအချိန်
လောက်မှာ ကိုယ့်ရဲ့ခင်ပွန်း လင်ယောကျ်ားနဲ့ တစ်စားပွဲတည်း



www.burmeseclassic.com

www.burmeseclassic.com



စားနေရတော့မှာ။ ရက်စက်တဲ့ ကုသိုလ်ကံက ကိုယ့်ကို ကြည်နူး ပျော်ရွှင်ခွင့်ရမယ့် လမ်းကြောင်းပေါ်ကနေ အလစ်မှာကန်ချလိုက်တာ။ ဒလိမ့်ခေါက်ကွေးနဲ့ ခုတော့ တစ်ယောက်တည်းပဲ ငုတ်တုတ် လေးလေ။

အိမ်မှာပဲစားစား၊ ဆိုင်မှာပဲစားစား စားပွဲတစ်လုံးမှာ ကိုယ့်နံဘေးက ကုလားထိုင်အချို့က လစ်ဟာလျက် ဗွန်းသံကလွဲ ပြီး တိတ်ဆိတ်လို့၊ ဂျာနယ်တစ်စောင် စာအုပ်တစ်အုပ်နဲ့ ဝတ်ကျေ တန်းကျေ ဗိုက်ပြည့်ရုံ မျိုချနေရတဲ့ ညစာထမင်းပွဲတို့ကို မုန်းတီး လှတာကြာပါပြီ။ နေ့လယ်စာကျရင်သာ တစ်ခါတစ်ရံ ဆိုင်မှာ ကောင်မလေးတွေနှင့်။ တစ်ခါတစ်ရံလည်း ဇော့ကို ဖုန်းဆက်ချိန်း လိုက်သည်။

ညဘက် ဒင်နာအထိတော့ အိမ်ထောင်သည် ဇော့ကို ဒုက္ခမပေးလို။ ဒီရက်တွေအတွင်း ဇာရော ကိုသီဟပါ နဒီကို တကူးတက အဖော်ပြုကာ ဟိုခေါ်သွား ဒီခေါ်သွားနှင့် ဖေးမ နွေးထွေးမှု ပေးနေကြတာလည်း ရက်တွေဆက်လာတော့ နဒီ အားနာပြီ။ ကိုယ်တိုင်ပဲ တားမြစ်လိုက်တော့တာပါ။

ဒါပေမဲ့ လောလောဆယ်မှာ ကိုယ့်အတွက်လည်းဖိစီး လေးလံမှုမဖြစ်စေတဲ့ အဖော်တစ်ယောက်ယောက်နှင့် စကားလေး တပြောပြော ညစာစားလိုနေတာ ရင်ထဲက ဆန္ဒအမှန်ဖြစ်လေရာ...။





"အစ်မ ... ကျွန်တော် လာခဲ့မယ်နော်"

ညိုသစ်ငြိမ်းရဲ့ တောင်းဆိုမှုဆာသံ နောက်တစ်ခွန်း ထွက်အလာတွင် နဒီသည် နှုတ်ခမ်းလေးချင်း ဖိပွတ်နေမိရာမှ ...

"အင်း"

"အစ်မ ... ကွန်ဒိုအောက်ကပဲ စောင့်နေနော်"

"မင်းရောက်မှ လုံခြုံရေးရုံးခန်းကနေ ဖုန်းဆက်လိုက်"

"ဟုတ်ကဲ့"

လေထဲမှာ ခုန်ပေါက်လက်သီးထိုးပြီး မြူးပျံ့နေတော့ တဲ့ ညိုသစ်ငြိမ်းက ပိုက်ဆံအိတ်ပြားလေးကို ဘောင်းဘီနောက်ဘက် အိတ်မှာညှပ်၊ စွပ်ကျယ်ဖြူပေါ်က ခေါင်းဆောင်း နောက်လှန်ချထား တဲ့ အပေါ်ဝတ်အင်္ကျီ မီးခိုးရောင်လေး ထပ်စွပ်ဝတ်လိုက်ပြီး အဘွားရဲ့လှမ်းအော်ဟစ် မေးမြန်းသံတို့ကို "ခဏလေး အဘွား၊ ကြာဘူး အဘွား"လို့ အဝေးကပဲ အော်ဖြေခဲ့ရင်း တက္ကစီတစ် စင်း ထွက်တား၍ မနဒီနေတဲ့ "......"ကွန်ဒိုကြီးရှိရာ ရောက်လာ ပါတော့သည်။

မီးတွေလင်းထိန်နေတဲ့ အောက်ထပ်ဆိုင်ခန်းတွေရဲ့ ဘားဘက်မှာ အပေါ်က ကွန်ဒိုတွေဆီတက်ဖို့ ဓာတ်လှေကားနှင့် လှေကားတွေရှိရာသွားတဲ့ မှန်တံခါး။ တွန်းဖွင့်ဝင်သွားလျှင် မျက်နှာ မီးမို့ စုံစမ်းစစ်ဆေးဖို့ ရှေ့တိုးလာတဲ့ လုံခြုံရေးမှူးကြီးက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားခပ်တင်းတင်း။ ထိုကွန်ဒိုက လုံခြုံရေးတင်းကျပ်ပုံရပါသည်။

"ဘယ်ကိုလဲ"

"ဟို ... မရေနဒီကို ညိုသစ်ငြိမ်း ရောက်ပါပြီလို့ အကြောင်းကြားပေးလို့ ရမလား ခင်ဗျ"

လုံခြုံရေးမှူးကြီးက ခပ်တည်တည်နှင့် ညိုသစ်ကို ခြေဆုံးခေါင်းဖျား ကြည့်သည်။ ဘယ်က မမြင်ဖူးတဲ့ ချွေတ်မလောက်မလားက ဒေါ်ရေနဒီကို ဘာအတွက် လာတွေ့တာလဲလို့ပင်။ သူ့အဖို့တော့ ရေနဒီဟာ သူ့ထက်ငယ်ရွယ်သူ ဖြစ်သော်လည်း လေးစားရမည့် အိမ်ခန်းရှင်တစ်ယောက်ဖြစ်ရာ ရေနဒီထံလာတဲ့ နည်းပါးသော ဧည့်သည်အချို့ကိုလည်း တလေးတစား ဆက်ဆံမြဲပါ။

အခုဟာကတော့ သူ ခင်မင်လေးစားတဲ့ ဒေါ်ရေနဒီ တစ်ယောက် ယောကျ်ားတစ်ယောက်ကြောင့် စိတ်ဒုက္ခခံစားနေရတဲ့ အချိန်ကာလမှန်းလည်း သူ သိထားရာ မလိုအပ်ပဲ စိတ်အနှောင့်အယှက် ဖြစ်စရာ မကြုံအောင် ပုံမှန်ထက်ပို၍ ကြပ်မတ်စိစစ်ပေးဖို့ သူ့ဘာသာ ကျိတ်ပြီး တာဝန်ယူထားတဲ့ အချိန်ပင်။

ဒီရက်တွေအတွင်း ဒေါ်ရေနဒီထံလာတဲ့ ဧည့်သည်ဆိုကာ ဒေါ်ရေနဒီ့ သူငယ်ချင်း ဒေါ်ဇာဇာ၊ ဒေါ်ရေနဒီ ဝန်ထမ်း





မလေးတွေ။ ဒါပဲ ရှိတာ။ ဒီမှာ ကြာပြီဖြစ်တဲ့ လုပ်သက်ရင့် လုံခြုံရေးမှူးကြီးဟာ တစ်ခါမှ သူ မမြင်ဖူးတဲ့ ဆံပင်ဖွာဆန်ကျဲ၊ အဝတ်အစား မသပ်မရပ်၊ ချွေတ်ကောင်ကလေးဟာ ဘာလဲ၊ ဘယ်သူလဲ၊ ဘာကိစ္စလဲ စုံစမ်းချင်သေးပေမယ့် ဒီကောင်လေးက အပေါ်တက်သွားမှာ မဟုတ်ဘဲ အောက်ကသာ အကြောင်းကြားခိုင်းတာမို့ သူ့မှာ စစ်မေးဖို့လည်း အခွင့်မရှိ။

ဖုန်းကိုကောက်နှိပ်ကာ ...

"ဒေါ်ရေနဒီ ... အောက်မှာ ညိုသစ်ငြိမ်း ဆိုတဲ့ အမျိုးသား ဧည့်သည်က ရောက်နေကြောင်း အကြောင်းကြားခိုင်းပါတယ်"

အတိအကျ သတင်းပေးပို့ပြီးလျှင် ဘာပြန်ပြောမလဲ နားထောင်ရန်ထံ နားစွင့်မိသည်။ ညိုသစ်ငြိမ်း ဆိုတာ ဘယ်သူလဲ၊ ဘယ်လဲ၊ မေးပေးပါ ဆိုတဲ့ ညွှန်ကြားမှုမျိုး ထွက်မလာဘဲ ...

"ကျွန်မ ဆင်းလာပါပြီလို့"

"ဟုတ်ကဲ့"

လုံခြုံရေးမှူးကြီးက ဖုန်းကိုချလိုက်ကာ ညိုသစ်ငြိမ်းကို ခြေဆုံးခေါင်းဆုံး တစ်ချက် ထပ်အကဲခတ်ရင်း ...

"လာနေပါပြီ"

"ကျေးဇူးပဲ ဦးလေးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကိုက သူ့ကို ဦးလေးကြီး။ ခေါ်မယ်ဆိုလည်း ခေါ်လောက်တဲ့ အနေအထားပါပဲ။ သူက လေးဆယ်ကျော်လေ။ ဒင်းက ချာတိတ်။ ဒီလိုချာတိတ်က ဒေါ်ရေနဒီလို ဂုဏ်သရေရှိ အဆင့်အတန်းမြင့် အမျိုးသမီးကို အောက်ကနေ ရောက်ပြီလို့ ဖုန်းဆက်လှမ်းပြောခွင့် ရနေတာအတွက် ကြားက မနှစ်မမြို့ မကျေမနပ် ဖြစ်နေသူကတော့ လုံခြုံရေးမှူးကြီးပင်။

ချက်ချင်းပင်ဓာတ်လှေကားတံခါးပွင့်သံ "ကလောင်" ခနဲမြည်ကာ ဒေါ်ရေနဒီ ထွက်လာပုံထောက်တော့ အောက်က အကြောင်းကြားချိန်ကို အဆင်သင့် ထိုင်စောင့်နေကာ အကြောင်းကြားတာနှင့် တံခါးသော့ခတ် ဆင်းလာပုံပင်။

သူ့ကို ထုံးစံအတိုင်း ဦးညွှတ်အရိုအသေပြုလိုက်တဲ့ လုံခြုံရေးမှူးကြီး မျက်နှာကို နဒီက စေ့စေ့မကြည့်ဘဲ မျက်နှာခပ်လွှဲလွှဲနှင့် မသိမသာလေးသာ ခေါင်းဆတ်ပြရင်း ညိုသစ်ငြိမ်းကိုပါ ခပ်တည်တည်ကလေးပဲ ခေါင်းဆတ်ပြလျက် ရှေ့က ဦးဆောင်ထွက်လာခဲ့ပါတော့သည်။

နှစ်ယောက်သား စကားမပြောဘဲ Restaurant ဆီ တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ မနဒီက စကားမပြောတော့ ညိုသစ်ငြိမ်းမှာ ဘာမှမပြောရဲပေ။ သူ့ရင်တွေကတော့ ဆယ်တန်းစာမေးပွဲခန်းထဲ ဝင်ခါနီးတုန်းကလို တဒိန်းဒိန်းနှင့် အကြီးအကျယ်





ခုန်လှုပ်ချောက်ချားနေသည်။ အဲဒီတုန်းက စာကလည်း သိပ်ကြီးမရဘူးလေ။ ဒက်ဒီနှင့် မာမီက သူ့ကို အထင်တွေကြီးကာ သူတို့ခြေရာနင်းပြီး ဆေးတက္ကသိုလ်ဝင်ဖို့အထိတောင် မျှော်လင့်ကြပေမယ့် သူက စာကိုတအားကြိုးစားတဲ့သူမျိုး မဟုတ်ရာ ဆယ်တန်းစာမေးပွဲက သူ့ကို ရင်ခုန်ချောက်ချားစေခဲ့သည်။

ပုံမှန်လေးတော့ အောင်သွားနိုင်ကာ ခြေချော်လက်ချော် ဖြစ်ရင်ဖြစ်ပို တစ်ဘာသာတလေလောက်လည်း ကျရင်ကျသွားနိုင်တာပဲဆိုတဲ့ စိုးရိမ်ရတဲ့ အခြေအနေမျိုး ခုလည်းပဲ သူခံစားနေရသည်။ စားသောက်ဆိုင်ထဲရောက် စားပွဲမှာ ထိုင်မိကြပြီးနဒီက သူ့ကို မျက်ခုံးလေးမြှင့် နှုတ်ခမ်းလေးစေ့ကာ ကြည့်လိုက်ချိန်အထိပင်။

"ကဲ"

"အစ်မ ဘာစားမလဲ"

"မင်း ဘာစားမလဲ၊ မှာလေ"

"အစ်မကြိုက်တာ မှာပါ"

"ဟုတ်ဘူးလေ၊ ထမင်းနဲ့ ဟင်းလား၊ တခြားတစ်ခုခုလား"

"ကျွန်တော်တော့ ထမင်းပေါင်းပဲ စားမယ်၊ အစ်မရော"

"တို့ ထမင်းပေါင်း မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာ ပိုက်ဆံနှစ်သောင်းလောက်ပဲပါတဲ့ ညိုသစ်ငြိမ်းဟာ သူ့အတွက် ကုန်ကျစရိတ်နည်းအောင် သက်သာတာမှာလိုက်တာပါ။ ကိုယ်ကကျွေးမှ ကောင်းမှာမို့ မနဒီမှာချင်တာ ဆောင်းကောင်းမှာနိုင်အောင် သူ့ဖို့တော့ ခပ်ပေါပေါပဲ မှာလိုက်တာ။

"အစ်မ ကြိုက်တာ မှာနော်၊ ကျွန်တော် ကျွေးမှာ"

နဒီက ပြုံးလိုက်မိပါသည်။ ကျွန်တော် ကျွေးမှာ ... ကျွန်တော်ကျွေးမှာ လုပ်နေပုံက ကလေးဆန်နေသည်။ တကယ်တော့ ဘာမှပြောမနေဘဲ Bill လာမှ သူ ယူရှင်းလိုက်လည်း ရတာပဲကို။

"ထမင်းဟင်းပဲ စားမယ်"

"မှာလေ အစ်မ"

"ပုစွန်သုပ် တစ်ပွဲ၊ ကိုက်လန်ခရုဆီတစ်ပွဲ"

နဒီက စားပွဲထိုးကို လှည့်မှာသည်။

"ရပြီ"

"မှာဦးလေ အစ်မ"

"ရပြီ ... တော်ပြီ၊ ဒီလောက်ပဲ စားတတ်တယ်"

"အအေးရော"

"ပြီးမှသောက်မယ်"





ထမင်းပွဲ ဟင်းပွဲတွေ ရောက်လာတဲ့အခါ ညိုသစ်ငြိမ်းက သူ့ရဲ့ထမင်းပေါင်းရဲ့အပေါ်ယံမှာ ပုံထားတဲ့ ဂေါ်ဖီပန်းပွင့်လေးတွေ မွှေပဲသီးလေးတွေနှင့် အသားဖတ်လေးတွေကို ဇွန်းနှင့်ကလော်ယူကာ ...

"အစ်မ နည်းနည်းစားနော်"

"နေပစေ၊ မစားဘူး တော်ပြီ"

"ဘယ်လိုလဲ၊ မကြိုက်လို့လား အစ်မ"

"မဟုတ်ပါဘူး၊ ကိုယ့်ဘာသာစားပါ၊ ဒီမှာ ဟင်းတွေရှိတာပဲ"

ညိုသစ်ငြိမ်းက မျက်ခုံးလေးတစ်ဖက်မြှင့်ကာ အပြစ်ကင်းကင်းလေး ပြုံးလိုက်ရင်း ...

"မာမီက ကျွန်တော့်ကို ထမင်းစားရင် လူကြီးတွေ ဦးမချလို့ အမြဲဆူတယ်၊ အဟင်း ဟင်း ... အစ်မက ကျွန်တော့်ထက် ကြီးတာပဲနော်၊ ဦးချတာပါ"

နဒီက စိတ်ထဲကကျိတ်ပြီး နှာခေါင်းတစ်ချက်ရှုံ့လိုက်ပါသည်။ ဘာကောင်လေးမှန်း မသိပါဘူး။ လူကို ဦးချသတဲ့။ ပြီးတော့ ကြည့်ဦး ... ခေါ်ပုံက "အစ်မ"တဲ့။ မသာယာလိုက်တာ။ မညွတ်ပြောင်းလိုက်တာ။ ကဗျာလည်း မဆန်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းက သူ့ထမင်းပေါင်းက ကောင်းနိုးရာရာတွေအပြင် နဒီ မှာထားတဲ့ ဟင်းတွေကိုလည်း သူကပဲ ခပ်ပြီး နဒီ့ပန်းကန်ထဲ ထည့်ပါသည်။

"မင်းလည်း စားဦး"

"ဟင့်အင်း … ကျွန်တော် ထမင်းပေါင်းပဲစားမယ် အစ်မ"

"ပုစွန်သုပ် စားလေ"

"တော်ပြီ အစ်မ"

တကယ်ခပ်မစားတဲ့ ကောင်လေးရဲ့ ပန်းကန်ထဲ နဒီက ဟင်းတစ်ဇွန်း လှမ်းခပ်ထည့်ပေးလိုက်ပါသည်။ သူ့ပန်းကန်ထဲ ဟင်းလှမ်းထည့်ပေးတုန်း နွေးခနဲ ခံစားလိုက်ရတဲ့ ကိုယ့်ရင်တွင်းက ခံစားချက်ကိုလည်း ကိုယ့်ဘာသာ အံ့အားသင့်မိပါသည်။ နဒီ ထမင်းခပ်ယူတာ၊ ဇွန်းကို ပါးစပ်ထဲ ခွံ့တာတွေကို မသိမသာ လိုက်ကြည့်နေတဲ့ ညိုသစ်ငြိမ်းကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်မိသေးကာ …

"ဘာကြည့်တာလဲ"

"အစ်မ ထမင်းစားတာလေးက ဘယ်လိုလေးလဲ မသိဘူး၊ ထမင်းက ဇွန်းရဲ့ထိပ်ဖွန်းဖျားလေးမှာ နည်းနည်းပဲပါတယ်၊ ကျွန်တော့်မာမီနဲ့ တူတယ်၊ မာမီက ဆရာဝန်မို့လို့လား မသိဘူး၊ ထမင်းတစ်လုပ်ကို နည်းနည်းလေးဝဲထည့်ပြီးရင်





ဝါးနေလိုက်တာ မပြီးတော့ဘူး၊ ကျေညက်တာထက်တောင် ဟိုဘက် လွန်ဦးမယ် အဟင်း ဟင်း"

"အများကြီး မဝါးတတ်ပါဘူး၊ ကျေညက်မှ ကောင်းတာပေါ့ ညိုသစ်ရဲ့၊ ထမင်းကို ညက်ညက်ဝါးရင် အစာကျေညက်ပြီး ဝိတ်လည်း သိပ်မတက်ဘူးတဲ့"

"အဲဒါကြောင့်ထင်တယ်၊ မာမီလည်း သိပ်မဝဘူး၊ အစ်မကတော့ ပိန်တဲ့ဘက်တောင် ရောက်သေးတာပဲဟာ၊ ဒါပေမဲ့ ဟို … လှတယ်"

သူကပဲပြောပြီး သူကပဲ ရှက်သွားသလို မျက်လွှာချလိုက်တဲ့ ကောင်ကလေးကြောင့် နဒီ ကျိတ်ပြုံးရပြန်သည်။ ထမင်းစားရင်း စကားတွေကို ကရားရေလွှတ် ပြောနေတဲ့ ကောင်ကလေးကြောင့် အပျင်းလည်းပြေ စိတ်တွေလည်း ပေါ့ပါးလန်းဆန်းရပါရဲ့။

ထမင်းစားရင်း စကားပြောတဲ့အကျင့်က ကောင်းကောင်း မကောင်းကောင်း ညစာတွေမှာ အဖော်မပါ ဘာမပါ တိတ်ဆိတ်ပြီး တစ်ယောက်တည်း စားခဲ့ရတာချည်းဖြစ်တဲ့ နဒီ့အဖို့တော့ အရေးမကြီးလှတဲ့ အရည်မရ အဖတ်မရ စကားလေးတွေ ပေါ့ပေါ့ပါးပါး ပြောရင်း ထမင်းတစ်ပန်းကန်အပြည့်ဟာ ဘယ်လိုကုန်သွားလိုက်မှန်းတောင် မသိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ညစာကို နှစ်လုပ် သုံးလုပ်ထက် ပိုမစားနိုင်ခဲ့ပဲ ပျင်းပျင်းရိရိ တွေးတွေးဆွေးဆွေး ငေးငေးနှင့် ဖွတ်နင်းကန် မျိုးချကာ လည်ပင်းမှာ နင်နေတတ်ခဲ့တဲ့ ခုတလောအတွင်း ဒီညနေကတော့ ထူးခြားတဲ့ညနေ။ ထိုကောင်လေးရဲ့စကားတွေကို ပြုံးတုံ့တုံ့ နားထောင်ရင်း ရယ်တဲ့အခါ ရယ်မောရင်း မသိမသာ ရှင်ပျတက်ကြွလာတဲ့စိတ်က ပေါ့ပါးချမ်းသာနေပါသည်။

"မင်း သောကြာသားလား၊ ဟုတ်လား"

"အဟား ဟား၊ ကျွန်တော် သောကြာသား မဟုတ်ဘူးဗျ၊ မာမီကမှ သောကြာသမီး"

"မသိပါဘူး၊ ဒီလောက် စကားတွေများတော့ မင်းကို သောကြာသားပဲ မှတ်တာ"

"ကျွန်တော်က အင်္ဂါ၊ အစ်မရော"

"ဗုဒ္ဓဟူး"

"အား ... ဗုဒ္ဓဟူး ဆိုတော့၊ မာမီက ပြောဖူးတယ်၊ ဗုဒ္ဓဟူး သောက အင်းဝ ရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့"

နဒီ့ မျက်နှာကလေး နီမြန်းရင်း ...

"ဘာဆိုင်လို့လဲ၊ အဲဒါက အိမ်ထောင်ဖက်ရွေးတဲ့ ဆောင်ရန် ရှောင်ရန်ပဲ"





"အင်္ဂါနဲ့ ဗုဒ္ဓဟူး မတည့်ဘူးနော်"

ညိုသစ်ငြိမ်းရဲ့ နှာခေါင်းလေးရှုံ့ပြောတဲ့ ပုံစံကို နဒီက မျက်စောင်းရွယ်ရင်း ...

"မင်းကိုလည်း ဆောင်ရန် ရှောင်ရန် ပြောထားရဦးမယ်"

"ဘာလဲဟင် ... အစ်မ"

"ရှောင်ရန်ပါ"

"အစ်မ ပြောလေ၊ ရှောင်မယ်"

"စကားပြောရင် အဲဒီစကားကို မာမီက မာမီက ဆိုတာနဲ့ မစ,နဲ့၊ ဘာလဲ ... ကလေးပေါက်စီနေ ကျနေတာပဲ၊ 'မာမီက' ဆိုတာ နှုတ်ဖျားက မချဘူး"

"ဟား ဟား"

ညိုသစ်ငြိမ်းက ခေါင်းကိုမော့လှန်ပစ်ပြီး ရယ်မောလိုက်ပါသည်။

"နောက် ... ကျုပ်ကို ဘယ်လိုခေါ်တာလဲ"

"အစ်မ ... လို့"

"ဘာအစ်မလဲ၊ ဘာကြီးမှန်း မသိဘူး"

"ဒါဖြင့် ဘယ်လိုလဲ၊ ဘယ်လိုခေါ်ရမလဲဟင်၊ မမလား၊ မ,လား၊ မနဒီလား၊ ကျွန်တော် သုံးရက်ရှိပြီဗျ ကျေးစားနေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ချွဲသလိုမျိုး ကလက်သလိုမျိုး ဖြစ်သွားပြီး မ,မကြိုက်မှာစိုးလို့ပါ”

မ, ...။

နဒီ့ ရင်ထဲ ခပ်နွေးနွေးလေး ဖြာသွားတဲ့ ခံစားချက်ဟာ ဆန်းကြယ်လှပါဘိတော့။ ပြောတဲ့စကားထဲမှာ မရဲတရဲထည့်သုံးလိုက်တဲ့ ခေါ်သံလေးက ညင်သာသိမ်မွေ့ပြီး အဲဒီအချိန်မှာကြည့်လိုက်တဲ့ တိုးလျှိုးတဲ့ မျက်ဝန်းလေးတွေကလည်း ရီဝေလို့။ ကြည့်စမ်း ... ကောင်လေးတစ်ယောက်နဲ့ အရောတဝင် ဖြစ်မိပါရောလား။

နဒီက သက်ပြင်းလေးတစ်ချက် ရှိုက်မိရင်း ...

“မင်း အသက် ဘယ်လောက်ရှိပြီလဲ ညိုသစ်ငြိမ်း”

ညိုသစ်က ရုတ်တရက် အမ်းသွားကာ ရယ်ကျဲကျဲနှင့် နဖူးလေးကုတ်ရင်း ...

“ဟင့်အင်း”

“ဘာ ... ဟင့်အင်းလဲ”

“မပြောချင်ဘူး”

“ဘာဖြစ်လို့ မပြောချင်ရတာလဲ”

“မ,ကလည်းဗျာ”





ဘုရားရေ ...။ သူကလေးက လူကို တော်တော်တောင် အချွဲပိုနေပြီ။ သူနဲ့များ အနှစ်နှစ်အလလက ရင်းနှီးခဲ့ပြီးတာလိုလို။ လူငယ်ကလေးမို့လည်း အဲသလောက် မြန်မြန်ရဲတင်းတာပေါ့။ သက်တူရွယ်တူ ဆိုရင်တော့ ကိုယ်ရောက်နေတဲ့အသက်အရွယ်ကိုထောက်ပြီး အသက်နဲ့လိုက်ဖက်တဲ့ ဣန္ဒြေနဲ့ သိက္ခာနဲ့နေနေရဦးမှာလေ။

ခက်တာက သူလေးက ဘယ်လိုပင် ရဲတင်းရင်းနှီးပေမယ့် ကိုယ်က သူ့လို မနူးမနပ် နှစ်ဆယ်ကျော်သက် မဟုတ်တာပင်။ ငါ ဘယ်အရွယ်ဆိုတာ သင်း သိရဲ့လားလို့ စိတ်ရှုပ်ရှုပ် တွေးမိရင်း ...

“ဒီမှာ ... တို့အသက်က သုံးဆယ့်လေးနှစ်ရှိပြီ၊ အဲဒါကို သိရဲ့လား”

“ဟင့်အင်း ... မသိဘူး၊ ဒါပေမဲ့ ဘာဖြစ်လဲ”

ညိုသစ်ငြိမ်းသည် ကိုသီဟဇနီးရဲ့ သူငယ်ချင်းမို့ သုံးဆယ်ပတ်လည်တော့ ရှိမည်ရယ်လို့ တွေးမိပြီးသားပင်။ သုံးဆယ့်လေးနှစ် ဆိုတော့ မနဒီရဲ့ နုနယ်နိုင်လှပုံကို အံ့အားသင့်ရသည်။ သူ့ထက် အများကြီး ကြီးပါလားလို့ သိလိုက်ရချိန်မှာ ညိုသစ်ငြိမ်းသည် မနဒီကို ခုနကထက်ပိုပြီး ချစ်မြတ်နိုးသွားမိသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအသက် ဘယ်လောက်လဲ၊ ကဲ ... မပြောလည်းနေ၊ တို့ မှန်းကြည့်မယ်၊ နှစ်ဆယ့်ခြောက်လောက် ရှိလား"

ညိုသစ်ငြိမ်းက နှာခေါင်းတစ်ချက်ရှုံ့ပြီး ခေါင်းဖြည်းဖြည်း ရမ်းလိုက်ပါသည်။

"ဒါဖြင့် ဘာလဲ၊ နှစ်ဆယ့်ခုနစ် ရှစ်လား၊ အဲသလောက်တော့ မဖြစ်နိုင်ပါဘူး ထင်တယ်၊ မင်း မျက်နှာလေးက နုနုနယ်နယ်လေးရယ်၊ ဘယ်လောက်လဲ မင်း အသက်"

ညိုသစ်ငြိမ်းက နဒီကို အရည်လည်တဲ့ မျက်လုံးလေးနှင့်ကြည့်ရင်း ...

"နှစ်ဆယ့်နှစ်"

"ဘာ"

နဒီ အလန့်တကြား အံ့အားသင့်သွားရပါသည်။ နှစ်ဆယ့်နှစ်။ ဘုရား ... ဘုရား။ ဆယ့်နှစ်နှစ်တောင် ကွာခြားတာပါ။ ဆယ့်နှစ်နှစ်တောင် ပိုငယ်တာပေါ့။ စိတ်ဓာတ်တောင် အတော်ကျချင်သလို ရှိသွားရကာ ...

"ကဲ ... ပြီးပြီမှလား၊ တို့တွေ ပြန်ကြစို့လား"

"မ, ဘာဖြစ်သွားတာလဲ"

"အင်း ...၊ မင်းနဲ့ တို့က သူငယ်ချင်းဖြစ်ဖို့ အသက်က ကွာလှတယ်ကွာ"





"မ,"

နဒီက ညိုသစ်ငြိမ်းကို စိတ်ရှုပ်ရှုပ်လေး ကြည့်လိုက်ပါသည်။

"ဘာမှ အရေးမကြီးပါဘူး မ,"



www.burmeseclassic.com

www.burmeseclassic.com



၁

နဒီသည် ရှေ့က ဒေါ်ခင်လေးညိုကို မကြည့်ရဲဘဲ မျက်လွှာချထားရင်း "သူက အသက်ဘယ်လောက် ငယ်လို့လဲ" ဆိုတဲ့ ဒေါ်ခင်လေးညို အမေးကို ဘယ်လိုဖြေရင် ကောင်းမလဲ စဉ်းစားနေမိပါသည်။ သူက ကိုယ်ရဲ့ 'Therapist ။ ညာပြောသင့်ရဲ့လား။ အို ... ဒါပေမဲ့ အမှန်ကို မပြောရဲဘူး။

"နှစ်ဆယ့်ခုနစ်ပါ မမ"

"နှစ်ဆယ့်ခုနစ် !"

"နဒီ့ထက် ခုနစ်နှစ်လောက် ငယ်နေတော့ မောင်ကလေး တစ်ယောက်အရွယ် ဖြစ်နေပြီး နဒီ စိတ်မလုံခြုံသလို ဖြစ်နေမိတယ်"

ဒေါ်ခင်လေးညိုက ပြုံးလိုက်ရင်း ...





"မောင်အရွယ် ဆိုတာကတော့ နဒီရယ်၊ တစ်နှစ်ငယ်လည်း မောင်လေးအရွယ်၊ နှစ်နှစ်ငယ်လည်း မောင်လေးအရွယ်ပါပဲ။ ခုချိန်မှာ အသက်ကြီးတာ ငယ်တာ ဘယ်လောက်ကွာတာတွေအထိ နဒီ ပူနေစရာ မလိုသေးဘူး၊ ခုထိ မမမြင်တာ စိတ်ပြေလက်ပျောက်သဘော၊ အဖော်ကလေးတစ်ယောက် ကိုယ့်မှာရှိနေတယ်ဆိုတဲ့ သဘောပဲ ရှိသေးတာလေ၊ ကျားရယ် မရယ် မဟုတ်ဘူး"

နဒီက ဒေါ်ခင်လေးညို စကားကို စိတ်ထဲကကျိတ်ပြီး ခေါင်းလေး အသာယမ်းနေမိသည်။ အဖော်လေး သဘောလောက်မကတော့ဘူး ထင်တယ်။ အံ့ဩစရာပါ။ ရက်ပိုင်းအတွင်းမှာ ဒီကောင်လေး နဒီ့ကို ညှို့ယူဖမ်းစားလိုက်တာက ကြောက်ဖို့ကောင်းလွန်းလို့ နဒီ တုန်လှုပ်နေတာပါ။ အရေးမပါတဲ့ သဘောလောက်ဆိုရင်တော့ ဒေါ်ခင်လေးညိုထံ ဖွင့်ပြောဖို့တောင် နဒီ စိတ်ကူးမိမှာ မဟုတ်ပါ။

ခုဟာကတော့ ကိုယ့်စိတ်ကို ကိုယ်တောင် တုန်လှုပ်လို့ ဒေါ်ခင်လေးညိုကို မပြောမဖြစ် ဖွင့်ပြောပြလိုက်တာ။

"အထီးကျန်ဆန်မနေဘူးဆိုတဲ့ ခံစားချက်ကိုက နဒီ့ကို အများကြီး တိုးတက်စေတယ်လို့ မမမြင်တယ်၊ နဒီ့မှာ မျက်စိနဲ့ မမြင်နိုင်တဲ့ ခွန်အားတစ်မျိုး တိုးလာတဲ့ အရေးင် အလျှံတွေ တွေ့ရတယ်၊ အဲဒါကို မမ ဝမ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီကောင်လေး ... အဲဒီအသက်ကြွာတဲ့ ကောင်ကလေးနဲ့ နဒီ ရတ်တရက် ရင်းနှီးခင်မင်သွားတဲ့ အခြေအနေကို ရပ်ပစ်ဖို့ မလိုဘူးပေါ့နော်"

"မလိုပါဘူး နဒီရယ်၊ နဒီ သူ့ကို နောက်အပတ် လက်ထပ်ဖို့ ရွေးချယ်လိုက်တာမျိုးမှ မဟုတ်ဘဲ၊ ဒီလောက်စိတ်ပူနေစရာကို မရှိဘူး"

နဒီက အံ့မှန်းကလေး ပြုံးမိသည်။ နောက်အပတ်လက်ထပ်ဖို့ ရွေးလိုက်တာမျိုး မဟုတ်သေးပေမယ့် သူ့ကို နဒီချစ်တယ်ထင်တယ် မမရယ်။ ကိုထွင့်နဲ့ ချစ်သူတွေ ဖြစ်နေတုန်းကတောင် အခုလို ရင်ဖိုတုန်လှုပ်ရတာတွေ ကြည်နူးသာယာရတာတွေ မရှိခဲ့ဘူး။ အေးအေးဆေးဆေးနိုင်တဲ့ အားကိုးကျေနပ်ခြင်းမျိုးပဲ ရှိခဲ့တာ။ သူနဲ့ကျတော့ နဒီ နှလုံးသားတွေဟာ ငြိမ်ပဲငြိမ်သက်နေရတယ် မရှိတော့ဘူး။

ဖျိုးခနဲ ဖျတ်ခနဲ နွေးခနဲ အေးခနဲ တသိမ့်သိမ့်တငြိမ့်ငြိမ့် တစိမ့်စိမ့် လှိုက်ဖိုနေတော့တာ တိမ်တွေပေါ်ထိုင်ပြီး လေဟုန်စီးနေရသလိုပါပဲ။

"အခု နဒီကို မြင်ရတာ မမ ကျေနပ်တယ်၊ နဒီ မျက်နှာလေးကို ကြည့်လိုက်တာနဲ့ အတွင်းထဲမှာ ကျေနပ်နှစ်သိမ့်နေတဲ့ စိတ်လုံခြုံမှုကို တွေ့ရတယ်။ နဒီ ပျော်နေတာ မမသိတယ်"





"ရှက်တောင် ရှက်တယ် မမရယ်"

မျက်နှာတစ်ဝက်ကို လက်ဖဝါးလေးတစ်ဖက်နှင့် အုပ်ကိုင်ကာ ပါးကလေးတွေ နီထွေးတဲ့အထိ ရှက်ဖိုနေတဲ့ နဒီကို ဒေါ်ခင်လေးညို သဘောတွေ ကျနေပါသည်။

"ကောင်းတယ် နဒီ၊ နဒီမှာ ခံစားချက်တွေ အရမ်းအသက်ဝင်နေတာပဲ၊ ရှက်စရာ မဟုတ်ပါဘူး နဒီရယ်၊ နဒီမျက်လုံးတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်တွေ ပြည့်ဝလာတာကိုလည်း မမ မြင်ရတယ်"

ဒီအရွယ် ကောင်ကလေးက ရွယ်တူတန်းတူလေးတွေ အများကြီး ရှိမယ့်ကြားက သူ့ထက် ဆယ့်နှစ်နှစ် ကြီးပါတယ်ဆိုတဲ့ နဒီကိုမှ အရူးအမူး တန်းတန်းစွဲ လာဖြစ်နေတာဟာ တကယ်ကိုပဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ တိုးတက်လာစေတာပါ။ ကိုယ်ဟာ တစ်စုံတစ်ယောက်ရဲ့ ပစ်ပယ်ကန်ထုတ်ချန်ရစ်ခဲ့ခြင်းကို ခံရတယ်ဆိုတဲ့ ဆုံးရှုံးမှု ခံစားချက် နေရာမှာ အစားထိုး တိုးဝင်လာတဲ့ တစ်စုံတစ်ယောက်ရဲ့ အထူးတလည် မက်မောမြတ်နိုးမှုကို ပိုင်ဆိုင်နေရတယ်ဆိုတဲ့ ခံစားချက်အသိက လူကိုသိပ်ကိုအားရှိစေတာပါ။

"သူက သိပ်ငယ်နေတော့ တွဲသွား တွဲလာရတဲ့အခါလည်း အားနာမိတယ်"

www.burmeseclassic.com



"အို ... ခုနစ်နှစ်လောက် ကွာတယ်ဆိုတာ ဘယ်လောက်များ ကြီးမားတဲ့ ကွာဟချက်မို့လို့လဲ၊ ဒီလောက် အသက်ကွာပြီး လက်ထပ်ဖြစ်ခဲ့ကြတဲ့ အိမ်ထောင်တွေထဲမှာ ပေါင်းသင်းကြင်နာနေတဲ့ စုံတွဲတွေ အများကြီး ရှိပါတယ်"

ခုနစ်နှစ်။ အင်း ...။ လိမ်မိလက်စနဲ့ ရှိပါစေတော့။ ဆယ့်နှစ်နှစ်ကွာပြီးတော့ လက်ထပ်ဖြစ်ခဲ့တာမျိုးတော့ မရှိလောက်ဘူး ထင်ပါရဲ့။

"ဘာဖြစ်လို့ မျက်နှာလေးက စိုးရိမ်ကြောင့်ကြမှုတွေ ရှိနေရတာလဲ နဒီ၊ ပျော်နေရမှာလေ၊ ဒီအသက်အရွယ်မှာ ကိုယ့်ထက်ငယ်တဲ့ မိတ်ဆွေအပေါင်းအသင်းသစ် ရဖို့ဆိုတာ မလွယ်တော့ဘူး၊ အသက်ကြီးလာရင် ကိုယ့်ထက်ငယ်တဲ့သူနဲ့လည်း ပေါင်းသင်းပေးရတယ်၊ စိတ်ကိုနုပျိုတက်ကြွစေတယ် ...

ဒီလို အခွင့်အရေး လူတိုင်းရတာ မဟုတ်ဘူး၊ နဒီကံကောင်းတာ၊ ပျော်နေရမှာ၊ ဘာကို စိုးရိမ်နေတာလဲ"

"နဒီ ... နဒီ"

"အင်း ... ပြောပါဦး"

"နဒီ တစ်နေ့မှာ သူ့ကို ချစ်သွားမိမလားလို့ ကြောက်နေတာပါ"





ဒေါ်ခင်လေးညိုက သောကတွေ ပိုနေတဲ့ နဒီမျက်နှာလေးကို ကြည့်ရင်း တဟင်းဟင်းနှင့် သဘောတွေကျကာ ရယ်မောနေမိပါသည်။ တစ်သက်မှာ အသက်ကြီးမှ တစ်ခါသာ ချစ်သူထားဖူးပြီး အဲဒီချစ်သူ ဆိုတာကလည်း ဆတ်ဆတ်တုန်အောင် ချစ်တာထက် နှစ်သက်လေးစားမှုက ပိုခဲ့မည်ဖြစ်တဲ့ မိန်းမသား။ ငယ်ရွယ်တဲ့ ကောင်ကလေးတစ်ယောက်ရဲ့ လေရှူးဆန်သော လှုပ်ခတ်သော ဖမ်းစားမှုမှာ အငိုက်မိ မိန်းမူးသွားရှာတာမျိုး ဖြစ်မည်။

သူ ထင်သလိုပဲ ချစ်ကောင်းလည်း ချစ်သွားနိုင်တာပင်။ အဓိက,ကတော့ နဒီကို ချဉ်းကပ်လာတဲ့ အဲဒီကောင်လေး ရိုးသားဖို့ သစ္စာရှိဖို့ပါပဲ။ နဒီကို ဆော့ကစားမသွားဖို့ပါပဲ။

"ချစ်မိသွားရင်လည်း တကယ်တော့ ကြောက်စရာ မဟုတ်ဘူး နဒီ၊ ဒါပေမဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန် ခံစားချက်တော့ ညီမျှရမယ်၊ တအားကြီး ကျဆုံးမသွားမိခင်မှာတော့ ဒီချာတိတ်ကလေးကို ကိုယ့်အပေါ် ဖြောင့်မတ် ရိုးသားရဲ့လား နဒီ အကဲတော့ ခတ်ဦးပေါ့"

"သူက သိပ်ပြီး စင်ကြယ်ပါတယ် မမ၊ ဒီအရွယ် လူငယ်လေးတွေထဲမှာ အသန့်ရှင်း အစင်ကြယ်ဆုံး ကောင်လေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့ နဒီ၊ သူကတော့ တစ်ခါမှ မချစ်ဖူးဘူးထွား"

"အဟင်း ...၊ သူ ဖတ်စ်ယီးယားလောက်တုန်းက ကောင်မလေးတစ်ယောက်ကို ချစ်ပြီးလိုက်ဖူးတယ်တဲ့ မမရဲ့၊ သူက ခပ်ရိုးရိုး ခပ်အေးအေး မိဘကလည်း ဆုံးဆုံးမမ ကြပ်ကြပ်မတ်မတ်နဲ့ ရင်အုပ်မကွာထားတဲ့ ကလေးမျိုးပေါ့၊ အဲသလို အိမ်ကိုလန့်ရတဲ့ မေမေ့သားလေး ဖြစ်နေတာကို ကောင်မလေးက ဟားပြီး သူ့ကို ပြန်မကြိုက်ဘူးတဲ့ အဟင်း ဟင်း၊ သူ့မှာ အဲဒီတုန်းက အသည်းတောင်ကွဲရတာတဲ့ မမရဲ့၊ ကျောင်းမလေး ခေါ်တဲ့ဆီတွေလည်း သူ့မှာ မသွားနိုင်တဲ့၊ သူ့အမေက စည်းမဲ့ကမ်းမဲ့ အပြင်မလွှတ်ဘူးပေါ့နော် ...

သူဟာ ရွယ်တူတန်းတွေထဲမှာ လိမ်ကိုလိမ္မာမယ့် ကောင်လေးမျိုးပါ မမ၊ ကြည့်ရတာ သူ့အမေက တော်မယ် ထင်ပါရာယ်၊ သားသမီး အုပ်ထိန်းမှုကောင်းတဲ့ မိခင်မျိုး ဖြစ်လိမ့်မယ် ထင်တယ်"

"ဒီလိုမိသားစုမျိုးက သားမျိုးဆိုရင်တော့ နဒီ ဘာမှစိုးရိမ်သောက ကြီးနေစရာ မရှိလောက်ဘူး၊ ငယ်ကတည်းက အခြေခံဗီဇကောင်းကောင်းနဲ့ ကြီးပြင်းခဲ့ရတဲ့ ကလေးမှန်





ရင် ကြီးမှ မိုက်မိုက်ရိုင်းရိုင်း ရမ်းရမ်းကားကား မဖြစ်နိုင်ပါဘူး၊ ဘာမှ စိုးရိမ်မနေနဲ့ နဒီ၊ အသက်ကွာတဲ့ အပေါ်လည်း ဘာမှမတွေးနဲ့၊ ကိုယ့်တစ်ဖက်တည်းက တစ်ဖက်သတ် ခံစားချက်လည်း မဟုတ်ဘူး၊ နှစ်ဦးနှစ်ဖက် နှစ်သက်တဲ့ဆန္ဒညီလို့ ဒီလောက် ရင်းနှီးမှုလည်း မြန်ဆန်သွားတာ၊ ဘယ်သူ့ကိုမှလဲ ထိခိုက်တဲ့ကိစ္စ မဟုတ်ဘူး ...

ဘယ်သူ့မှလဲ မထိခိုက် မနစ်နာဘူး၊ မမတို့ ဗုဒ္ဓဘာသာရဲ့ ကံငါးပါးနဲ့လည်း မငြိစွန်းဘူး၊ ကိုယ်တိုင်လည်း စိတ်ချမ်းသာရတယ်ဆိုတဲ့ ကိစ္စတစ်ခုအတွက် နဒီ စိတ်လွတ်လွတ်လပ်လပ် ပျော်နိုင်ပါတယ်၊ မလုပ်သင့်ဘူးလို့ မရှိပါဘူး နဒီ၊ စိတ်ချမ်းသာပါ၊ နဒီ့ကို ခုလို အသက်ပါတဲ့ အပြုံးလေးနဲ့ မြင်နေရတာကို မမက စိတ်တွေချမ်းသာနေတာ"

နဒီက ရှက်ပြုံးလေး ပြုံးမိရင်း ...

"ကျေးဇူးတင်ပါတယ် မမ"



www.burmeseclassic.com

“မ, ... ဒီနေ့ညစာလည်း အတူတူ သွားစားရအောင်လေ၊ ကျွန်တော် ထွက်လာခဲ့မယ်”

ဝေလင်းက ညိုသစ် အခန်းထဲက ကွန်ပျူတာမှာ ဂိမ်းကစားနေရာမှ နှုတ်ခမ်းကို ရွဲ့ကာလှည့်ကြည့်ရင်း ...

“အသံကိုက”

ညိုသစ်က ပြုံးကျဲကျဲနှင့် ဝေလင်းကို နှုတ်ခမ်းရှေ့ လက်ညှိုးထောင်ကပ်ကာ တိုးတိုးတိတ်တိတ်နေဖို့ အချက်ပြလိုက်၍ ဝေလင်းက နှုတ်ခမ်းလှုပ်ရုံ အသံတိတ်ဆဲရေးပြီး ကွန်ပျူတာမော်နီတာဘက် ပြန်လှည့်သွားပါသည်။

“နော် ... မ,နော်”

“မဖြစ်ဘူး ညိုသစ်ရယ်၊ မ, ဒီညတော့ အိမ်မှာပဲ ကိုယ့်ဟာကိုယ် ခေါက်ဆွဲပြုတ်သောက်လိုက်တော့မှာ”

ညိုသစ်ငြိမ်းက သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

“မ,က နက်ဖြန် ခရီးထွက်မှာလေ၊ ဒီနေ့ညနေလေး တွေ့ပြီးရင် အကြာကြီး မတွေ့ရတော့ဘူး”

“ဘာအကြာကြီးလဲ၊ သုံးရက်တည်းပါ”





“သုံးရက်က အကြာကြီးပဲ”

“အရူးလေး”

“မ,က ပြောအားရှိပေမယ့် ကျွန်တော်က ငိုချင်နေပြီ”

“ဘာဖြစ်လို့ ငိုရမှာလဲ၊ ငိုစရာ ဘာအကြောင်းရှိလို့လဲ၊ မပိုစမ်းပါနဲ့ကွာ”

“အကြာကြီး မတွေ့ရဘူးလေ”

“ဘာအကြာကြီးလဲ၊ ကဲ ... မင်း သူငယ်ချင်း ရှိနေတယ်ဆို သူ့ကိုပဲ လှမ်းမေးကြည့်စမ်းပါဦး၊ သုံးရက်ဆိုတာကြာလား မကြာဘူးလား”

ဟော့ကောင် ဝေလင်း၊ သုံးရက်ဆိုတာ ကြာလား မကြာဘူးလား”

“ဘာ”

“သုံးရက်ဆိုတာ ခုနှစ်ဆယ့်နှစ်နာရီတောင်မှ။ အကြာကြီး မဟုတ်လား ဟော့ကောင်”

ဝေလင်းက အမြင်တွေကတ်လှတဲ့ ရုပ်ကြီးနှင့် ...

“အေး ... သုံးရက်ဆိုတာ ကြာတယ်၊ ဒါကြောင့် မင်းသေရင် သုံးရက်မထားဘူး၊ ချက်ချင်းဆွဲချပစ်လိုက်မယ် သူငယ်ချင်း”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ကြားနေရတဲ့ နဒီက တခိခိရယ်မောနေပါသည်။

"မ,ကလည်း၊ ခဏပဲ တွေ့မှာကိုဗျာ"

"တို့ ဘာအိတ်မှ မပြင်ရသေးဘူး၊ အလုပ်တွေရှိသေးတယ် ညိုသစ်ရယ်၊ အပြင့်မထွက်အားတော့ဘူး၊ နေ့လယ်ကလည်း ဆိုင်ကို လာတွေ့ပြီးပြီလေ၊ အခုတွေ့ရင်ကော ဘာကိစ္စ အထူးရှိတာမို့လို့လဲ၊ ဟိုပြော ဒီပြောနဲ့ အရေးမကြီးဘဲနဲ့ တစ်နာရီလောက် အသာလေး ကုန်သွားမှာလေ"

"အရေးမကြီးတာက မ,အတွက်လေ"

"မင်း တော်တော်ဂျီကျပါလား ညိုသစ်ငြိမ်းရယ်၊ ကလေးဆိုးကြီး ကျနေတာပဲ၊ နေ့လယ်ကလည်း ဆိုင်ကမပြန်ခင်တမ်း သုံးနာရီလောက် တွေ့ရပြီးပြီလေ၊ စကားတွေလည်း ပြောပြီးပြီလေ"

"မ,က အကြာကြီးသွားမှာ"

"သုံးရက်တည်းရယ်"

"မ,က ကျွန်တော့်ကို သုံးရက်မတွေ့ရလည်း ဘာမှမဖြစ်တာ၊ ကျွန်တော်က မ,ကို အရမ်းလွမ်းနေမှာ၊ မ,နဲ့မတွေ့ရရင် တစ်နေ့ တစ်နေ့ ဘာလုပ်နေရမှာလဲ"

"ပန်းချီဆွဲနေလေ"





"မဆွဲဘူး၊ မာမီက အရည်မရ အဖတ်မရ အလုပ်တဲ့"

"လာပြန်ပြီလား မာမီက"

"အဟင်း ဟင်း"

"မင်းက အရည်ရရ အဖတ်ရရကော ဘာလုပ်တာမို့လဲ"

"အရည်မရ အဖတ်မရရင်လည်းနေ၊ မ,ဆီလာပြီး မ,နားမှာ အငွေ့လေးပဲရရ"

"ပလီပလာနဲ့ လူပေါလေး"

ညိုသစ်ငြိမ်းရဲ့ တကယ် ဆို့နင့်နေသလို အသံမျိုးကြောင့် နဒီမှာလည်း မောဟိုက်ဟိုက် ဖြစ်လာကာ သက်ပြင်းတွေ မှိုက်နေရပါသည်။ ဟိုအရင်ကလည်း ဇန်ကောက်ကို တစ်လတစ်ခါ တစ်လခွဲတစ်ခါလောက်၊ စင်ကာပူကို သုံးလတစ်ကြိမ်လောက် ခရီးတွေ တစ်ချိန်လုံး ထွက်နေခဲ့ပြီး ခရီးထွက်ရတဲ့အတွက် ဘာမှ ရေးကြီးခွင်ကျယ် မခံစားခဲ့ရဖူးတဲ့ နဒီမှာ ခုတော့ ညိုသစ်ငြိမ်းကြောင့် လွမ်းမောမောကြီးပင် ဖြစ်လာပါသည်။

အရင်ကလည်း ချစ်သူရှိခဲ့တာပဲ။ အဲဒီချစ်သူ ကိုထွန်းဘာ နဒီ ခရီးထွက်သွားလည်းပဲ လွမ်းဆွတ်မနေခဲ့ပါ။ သူလည်း ခရီးတွေ ထွက်ရတဲ့သူပင်။ သူ ထွက်သွားလည်းပဲ နဒီ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မနေပါ။ သူသွားတဲ့အခါ တစ်ခါတစ်ရံ ဆယ်ရက်လောက်တောင် ကြာမြောတတ်ပါသည်။ လွမ်းဆွတ်တမ်းတ အောက်မေ့နေခဲ့ရ တယ်လို့ကို မမှတ်မိပါ။

ကဲ ... ခုတော့ သုံးရက်လေး သွားရဖို့လောက်ကို ရက်ပေါင်းခုနစ်ရာ ဆွေးမည့်ပုံပေါ်တဲ့ ညိုသစ်ငြိမ်းကြောင့် နဒီ လည်းပဲ ဝမ်းနည်းနည်းကြီးလိုလို ဖြစ်လာသည်။

"ဟိတ် ... ဘာလို့ တိတ်သွားတာလဲ၊ ငိုနေလား"

"............"

"ဟော့ ...၊ ဟုတ်လား၊ တကယ်ငိုနေပြီလား"

"ဟင့်အင်း၊ ငိုရင် ဟိုကောင်က ထ,ဆဲမှာ၊ မငိုမိအောင် အောင့်နေတာပါ မ,ရာ၊ အောင့်နေတော့ အံကြိတ်ထားလို့ စကားပြောလို့ မရဘူး"

"အရူးလေး၊ လူဆိုးလေး၊ ကဲ ... သူငယ်ချင်းနဲ့ပဲ တစ်ခုခု စားလိုက်တော့နော်၊ တို့မောင်လေးက လိမ္မာပါတယ်ကွယ် နော်"

"မ, ကျွန်တော့်ကို ချစ်လား"

"လူလည်မကျနဲ့၊ တွေ့တာ တစ်လမပြည့်သေးလို့ ထပ် မပြောနဲ့လို့ မှာထားတယ် မဟုတ်လား"





"မ,သုံးရက်ကြာပြီး ပြန်ရောက်ရင် တစ်လပြည့်ပြီ၊ အဲဒီနေ့ ကျရင် ပြောလို့ရပြီ မဟုတ်လားဟင် မ,"

နဒီသည် တဖျပ်ဖျပ် လွန့်ခုန်သောရင်နှင့် သက်ပြင်း ...းတစ်ချက် ချမိသည်။

"ကဲ ... ပြော၊ ဘာလက်ဆောင် ဝယ်ခဲ့ပေးရမလဲဟင်"

"ဟို .. ဂိမ်းမ်အခွေဝယ်ခဲ့"

"ဟွန်း ... မှာတာကိုက၊ လူဆိုးလေး"

တကယ့် ကလေးဆိုးလေးအလားဖြစ်တဲ့ ညိုသစ်ငြိမ်း ...ကြောင့် ရင်မောရပါရဲ့။ တစ်ချိန်လုံး မာမီက ... မာမီကနှင့် သူ့ ...ားထဲ ပါနေတဲ့ သူ့အမေသာ သူ့သားအကြောင်းကိုသိရင် ...ကြိုးမလားပဲ။ ရင်ကျိုးမှာပါ။ ဘယ်အမေမဆို ကိုယ့်ရဲ့သားက ... အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်ဟာ သူ့ထက် ဆယ့်နှစ်နှစ် ...တဲ့ အသက်သုံးဆယ့်လေးနှစ် အပျိုကြီးတစ်ပိုင်း မိန်းမတစ် ...ကောက်ကို စွဲလမ်းရူးမူးနေတာသိရင် ဆွေ့ဆွေ့တွေခုန်ပြီး ရင်ထု ...ဖြစ်မှာမလွဲပဲပေါ့။

"ဒါပဲနော် ညိုသစ်၊ မ, ဖုန်းချလိုက်ပြီ"

"ကျွန်တော့်ကို သုံးရက်လုံး လွမ်းနော် မ,"

"အင်းပါ၊ သတိရနေမှာပေါ့"

"ဒါပဲ မ,၊ မ,ပျော်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်တဲ့ ညိုသစ်ငြိမ်းကို ဝေလင်းက ရှု့မဲ့လျ

ကြည့်ကာ ...

"နားကလောလိုက်တာ ညိုသစ်ရာ"

"မင်းမှ မချစ်ဖူးတာ"

"အေးပါ ... ဟုတ်ပါတယ်၊ မချစ်ဖူးပါဘူး၊ မင်းက

တောလည်းချစ်နိုင်လွန်းပါတယ်၊ ခုမှတွေ့တာ ဘယ်နှ

ရှိသေးလို့လဲ"

"အချစ်ဆိုတာ နေ့တွေ ရက်တွေ အချိန်ကာလ

ဘာမှမဆိုင်ဘူးကွ"

"ကဲ ... အဲဒါလည်း ထားပါ၊ ဒါပေမဲ့ကွာ၊ အခေါ်အ

လောက်ရှိတာကို မင်းပဲ ချစ်,ချစ်နိုင်တယ်"

"ဟော့ကောင် ... ဘာမှအခေါ်အရွယ် မဟုတ်ဘူး၊ လျှော

မပြောနဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ သုံးဆယ့်လေးနှစ်တဲ့ အို

ကွာ မင်းကလည်း၊ မင်း ဘာကိုကြိုက်နေတာလဲ"

"အိုမှ မအိုတာ၊ မင်း အဲလိုမပြောနဲ့ ဟော့ကောင်၊ မန

သုံးဆယ့်လေးနှစ် ဆိုပေမယ့် အစိတ်လောက်ပဲ ထင်ရ

"သွားစမ်းပါကွာ"

"တူ ... တူ ... တူ"



ဖုန်းမြည်လာ၍ ညိုသစ်က ခုတင်ပေါ် ဒိုင်ဗင်ထိုးပြီး ဖုန်းကို အပြေးအလွှား ကိုင်လိုက်ပါသည်။ စိတ်ထဲမှာ မနဒီ ပြန်ဆက်တယ် ထင်လိုက်မိ၍ပင်။

"ဟယ်လို"

"ဘာလဲ ... အသံက ဘယ်လိုဖြစ်နေတာလဲ၊ ညောင်နာနာ နဲ့"

"မာမီ"

"မင်း ဘယ်လိုဖြစ်နေတာလဲ ညိုသစ်၊ ဖုန်းခေါ်နေတာကြာ လှပြီ၊ လုံးဝလိုင်းမအားပါလား၊ မင်း အဘွားလည်း ခဏ ခဏ တိုင်နေတာ၊ ဟိုအရင်က ဖုန်းပြောတယ် ပြောတယ် ဆိုတာ ဒီလောက် မဟုတ်သေးဘူး။ ခုတလောမှ ပိုပိုဆိုး လာတယ်နော် သား၊ အရေးအကြောင်းရှိလို့ မာမီဆက်ရင် အားကိုမအားဘူး၊ မင်း ရည်းစားထားနေပြီဆို"

"ဟား ... မာမီကလည်း၊ ဘယ်သူ ပြောတာလဲ"

"ဘယ်သူ ပြောမလဲ၊ အဘွားပေါ့"

"အဘွားကလည်း သားကိုပဲ မျက်စိဒေါက်ထောက် ကြည့် နေတာပဲ၊ ပြီးရင် အလွဲကြီး"

"မင်း မိန်းကလေးတစ်ယောက်နဲ့ ဖုန်းတွေလည်းပြော၊ အပြင်မှာလည်း တွေ့နေတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဘယ်သူလဲ အဲဒါ"

"အာ ... မာမီကလည်း ,သားမိတ်ဆွေပေါ့"

"မိတ်ဆွေဆိုတာ ဘာလဲ၊ မင်း ရည်းစားလား"

"ရည်းစား မဖြစ်သေးပါဘူး မာမီကလည်း"

"မင်းဘက်ကတော့ စိတ်ဝင်စားနေတာလား"

"......"

"ပြောလေ"

"ဟုတ်"

"မင်းထက် ကြီးတယ်ဆို"

"အား ... အဘွားကတော့ မလွယ်ပါလား"

"မင်းက မမ, မမနဲ့ ခေါ်နေရတာတဲ့၊ အသက်ပိုကြီးတဲ့ပုံပဲတဲ့၊ အဲဒါ ဟုတ်လား ညိုသစ်ငြိမ်း"

"ဟုတ်ပါတယ် မာမီ"

"ဘယ်ကလဲ သူက"

"သူက သူ့လုပ်ငန်းနဲ့သူ လုပ်ငန်းရှင် တစ်ယောက်ပါ၊ မာမီကလည်း ပြောဖို့လိုအပ်တဲ့အခါ မာမီ့ကိုပြောမှာပေါ့၊ အခုက မလိုအပ်သေးလို့ပေါ့"



"မင်းကဖြင့် ဘာမှမဟုတ်ဘဲနဲ့ လုပ်ငန်းရှင် အမျိုးသမီး တစ်ယောက်ကို စိတ်ကူးနေသေးတယ်၊ ကိုယ်တိုင်တော့ တစ်ခုခုဖြစ်အောင် အရင်မကြိုးစားဘူး၊ နောက်ပြီးတော့ ကိုယ့်ထက်အသက်ကြီးတဲ့ မိန်းမကို စိတ်ကူးတာလည်း မာမီ မကြိုက်ဘူး သား"

"ဟာ ... မာမီကလည်း ဘာဖြစ်လို့လဲ"

"သားက ဘာပဲဖြစ်ဖြစ် ရိုးသားတယ် ဖြူစင်တယ် သား၊ အသက်ကြီးကြီး မိန်းမတစ်ယောက်ဆိုတော့ ကိုယ့်လုပ်ငန်းနဲ့ကိုယ်လည်း စီးပွားရှာနေတော့ လည်လည်ပတ်ပတ်နဲ့နဲ့ စပ်စပ်တော့ ရှိမှာပဲ၊ ရှင်းရှင်းပြောရင် မင်းထက်လည်မှာပဲ၊ မင်းထက်လည်း အတွေ့အကြုံ ရှိမှာပဲ၊ ခုမှ ရည်းစား စ, ထားမှာများ ရှယ်တူတန်းတူထဲက ဘာဖြစ်လို့ မရှာမဖွေ ရတာလဲ"

"သားမှ မချစ်တာ"

"သူက အသက်ဘယ်လောက်တောင် ရှိနေပြီလဲ၊ မင်းထက် ဘယ်နနှစ်တောင် ကြီးသလဲ သား"

"ဟို ... ဟိုဒင်း ... နှစ်ဆယ့်ခုနှစ်"

ညိုသစ်ငြိမ်းက မရဲတရဲ လျှော့ပြောလိုက်ပါသည်။

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ့်ခုနစ်လေ"

"မင်းထက် ငါးနှစ်တောင် ကြီးတာပေါ့၊ အမယ်လေး … ဘုရား … ဘုရား"

ညိုသစ်ငြိမ်းက သက်ပြင်းတစ်ချက် ချမိသည်။ လျှော့မိတာတောင် နည်းသွားပြီ။

"တစ်နှစ် နှစ်နှစ်များ ကြီးတာလားလို့၊ ငါးနှစ်တောင်၊ ငါးနှစ်ဆိုတာ ဘယ်လောက်တောင် ကွာတယ်မှတ်သလဲ ညိုသစ်ငြိမ်း၊ ငါးနှစ်စာ အသိအမြင် အတွေးအခေါ် အတွေ့အကြုံဆိုတာ နည်းနည်းနောနော ကွာခြားချက် မဟုတ်ဘူး၊ အမြင်တွေညီလို့ကို ရမှာမဟုတ်ဘူး၊ ယောကျ်ားကကြီးရင် ဘယ်လောက်ကြီးကြီး၊ မိန်းမက အသက်ကြီးရင် ကိုယ့်ရှေ့ သိပ်ရောက်နေရင် အိမ်ထောင်ရေး မသာယာဘူး"

"ဟား … မာမီကလည်း၊ အိမ်ထောင်ရေးထိ ထည့်ပြောရအောင် နက်ဖြန် သန်ဘက်ခါ ယူတော့မလို့မှ မဟုတ်တာ"

"ဒါပေမဲ့ အချစ်ကို စဉ်းစားရင် အိမ်ထောင်ရေးနဲ့ တွဲစဉ်းစားရမှာပဲ ညိုသစ်ငြိမ်း၊ ပေါ့တီးပေါ့ဆ ကရော်ကမယ် ချစ်တာမျိုးလည်း သဘောမကျဘူး၊ အတည်အတံ့ ရွေးဖို့လည်း မင်းထက် အသက်ကြီးလွန်းတယ်၊ မဖြစ်ဘူး၊ မာမီသဘောမကျဘူး သား၊ ရပ်တန်းက ရပ်ပစ်စမ်း"



"မာမီ"

"ဘာလဲ"

"မာမီက လူတွေရဲ့စိတ်ကို ကုသတဲ့ Therapist တစ်ယောက် နော်"

"အဲဒါ ဘာဖြစ်လဲ"

"လူတွေရဲ့စိတ်တွေ ခံစားချက်တွေကို လူတကာထက်ပို ပြီး မာမီက နားလည်မှု ရှိပေးနိုင်ရမှာလေ"

"ဟဲ့ … ညိုသစ်ငြိမ်းရဲ့၊ ငါ့သားကို ငါ ဆုံးမနေတဲ့ကိစ္စနဲ့ လူနာကြည့်တဲ့ကိစ္စနဲ့ တခြားစီပဲဟဲ့၊ ဘယ်နှခါပြောရမလဲ၊ မင်းက ငါ့လူနာမှ မဟုတ်တာ၊ ငါ့သား … ငါ့သား၊ မင်း စိတ်ထဲ ထင်ရာကြံနေတာကို မာမီက နားလည်ခွင့်လွှတ်ပြီး အားပေးအားမြှောက် လုပ်မနေနိုင်ဘူး၊ ဒါပဲ"

"မာမီ … သူ့ကို သား ချစ်မိနေပြီ"

"အမယ်လေး … ဘုရား … ဘုရား၊ မအေကိုတောင် ရင်ဖွင့်နေသေးတယ်၊ နင်ဟာလေ ရူးသလို ပေါသလိုနဲ့ Mature ကိုမဖြစ်ပါဘူး ညိုသစ်ငြိမ်းရယ်၊ ကြိုက်မယ့်ကြိုက် တော့ ကိုယ့်ထက် ငါးနှစ်တောင်မှ ကြီးတာကို၊ မင်းဒက်ဒီ သိရင်လည်း လုံးဝသဘောတူမှာ မဟုတ်ဘူး သား၊ သားနဲ့ အိမ်ထောင်တစ်ခု မိသားစုတစ်ခုမှာ ယောကျ်ားကသာလျှင်

www.burmeseclassic.com



ဦးဆောင်သူ အိမ်ထောင်ဦးစီး ဖြစ်ရမယ်၊ အဲသလို ဦးဆောင်နိုင်ဖို့ ယောကျ်ားက အသက်အရွယ်၊ ပညာသမ္ဘာ၊ ဝါ၊ အားလုံး ပိုရင့်ကျက်နေရမယ်၊ ဇနီးထက် အနည်းဆုံး သုံးနှစ်လောက်ကြီးရင် သင့်တင့်လိုက်ဖက်တဲ့ ကြင်ဖက်ဖြစ်တယ် သား"

"မာမီ့လူနာတစ်ယောက်က ကြီးတဲ့မိန်းမနဲ့ ကြိုက်နေရင် ခုလို မာမီ ဖြတ်နိုင်းမလား"

"ပြောလေ ဆိုးလေ လျှာဆက်ရှည်နေပြန်ပြီ။ မာမီ့လူနာတွေဟာ စိတ်ဓာတ်ရေးရာအရ ကျဆင်းနိမ့်ပါးနေသူတွေ၊ ဒီလိုဖြစ်လို့လည်း မာမီ့ဆီ လာကြတာ၊ သူတို့ သူတို့ယုံကြည်ရာအလျှောက် ဘောင်လေးတစ်ခုအတွင်းကနေ အားပေးသတ္တိမွေးပေးရတာ၊ ထူမတ်ပေးရတာ၊ သူတို့ကို ယုံကြည်ချက်ကင်းမဲ့အောင် စိတ်ဓာတ်ပိုကျသွားအောင် လုပ်လို့ရမလား၊ မင်းက စိတ်လည်းကျန်းမာတယ်၊ လူလည်းကျန်းမာတယ်၊ ဒီတော့ ဖေးမဆက်ဆံနေစရာ မလိုဘူး ညိုသစ်ငြိမ်း၊ ခပ်ပြတ်ပြတ်ပဲ ပြောလို့ရတယ် ...

မင်း ယူမယ် မယူဘူးလည်း ဆေချာသေးတာမဟုတ်ဘဲနဲ့ နောက်မဆုတ်နိုင်စရာအကြောင်းလည်းမရှိဘူး၊ မာမီ ယတိပြတ်ပဲ ပြောမယ်၊ သဘောမတူဘူး၊ ဒါပဲ သား"





"မာမီ ... သား မ,ကိုချစ်တယ်၊ မာမီ မ,ကိုကြည့်ကြည့်ပါဦး"

ညိုသစ်ငြိမ်းက ဖွတ်ရှေ့တိုး၍ အခိုင်အမာ အပြတ်အသား ပြောလိုက်ပါသည်။

"မင်းဟာမင်း ချစ်ရင်ချစ် မချစ်ရင်နေ၊ ငါအသိအမှတ်မပြုဘူး၊ ငါနဲ့လည်း လာမတွေ့ပေးနဲ့၊ လမ်းတွေ့လည်း မိတ်ဆက်မပေးနဲ့ ညိုသစ်ငြိမ်း၊ ရပ်တန်းက ရပ်ဖို့သာ ကြိုးစား၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ၆

လင်းပြီး သန့်နေတဲ့ အခန်းကျယ်ထဲမှာ ခပ်ရှင်းရှင်းလေး ချိတ်ဆွဲထားတဲ့ လေးငါးချပ်သော ပန်းချီကားများကိုလိုက်ကြည့်နေရာမှ ညိုသစ်က နဒီကိုလှည့်ကြည့်လိုက်ပါသည်။ နဒီက ခပ်လှမ်းလှမ်း အခန်းထောင့်မှာ လက်ပိုက်ကာ ပြုံးရပ်နေသည်။

"မ,က တကယ် ပန်းချီကို စိတ်ဝင်စားတာကိုး"

"တကယ်ပေါ့၊ ဘာဖြစ်လို့ ညာပြောရမှာလဲ"

"ပြီးတော့ ဆရာ'......'ကားတွေကို ကြိုက်တာကိုး"

"အင်း"

နဒီရဲ့ပန်းချီကား ငါးချပ်စလုံးက ဆရာ'......'ရဲ့ကားချည်းပင်။ ဒီဆရာက နိုင်ငံတကာကိုလည်း ထိုးဖောက်နိုင်





သည်။ သူ့ကားတွေကို နိုင်ငံခြားတိုင်းပြည်တွေကလည်း လက်ခံနှစ်သက်ကြသည်။

"မ,က အင်တာနေရှင်နယ်လ် အမြင်ရှိတယ် ပြောရမှာ၊ သူ့ကို ပြည်ပကလည်း ကြိုက်ကြတယ်လေ"

"သူ့ကို ကြိုက်တာက သူ့ပုံလေးတွေက နားလည်ရမခက်ဘူး၊ ရိုးရိုးရှင်းရှင်းနဲ့ အခန်းထဲမှာ တခြားကားတွေနဲ့ ယှဉ်ချိတ်ထားရင် ထင်းခနဲ ဆွဲဆောင်တယ်၊ ချက်ချင်း အာရုံကျသွားပြီး စိတ်ထဲမှာ တသိမ့်သိမ့် ကျေနပ်ပီတိဖြစ်စေတဲ့ ခံစားမှုကို ပေးတယ်လေ၊ မ,ဆိုလိုတာက သူ့ပန်းချီကားကို နှစ်သက်နိုင်ဖို့ တအား မောကြီး ပန်းကြီး လိုက်နားလည်မပေးရဘူး၊ အလိုအလျောက် နားလည်တယ် ခံစားရတယ်"

ညိုသစ်ငြိမ်း ရင်ထဲမှာ တသိမ့်သိမ့် ခံစားရပါသည်။ သူ့ဘဝရဲ့ အရင်းနှီး အနီးကပ်ဆုံး အချစ်ဆုံး သံယောဇဉ်အကြီးဆုံး ဆိုတဲ့ သူတွေထဲမှာ (ဥပမာ... မိသားစု၊ အခင်ဆုံး စလင်း) ပန်းချီကို ခံစားဆွတ်ပျံ့တတ်သူ မပါခဲ့။ ဒက်ဒီရော မာမီရောပါ သူ့ကို မယ်မယ်ရရ ဘာမှမလုပ်ဘဲ အီးရော အီးရော ဖျင်းချင်တဲ့ သူမို့ ပန်းချီဆွဲတာ ဆိုတဲ့သဘော ပြောနေကျ။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာကို အလုပ်တစ်ခုလို့လည်း ဒက်ဒီတို့ မာမီတို့က မသတ်မှတ်ခဲ့။ အနုပညာဆိုတာ အားလပ်ချိန် နားချိန်လေးမှာ အချိန်ပိုင်း နည်းနည်းကလေး ပေးရုံထက်ပိုပြီး ဝင်စားစရာမလိုတဲ့ အရာလို့ သတ်မှတ်ကြသည်။ သူ့ပန်းချီကားတွေ ပုံတွေကို ညီသစ်ငြိမ်းက ပြတောင်မပြဖြစ်တော့ပါ။ လေးလည်းမလေးစား၊ အထင်လည်း မကြီးတဲ့ဟာ။ သူပဲ ခံယူချက်တွေ မှားနေလို့လားလို့တောင် ဝမ်းနည်းရသည်။

ပန်းချီပဲ ဆွဲချင်နေတဲ့ သူ့စိတ်က မာမီတို့ပြောသလို လူပျင်းစိတ်လား။ ပန်းချီနှင့် ပတ်သက်လျှင် အနီးကပ်ဆုံး လူတွေထဲက သူ့ကို အားပေးဖေးမမယ့်သူ မရှိတဲ့အတွက် သူ့မှာ စိတ်မာတ်တောင် ကျရသည်။ ဘယ်သူ့ကိုမှပင် သူ ပန်းချီဆွဲတာကို ပြောမပြချင်တော့။ သိမ်ငယ်သလို ရှက်သလိုပင် ဖြစ်ဖြစ်လာတာမို။

ခုတော့ မနဒီရဲ့ ပန်းချီကို ခံစားတတ်ပုံကို အံ့အားတသင့်နှင့် သူ့နှလုံးသားတွေ တုန်ယင်ရသည်။ ဝမ်းသာလွန်း၍ ကြက်သီးမွေးညင်းတောင် ထ,လာမိသည်။

"မ, ပန်းချီကို နားလည်တယ်နော်၊ ကျွန်တော် ပျော်လိုက်တာ"

"နားလည်တာတော့ မဟုတ်ပါဘူး၊ ခံစားရတာပါ"





"ပန်းချီပြပွဲတွေ ကြည့်လား"

"ကြည့်တာပေါ့၊ အတော်ကြီး မအားလပ်လွန်းတာကလွဲရင် ပွဲရှိတယ် သတင်းကြားတာနဲ့ လိုက်ကြည့်ဖြစ်တာပဲ၊ ဒီကားတွေလည်း ဒီလိုပဲ တစ်ကားဝယ်၊ တစ်ကားဝယ်နဲ့၊ သိပ်အများကြီးကျတော့လည်း အခန်းက ဂယ်လာရီနဲ့ တူလာမှာစိုးလို့ သိပ်ကြိုက်မှ ဝယ်တယ်၊ ဆရာ'......'ကားကို ပိုခံစားရလို့၊ စိတ်ကို ငြိမ်းချမ်းစေလို့ ရွေးဝယ်ဖြစ်တာ၊ သူနဲ့ ညီသစ် သိလား"

"သိပါတယ်"

"ခင်လား"

"ခင်တယ် ဆိုတာက ကျွန်တော်တို့က ဘယ်သူမှ အသိအမှတ်မပြုတဲ့ တကယ့် ဝါသနာရှင်စစ်စစ် အဆင့်ပါ မ, ရာ၊ ပန်းချီဆရာလို့လည်း မခေါ်ခံရပါဘူး၊ ကျွန်တော့်ဘက်ကသာ ခင်ရလေးစားရတာပေါ့၊ သူကတော့ ဝါသနာကြီးမှန်းသိတော့ များများဆွဲဖို့ အားပေးဖူးပါတယ်၊ မရင်းနှီးလှပါဘူး၊ ကျွန်တော်နဲ့ ခင်တဲ့ ကိုမျိုး ဆိုတဲ့ အစ်ကိုရဲ့ ဆရာပေါ့၊ သူ့တပည့် ကိုမျိုးတောင် တော်တော်ဝင်ဆန့် အောင်မြင်ပါပြီ၊ ကျွန်တော်တို့က အားကျနေရတဲ့အဆင့်ပေါ့ မ,ရာ၊ ကိုမျိုးနဲ့တော့ ခင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညိုသစ်ရဲ့ ဆရာကတော့ ဘယ်သူလဲ"

"အဟင်း ဟင်း ... ဆရာ မရှိပါဘူး ကျွန်တော်က"

"ကိုယ့်ဟာကိုယ် ဆွဲတတ်တာလား"

"သုံးနှစ်သားကတည်းက ပုံတွေဆွဲနေတာ၊ ငါးနှစ်လောက်ကျတော့ ဒက်ဒီတို့ မာမီတို့ ဝယ်ပေးတဲ့ ဝါတာကာလာကိုသုံးနေပြီ၊ ခြယ်ချင်သလိုခြယ် ဆွဲလိုက်တာပါပဲ၊ နောက်တော့ တခြားမြင်ဖူးတဲ့ ပန်းချီကားတွေကို သေချာကြည့်အတုခိုးဆွဲပေါ့၊ ဖတ်စ်ယီးယားမှာ ကိုမျိုးနဲ့ခင်တော့ သူဆွဲတာ သွားကြည့် လေ့လာပေါ့၊ ကိုမျိုးကတစ်ဆင့်လည်းကြည့်ရင်းတတ်ရတာ သိရတာတွေ ရှိပါတယ်၊ ကိုမျိုးကဆရာ'......'ရဲ့တပည့်ဆိုတော့ ကျွန်တော့်အပေါ်လည်းသူ့ရဲ့သွယ်ဝိုက်လွှမ်းမိုး သက်ရောက်မှုတော့ ရှိကောင်းရှိနိုင်တယ်"

"ညိုသစ်ရဲ့ကားတွေ မ, ကြည့်ချင်လိုက်တာ"

"အား ... မ,ကလည်း"

ညိုသစ်က ပြေးကာ နဒီရဲ့ပါးပြင်နှစ်ဖက်ကို လက်နှစ်ဖက်နှင့် စုံလိမ်ဆွဲပစ်လိုက်ပါသည်။

"မပြောနဲ့ မကြည့်နဲ့၊ ရှက်တယ်၊ ရှက်တယ်"

"ဟဲ့ ... ကော့င်စုတ်လေး၊ နာလိုက်တာဟာ"





နဒီသည် နာကျင်သွားတဲ့ ပါးနှစ်ဖက်ကိုပွတ်ကာ ညိုသစ်ငြိမ်းရဲ့ လက်မောင်းတွေကို စိတ်တိုတိုနှင့် ထုထုပစ်လိုက်သည်။ ပါးတွေမှာ သွေးခြည်ပင် ဥကုန်ကာ နီမြန်းမြန်း။ သူ့ပန်းချီကား ကြည့်မယ်ဆိုတာနဲ့ပဲ ရှက်မပြီးတဲ့ ကောင်လေးကိုရယ်လည်းရယ်ချင်။ ချစ်စနိုးနဲ့ သူ့ပါးနှစ်ဖက်ကိုပါ သူ့အတိုင်းပြန်လိမ်ပစ်ချင်တာ။

"မင်း ပန်းချီကားကို ကြည့်ချင်ပါတယ်ဆိုတာပဲ ဒါဒီလောက်ရှက်စရာလား"

"အား ... မ, ထပ်မပြောနဲ့တော့၊ ဟား ဟား"

"အရူး"

"ဟား ဟား ... မ,က ကျွန်တော်ရှက်တာကိုမှ ပြောတာကိုး"

"တကယ်ကြည့်ချင်လို့ ပြောတာပဲ၊ ဘာဖြစ်တုန်း"

"ပြပွဲက ကားကောင်းကောင်းလေးတွေပဲ ကြည့်ပါ မ,ရာ"

"ကြည့်လွန်းလို့ ရိုးနေပြီ၊ ကြည့်ဖူးတာတွေထက်စာရင် မကြည့်ဖူးသေးတာကို ပိုကြည့်ချင်တာပေါ့"

"မကြည့်ပါနဲ့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းက စပ်ဖြဲဖြဲလေးပဲ ရယ်နေပါသည်။ သူ့ပန်းချီကားတွေကို ကိုမျိုးကိုတော့ တချို့တလေ ပြဖူးပါသည်။ ဒါတောင် ကိုမျိုးလည်း အကုန်မမြင်ဖူးပါ။ အဘိုးလည်း တချို့တလေကို ကြည့်ဖူးပါသည်။ ဒက်ဒီနှင့်မာမီကတော့ စိတ်ကို မဝင်စားလှတာ။ ညီမဖြစ်သူကတော့ သူ မျက်စိကျသွားတဲ့ ကား တစ်ကားကို ညိုသစ်ငြိမ်းထံမှ တောင်းပြီး သူ့သူငယ်ချင်းကို မွေး နေ့လက်ဆောင် ပေးဖူးသည်။

လက်ဆောင်ပစ္စည်းဖိုး မကုန်အောင် အကြံကြီးတာ လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ညိုသစ်ငြိမ်းက သူ ဆွဲတယ်လို့မပြော ဖို့တောင် နှုတ်ပိတ်လိုက်ပါသေးသည်။

"ကဲ ... မ, ဆိုင်ကိုသယ်မယ်ဆိုတဲ့ အဝတ်ပုံးက ဘယ် မလဲ"

"ဟိုအခန်းထဲမှာ"

ညိုသစ်ငြိမ်း ဆိုင်ရောက်သွားတုန်း နဒီကလည်း အခန်းကိုပြန်ကာ အဝတ်ပုံးတချို့ သယ်ဖို့ပြင်နေတာမို့ ကောင်မ လေးတွေ မခေါ်စေတော့ဘဲ ညိုသစ်ငြိမ်းပဲ လိုက်လာခဲ့တော့တာ။ အဝတ်ပုံး ဝင်ယူရင်း မ,က သူ ဝယ်ယူထားတဲ့ ပန်းချီကားတွေ ကို ပြတာဖြစ်သည်။

"ဒီပုံးလား မ,"



"အင်း ... အဲဒီနှစ်ပုံး၊ ပေး ... မ,ကို တစ်ပုံးပေး"

"အာ ... မ,မသယ်ပါနဲ့၊ ကျွန်တော်ပဲ သယ်ပေးမယ်၊ တစ်ပြိုင်နက် နှစ်ပုံးတော့ လက်မအားဘူး၊ တစ်ပုံးအရင် ကားပေါ်ဆင်းပို့မယ်၊ နောက်မှ တစ်ပုံးပြန်သယ်မယ်၊ ကားသော့ပေး"

ပုံးတစ်ပုံးကို သွက်သွက်လက်လက် မ,ကာ ခတ် လှေကားမှ ဆင်းသွားတဲ့ ညိုသစ်ငြိမ်းကို နဒီက အပြုံးနှင့်ငေးမော ကျန်ရစ်ခဲ့ရပါသည်။ အနားမှာ တောက်တဲ့ တွယ်သလို တွယ်နေ တတ်တဲ့ ဤကောင်ကလေးအပေါ် ချစ်စိတ်တွေလည်း အတိုင်း မသိ ဖြစ်ထွန်းရပါရဲ့။ သူ့ကိုတော့ ဖွင့်ပြီးဝန်မခံရဲပါ။

ဒေါ်ခင်လေးညိုကိုတော့ ကိုယ့်ရဲ့ **Therapist** မို့ ရင်ထဲရှိသမျှ ဟာလာဟင်းလင်းဖြစ်အောင်ကို ရင်ဖွင့်မိပါသည်။ ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်ကို အဲသလောက်ချစ်မိတာ ပြစ်မှုကြီးတစ်ခုလိုများ ဖြစ်နေမလားလို့ အမြဲပဲ သောကမကင်း ဖြစ်နေရရာ ဒေါ်ခင်လေးညိုထံ ရင်ဖွင့်လိုက်ရင်တော့ သူ့ရဲ့အားပေး တဲ့ ဖေးမတဲ့ စကားတို့ကြောင့် စိတ်သက်သာရာ ရသည်လေ။

"နဒီ ... နဒီ သိထားဖို့က နဒီလည်း လွတ်လပ်တဲ့အမျိုး သမီးတစ်ယောက်၊ သူလည်း လွတ်လပ်တဲ့ အမျိုးသားတစ် ယောက်၊ နဒီမှာ ကိုယ့်ထက်ကြီးသူကိုဖြစ်စေ ငယ်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ ချစ်နိုင်တဲ့ အခွင့်အရေး အပြည့်အဝရှိတယ်လေ၊ အခု နဒီ သူနဲ့ ကြည်နူးရတာ ပျော်ရွှင်ရတာကို နဒီ ခံစားရဖို့ ထိုက်တန်ပါတယ်၊ ပျော်ထိုက်တယ်၊ ရင်ခုန်ထိုက်တယ်၊ ပျော်ပျော်နေ၊ ဘာမှမစိုးရိမ်နဲ့"

ဒေါ်ခင်လေးညိုထံ ရောက်တိုင်း စိတ်တွေသက်သာရာရသည်။ ဒေါ်ခင်လေးညိုကိုလည်း နဒီ ချစ်ခင်ပါသည်။ စိတ်ဆင်းရဲပြီး ယောင်တိယောင်ကန်း ကောက်ကောက်ဖွာရာက ဇွဲလုလုဖြစ်ခဲ့တဲ့ စီးကရက်ကိုလည်း ဒေါ်ခင်လေးညိုပဲ ရအောင်ဖြတ်ပေးခဲ့ပြီးပြီ။ ဒေါ်ခင်လေးညိုကို နဒီက အားကိုးပါသည်။ ဒါကြောင့်လည်း အစစအရာရာကို ရင်ဖွင့်မိတာ။

နဒီ အသက်အစိတ်အရွယ်မှာ ဖေဖေနှင့် မေမေ အက်ဆီးဒဲန့်ထ်နှင့် ပြိုင်တူကွယ်လွန်ကြစဉ်က တစ်ခါ နဒီ ရူးမတတ် ပြိုကွဲခဲ့ရသည်။ မိသားစုလေး ဒီသုံးယောက်တည်းရှိတာသိပ်လည်း စီးစီးကပ်ကပ် နေကြတာ။ တစ်ပြိုင်နက် နှစ်ယောက်ကို ဆုံးရှုံးလိုက်ရတော့ မအိပ်မစား စကားမပြောဘဲ ငိုချည်းပဲငိုနေတဲ့ စိတ်ကျခြင်းမျိုးနှင့် အိပ်ရာထဲ တစ်ကြိမ်လဲခဲ့ပါသည်။ အဲဒီတုန်းက ဒေါ်ခင်လေးညိုနှင့် အကြာကြီး ကုသရသည်။

ခုတစ်ခါ ကိုထွဋ် လုပ်ချသွားတဲ့အခါ နဒီက မသွားချင်ပေမယ့် ဇာက ဇွတ်တိုက်တွန်းလို့ သွားခဲ့ရတာပင်။ ဇာ





ဟာလည်း နဒီ့ရဲ့ မိတ်ဆွေစစ် သူငယ်ချင်းကောင်း။ နဒီဟာ အရင်ကတည်းက Psychiatrist နှင့် ပြရဖူးတယ် ဆိုတာကို သူ့ယောကျ်ားကိုတောင် ဖွင့်မပြောမပြ။ ခုတစ်ကြိမ် သွားပြနေရပြန်တာကိုလည်းပဲ နဒီနှင့် ဇာကလွဲပြီး ဘယ်သူမှမသိ။ ဆွေမျိုးတွေလည်း မသိ။ ညိုသစ်ငြိမ်းကိုလည်း နဒီ ဒီတစ်ခုတော့ ပြောမပြပါ။

ညိုသစ်ငြိမ်းကို စိတ်ထဲက ရင်းနှီးလှတဲ့ သံယောဇဉ်နှင့် ကိုယ့်အဖြစ်အပျက်တွေကို အတော်များများ ရင်ဖွင့်ပါသည်။ ဒါပေမဲ့ Psychiatrist ဆီ သွားရတာကိုတော့ နဒီက ပြောဖို့ဝန်လေးတာပေါ့။ တစ်စထက်တစ သူ့ကို ချစ်ခင်အားကိုးတဲ့ စိတ်ကတော့ တိုးတိုးလာနေပြီ။ ကိုယ့်ထက် ဘယ်လောက်တောင်ပဲငယ်ပါတယ်ပြောပြော မိန်းမသားဆိုတော့ ချစ်မိတဲ့သူအပေါ် အားကိုးအားထားစိတ် ထားမိတာပင်။

"မ,"

"အမယ်လေး ... လန့်လိုက်တာဟယ်"

"ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မင်း ပုံးကြီးသယ်ပြီး ဆင်းသွားတော့ အောက်က လုံခြုံရေးမှူးကြီးက ဘာပြောသေးလဲ"

"မပြောပါဘူး၊ ဒီလူကြီးက လျှာတိုနေလားမှ မသိတာ၊ စကားကို သိပ်မပြောတာ၊ ပုံးကြီး ထမ်းလာတော့ လက်ခိုး



www.burmeseclassic.com

www.burmeseclassic.com



လာတာလား တွေးရင် တွေးနေမှာပေါ့၊ လိုက်ကြည့်နေ
တယ် ... ဟား ဟား"

ညိုသစ်ငြိမ်းက ကျန်တဲ့ပုံးတစ်ပုံးကို ကောက်ဖွ
ရင်း...

"ဟိုဘက်ခန်းက မ,ရဲ့အိမ်နီး မဝင်တော့ဘူးလား"

"မဝင်တော့ပါဘူး"

"ကျွန်တော်ပါလို့ မဟုတ်လား၊ ကျွန်တော့်ကို အလည်
ခေါ်ချင်လို့ မဟုတ်လား"

"အေး ... ဟုတ်တယ်ဟယ်"

"သိပါတယ်၊ မ,က ကျွန်တော့်ကို ပုံးသယ်ဖို့ ကူလီသော
သဘောထားတာပါ၊ ညှော်ကောင်းစောင်ကောင်းလို သဘော
မထားပါဘူး"

နဒီက အခန်းသော့ခတ်ရင်း ပြုံးရယ်ကာ ...

"အရူးလေး"

တီးတိုးထောပနာရသည်။ နှစ်ယောက်အတူ ဆင်
လာပြီး ဓာတ်လှေကားထဲက ထွက်လာတာကို လှမ်းကြည့်ရင်
မသိမသာ ဦးလည်းညွတ် အကဲလည်းခတ်တဲ့ လုံခြုံရေးမှူးကြီး
ရှေ့မှာ နဒီက ပြုံးရွှင်ကြည်နူးနေတဲ့ မျက်နှာကို မျက်နှာပိုးလေး
ဘာလေး သတ်ရသည်။ ဒီဓာတ်လှေကားထဲကပဲ ကိုထွန်းနှင့်အတူ



လည်း ထွက်လာဖူးခဲ့တဲ့အတွက် အခုလို မင်္ဂလာပွဲပျက်ပြီး မကြာ
ခင်မှာ ခပ်ငယ်ငယ် ချာတိတ်ကလေး တစ်ယောက်နှင့် တွဲထွက်
လာမိပြန်တာကို ရှက်တော့လည်း ရှက်မိပါရဲ့။ ခေါ်ခင်လေးညို
ပြောသလို ပတ်ဝန်းကျင်ကို ပေယျာလကံ လျစ်လျူရှုထားနိုင်တဲ့
ဥပေက္ခာမျိုး ဘယ်တော့များ မွေးမြူနိုင်မှာပါလိမ့်။

"မာမီက မမိုက်ဘူးဗျာ"

ကားမောင်းလာရင်း ညိုသစ်ငြိမ်းက ပြောလိုက်၍...

"ဘာဖြစ်လို့လဲ"

"ကားတောင်းတာ မပေးဘူး၊ ကားပေးထားရင် ထွက်ချင်
တိုင်း ထွက်နေမှာတဲ့"

"အဲဒါလည်း ဟုတ်သားပဲလေ"

"ဒါပေမဲ့ မ,ကို ကိုယ့်ကားနဲ့ လာခေါ်တာမျိုး လုပ်ချင်
သေးတာပေါ့၊ ခုတော့ တစ်နေရာသွားရင် မ,ကားကိုပဲ
မောင်းပေးရတယ်"

"တူတူပါပဲ မောင်လေးရယ်၊ ဘယ်ကားနဲ့သွားသွားပေါ့"

"မ, အဲလို မောင်လေးရယ်လို့ ခေါ်လိုက်ရင် ရင်ထဲမှာ
တအားခုန်သွားပြီးတော့ မ,ကို တအားဖက်ထားလိုက်ချင်
တယ်"

"ဖောက်လာပြန်ပြီ၊ ဒါမျိုးတွေ မပြောစမ်းပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပဲ၊ မ,ကို ချစ်တယ်"

နဒီက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"မင်းမာမီ သိရင် စိတ်ဆိုးလိမ့်မယ် ထင်တယ်"

"သေချာတာပေါ့"

"ဟင် ... သူ သိလား"

"ကျွန်တော် ပြောလိုက်တာပေါ့"

"အား ... မင်း ဘာတွေ သွားပြောလဲ၊ ဒုက္ခပါပဲနော်"

"အစ်မကြီးတစ်ယောက်ကို ချစ်နေတယ်ပေါ့၊ ဒါပဲပေါ့"

"ဘာတဲ့လဲ"

"အသက်ပိုကြီးလို့ မချစ်နဲ့တဲ့"

နဒီ နှုတ်ဆိတ်သွားရပါသည်။ ဒီလိုပဲ ဖြစ်မှာကို ကြိုတင်မှန်းဆ သိထားပေမယ့် တကယ်တမ်း နားနဲ့ဆတ်ဆတ် ကြားလိုက်ရတော့လည်း ရင်ထဲအောင့်သက်နာကျင်သွားပင်။

"ကိုယ်ကဖြင့် ဘာကောင်မှ မဟုတ်ဘဲနဲ့ အသက်ကြီးကြီး လုပ်ငန်းရှင်ကိုမှ တက်ကြိုက်လို့ဆိုပြီး နှိပ်ကွပ်သလား မမေးနဲ့၊ ကိုယ့်ဟာကိုယ် တစ်ခုခုဖြစ်အောင် အရင်ကြိုးစားတဲ့"

"ဟင်း ... ဟင်း"





နဒီက သူ့အမေပြောပုံကို သိမ့်သိမ့်လေး ရယ်မိသည်။ သူ့အမေဟာ အတွေးအမြင်ရှင်းတဲ့ ခပ်ဘွင်းဘွင်းနဲ့ တော်တဲ့ မိခင်မျိုးပဲ နေမှာပါ။ သူ့သားကို အသက်ကြီးကြီးမိန်းမနှင့် သဘောမတူချင်တာလည်း သူ့အပြစ်မှ မဟုတ်ပဲ။

"အသက် ဘယ်လောက်ကွာတာ သိလား"

"ဟင့်အင်း ... မသိဘူး၊ ကျွန်တော်က လျှော့ပြီး လိမ်ပြောထားတာ၊ အဟား ဟား"

နဒီက ညိုသစ်ငြိမ်းကို လှည့်ကြည့်ကာ သက်ပြင်းလေးနှင့် ...

"မင်းကိုယ်တိုင်လည်း ဒီလောက် အသက်အရွယ် ကွာခြားမှုနဲ့ ဒီကိစ္စဟာ မဖြစ်သင့်ပါဘူးဆိုတာ ဦးနှောက်ကသိနေပါတယ် ညိုသစ်ငြိမ်းရယ်၊ ဒါကြောင့်လည်း မင်းမာမီကို မင်း ညာပြောတာပေါ့၊ အပြစ်မရှိတဲ့ ကိစ္စလို့ မင်းယုံကြည်ရင် အမှန်အတိုင်း ပြောရဲမှာပေါ့"

"ဘာမှမဆိုင်ဘူး မ,၊ ကိုယ့်မာမီအကြောင်းသိလို့ ရှုပ်ဝါးလုပ်မှာသိလို့ ညာပြောတာ၊ ဒါဟာ ပြစ်မှုတစ်ခုလို့ သက်ခံလို့ ညာပြောတာတော့ မဟုတ်ဘူး၊ တခြားစီ၊ သိပ်အသက်ကွာတာဟာ ရွယ်တူတန်းတူ ဖြစ်တာလောက်တော့ မတော်တယ်ဘူးလို့ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမဲ့ မ,၊ သက်တူရွယ်တူယူပြီး ကွဲကွာကြတာတွေလည်း အများကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားငယ်ငယ်လေးယူပြီး အိုတဲ့ထိ ကြင်နာနေတာ လည်း အများကြီး”

“ရှိရင် ရှိမှာပေါ့၊ များတော့ မများနိုင်ပါဘူး၊ အဲဒီထဲမှာ ဆယ့်နှစ်နှစ်လောက်ထိ ကွာတာကတော့ မရှိသလောက် ရှားမှာ”

နဒီ့ မျက်နှာလေးက နွမ်းနယ်နေပါသည်။

“ကြည့်ပါလား၊ မ,က ဒီအကြောင်းပြောရင် မျက်နှာက ညှိုးပြန်ပြီ”

“မ,က လူကြီးလေ၊ မင်းထက် အသိဉာဏ် ရှိရမယ်၊ အသိဉာဏ်ရှိလေ စိတ်ပင်ပန်းလေပဲ ညိုသစ်ငြိမ်းရဲ့”

“အဲဒီကတည်းက သေချာတယ်၊ ကျွန်တော်ကတော့ အရမ်း ပျော်တယ်”

“ဘာပျော်တာလဲ”

“မ, ကျွန်တော့်ကိုချစ်တယ်၊ မချစ်ရင် ဒီလောက်ကို စိတ် မပင်ပန်း မဆင်းရဲဘူး၊ ဘယ်သူ့သွားမေးမေး သိတယ်”

နဒီက သူ့ကို မျက်စောင်းထိုးမိပါသည်။

“မ, ကျွန်တော့်ကို မချစ်ရင် ဘာမှ စိတ်ရှုပ်ထွေးနေစရာ အကြောင်းမရှိဘူး၊ ကျွန်တော့်ကို အော်ထုတ်လိုက်ရုံပဲ၊ မောင်းထုတ်လိုက်ရုံပဲ၊ ခုတော့ မ,လေး သနားပါတယ်၊ ကျွန်တော့်ကြောင့် စိတ်ညစ်နေရတယ်နော်”





ကားကို ညိုသစ်ငြိမ်းက ဆိုင်ခန်းကြီးရှေ့ ကား ပါကင်မှာ ရပ်လိုက်ပြီမို့ နဒီက ကားတံခါးဖွင့်ဆင်းဖို့ ပြင်သည်။ ညိုသစ်ငြိမ်းက လက်ကာ,ကာ တားလိုက်ရင်း ...

“မ, ဖုန်းဆက်ပြီး ကောင်မလေးနှစ်ယောက်လောက်‌လာ သယ်ခိုင်းလိုက်၊ မ,မဆင်းနဲ့တော့”

“ဘာလုပ်ဖို့လဲ”

“မ, စိတ်ရှုပ်နေလို့ မ,ကို ·တစ်နေရာကို ခေါ်သွားပေး မလို့”

“ဘယ်လဲ”

“ရောက်တော့ သိရမှာပေါ့”

“မ, စိတ်ရှုပ်လို့လေး ဘာလေးနဲ့ မင်း လှုလည်ကျပြီး မင်းသွားချင်တဲ့ဆီ လျှောက်သွားဖို့ ကြံနေတာ မဟုတ် လား”

“မ,ကလည်း ကျွန်တော့်ကိုဆို မယုံဘူး”

“ဘယ်လဲ ပြောလေ”

“မ,ပျော်မှာ၊ ဒါပဲ ပြောမယ်”

နဒီက သက်ပြင်းချကာ ကားပေါ်ကနေပဲ ဆိုင်က ကောင်မလေးနှစ်ယောက် ခေါ်လိုက်ရသည်။ ကောင်မလေးတွေကို ပုံးတွေသယ်စေပြီး စုထွေး ဦးဆောင်မှုဖြင့် ခင်းကျင်းချိတ်ဆွဲထား ဖို့ မှာခဲ့ပါသည်။ ဆိုင်က ကောင်မလေးတွေဟာလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှင်ရဲ့ နှလုံးသား လှုပ်ရှားယိမ်းယိုင်နေမှုကို ရိပ်မိကြတော့မှာပင်။ ရှက်ဖို့လျှောက်တွေးနေရင်တော့ ဆုံးတော့မှာ မဟုတ်ပါ။

ကောင်မလေးတွေက ကိုထွန်းနှင့် သိပ်မရင်းနှီးခင်မင်ကြပါ။ ကိုထွန်းလည်း ဆိုင်ကို ရောက်တတ်ပေမယ့် ကောင်မလေးတွေကို အရေးတဝင် မရှိဘဲ ခပ်တည်တည်သာ နေတတ်ခဲ့တာပါ။ သူတို့က "ဦး" "ဦး"နှင့် ကြောက်ကြသည်။ ညိုသစ်ငြိမ်းကိုတော့ ဘယ်သူမှ မကြောက်၊ သူကလည်း ဗလွတ်ရွတ်တောက်။

Jean ချက်ပြုတ်နှင့်။ တစ်ခါတလေ တီရှပ်ကျပ်။ တစ်ခါတလေတော့ စွပ်ကျယ်လောက်နှင့်။ ဆံပင်လန်လန်ဖွာဆန်ကျဲ ရီရွှန်းတဲ့ မျက်လုံးလေးတွေ အစဉ်တက်ကြွ တောက်ပနေကာ လေပွေရိုင်းလေးလို အနီးအနားရှိသမျှ အားလုံးသိမ်းကျုံးတိုက်ခတ်သွားသယောင် ဆက်ဆံရင်းနှီးမှုမျိုးကြောင့် ကောင်မလေးတွေကလည်း ညိုသစ်ငြိမ်း ဆိုင်လာလျှင် ဟီဟိ ... ဟီဟိနှင့် ပျော်မြူးနေတတ်ကြသည်။

တပည့်တပန်းတို့ကို ညိုသစ်ငြိမ်းဟာ ဓာနင့်ပဲ ဝမ်းကွဲမောင်နှမတော်တာလိုလို၊ ဓာကပါ တရင်းတနှီး ရှိပြထားရပါသည်။ နှိုမို့ ငါတို့ အလုပ်ရှင် အပျိုကြီး ဒီလူငယ်လေးကို ဘယ်နားက သိကျွမ်းကောက်ရလာပါလိမ့်လို့ အထင်သေးမလား စိုးချပ်ပင်။ အင်း ... စိုးရိမ်ရတာတွေလည်း များလှပါဘိတော့။





နဒီသည် ညိုသစ်ငြိမ်း မြို့ထဲက လမ်းတစ်နေရာမှာ ကားရပ်လိုက်တဲ့အထိ တိတ်ဆိတ်အတွေးနယ်ကျယ်လာခဲ့သည်။ ကားရပ်လိုက်မှပင် ...

"ဒါ ဘယ်နေရာလဲ"

"ဒီတိုက် မ,၊ ဆင်းလေ၊ သုံးထပ်ကို တက်ရမယ်"

ညိုသစ်ငြိမ်းက ဆင်းသွားပြီမို့ နဒီသည် ခပ်တုံ့တုံ့နှင့်ပင် ကားပေါ်က ဆင်းလိုက်ရရင်း ...

"ဒါ ဘယ်သူ့အိမ်လဲ ညိုသစ်ငြိမ်း"

ညိုသစ်က ပြုံးစိစိနှင့် ...

"ဘယ်သူ့အိမ် ဖြစ်ဖြစ်ပေါ့"

"ဘယ်နေရာမှန်း မသိတဲ့ အပေါ်ထပ် တိုက်ခန်းတစ်ခန်းကို ဘာလုပ်ဖို့ တို့က လိုက်ရမှာလဲ၊ ဘာမှန်းမသိ ညာမှန်းမသိ၊ တို့က မိန်းမလေ ညိုသစ်၊ တို့ဖို့ စဉ်းစားပါဦး"

ညိုသစ်ငြိမ်းက ကားကိုပတ်၍ နဒီဘက် လျှောက်လာကာ နဒီရဲ့လက်ဖျားလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲဆုပ်ကိုင်လိုက်သည်။

"ဟဲ့ ... လွှတ်"

"လာစမ်းပါ မ,ရာ၊ ဘာမှန်း ညာမှန်း မသိတဲ့ တိုက်ခန်းတစ်ခန်း ဖြစ်ပေမယ့် မ,မလိုက်ရဲစရာအကြောင်း ဘာရှိလဲ၊ မ,ကိုခေါ်လာတာ ကျွန်တော်လေ၊ မ,ကိုသိပ်ချစ်တဲ့ ညိုသစ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလေ၊ မှဲ့တစ်ပေါက်မစွန်း၊ ရေတစ်စက်မစင်၊ ခြင်တစ်ကောင်တောင် မကိုက်ရအောင် ကျွန်တော်က စောင့်ရှောက်မှာပေါ့"

ကိုယ်က စိတ်တထင့်ထင့် ရှိနေသလောက် သူကတော့ မြူးထူးရွှင်ပျပြီး သူခေါ်လာခဲ့တဲ့ အရပ်ဒေသတစ်ခုမှာ နဒီပျော်ကို မပျော်ရွှင်စေရမယ်လို့ လုံးဝ ယုံကြည်ချက် မြင်းထန်နေတဲ့ ရုပ်ကလေးနဲ့မို့ နဒီက သူ့ပျော်ရွှင်တက်ကြွမှုကို အထစ်အငေါ့ မဖြစ်စေလိုတော့ပါ။ သူ့စိတ်ထဲမှာ ထွေလီကာလီလည်း မရှိ၊ မိန်းမတစ်ယောက်အဖို့ နောက်တွန့်စရာဖြစ်နေမယ်လို့ သူကမထင်၊ လုံးဝကလေးတွေး ဖြူဖြူစင်စင်လေးနဲ့ပဲ ဖြစ်နေမှတော့ နဒီက ပွဲဖျက်မနေလိုတော့။

"လက်တော့ လွှတ်ပေါ့"

"မ,က လိမ်ကျစ် လိမ်ကျစ်နဲ့ ကြာလွန်းလို့ မြန်မြန်ဆွဲခေါ်တာ"

သူဟာ ပြောလည်းပြော ဆွဲလည်းပြေး။

"ဘာလိမ်ကျစ်လိမ်ကျစ်လဲ၊ ငါ့မျိုး သူပြောချင်တိုင်း ပြောစရာကျလို့ နင်တော့ နာတော့မယ်နော် ညိုသစ်ငြိမ်း"

ရန်တွေ့ရင်း လေကားထစ်တွေကို ခလုတ်တိုက်မတတ်နှင့် သုံးထပ်အခန်းရှေ့ ရောက်လာသည်။ ညိုသစ်ငြိမ်း ဘဲလ်တီးလိုက်တော့ နဒီ စိတ်ထင့်မိသေးတာ အမှန်ပင်။ အတွင်း





တံခါးပွင့်လာကာ လူတစ်ယောက် ပေါ်လာပြီး သံတံခါးသော့ကို ဖွင့်နေတော့လည်း နဒီမှာ မျက်စိသူငယ်လေးနှင့် ညိုသစ်ငြိမ်းကို မော်ကြည့်မိသေးသည်။ သင်းကတော့ ဘာကိုမှ တွေးမိပုံမရ။

"ကိုအုန်း ... ကျွန်တော် ကိုမျိုးကိုလည်း လှမ်းခွင့်တောင်းထားတယ်ဗျ"

"မှာထားတယ်၊ မှာထားတယ်၊ မင်း လာမယ် ဆိုတာ၊ လာ ... ဝင်"

"မ,လာ"

နဒီမှာ အထိတ်တလန့်နှင့် အခန်းထဲ လှမ်းဝင်လိုက်ရပါသည်။ အခန်းထဲ ရောက်တာနှင့် ဟိုမှာ ဒီမှာ နေရာအနှံ့မှာ နံရံမှာ ကြမ်းပေါ်မှာ စားပွဲကုလားထိုင်တွေပေါ်မှာ နေရာလပ်ရှိရှိသမျှ ပြည့်နှက်လုခမန်း ဖြစ်နေတဲ့ ပန်းချီကားချပ်ပေါင်း ရာနဲ့ချီတာ မြင်လိုက်ရလျှင် နဒီ ပါးစပ်လေး ပွင့်ဟသွားရပါသည်။

"မ, ... ဒီပန်းချီကားတွေ အားလုံးနီးပါးက မ,လေးစားတဲ့ ဆရာ'......'ရဲ့ကားချည်းပဲ၊ တချို့တလေက ကိုမျိုးရဲ့ကားတွေပါတယ်၊ မ, ဆရာရဲ့ပွဲတွေ တော်တော်များများ လိုက်ကြည့်ဖူးရင် ဒီကားတွေကို မြင်ဖူးပြီး ကျွမ်းဝင်နေမှာပါ"

နဒီက တံခါးဝမှာ ဖိနပ်ကိုချွတ်ကာ ဖယောင်းတိုး ခင်း အခန်းကျယ်ထဲ ဖြည်းဖြည်းကလေး ရှေ့တိုးဝင်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်က ကားတွေကို မော့ကြည့်လိုက်၊ နံရံခြေရင်းမှီထောင်ထားတဲ့ ကားတွေကို ငုံ့ကြည့်လိုက်၊ စားပွဲကုလားထိုင်ပေါ်က အထပ်လိုက်ကားချပ်တွေကို တစ်ချပ်ချင်း လှန်ကာကြည့်လိုက်။ ခေါင်းလေးက ဟိုငဲ့ဒီငုံ့ ရင်တွေ တဒိတ်ဒိတ်ခုန်အောင် အလှအယက် အမောတကော ကြည့်နေရပါသည်။

"ဟယ် ... ညိုသစ်ရယ်"

ကားတွေ အတော်များများကို ပြပွဲတွေမှာ နဒီ မြင်ဖူးသည်။ နှစ်သက်သည်။ ဒီလောက်အများကြီး တစ်နေရာတည်းစုကာ ပျစ်ပျစ်သိပ်သိပ် မြင်ရတဲ့မြင်ကွင်းက ဆန်းနေကာ အငမ်းမရ ကြည့်နေမိသည်မှာ ပါးစပ်လည်း မပိတ်နိုင်၊ အသက်တောင်မှားမှားယွင်းယွင်း ရှူနေမိတဲ့အထိ။

"ဟယ် ... ဒါကြိုက်တယ်၊ ဒီကားလေ၊ မ, အရမ်းကြိုက်တာ"

"......"

"ဒီဟာလည်း သိတယ် သိလား၊ ညိုသစ်ရယ် ဘယ်ဟာကြည့်ရမှန်းတောင် မသိတော့ဘူး"

"......"

"ဟယ် ... ဒီမှာ"

ညိုသစ်ငြိမ်းသည် နံရံတစ်ခုတွင်မှီ၍ လက်ပိုက်ကာ နဒီကို ကြည်ကြည်နူးနူး ငေးကြည့်နေမိပါသည်။ မ,ဟာ တကယ့်ကို ပန်းချီကို တန်ဖိုးထား ချစ်တတ်သူပါလား။ ဤအသိက





ညိုသစ်ငြိမ်း ရင်ကို ပြီးပြည့်စုံသော ပီတိကိုပေးသည်။ မ,ကိုချစ်ခြင်းအပေါ် မြတ်နိုးခြင်းပါ လွှမ်းခြုံလာသည်။

ပန်းချီကားတွေကို ကြည့်ရင်းက သူ့ထံ ကျေးဇူးတင်တဲ့ ညံ့ယောဇဉ်အကြည့်လေးနှင့် တစ်ချက် တစ်ချက် လှမ်းကြည့်တဲ့ မ,ရဲ့ပုံစံလေးက ထွေးဖက်ချင်စရာ။

"ဆရာ့ကားတွေ အတော်များများကို ဆရာက ဒီအခန်းမှာ သိမ်းတာ၊ အတွင်းခန်းလေးမှာ တစ်ခါတလေ ပန်းချီလာဆွဲရင် ဆွဲသေးတယ်၊ ဒါပေမဲ့ များသောအားဖြင့်တော့ ဒီမှာမဆွဲပါဘူး၊ ကားတွေများလာတော့ ဆရာက သိမ်းဖို့ နေရာ သတ်သတ်ထားထားတာ မ,ရဲ့၊ ကျွန်တော်က ကိုမျိုးကနေတစ်ဆင့် ဆရာ့ကို ခွင့်တောင်းထားတာ၊ ဆရာ့ကို အရမ်းနှစ်သက်တဲ့ ပရိသတ်တစ်ယောက်ကို ခေါ်လာပြပါရစေလို့၊ တခြားလူ မဟုတ်ပါဘူး၊ ကျွန်တော့်ချစ်သူ ... ဟဲ ဟဲ ... ကျွန်တော့်ချစ်သူပါလို့"

နဒီက ညိုသစ်ငြိမ်းကို ပြုံးတုံ့မျက်စောင်းလှမ်းထိုးရင်း ကိုအုန်း ဆိုတဲ့ သူဆီကိုလည်း ခပ်ရှက်ရှက် လှမ်းကြည့်မိသေးသည်။ ကိုအုန်းက ဒီဘက်ကို မကြည့်ဘဲ တံခါးဝနားပဲ လက်ပိုက်ရပ်ရင်းက တစ်ဖက်လှည့် ပြုံးနေသည်။

"ညိုသစ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နဒီက ညိုသစ်ငြိမ်း အနား ဖြည်းဖြည်းလျှောက်လာခဲ့ကာ သူ့ကို စေ့စေ့စိုက်ကြည့်ရင်း ...

"ညိုသစ် ဆွဲထားတဲ့ ကားတွေလည်း မ,ကိုကြည့်ခွင့်ပြုပါလား"

ကောင်လေး မျက်နှာက ဖျတ်ခနဲ နီမြန်းသွားကာ ...

"အာ ... မ,ကလည်းဗျာ၊ ဆရာတားတွေ ကြည့်နေရင်းနဲ့ များ၊ ဘာလဲ ... ကျွန်တော့်ကို လှောင်တာလား"

"လှောင်စရာလား ညိုသစ်ရယ်၊ မင်း ဆွဲတဲ့ ပန်းချီကားတွေ မ, တကယ်ကြည့်ချင်လာလို့ပါ၊ တကယ့်ကို ကြည့်ချင်တာပါ၊ ဘာဖြစ်လို့လဲ၊ ဘယ်မှာ ထားလဲ၊ မ,လိုက်ကြည့်ချင်တယ်၊ နော် ... မောင်လေး နော်"

"အား ... မ,က သိပ်ခက်တာပဲဗျာ"

လူငယ်ကလေးဟာ ကလေးလို ရှက်နေရှာပါတော့သည်။

❦ ❧ ❦





၇

"ဒက်ဒီရေ ... ဒက်ဒီ့ဖို့ ဟပ်ဖ်ဘွိုင်က ဒီဘက်က အုပ်ဆောင်းနော်၊ ဟိုဘက်က ကြက်ဥကြော်က သမီးဟာ၊ စားသွားဦးနော်၊ မေ့သွားဦးမယ်"

"အင်း ... အင်း"

ဦးငြိမ်းအောင်က အဝတ်လဲပြီးသား အဆင်သင့်နှင့် ဆာစောရောက်လာတဲ့ ဂျာနယ်ကို ထိုင်ပတ်နေရာက ခေါင်းလေးညိုကို မော့ကြည့်ရင်း ...

"မာမီက ဘယ်လဲ"

"သြော် ... ပေးရှိုင့်ကို ဒီနေ့ အပွိုင့်မဲင့်က စောစောပေးထားလို့၊ ခဏနေ အောက်ဆင်းတော့မှာ၊ ငါးမိနစ်ပဲလိုတော့လို့၊ ဒက်ဒီ စားဖို့ အသင့်ပြင်ပေးခဲ့တယ်၊ တော်ကြာ အုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဖွင့်မကြည့်ဘဲ ကော်ဖီပဲမော့ပြီး ထွက်သွားမှာစိုးလို့
မှာနေတာ"

"ပြီးခဲ့တဲ့ အပတ်က မင်းသားတောင် မလာပါလား"

ညိုသစ်ငြိမ်းကို တစ်ပတ်တစ်ခါတော့ အိမ်ကို ခဏ
တဖြုတ်ဖြစ်ဖြစ် လာရမည်ဆိုတာ အဖေဖြစ်သူက မှာထားပါသည်။

"ရှင့်သား လက်တောင်မလည်ဘူး၊ မအားဘူး ဒက်ဒီရေ"

"သူ့အဘွားပြောတဲ့ အသက်ကြီးကြီး မိန်းမဆိုတာလား"

"အဲဒါပေါ့၊ ဒီမိန်းမကိုကျမှ ရှင့်သား စွဲနေပုံပဲ ဒက်ဒီရေ
ဟိုကလည်း အသက်ကြီးတော့ အတွေ့အကြုံ ပိုရှိမှာပေါ့
ပြီးတော့ စီးပွားရေးလုပ်နေတာတဲ့၊ ရှင့်သားလို မအူမလည်
လောက်တော့ လက်သန်းဖျားနဲ့တောင် လှည့်လို့ရမယ်"

"မင်းကလည်းကွာ၊ ရှင့်သား ... ရှင့်သားနဲ့၊ ငါက ဘယ်
မိန်းမနဲ့ မွေးထားတာမို့လို့လဲ"

"ရှင့်သားပေါ့၊ ရှင်တို့ယောကျ်ားတွေ မှန်ပြီဆိုရင် မလွှဲ
ဘူးလေ၊ ညိုတို့မိန်းမတွေက အဲသလောက်ကို မမှန်တော
ဘူး"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်တယ်"

"သားကြီးက တကယ်မေတ္တာရှိတာတဲ့လား"





အဖေဖြစ်သူဟာ သားသမီးတွေကို စည်းနဲ့ ကမ်းနဲ့
တင်းကျပ်မယ် ထင်ရသော်လည်း တကယ့် နဖူးတွေ ဒူးတွေ
ဆိုရင် သူ့သားမျက်နှာ၊ သူ့သမီးမျက်နှာ ကြည့်ပြီး နှလုံးသားက
ပျော့ဆင်းသွားတတ်တဲ့ အဖေမျိုးဖြစ်သည်။

"မသိဘူး"

"ဟ ... အကောင်းမေးတာပါကွ"

"ဒီကလည်း အကောင်းဖြေတာပါ၊ သိမှ မသိတာ၊ ရှာယာ
တော့ ခတ်နေတာပဲ၊ ကားလည်း တောင်းလိုက်ရတာ
မကြာခဏ"

"ပေးလိုက်ပါကွာ၊ မိန်းမပိုးတာ ကားနဲ့ ဘာနဲ့ သွားချင်မှာ
ပေါ့"

"အမယ်လေး ... အဖေလုပ်သူက အလိုတူ အလိုပါ ပါ
လား၊ သူ့သားကို ရှိုးကျကျ မိန်းမပိုးစေချင်သေးတယ်"

"အေးလေကွာ၊ ကားလေးမှ မပါတော့ သူ့ရွှေးမကို ဘာနဲ့
ခေါ်မလဲ၊ သူ့ရွှေးမကား ကပ်စီးနေရရင် ငါတို့သားလေး
မျက်နှာငယ်ရှာပါတယ်"

"အမယ်လေး ... ဦးငြိမ်းအောင်၊ စကားနောက် တရားပါ၊
ရှင်က ရှင့်သားကို ဒီလို အသက်ကြီးမိန်းမနဲ့ တကယ်ပဲ
သဘောတူနိုင်တာမို့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"သက်တူရွယ်တူ မေတ္တာရှိရင်တော့ ကောင်းတာပေါ့ကွာ
သူက တကယ်ချစ်မိပြီ ဆိုရင်တော့လည်း တချို့လေး
နည်းနည်းလျှော့ပေါ့ပြီး ဖြည့်စွက်ပြီး ကြည့်ပေးရတော့
ပေါ့ မိန်းမရယ်၊ မိန်းကလေးက ဘယ်ကလဲ၊ ဘယ်သူလဲ"

"အို ... မမေးပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်၊ မေးရင် စိတ်
စားလို့ သိချင်လို့ ခေါင်းထဲ စာရင်းထဲထည့်လို့ ဆို
သဘော သက်ရောက်နေဦးမယ်၊ အဲဒါကြောင့် တမင်
မှမမေးဘူး၊ တစ်နေ့ ပြီးသွားလိမ့်မယ် သူ့ဟာသူ"

"ပြီးရင်တော့ ဟုတ်တာပေါ့ကွာ၊ တကယ် စွဲစွဲမြဲမြဲချစ်
ဆိုရင်ကော"

"နားမလည်ဘူး"

"မိန်းမရယ်၊ ငါးနှစ်လောက် ကွာတာတွေတော့ ရှိတ
ကြပါတယ်၊ မင်းသားကလည်း ကလေးဆန်ချင်တာ
ကြီးရင် မှီရတာပေါ့ မိန်းမရဲ့"

"ရှင်နော် ... ဒက်ဒီလည်း သဘောမကျဘူးလို့ ပြော
ပြီးသား၊ ညို့စကားကို ကဖျက်ယဖျက် မလုပ်နဲ့၊ ကုန်
ပြောမယ် ရှင့်ခေါင်းထဲကို ထည့်ကိုမထားနဲ့၊ ကဲ ... ကဲ
ရှင်နဲ့ ငြင်းခုန်နေရတာနဲ့ နောက်တောင်ကျကုန်ပြီ ဒက်
သုံးမိနစ်တောင် လွန်နေပြီ၊ သွားပြီ ... သွားပြီ"





"နော်စတယ်လာ ရှိတာပဲကွာ၊ သုံးလေးငါးမိနစ်တော့
စောင့်နေလိမ့်မပေါ့"

ခုနကမှ နာ့စ်ကြီးက အပေါ်တက်လာပြီး သော့ယူ
သွားပါသည်။ ခါတိုင်းဆိုရင် ခုလို နံနက်စောပိုင်းတွေ လူနာမရှိ
တတ်ပါ။ အခုမှ နဒီက စောစောချိန် ယူထားလို့။ ညနေဘက်
တွေ မအားလို့ဟု ဆိုသည်။ နောက်ဆုံးတစ်ခေါက် တွေ့တုန်းက
ည်း မြူးထူးအသက်ဝင်သော မျက်လုံးကလေးတွေနှင့် ရွှင်ရွှင်
န်းလန်း ရှိနေသော နဒီကို တွေ့ရသည်။

လူတစ်ယောက်ရဲ့စိတ်ကို အချစ်ဟာ အတော်စေစား
ပြောင်းလဲစေနိုင်တာပဲ။ နဒီရဲ့ ပြောင်းလဲတိုးတက်မှုနှုန်းက မြန်
ဆန်သည်။ သူ့ချာတိတ်ကလေးနှင့် သူ မြန်မြန်စောစောတွေ့သွား
၍ ခပ်စောစောပဲ Recover ဖြစ်ဖြစ်လာခဲ့တာ။

"ဒေါက်တာ၊ ပေးရှိုင့် ရေနဒီ ရောက်နေပါပြီ"

ဒေါ်ခင်လေးညို အခန်းထဲ လှမ်းဝင်လိုက်တာနှင့်
ဝင်ဝစားပွဲမှ နော်စတယ်လာက ဆီးကြိုအသိပေးပါသည်။

"အထဲဝင်သွားပြီလား"

"ဟုတ်ကဲ့၊ အထဲက စောင့်နေပါတယ်"

ဒေါ်ခင်လေးညိုက လူနာနှင့် စကားပြောရာ မှန်အ
အတွင်းခန်းထဲ ဝင်လာခဲ့ပါသည်။ ဆေးခန်းတစ်ခု မတွေ့



www.burmeseclassic.com

www.burmeseclassic.com



အောင် သက်သောင့်သက်သာရှိအောင် ခင်းကျင်းထားတဲ့ ညှို့ခန်း မှာ ရုံးခန်းမကျ သပ်ရပ်တဲ့ အခန်းတွင်းက နှစ်ယောက်ထိုင် ဆိုဖာတွင် ခပ်မို့မို့ လျှော့ထိုင်နေတဲ့ နဒီက ဒေါ်ခင်လေးညို ဝင် လာမှ ချစ်စဖွယ်အပြုံးလေးနှင့် ဆီးကြိုလှည့်ကြည့်ကာ ပြင်ထိုင် လိုက်ပါသည်။

"သက်သာသလိုထိုင် နဒီ၊ ရတယ်"

"ဘယ်လိုထိုင်ထိုင် ဘယ်လိုနေနေ သက်သာနေပါပြီ မေ ရယ်"

"မျက်နှာအရမ်းလန်းနေပါလား နဒီ"

"ဟုတ် ... အဟင်း၊ ခုနကပဲ သူနဲ့ဖုန်းပြောရင်းက ရယ်နေ ရလို့ပါ မမရယ်"

"နဒီ ချာတိတ်လေးလား"

နဒီသည် အချစ်နဲ့ တွေ့နေသူပီပီ ကိုယ့်အဖြစ်အပျက် ကိုယ့်ခံစားချက်တို့ကို ဆေးလူ တစ်ဖက်သားတို့ကို အရမ်းဝင် ပြောပြရင်ဖွင့်ချင်စိတ် ကြီးစိုးနေသည်။ ဒေါ်ခင်လေးညိုကိုတော့ ကိုယ့်ရဲ့ Therapist မို့ ပြောဖို့ အကြောင်းပြချက်လည်း ပေးစရာ မလိုရာ အားလုံးပင် ပွင့်ပွင့်လင်းလင်း ပြန်ပြောမိပြီ။ ဒေါ်ခင်လေး ညိုထံ ရောက်လျှင် ညိုသစ်ငြိမ်း အကြောင်းချည်းသာ ပြောချင်နေ တော့တာ။





"သူက သိပ်ရယ်ရတယ် မမရယ်၊ တစ်ခါ တစ်ခါ သိပ် ကလေးဆန်တာပဲ၊ တစ်ခါ တစ်ခါ မကပါဘူးလေ၊ အမြဲ တမ်းလိုပါပဲ၊ သူ့အတွေးတွေက တစ်ခါတလေ ကိုယ်ဘယ် လိုမှ မတွေးမိတဲ့ အတွေးမျိုးလေးတွေ၊ နဒီ ဘယ်ရောက် နေလဲ မဖြေလို့ ကျီတွေကျနေတယ်လေ"

"Therapist ဆီ သွားမယ်လို့ သူ့ကိုအသိမပေးဘူးပေါ့"

"ဟင့်အင်း မမ၊ သူ မသိဘူး၊ နဒီလည်း မပြောချင်လို့ ခုထိ သူ့ကို ဖွင့်မပြောဖူးဘူး၊ Psychiatrist နဲ့ မှန်မှန် consult လုပ်နေရတယ်ဆိုရင် တော်ရုံတန်ရုံ များသောအား ဖြင့်က ရူးနေကြောင်နေလို့ပဲ ထင်တတ်ကြတာလေ"

"မြန်မာလူမျိုးတွေက ဒီကိစ္စမှာ အမြင်သိပ်မကျယ်သေးတာ နဒီရဲ့"

"တော်ကြာ နဒီမှာ အသက်ကလည်းကြီး၊ အရူးမများလား လို့ပါ အထင်ခံရရင် မိုင်းနပ်စ်တွေ များနေမှာစိုးလို့ပါ၊ ပြောမိရင်လည်း သူက သူပါလိုက်မယ်တွေ ဘာတွေ ပူဆာရင် ပူဆာဦးမှာ"

"နဒီတို့ ချစ်သွားကြပြီလား"

"အဟင်း"

နဒီက ပြုံးတုံ့ရယ်မောနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နဒီလေ ရင်ထဲက စိတ်ထဲကတော့ သူ့ကို သိပ်ချစ်တာပဲ မမရယ်၊ သူကလည်း လူနာအမည်းခြောက်တောင်းသလို ကို ပူဆာတာပဲ၊ ဒါပေမဲ့ နဒီ သူ့ကို အလွယ်တကူနဲ့တော့ အဖြေမပေး မတုံ့ပြန်သေးပါဘူး မမရယ်၊ တစ်ခါတစ်ခါကျ သူ့မျက်နှာကိုကြည့်ရင်း ကြည့်ရင်းက နုနယ်ပျိုမြစ်မှုလေး တွေကို အံ့အားတသင့် ဖြစ်နေမိတယ်၊ ကိုယ့်ကိုယ်ကိုယ် တောင် မှန်မကြည့်ချင်အောင် ဖြစ်ဖြစ်သွားရတယ်"

"ဒီလောက်တောင်ပဲ သူက နုပျိုသလားကွယ်"

"မမရယ် ... တကယ်တော့ နှစ်ဆယ်ကျော်လေးဆိုတာ ဘာရှိဦးမှာလဲ၊ တချို့ အသက်နှစ်ဆယ့်နှစ်နှစ်တွေ ဘွဲ့မရ ကျောင်းမပြီးသေးတဲ့သူတွေ အများကြီး ရှိတာပဲ၊ အသက် နှစ်ဆယ့်နှစ် ဆိုတာ တကယ်တော့ ကျောပိုးအိတ်လေး လွယ်ထားလိုက်ရင် ကျောင်းစာသင်ခန်းထဲ ဝင်လို့ရတဲ့ နုနယ်အပြစ်ကင်းစင်မှု ရှိပါသေးတယ်"

"နှစ်ဆယ့်နှစ်နှစ် !!"

"ဟုတ်"

"နဒီ မမကို ပြောထားတာ နှစ်ဆယ့်နှစ်နှစ် မဟုတ်ပါဘူး၊ ဒီကောင်လေး အသက်က နှစ်ဆယ့်ခုနစ်နှစ် ဆိုလားလို့၊ ခုနစ်နှစ် ကွာတာဆို"





နဒီက နွတ်ခမ်းလေးကို လက်ဝါးလေးနှင့် ဆတ် ခနဲအုပ်ရင်း ...

"နဒီ အဲလိုပြောထားလားဟင်"

"အင်းလေ"

နဒီ့မျက်နှာပြင်ပေါ်မှာ သွေးရောင်လေးတွေ လျှမ်း တက်လာသည်။

"မမ ... တောင်းပန်ပါတယ်၊ မမကို နဒီ ညာခဲ့တာ"

"ဟင်"

"သူ့ရဲ့အသက်မှန်ကို ပြောရမှာ ကွာခြားချက်ကို ရှက်လွန်း အားကြီးလို့၊ နဒီ ညာပြောမိတာပါ၊ တကယ်တော့ သူ့ အသက်က နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ် မမ၊ နဒီ့ထက် ဆယ့်နှစ်နှစ်တောင်မှ ငယ်နေပါတယ်၊ အဲဒါကြောင့် ဘယ် လိုမှ လက်ခံဖို့ စဉ်းစားမရဲသေးတာပေါ့ မမရယ်၊ နဒီ့ကို လေ သွေးဆောင်ဖြားယောင်းမှုနဲ့တောင် သူ့မိဘတွေက တရားစွဲချင်စိတ် ပေါက်လိမ့်မယ် ထင်တယ်၊ ငယ်လွန်း လို့လေ မမ၊ ပြောပါဦး မမရယ်၊ ဆယ့်နှစ်နှစ်တောင် ကွာ တာသိရတော့ မမ အရင်ကလို နဒီ့ကို စိတ်ချမ်းသာရင် ပြီးရော၊ ဘာမှ သောကမဖြစ်နဲ့ ရှေ့သာတိုး ဆိုတာမျိုး အားပေးနိုင်ပါဦးမလားဟင် မမ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးညိုက နဒီရဲ့ စိတ်ကျဉ်းကျပ်နေတဲ့ မျက်နှာလေးကို အတန်ကြာ ခပ်ငေးငေး စိုက်ကြည့်နေမိပါသည်။

"အင်း ... ဆယ့်နှစ်နှစ် ဆိုတော့လည်း နဒီ စိတ်ပူရင်လည်း ပူချင်စရာပေါ့"

"သူ့အမေကလည်း သဘောမကျဘူးတဲ့၊ ကြီးတဲ့ မိန်းမ မယူရဘူးတဲ့၊ ဒါတောင် သူကလည်း သူ့အမေဆီမှာ နဒီ အသက်တိုလျှော့ပြီး ညာပြောထားသေးတာ မမရဲ့၊ ငါးနှစ်လောက်ပဲကွာတဲ့ ပုံစံမျိုး ပြောထားတာတဲ့၊ တကယ်တမ်း ဆယ့်နှစ်နှစ်ကွာတာသာ သိသွားရင် သူ့အမေ ရူးသွားမလား မသိဘူး"

ဒေါ်ခင်လေးညိုက နဒီစကားကို နားထောင်နေရာမှ ငြိမ်ကျသွားမိကာ နဒီ မျက်နှာကိုလည်း စူးစူးစမ်းစမ်း စိုက်ကြည့်နေမိပါသည်။ ခဏနေမှ ...

"ဒါဆိုရင်တော့ နဒီကို အစကနေ မမက ပြန်မေးယူရတော့မှာပဲ၊ အရင်ပြောထားတာတွေနဲ့ လွဲနေပြီ ဆိုတာလေ"

"ဆောရီးပါ မမ"

"ကိစ္စမရှိပါဘူး နဒီရယ်၊ နဒီ အမှန်တိုင်းပြောဖို့ ဝန်လေးလောက်အောင်ပဲ အသက်အရွယ်ကလည်း စကားပြောတာကိုး၊ ဒါနဲ့ သူက ကျောင်းသားလား"





"သူက ဘွဲ့ရပြီးပါပြီ"

"ဘာလုပ်လဲ"

"အလုပ်တစ်ခုခု အနေနဲ့တော့ ဘာမှမလုပ်ဘူး၊ သူက အနုပညာ အင်း ... ပန်းချီကိုပဲ ဝါသနာကြီးတယ်၊ ပန်းချီဆွဲတယ် ဆိုပါတော့ မမရယ်၊ ဟိုလေ ... နာမည်ကျော် ပန်းချီဆရာ မဟုတ်ပါဘူး၊ အပျော်တမ်းပါ၊ ဝါသနာပါတာကလွဲရင် ဘာမှမလုပ်ချင်ဘူးဆိုတဲ့ ပုံစံပေါ့၊ သူ ဖြစ်ဖြစ်မြောက်မြောက် မဖြစ်သေးတာကတော့ သူ့အိမ်ကလည်း သူ့ကို အားပေးထောက်ပံ့မှု မပြုဘူး၊ ပန်းချီဆွဲတာကို အလုပ်လုပ်တယ်လို့ မသတ်မှတ်ဘူးပေါ့နော် ...

ရှင်းရှင်း ပြောရရင် သူက ဘဝအတွက် ပူပင်ကြောင့်ကြမှုလည်း မရှိဘူး၊ ဝင်ငွေလည်း မရှာနိုင်သေးဘူး၊ လူကြီးစိတ် မပြည့်ဝသေးပါဘူး မမရယ်၊ အဲဒါတွေကြောင့်လည်း နဒီ ကြောက်နေတာ ပါတယ်"

ဒေါ်ခင်လေးညိုက မျက်မှောင်တွန့်လျက် နှုတ်ခမ်းပေါ် လက်ချောင်းလေးများ တင်ဖိထားလိုက်မိပါသည်။ စိတ်ထဲမှာလည်း ဇဝေဇဝါ ရှုပ်ထွေးလာပြီး အာရုံတွေ မှုံနှောက်လာသလိုလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ မိဘအုပ်ထိန်းမှုအောက်ကကို မလွတ်သေးတာပါ၊ စကားပြောရင်လည်း မာမီက ... မာမီက ဆိုတာနဲ့ပဲ စ,တာ၊ သူ့ကိုတောင် ပြောရတယ်၊ ကလေးကြီးလို တစ်ဆိတ်ရှိ မာမီက ဆိုတာနဲ့ စကားကို မစ,နဲ့လို့"

"ဒါ ... ဒါနဲ့ သူက ဘယ်မှာနေတာလဲ"

"နဒီနဲ့ မြို့နယ်ချင်း တူတူပဲ မမ၊ သိပ်ပြီးမဝေးဘူး၊ (......)မြို့နယ်ပဲ၊ သူတို့ကတော့ ခြံဝင်းတွေရှိတဲ့ "မြစပယ်" လမ်းမှာနေတာ"

"ဟင်"

"မြစပယ်လမ်းတဲ့ မမ"

"မြ ...၊ မြစပယ်လမ်းမှာ ဟုတ်လား"

"ဟုတ်ကဲ့"

ဒေါ်ခင်လေးညိုက ထိုင်ရာမှ ထရပ်လိုက်ကာ လက်နှစ်ဖက် နောက်ပစ်လျက် အခန်းထဲတွင် ဟိုဘက်ကဒီဘက်၊ ဒီဘက်က ဟိုဘက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပါသည်။ ရင်တွေလည်း တဒိန်းဒိန်း တုန်ကာ နားထင်နားရင်းတွေလည်း ထူပူလာပြီ။ နှစ်ဆယ့်နှစ်နှစ်။ ပန်းချီဆွဲ။ မိဘသဘောမကျ။ အမေထံမှာ ကောင်မလေး အသက်ကိုလျှော့လိမ်။ (......)မြို့နယ် မြစပယ်လမ်း။ ဘုရား ... ဘုရား။





"ဒါနဲ့ ... ဒါနဲ့ ... သူ့မိဘ ဘယ်သူလဲ၊ နဒီ မသိဘူးလား"

"သူ့မိဘတွေကို မသိဘူး မမ၊ မမေးဖူးဘူး၊ ဒါပေမဲ့ သူ့အမေက ဆရာဝန်ဆိုတာတော့ စကားထဲပါတယ်၊ သူ့ညီမလေးကလည်း ဆေးကျောင်းသူတဲ့၊ ညီမက တော်တယ်ပေါ့၊ သူက ညံ့တယ်ပေါ့ မမရယ်၊ မိဘက နည်းနည်းနိမ့်တဲ့ သဘောပေါ့၊ သူတို့မိသားစုကြည့်ရတာ အဆင့်အတန်းမြင့်မြင့် ဆုံးဆုံးမမ နွေးနွေးထွေးထွေး မိသားစုမျိုးပါပဲ မမ"

ဒေါ်ခင်လေးညိုက လမ်းလျှောက်နေခြင်းကို ရပ်လိုက်ပါသည်။ နဒီကို ကျောခိုင်းလျက်သား ပုံစံနှင့် မလှုပ်မယှက်။ လက်တွေကို တဆတ်ဆတ် မတုန်အောင် အချင်းချင်း စုကိုင်ဆုပ်ထားလျက် ...

"နာ ... နာမည် ဘယ်လိုခေါ်လဲ နဒီ"

"ညိုသစ်ငြိမ်းတဲ့ မမ"

ဒေါ်ခင်လေးညိုသည် ဟုတ်ခနဲ မီးခိုးလုံးကြီးပေါ်လာကာ ထိုမီးခိုးလုံးကြီးထဲ ဝင်ရောက်ပျောက်ဆုံးသွားလိုက်ချင်တော့သည်။ မီးခိုးငွေ့လည်းစဲရော လူလည်းမရှိတော့ဘူးလေ။ ဘုရား ... ဘုရား။ မြတ်စွာဘုရား ... ကယ်တော်မူပါ။ ဘာဆက်လုပ်ရပါ့၊ ကမ္ဘာကြီးက ဘာကြောင့်များ ဒီလောက်ကျဉ်းကျုတ်ရတာလဲ။ ဘာကြောင့် ဒီနားလေးတင်ပတ်ပြီး ခလုတ်တိုက်မိနေကြတာလဲ။

www.burmeseclassic.com

ဘယ်လိုလုပ်ကြမလဲ။ ကယ်ပါဦး။ သားထက် ဆယ့်နှစ်နှစ်တောင်ကြီးတဲ့ မိန်းမ။ ဒီ"ရေနဒီ"ကို သား အရူးအမူးအသေအလဲ စွဲလမ်းချစ်ခင်နေပြီလေ။ အမယ်လေး ... ဆယ့်နှစ်နှစ်တောင်မှ။ ပထမတုန်းက သိထားရတဲ့ ငါးနှစ်ကွာတယ် ဆိုတာသာ အမှန်ဆိုရင် ခုချိန်မှာ ပျော်ပျော်ကြီးတောင် ပေးစားမိတော့မယ် ထင်ပါရဲ့။

ခုတော့ ငါ့ရဲ့သားကြီးကို ငါ့ထက် ဆယ်နှစ်ပဲငယ်တဲ့ မိန်းမတစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီး ကြည်ဖြူနိုင်မတဲ့လဲ။

"အသက်သိပ်ကွာတာကလွဲရင် သူက မိကောင်းဖခင်သားလေးပါ မမ"

မိကောင်းဖခင်သားပေါ့။ သချာတာပေါ့။ ငါ့သားပဲဟာ။ အမယ်လေးလေး စိတ်တွေ ဆင်းရဲလိုက်တာ။ ရင်ထဲရောခေါင်းထဲရော ပူလိုက်တာ။ အငွေ့တွေတောင် တဖြိုက်ဖြိုက်ထွက်လာတော့မယ် ထင်သည်။ ဆက်ပြီးလည်း ရပ်တည်မနေနိုင်တော့။ အိပ်ခန်းထဲ အမြန်ပြေးပြီး ခုတင်ပေါ် ဝုန်းခနဲ ပြိုလဲပစ်လှဲလိုက်ချင်ပြီ။

ဒေါ်ခင်လေးညိုက နဒီဘက် ချာခနဲလှည့်ကာ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ရင်း ...



"ဟယ် ... နဒီရေ၊ ဆောရီးပဲ၊ မမ အလုပ်လေးတစ်ခု လုပ်စရာရှိသေးတယ်၊ နဒီက မနက်ပိုင်း လာမယ်ဆိုလို့ ချိန်းလိုက်ရပေမယ့် ဒီကိစ္စကလည်း ဖျက်မရဘူးမို့လို့ ဒီနေ့တော့ ဒီလောက်နဲ့ပဲ မမတို့ ရပ်လိုက်ကြစို့လား"

စောပြန်လွှတ်လိုက်ရတဲ့အတွက် နဒီ့ကိုတော့ အားနာစရာမရှိပေ။ ဘာကြောင့်လဲဆိုတော့ Consulting fees ကို ရှေ့ကျရင် နော်စတယ်လာက နာရီနှင့်သာတွက်၍ တွက်ချက်မှတ်ထားမှာမို့ပင်။ Patient တွေကို တစ်ခါတည်း ပိုက်ဆံပေးသွားရတဲ့စနစ်ကိုလည်း မကျင့်သုံးပါ။ Patient ဟာ ဒေါ်ခင်လေးညိုနှင့် အေးအေးဆေးဆေး Consult လုပ်ပြီး ဝန်ကင်းကင်းနှင့် ပြန်သွားရုံပင်။ နှစ်ကြိမ် သုံးကြိမ်မှစပြီး Bill ပေးပို့သည့်စနစ်ဖြစ်ပါသည်။

"ဪ ... မမ မအားဘူးလား၊ ရပါတယ် မမ၊ ကိစ္စမရှိပါဘူး၊ နဒီ နောက်ဆယ်ရက်မှပဲ လာတော့မယ်လေ"

"အင်း ... အင်း၊ ကဲ ..."

ဒေါ်ခင်လေးညိုက ကိုယ်တိုင် အခန်းတံခါး ဖြေးဖွင့်ပေးကာ ဟိုးရှေ့က တိုက်ခန်းတံခါးကိုပင် နော်စတယ်လာ ထ၍ ဖွင့်စရာ မလိုအောင် ကိုယ်တိုင်ပဲ အပြေးအလွှား သွားဖွင့်ပေး

www.burmeseclassic.com



လိုထိပါသည်။ နဒီ ထွက်သွားတဲ့ တံခါးကို ချက်ချင်း ဒိုင်းခနဲ ပြန်ခွဲပိတ်လိုက်ကာ မျက်စိကို စုံမှိတ်လိုက်မိသည်။ နော်စတယ် သာ တအံ့တသြ ကြည့်နေတာကို သိပေမယ့် ဟန်မဆောင်နိုင်ဘဲ ခေါင်းကို ခပ်ကြွမ်းကြွမ်း ယမ်းခါနေမိပါသည်။

ဒေါ်ခင်လေးညိုသည် စားပွဲပေါ် တံတောင်ထောက်၍ လက်ဝါးနှစ်ဖက်ထဲ မျက်နှာကို မှောက်ချထားမိသည်။

"ကျွန်မ ဘာဆက်လုပ်ရမှန်းကို မသိတော့တာ မမရယ်၊ အဲဒီနေ့ကဆိုရင် အရူးလိုပဲ၊ ကလင်းနစ်ပါ ပိတ်ပစ်လိုက်တော့တာပဲ၊ ဒိုင်ဟာဇီပမ်သောက်ပြီး တစ်နေကုန် နားလိုက်ရတယ်၊ ခုထိလည်း ခေါင်းတွေ ထူပူနေတုန်း"

လောကကြီးဟာ တစ်ခါတစ်ရံတော့ ကမောက်ကမ အဖြစ်အပျက်မျိုးလေးတွေနှင့် ပြုံးရယ်ချင်စရာ အကောင်းသား။ Therapist တစ်ယောက်ဖြစ်တဲ့ ဒေါ်ခင်လေးညိုဟာ သူ့ရင်မှာ မထွေးနိုင် မအန်နိုင် ကိစ္စမျိုးကြီးနှင့် ကိုယ်တိုင် စိတ်ကိုတင်းကျပ် ဖိစီးမှု ခံစားလာရတဲ့အခါ ဘယ်သို့ကုစားရမည်နည်း။





လောလောဆယ်တွင် ဒေါ်ခင်လေးညို ခမျာ သူ့ထက် ...ယာဖြစ်တဲ့ ဆရာမတစ်ပိုင်းလည်းဖြစ်တဲ့ Therapist ဒေါ်တင် ...င်ဦးထံ ရောက်နေရတာ ဖြစ်ပါတော့သည်။ ဒေါ်တင်တင်ဦး ... လက်ထိပ်ဖျားလေးတွေထိဆက်၍ မေးကိုထောက်ပြီး ပူလောင် ...ားနေရတဲ့ ဒေါ်ခင်လေးညိုကို ပြုံးကြည့်နေပါသည်။

"မမ ... ကျွန်မ ပုံမှန်ထက်များ ပိုသည်းနေမိလား"

"ဒီလိုပဲ ဖြစ်တတ်ပါတယ် ခင်လေးညိုရယ်"

"သူများစိတ်တွေကိုတော့ ဖြေလျှော့ပေးနေရပြီး ကိုယ့်စိတ်ကိုယ်တော့ မပြေလျှော့နိုင်တာ ကျွန်မ အတော်ဆိုးနေတယ် ထင်တယ်"

"တစ်ဖက်မှာ ကိုယ်က Therapist တစ်ယောက် ဖြစ်နေပေမယ့် တစ်ဖက်မှာလည်း ကိုယ်က သားပျိုရဲ့မိခင် ဖြစ်နေသေးတာကိုး၊ ဒီလိုပဲ ခံစားရမှာပါ၊ အဲဒီ Patient ကတော့ မသိဘူးပေါ့"

"ဟင့်အင်း၊ မသိဘူး၊ သူ့ကို အသိမပေးပါဘူး၊ သားလည်း မသိပါဘူး၊ ကျွန်မ တစ်ယောက်ပဲ သိထားပါတယ်၊ Patient ကိုတော့ ထပ်ပြီး အလန့်တကြား စိတ်လှုပ်ရှားပေါက်ကွဲမှု မဖြစ်စေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်လျှော့ပါ ခင်လေးညို၊ ဒီကိစ္စဟာ တစ်နေ့နေ့မှာ သူ့အလိုလို ပြီးရင်လည်း ပြီးသွားမှာပါ၊ အသက်ဆယ့်နှစ်နှစ်ကွာတယ်ဆိုတဲ့ ကွာခြားချက်က နည်းတာမှ မဟုတ်ဘဲ အလိုအလျောက် ပျက်ပြယ်သွားနိုင်ပါတယ်၊ သားဘက်ကလည်း အတွေ့အကြုံကမရှိတဲ့ အရိုင်းလေးဖြစ်၊ မိန်းက လေးဘက်ကလည်း အရမ်း Lonely ဖြစ်ပြီး စိတ်ဓာတ်ကျ ပြီးတော့ သူ့အပေါ် ချစ်ခင်ဖေးမမယ့်သူကို အရမ်းဆာ လောင်ငတ်မွတ်နေတဲ့အချိန် ဖြစ်နေတော့ အကြောင်းတွေ က တိုက်ဆိုင်သွားတာပါ ...

တစ်ယောက်က နောက်တစ်ယောက်ကို သွေးအေး သွားတာမျိုး ကြုံလာနိုင်ပါတယ်၊ ဒီအတိုင်း စောင့်ကြည့် နေလိုက်ပါ"

"ကျွန်မက Patient ကို ဆက်ကြည့်နေရဦးမှာလား ကျွန်မ မကြည့်ချင်တော့ဘူး မမရယ်၊ သူ့ဆီကနေ သား အကြောင်းတွေ ကြားနေရမယ်၊ အမယ်လေး ... သူ ဖတ်စ်ယီးယားတုန်းက အသည်းတောင် တစ်ကြိမ်ကွဲ သေးတာတဲ့၊ ခုမှပဲ Patient ဆီကမှ ပြန်သိရတဲ့အဖြ သူတို့ရဲ့ ပတ်သက်ဆက်ဆံမှုတွေကို ကျွန်မ ဆက်ကြားနေ ရမှာပေါ့"

"နားထောင်ပေးရမှာပဲ၊ သူက ခင်လေးညိုရဲ့ Patient လေ



"နောက်တစ်ဖက်ကကြည့်ရင် သူ့ရဲ့အတွင်းရေးတွေ။ သူနဲ့ သူ့ကောင်လေးရဲ့ အတွင်းရေးကို ကောင်လေးရဲ့မိခင်ဖြစ် တဲ့ ကျွန်မက ညာတာပါတေးနဲ့ မှိန်းနားထောင်နေသလို ဖြစ်နေမှာပေါ့ မမ"

"အဲဒီလို လုပ်လိုတဲ့ဆန္ဒ ခင်လေးညိုမှာ ရှိလို့လား"

"မရှိဘူး မမ"

"ပြီးတော့ သူ့ကို ခင်လေးညို ကြည့်ပေးနေတာ၊ ခင်လေးညို အသိဆုံးပဲ၊ သူ့အခြေအနေက သူ့ကိုပေးနေတဲ့ treatment တွေကို လုံးလုံးလျားလျား ရပ်ပစ်လိုက်လို့ ရပြီဆိုတဲ့ အခြေအနေလား"

"မရဘူး မမ၊ မရသေးပါဘူး၊ အများကြီး ကောင်းလာပေ မယ့် အတိအကျ ပြောရရင်တော့ အကောင်းပကတိမဖြစ် သေးပါဘူး၊ ဒါပေမဲ့ သူ့ကို တခြားတစ်ယောက်ယောက်"

"သူ့ကို ဟိုးအစကတည်းက ကြည့်ခဲ့တဲ့၊ သူ့ရာဇဝင်ကို ရေရေရာရာသိတဲ့သူက မင်းပဲ ခင်လေးညို၊ တခြားရောဂါ မဟုတ်ဘူး၊ စိတ် ... စိတ်၊ သူ့ကို တခြား Therapist တစ် ယောက်ဆီ လက်လွှဲဖို့ဆိုတာ မဖြစ်မနေ ဆိုရင်တော့ လုပ်ရမှာ ဖြစ်ပေမယ့် သူ့အတွက် မကောင်းဘူးဆိုတာ မင်း သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးညိုသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်ရင်း ...

"ကျွန်မ ဘာဆက်လုပ်ရမလဲ မမရယ်"

"ခင်လေးညိုရဲ့ Patient ကို ဆက်ကြည့်ပေးရမှာပဲ"

"ကိုယ်က တစ်ဖက်သတ်သိနေရမှာတွေအတွက် Ethics ဖြစ်ပါ့မလား မမ"

"မင်းက ဆရာဝန်ပါ၊ မင်းတာဝန်က သူ့ကို ကူညီဖို့ပဲ"

ဒေါ်ခင်လေးညိုသည် မောဆို့နေတဲ့ အလုံးကြီးကို ဖြည်းဖြည်းချင်း နည်းနည်းချင်း ပါးစပ်မှ မှုတ်ထုတ်နေမိသည်။ သားအတွက် ပူလောင်ရတာတစ်ဖက်၊ လူနာအတွက် နောက်ဆံတင်းရတာတစ်ဖက်။ အမယ်လေး ခက်လိုက်တာ။ နဒီ ရင်ဖွင့်နေတဲ့ အဖြစ်အပျက်တို့ကို ဘယ်လိုနား ဘယ်လိုနလုံးသားနှင့်များ နားထောင်ရပါ့။

အမယ်လေး ... ပင်ပန်းဆင်းရဲလိုက်မယ့် ဖြစ်ခြင်းပါ။

❦ ❦ ❦





◆ ၈ ◆

"တစ်ခါတလေကျတော့လည်း သူက သိပ်ကလေးဆန်တယ် မမရယ်၊ တစ်ခုခု လုပ်တော့မယ်ဆိုရင် အဲဒီအပြုအမူအပေါ် နဒီ မြင်တာနဲ့ သူမြင်တာက မတူ ..."

ဒေါ်ခင်လေးညိုက နဒီ့စကားကို စိတ်ပင်ပန်းစွာ နားထောင်ပေးနေရရင်း မျက်နှာကို ကျခြွေမပျက်အောင် ပြုံးထားသည်မှာ ပါးအိုတွေပင် ညောင်းလာသည်။

"နဒီက ဒီလိုထင်ရင် သူက ဟိုလိုထင်တယ်၊ နဒီက မသင့်တော်ဘူး ထင်ပေမယ့် သူက ဘာကိုဂရုစိုက်ရမှာလဲ ဆိုပြီးတော့ ..."

ဒါပေါ့ ...။ ဘယ်တူနိုင်ပါ့မလဲ။ တူစရာလား အမြင်။ မင်း ဘာဖြစ်လို့ အစကတည်းက ဒါကို မစဉ်းစားခဲ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုမှ အမြင်မတူဘူးတွေ ဘာတွေ အထူးအဆန်း ပြောနေစရာလား
ဆယ့်နှစ်နှစ်ဆိုတာ နည်းနည်းနောနောမို့လို့လား။

ဒေါ်ခင်လေးညိုက နှုတ်ခမ်းကို စိထွားကာ ရင်
မှာတော့ ပြောချလိုက်ချင်တဲ့ စကားတွေ ပလုံစီထနေသည်။
ကို ချစ်ခင်ပါသည်။ ဒါပေမဲ့ ကိုယ့်သားပျိုလေးနှင့် ကြည်ဖြ
ရအောင်ကတော့ ဆယ့်နှစ်နှစ်ဆိုတဲ့ ကွာခြားချက်က လည်ပင်
နင်စေသည်။ နဒီရယ် ...။ မင်းအဖေအမေကြောင့် စိတ်ထိ
စိတ်ကျခြင်းနဲ့ မင်း ပထမအကြိမ် တို့ဆီရောက်လာတုန်းကဆို
ငါ့သားကလေးဟာ ခုနစ်တန်းပဲ ရှိသေးတာကွယ့်။

မင်း အသက်အစိတ်မှာ သူက ခုနစ်တန်း။ ဆော
ဘီတိုလေးနဲ့ ပြေးဆော့တုန်း။ အမေ လွှနာကြည့်နေပါတယ်
လည်းပဲ ကျောင်းသွားခါနီး မုန့်ဖိုးတောင်းချင်လို့ ဆိုပြီး ဆေ
အောက်ထပ်ကို လုစ်ခနဲ ဝင်လာတတ်သေးတာ။ တို့ ထင်ပါတ
မင်းတောင် သုံးလေးကြိမ်လောက်တော့ လှစ်ခနဲ ဖျတ်ခနဲ မြင်
မှာပါ။

"တစ်ခါ တစ်ခါတော့လည်း နဒီ ရင်မောတယ် မမရ
အမောတောင် ဆို့သင့်သေးတာ။

"ဘာဖြစ်လို့လဲ နဒီ"





"နဒီ အသက်အရွယ်က ချစ်သူတွေ့ရင် ချက်ချင်းကို လက်ထပ်ဖို့ သင့်တော်နေပြီဆိုတဲ့အရွယ်၊ မမကို နဒီ ပြောဖူးတယ် မဟုတ်လား၊ နဒီ ကိုယ့်မိသားစုလေးနဲ့ကိုယ် Settle ဖြစ်ချင်ပြီ ဆိုတာလေ၊ သူကကျတော့ အိမ်ထောင်ပြု ဖို့ စောလွန်းနေသေးတဲ့ အရွယ်"

ဒေါ်ခင်လေးညို နှလုံးခုန်နှုန်း မြန်ဆန်လာရကာ ...

"နဒီတို့ လက်ထပ်ဖို့များ စကားစ,ကြပြီလား"

ကိုယ့်ဘက်က စူးစမ်းထောက်လှမ်းမှု မပြုဘူးလို့ ဆုံးဖြတ်ထားတဲ့ကြားက လွှတ်ခနဲ မေးမိသည်။ လူနာရဲ့ကိစ္စဆို ရင်သာ သူ ပြောသလောက် နားထောင်ပေးပြီး သူ မပြောလိုတာ ကို စစ်စစ်ပေါက်ပေါက် မမေးသင့်တာ။ သားရဲ့ကိစ္စဆိုရင်တော့ စစ်စစ်ပေါက်ပေါက် မေးရမှာပေါ့။ ဤအခြေအနေ နှစ်မျိုးဟာ သီးသန့်စီ ခွဲခွာလို့ မရဘဲ ရောနှောပူးကပ်နေကာ ဒေါ်ခင်လေးညို အဖို့ သီးခြားစီ ရင်ဆိုင်ဖို့ မလွယ်ကူပဲ ရှိနေပါသည်။

"သူက ပူဆာတယ်"

"ဘာ"

"သူက ပူဆာတယ် မမရယ်၊ နဒီက အသက်ကြီးနေပြီမို့ အချိန်မဆွဲဘဲ လက်ထပ်ရအောင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အလကားကောင်။ မိုက်လုံးကြီးကောင်။ မိန်းမတစ်ယောက် ယူရအောင် သူက ဘယ်လောက်များ အစွမ်းအစရှိနေပြီမို့လဲ။ ခုချိန်ထိ မအေဆီက မုန့်ဖိုးလာတောင်းတုန်း မဟုတ်လား။ ဘုရား ... ဘုရား ... လက်ထပ်ရအောင်တဲ့ သူက။

"ဒါပေမဲ့ နဒီ သိပါတယ်၊ သူ နဒီ့ကို ခုလောလောဆယ် တကယ်လက်ထပ်ချင်နေတာ မဟုတ်ပါဘူး၊ သူက လွတ်လွတ်လပ်လပ် နေချင်တဲ့ လူငယ်တစ်ယောက်ပါ၊ သူ True ဖြစ်တာကိုသာ ပြချင်တာ၊ အသက်ကြီးကြီး မိန်းမတစ်ယောက်ကို အခုလို သူ ကပ်နေတာဟာ အပျော်သဘော မဟုတ်ဘဲ အတည်အတံ့ဖြစ်ကြောင်းသာ သူသိစေချင်တာ၊ တကယ်တော့ သူ အဆင်သင့် မဖြစ်သေးပါဘူး"

ဒေါ်ခင်လေးညိုက တံတွေးမျိုရင်း ...

"ဒီတော့ နဒီက ဘာပြောလိုက်လဲ"

"နဒီကတော့ ဒီကိစ္စဟာ နဒီ့အဖို့ အလွယ်တကူလေး ဆုံးဖြတ်လိုက်နိုင်ဖို့ မလွယ်ဘူးလို့ပဲ ပြောပါတယ်၊ မတင်မကျပဲပေါ့ မမရယ်။ ဒီလိုပြောတာ မှန်ရဲ့လားဟင်"

"အင်း ... မှန်ပါတယ်၊ ဟို ... နဒီ ဘာလောက်စ်က အပေါ် ကြယ်သီးတစ်လုံး ပြုတ်နေတယ်"





ဒေါ်ခင်လေးညို စကားကြောင့် နဒီက အူကြောင်ကြောင်လေးနှင့် အင်္ကျီရင်ဘတ်ကို ငုံ့ကြည့်ကာ တမင်ဖြုတ်ထားတဲ့ ကြယ်သီးလေးကိုကိုင်ပြီး ဘာပြောရမှန်းမသိသလို ဖြစ်သွားရပါသည်။ ဝတ်ထားတဲ့ ဘလောက်စ်က ကော်လာအဝိုင်းလေးနှင့်မို့ လည်ပင်းကို စေ့စေတဲ့ ကြယ်သီးအပြင် ဒုတိယကြယ်သီးပါ ဖြုတ်ထားမိတာ။ ရင်ညွန့်မရောက်တရောက်က ကြယ်သီးက စ,တပ်ထားတာပါ။

ဒေါ်ခင်လေးညိုက ပိုပိုသာသာ လုပ်ထားတဲ့ အပြုံးလေးနှင့် ...

"ဟိုလေ ...၊ နဒီ့ကို သတိပေးချင်တာက ဟိုချာတိတ်လေး ရှေ့ဆိုရင် ခုလိုဝတ်စားဆင်ရင်တာကအစ နေတာထိုင်တာ အပြုအမူပေါ့ကွာ၊ သတိထား ဆင်ခြင်သင့်တယ်လို့ ထင်တယ်လေ၊ နဒီ ကိုယ်တိုင်လည်း တွေဝေနေသေးတာ မဟုတ်လား၊ မသေချာသေးခင်မှာ ကိုယ့်အနေအထိုင်က ဟိုသတ္တဝါလေးရဲ့စိတ်ကို ပိုပြီးဆွဲဆောင်ထက်သန်စေတာမျိုး၊ အဟင်းဟင်း၊ မမက ညီမတစ်ယောက်လို သဘောထားပြီး သတိပေးတာမျိုးပါနော် နဒီ၊ ဘာသဘောမှမဟုတ်ဘူး၊ ဘယ်လိုမှ သဘောမထားပါနဲ့"

နဒီက ကြယ်သီးလေးတစ်လုံးကို တပ်လိုက်ရင်း_



www.burmeseclassic.com

www.burmeseclassic.com



"သဘောမထားပါဘူး မမ၊ ကျေးဇူးတင်ပါတယ်၊ မမ စေတနာကို နုဒီ နားလည်ပါတယ်"

အဲသလို ပြောလိုက်မှ ဒေါ်ခင်လေးညိုမှာ စိတ်မကောင်းသလို ပြောမိတာကို နောင်တရပြန်သည်။ နုဒီ့ ကောင်ကလေးဟာ ညိုသစ်ငြိမ်း ဆိုတဲ့ သတ္တဝါသာ မဟုတ်ခဲ့ရင် ခုလိုသတိပေးပုံ စွက်ဖက်ပုံမျိုး သူ ဘယ်ပြောမိပါ့မလဲ။ နင် ရောကွန့်ပြီ ခင်လေးညို။ ကဏ္ဍာတွေကို ခွဲစမ်းပါ။

အို ... ဒါပေမဲ့ ဘာအတွေ့အကြုံမှမရှိတဲ့ ဒီသတ္တဝါကလေးရှေ့မှာ နုဒီဟာ ရိုးရိုးသဘောနဲ့ပဲ ခုလို လည်ပင်းဟိုက်နေတာတို့၊ ပခုံးလုံးလုံး လှလှကလေး ဖော်ထားတဲ့ ချိုင်းဟိုက်အင်္ကျီတို့၊ ဘေးတစ်ခြမ်း ခွဲထားတဲ့ စကတ်ရှည်နဲ့ ဒူးချိတ်ထိုင်လိုက်တိုင်း ဒူးလောက်နီးနီး ထွက်ပေါ်လာတဲ့ ဖြူဝင်းနေတဲ့ ခြေသလုံးသားလေး ပေါ်နေတာတို့နဲ့ ဘယ်နှကြိမ် ဘယ်နှခါလောက်များ ညိုသစ်ငြိမ်း စိတ်ကို တုန်လှုပ်စေခဲ့ပြီးပြီလဲ ဆိုတာကို မတွေးပဲမနေနိုင်ပါ။

"မမ"

"ပြောပါ နုဒီ"

"နုဒီ သူ့ကို အသက်အသွယ် ဖြတ်လိုက်ရမလားဟင်"

ဒေါ်ခင်လေးညိုက အတန်ကြာ ငိုင်တွေးနေမိပြီးမှ —





"မမ မဖြေပါရစေနဲ့ နုဒီ၊ မဖြေနိုင်ဘူး၊ နုဒီ့ဘာသာစဉ်းစားရမှာပါ၊ နုဒီ့မှာ ဉာဏ်အမြော်အမြင် အသိပညာအလုံအလောက် ရှိပါတယ်"

နုဒီက သက်ပြင်းလေး ချလိုက်ပါသည်။

"အမှန်အတိုင်း ပြောရရင် နုဒီ့နားမှာ သူ ရှိနေတာကို နုဒီပျော်တယ်၊ သူက နုဒီ့ကို နုဒီ့တစ်သက်မှာ တစ်ခါမှမရဖူးသေးတဲ့ စိတ်ချမ်းသာမှုမျိုးကိုလည်း ပေးစွမ်းနိုင်တယ်၊ ဟန်ဆောင်မှုတွေ ဖုံးကွယ်မှုတွေ ဘာမှမပါတဲ့ တကယ့်ချစ်ခြင်းမေတ္တာ အစစ်အမှန်ကိုလည်း သူ့ဆီကရတယ်၊ ဒီအသက်အရွယ် ကွာခြားမှုက မဖြစ်သင့်ဘူးလို့လည်း ထင်ပေမယ့် နုဒီ သူ့ကိုမခွဲနိုင်ဘူး မမရယ်"

ဒေါ်ခင်လေးညိုသည် လည်ပင်းဝကို ဆို့ဆို့တက်လာတဲ့ အလုံးကြီးကို မနည်းမျိုမျိုချနေရပါသည်။

"မင်းရုပ်ကလည်း စုပုပ်နေတာပဲ၊ ရုပ်ကိုပြင်စမ်းပါ ညိုသစ်ငြိမ်းရယ်"

"မာမီက ကျွန်တော့်ကို နှိမ်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကက်ပ်ဦးထုပ်ကို နောက်ပြန်ဆောင်းထားကာ ရုပ်ကသာ စုပုပ်နေတယ်၊ ရှေ့က ခေါက်ဆွဲကြော်ကို အားပါးတရ အတီးမပျက်တဲ့ ညိုသစ်ငြိမ်းကို တစ်ပိုင်းတည်း ထိုင်နေတဲ့ ဇာက နှုတ်ခမ်းရွဲ့ကာ ကြည့်ရင်း ...

"ဖြည်းဖြည်းစားပါ ညိုသစ်ငြိမ်းရယ်၊ မင်း ကြည့်ရတာ အဟာရပြတ်မှာ စိုးရိမ်ရတယ်"

ဇာကလည်း နဒီထံ ဆိုင်ကို လာလာလည်တတ်မြဲမို့ ခုနောက်ပိုင်း ဆိုင်ကိုရောက်ရောက်နေတဲ့ ညိုသစ်ငြိမ်းနဲ့က မကြာ မကြာ ဆုံသည်။ ဒီနေ့လည်း အားလုံးဆုံကာ ထမင်းစားချိန်မှာ နဒီဆိုင်နားနီးတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ထွက်စားကြတာပါ။

"ကျွန်တော် ဗိုက်ဆာနေတာ"

"သြော် ... သြော်"

"အဘွားကိုလည်း မကြည်လို့ အဘွားအိမ်က ဘာမှစားမလာဘူး"

"အဘွားကို ဘာကိစ္စ မကြည်တာလဲ"

"မာမီ့ကို တစ်ချိန်လုံး တိုင်နေတာပဲ၊ ဖုန်းလေးပြောလိုက်၊ ပုံလေးဆွဲလိုက်၊ လျှောက်လည်လိုက် လုပ်နေတာပဲတဲ့၊ ပုံဆွဲတာကလည်း တစ်ပြစ်ဗျာ"





"အဘွားက မာမီ့ထက် ဘာဖြစ်လို့ ပိုသိနေတာလဲ၊ မင်းက သူငယ်ချင်းနဲ့ နေတာဆို"

ဇာ မေးလိုက်မှ ညိုသစ်ငြိမ်းက လိမ်ထားတာကို သတိရကာ ...

"သြော် ... ဟိုဒင်းပေါ့၊ အဘွားနဲ့က ပိုတွေ့တယ်၊ အဘွားအိမ်မှာ ထမင်းသွားစားတာက များတယ်"

နဒီက ညိုသစ်ငြိမ်းကို ချစ်စနိုး ငေးကြည့်နေရင်း ...

"ခုတလော ပန်းချီပြန်ဆွဲဖြစ်နေလား"

"အင်း ... မ, အားပေးလို့လေ"

"ဘာကားတွေ ဆွဲနေလဲ"

"အဟား ဟား"

"ဟင် ... ဘာလဲ၊ ပြောလေ"

"ကျွန်တော် ဒီရက်ပိုင်း မ,ပုံဆွဲနေတာ"

နဒီ မျက်ခုံးလေးပင့်ကာ ရင်ထဲမှာလည်း နွေးသိမ့်လှုပ်ဖြာသွားပါသည်။ ဇာကတော့ သူ့ပုံတူဆွဲနေတယ် ဆိုတာလေးနဲ့တင် အရည်ပျော်ကျသွားပုံရတဲ့ နဒီကို စိုးရိမ်မကင်း ဖြစ်မိသည်။ ပထမတော့ ညိုသစ်ငြိမ်းနဲ့ ပတ်သက်ပြီး နဒီစိတ်တွေ လန်းဆန်းရွှင်ပျလာရတယ်လို့တွေးကာ ညိုသစ်ငြိမ်းကို ဇာကပါ Welcome ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနဲ့ ကြာလာတော့ နန္ဒီရဲ့ လိုလားမှုက လိုအပ်မှုသို့ အသွင်ပြောင်းလာကာ ညိုသစ်ငြိမ်းဟာ နန္ဒီဘဝထဲမှာ လိုအပ်တာထက်ပိုပြီး လေးနက်အရေးပါလာလေရာ ဇာ ရင်မောရသည်။ ညိုသစ်ငြိမ်းကို ခင်ပေမယ့် ဒီကလေးဆန်တဲ့ ကောင်ကလေးဟာ သူ့ထက် ဆယ့်နှစ်နှစ်တောင်ကြီးတဲ့ "ရေနန္ဒီ"ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝကို ရေရှည်ငြိမ်းချမ်းစေနိုင်ပါ့မလား ဆိုတာ ပူပန်လာမိလို့ပင်။ နန္ဒီ အသက်လေးဆယ် စ,ကျော်ပြီဆိုတဲ့ အချိန်မှာ သူက နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိဦးမှာလေ။ လူပ်ခတ်မှုမငြိမ်သေးတဲ့ ဒီကောင်လေးရဲ့စိတ်ကို ဘယ်လောက် ယုံစားရမလဲ။

ဇာ့အဖို့ကတော့ နန္ဒီက သူငယ်ချင်းရင်းမို့ နန္ဒီကောင်းဖို့ ပိုကြည့်မိမှာ မမှုတာပင်။ နန္ဒီကတော့ ကောင်လေးထံမှာ အလွန်နက်ရှိုင်းစွာ ပျော်ဝင်နစ်မြုပ်ကျဆုံးနေပြီဖြစ်ရာ ကောင်လေးအတွက်ကလွဲရင် တခြားအချက်အလက်တွေ သိပ်ထည့်တွက်စဉ်းစားမနေနိုင်တော့ဘဲ ဖြစ်နေသည်။

"အဲဒါကို အဘွားက ပုံဆွဲ, ဆွဲပြန်ပြီနဲ့၊ မ,ပုံတောင် ဖြောင့်အောင်မဆွဲရဘူး၊ စိတ်ရှုပ်တယ်"

"မ,ပုံကြည့်ချင်လိုက်တာ"

"တီ ... တီ ... တီ ... တီ"

နန္ဒီက ဖုန်းလာနေ၍ စကားရပ်ကာ ဖုန်းကိုဖွင့်လိုက်ပါသည်။





"ဟယ်လို ... စုထွေးလား ပြော"

"မမ ... ဆိုင်မှာ ဧည့်သည်ရောက်နေပါတယ်၊ ဦးလပြည့်လို့ ပြောပါတယ်၊ မမဇာရဲ့ရုံးက ဟို ..."

"ဩော် ... အေး ... သိပြီ၊ ဟဲ့ ... ဇာ၊ နင့်ဘော့စ် ဦးလပြည့်တဲ့၊ ဆိုင်ရောက်နေတယ်တဲ့၊ ငါ့ဆီဘာလို့ ဖုန်းဆက်ခိုင်းပါလိမ့်၊ နင်နဲ့ ရှိနေတာ သိလို့လား"

"အေး ... ဟုတ်တယ်၊ ဒီနေ့ ငါ နင့်ဆိုင်မှာရှိမယ်ဆိုပြီး သူ့အစ်မနဲ့ ညီမကို ဖိတ်ထားတာ၊ သူ လိုက်ပို့ပေးတာဖြစ်မှာပေါ့၊ ရောက်နေပြီလား၊ ဒါဆို လာ ... သွားစို့"

"ညိုသစ် မြန်မြန်စား"

"ညိုသစ်ငြိမ်း ပြီးမှလိုက်ခဲ့ပေါ့၊ သိပ်မှမဝေးတာ၊ ကားတစ်မှတ်တိုင်စာတောင် မရှိတာ၊ ငါတို့ အရင်သွားနှင့်မယ်"

ညိုသစ်ငြိမ်းက မဇာကို မသိမသာ အကဲခတ်ရင်းဝါးစပ်ထဲ ပလုပ်ပလောင်း သွတ်လိုက်ပြီး ...

"ဝေါ်ပြီ၊ ကျွန်တော်လည်း ဗိုက်ပြည့်ပြီ၊ တစ်ခါတည်းပဲ လိုက်မယ်လေ၊ ရတယ်"

ညိုသစ်ငြိမ်းက ကားမောင်းပြီး နန္ဒီဆိုင်ရှိရာ ပြန်လာပါသည်။ ဆိုင်ရောက်လျှင် တံကယ်ပင် လမင်းကြီး ပြည့်နေသလို ဖြူဖြူဝင်းဝင်း ထောင်ထောင်မောင်းမောင်း ရှိလှတဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ညိုသစ်ငြိမ်း တွေ့ရပါသည်။ မနဒီကလည်း ယဉ်ယဉ်ကျေးကျေး ဖော်ဖော်ရွေရွေ၊ မဇာကလည်း ပျာယာခတ်မတတ်အရေးပေးပေးနှင့် ဦးလပြည့်ရယ် အစ်မ, ညီမ, နှစ်ယောက်ရယ်တို့ကို ဆိုင်က နောက်ဆုံးရောက် ပစ္စည်းကောင်းတွေ လိုက်ပြနေဆဲ ညိုသစ်ငြိမ်းက ဆိုင်ခန်းထောင့် တစ်နေရာက ကော်ဇောကြမ်းခင်းပေါ် ထိုင်ချကာ နံရံတွင် မှီခေါင်းအုံးကြီးနှင့် ခုမှီရင်း အကဲခတ်နေလိုက်ပါသည်။ ငါးမိနစ်လောက် ကြည့်လိုက်တာနှင့်ပင်မဇာ ဆင်ထားတဲ့ခွင်ပဲဆိုတာ ကောက်ချက်ချနိုင်သည်။

"စုတွေး"

"ဟုတ်"

ဆိုင်က ကောင်မလေးတွေ အားလုံးနှင့် ညိုသစ်ငြိမ်းရင်းနှီးပါသည်။ သူတို့က ကိုယ့်ထက်လည်းငယ်၍ ကိုယ့်ကို ခင်ခင်မင်မင် အပြင် ရိုရိုသေသေလည်း ဆက်ဆံတတ်ကြသည်။

"ဒီလူကြီး ဘယ်သူလဲ"

"မဇာရဲ့ဘော့စ်လေ"

"နင် မြင်ဖူးလို့လား၊ ဒီကို လာဖူးတယ်ပေါ့"

"ဟုတ် ... တစ်ခါလာဖူးပြီးပြီ"

"ယောက်ျားကြီးက မိန်းမဖက်ရှင်ဆိုင် ဘာလာလုပ်တာလဲ"





"မဇာနဲ့ ပါလာတာ ကိုညိုသစ်ငြိမ်းရဲ့၊ မဇာက လိုက်ပို့ပေးခိုင်းလို့ သူက လိုက်ပို့ပေးရင်း ဆိုင်ထဲခေါ်ပြီး မမနဲ့ မိတ်ဆက်ပေးတာ၊ ခဏပါပဲ၊ ဝစ္စည်းလာဝယ်တာ မဟုတ်ပါဘူး၊ ခုမှသာ သူ့အစ်မနဲ့ ညီမ ဝယ်ချင်လို့ မဇာက ဒီနေ့ချိန်းထားတာတဲ့"

အင်း ... ထင်တဲ့အတိုင်း မဇာ အကွက်တွေဖန်နေ
ာပါ။ မဇာကို ညိုသစ်ငြိမ်း စိတ်ကွက်စရာမရှိပါ။ ကြည့်လိုက်
ာနဲ့ သူဌေးမှန်း သိသာနေတဲ့ သူ့ရဲ့ကုမ္ပဏီလူကြီးနဲ့ သူ့သူငယ်
င်းကို ငြိချိတ်ပေးချင်တာ အပြစ်ပြောလို့မှ မရဘဲ။ သူ့လိုဘာမှ
ရေးမပါ အရာမရောက်တဲ့ ကောင်လေးတစ်ယောက်နဲ့ ယှဉ်ရင်
ဦးလပြည့် ဆိုတဲ့ လူကြီးက မနှိုင်းမယှဉ်သာအောင် မြင့်မားမိုးမျှ
ာပဲ။

ဇာ့ရဲ့အကွက်ဖန်တီးမှုကို နဒီလည်း ရိပ်မိနေကာ
ယ့်လိုပဲ ရိပ်မိပုံရတဲ့ ညိုသစ်ငြိမ်း ဟိုးဆိုင်ခန်းထောင့်မှာ တိတ်
တ်လေးသွားထိုင်နေတာကို စိတ်မဖြောင့်လက်မဖြောင့် သနားငြီး
က လှည့်တကြည့်ကြည့်ဖြစ်နေရပါသည်။ ကောင်လေး သနား
တယ်။ မျက်နှာငယ်လေးနှင့် တော်ရာလျော်ရာမှာ ငြိမ်ငြိမ်လေး
ထိုင်နေရှာတယ်။

နာရီဝက်ကျော်ကြာအောင် ဦးလပြည့်အစ်မနှင့် ညီမ
ကြည့်ရှုဝယ်ခြမ်းနေစဉ်အတွင်း နဒီနှင့် ဦးလပြည့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖာပို့ပေးတဲ့ အပိုကြားမှာ မပြောမဖြစ် ပြောဖြစ်လိုက်ကြတဲ့ စကားတွေမနည်းလှပါ။ ဒီတစ်ကြိမ်နှင့်ပဲ မောင်နှမသုံးယောက်စလုံး နှင့် တရင်းတနှီးရှိသွားခဲ့ရပါသည်။ သူတို့ဝယ်ခြမ်းငွေရှင်းပြီး ပြန်ကြတဲ့အခါ ...

"ငါမ ပြန်လိုက်သွားတော့မယ်၊ ငါတို့အိမ်က On the way ပဲ၊ နော် ဆရာ၊ ကျွန်မ ကားကြုံလိုက်ခဲ့မယ်"

"လိုက်ခဲ့ လိုက်ခဲ့"

"နဒီလည်း နောက် ဖာနဲ့အတူ အိမ်လာလည်ဦးနော်"

"ဟုတ်ကဲ့ပါ မမ"

သူတို့ ပြန်သွားကြတာနှင့် နဒီက ညိုသစ်ငြိမ်းနား ရောက်လာရပါသည်။

"ပျင်းသွားပြီလား မောင်လေး"

"ရပါတယ်၊ မ,ကို လိုက်ကြည့်နေတာ၊ မှတ်နေတာ"

"ဘာကိုမှတ်နေတာလဲ"

"မ,ပုံကို ဆွဲနေတုန်းမို့လေ၊ ဒါပေမဲ့ ပုံကပြီးလုလုဖြစ်နေပါပြီ"

"ကြည့်ဆွဲစရာလည်းမရှိဘဲနဲ့"

"မ,ကို နေ့တိုင်းမြင်နေရတာပဲ၊ မ,မျက်နှာက ကျွန်တော့်ဦးနှောက်ထဲ၊ ရင်ထဲ၊ အာရုံထဲမှာ စွဲနေပြီ၊ မှတ်မိနေတယ်"

"အိမ်မှာဆွဲနေတာပေါ့"





"အင်းပေါ့"

"မ, လိုက်ကြည့်ချင်တယ်၊ မ,ပုံတစ်ပုံတည်းကိုကြည့်ချင်တာ မဟုတ်ဘူး၊ ညိုသစ်ငြိမ်း ဆွဲသမျှပန်းချီကားတွေကို အကုန်မြင်ချင်တာ၊ ကြည့်ချင်တာ၊ ဒါကြောင့် မ,ကို အိမ်ကိုဖိတ်ပြီးပြပါလား"

ညိုသစ်ငြိမ်းက အလန့်တကြား ဖြစ်သွားရပြီး ...

"အာ ... မဖြစ်ဘူး ... မဖြစ်ဘူး ... မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး"

"ဘာဖြစ်လို့ ဒီလောက်တောင် အလန့်တကြား မဖြစ်ရတာလဲ"

ဘယ်ဖြစ်ပါ့မလဲ။ မ,ကို သူက သူဟာ မိဘအုပ်ထိန်းမှုလောင်းရိပ်အောက်က လွတ်နေပြီဖြစ်တဲ့ ကိုယ့်ဟာကိုယ် ရပ်တည်နေတဲ့သူလိုလို Mature ဖြစ်တယ်လို့ကြွားချင်တာနဲ့ပဲ သူငယ်ချင်းနဲ့အတူနေကြတယ်လို့ လိမ်ထားတာလေ။ သူ့ကို ကလေးလိုမမြင်စေချင်ဘဲ လူကြီးလိုမြင်မြင်ကာ အထင်ကြီးစေချင်တာတစ်ခုတည်းကြောင့် ညာထားတာပါ။

"ဟိုလေ ... ဟိုဟာပါ၊ ကျွန်တော်သူငယ်ချင်းက မိန်းမတွေဘာတွေ မနှစ်သက်ဘူး၊ ခေါ်လာရင် ကြိုက်မှာမဟုတ်ဘူး၊ ဒါကြောင့်ပါ အဟဲ"

"ညိုသစ်ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်း ညာပြောနေတာ၊ ရုပ်က မပိရိဘူး၊ တစ်မျိုးဖြစ်နေတယ်၊ ဘာဖြစ်လို့ညာနေတာလဲ"

"မညာပါဘူး မ,ကလည်း၊ ဟို ... ပြီးတော့ အိမ်ကလည်း ရှုပ်ပွနေတာ အဟဲ"

"ညိုသစ်ငြိမ်း"

နန္ဒီမျက်နှာက ညိုသွားရပါသည်။ ညိုသစ်ငြိမ်း ညာပြောနေတာဆိုတာ ကလေးသူငယ်ပင် ရိပ်မိနိုင်သည်။ ရုပ်က မျက်နှာပိုးမသေ။ ဘာအကြောင်းရှိလို့ညာနေတာပါလိမ့်။

"မ,က ပန်းချီကိုလည်း တကယ်မြတ်နိုးတတ်တဲ့သူမို့လို့ တခြားသူများတွေရဲ့ ပန်းချီပြပွဲတွေတောင် တကူးတက လိုက်ကြည့်တတ်တာပါ၊ မ,စိတ်ထဲမှာ ရင်းနှီးခင်မင်တဲ့ မင်းရဲ့ ပန်းချီကားဆိုရင် ပိုကြည့်ချင်ဦးမှာ မင်း မသိဘူးလား၊ မင်း ဆွဲထားတာလေးတွေမို့ကို ပိုကြည့်ချင်တာ၊ မင်းအတွက် ဝန်လေးစရာရှိနေလို့လား၊ မ,ကို မသိစေချင်တာ၊ မ,ကို လျှို့ဝှက်ချင်တာတွေ ရှိနေလို့လား ...

ဒါမှမဟုတ် မင်း တကယ် ပန်းချီရေးဆွဲရဲ့လား၊ မ,သဘောကျတယ်ဆိုလို့ပဲ မင်းလည်း ဆွဲတယ်လို့ညာပြောထားလို့လား"





ညိုသစ်ငြိမ်းက ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးသွင်းရှုပ်ဖွရင်း ...

"မ,ပုံတောင် ဆွဲထားပါတယ်ဆိုမှ တကယ်ကောဆွဲရဲ့လား လာမေးနေသေးတယ်၊ စိတ်တွေရှုပ်လိုက်တာ"

"ဘာလို့လဲ"

ညိုသစ်ငြိမ်းက မ,ရဲ့မယုံသင်္ကာတဲ့မျက်လုံးလေးတွေကို မချင့်မရဲငေးကြည့်နေလိုက်ရင်းက ရုတ်တရက် ...

"ကဲဗျာ ... လာ, ထ, လာ အခုသွားမယ်ချက်ချင်း"

"ဟဲ့ ..."

ညိုသစ်ငြိမ်းက နန္ဒီလက်ကို ဆွဲကိုင်ကာ ကျုံးထ,ရင်း အတင်းခပ်သွက်သွက်ဆွဲပြီး ပြေးသည်မှာ ဆိုင်ခန်းထဲက ထွက်လာသျှင် ...

"ဟဲ့ကောင်လေးရဲ့ အိတ်လေးဘာလေး ယူပါရစေဦး"

"စုတွေး မ,ရဲ့အိတ်ပေးစမ်း"

ညိုသစ်ငြိမ်းက ဗွတ်အတင်း။ လက်ကိုမလွှတ်။ ...တွေးကို လှမ်းအော်တောင်းတာမို့ စုတွေးက အပြေးလာပေးလျှင် ...ခုပဲလှမ်းယူပြီး နန္ဒီလက်ကို ဆက်လက်ဆွဲပြေးလာသည်။ ...နေ ...မြန်သွားရင် ဒီအချိန် အသွား တစ်ရေးတမော ...ပိနေကျ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးက ဒီအချိန်တိုင်း တစ်ခြံကျော်က ဘဘမိုးနှင့် စစ်တုရင် သွားကစားနေကျ။ တိုးတိုးတိတ်တိတ် ခပ်ကုပ်ကုပ်နဲ့ အိမ်ဘေး ဘက်ကွေ့ဝင်သွားပြီး ညိုသစ်ငြိမ်းရဲ့အခန်းကို အိမ်ဘေးဘက်က ဝင်ရင် အဘွား မနိုးနိုင်။

"ကြောက်ဖို့တောင်ကောင်းတယ်၊ သွားမယ်ဆိုပြန်လည်း သွပ်ဖွတ်"

"မ,က ကျွန်တော့်ကို မယုံသင်္ကာလာတာကိုး"

"အင်းလေ ... မင်းက ဖွတ်ငြင်းနေတာကိုး၊ တစ်ခုခုကို ညာထားတာလည်း သိပ်သိသာတာပဲ"

"ကျွတ် ... မ,ကို အရမ်းချစ်တာ မညာရင်ပြီးရောမဟုတ် လား၊ မ,ကိုမိုပြတာ၊ ကျွန်တော့်ပန်းချီတွေ သူများတွေကို မပြပါဘူး၊ မာမိဆို စိတ်တောင်မဝင်စားဘူး၊ မာမိက ဒီပန်းချီဆွဲတာကိုပဲ ပုတ်ခတ်ပြီးနိမ့်ပြောတတ်သေးတယ် မနေ့ကလည်း ရန်ဖြစ်ရတယ်၊ တစ်ပတ်တစ်ကြိမ် အိမ်ပြန် ရင် အမြဲအဆူခံရတယ်"

"ဘာလို့ ဖြစ်ရတာလဲ ညိုသစ်ငြိမ်းရယ်"

"မင်းက မိန်းမယူရင် မိန်းမကို ပန်းချီဆရာလုပ်ကျွေးမှာ ပေါ့ ဟုတ်လားတဲ့"





"မိန်းမယူမယ်လို့ မင်းက ဘာလို့ သွားပြောတာလဲ"

"မာမိကမေးတာကိုး၊ မင်းနဲ့တွဲနေတဲ့ မိန်းကလေးကို ယူမှာလားတဲ့၊ မယူဘူးဆိုရင် စောစောကိစ္စဖြတ်တဲ့၊ အဲဒါ နဲ့ ကျွန်တော်ကလည်း ယူမှာလို့၊ မာမိတို့နဲ့ တွေ့ရအောင် အိမ်ခေါ်လာဦးမယ်လို့ပြောတာ၊ မာမိက မခေါ်လာနဲ့တဲ့"

နဒီက ရင်ထဲနင့်သွားရပါသည်။ ဝမ်းလည်းနည်းသွား ရပေမယ့် ဟန်ဆောင်လိုက်တဲ့ နှစ်သိမ့်ပြုံးလေးနှင့် ...

"မင်းကလည်း ဘာဖြစ်လို့ အိမ်ခေါ်လာမယ်လို့ သွားပြော လိုက်ရတာလဲ ညိုသစ်ငြိမ်းရယ်"

"မာမိနဲ့ မ,နဲ့ တွေ့ပေးရမှာပေါ့"

"အဲသလိုတွေ့ပေးဖို့ သိပ်စောပါသေးတယ် ညိုသစ်ငြိမ်း ရယ်၊ မ,အတွက်နဲ့ မင်းမာမိနဲ့ အတိုက်အခံမလုပ်ပါနဲ့၊ သူ့ စိတ်အနှောင့်အယှက်ဖြစ်မှာတွေ သွားမပြောပါနဲ့"

နဒီက ညိုသစ်ငြိမ်းမသိအောင် သက်ပြင်းခိုးမှုတ် ထုတ်မိသည်။ မလွယ်ပါလား။ နဒီကလည်း သူ့အမေနှင့် မတွေ့ ရပါဘူး။ ညိုသစ်ငြိမ်းက အသက်ကွာခြားမှုကို လိမ်ပြောထားတာ။ ဒါတောင် ဒီလောက်ခါးသီးနေရင် တကယ့်ကွာခြားချက်အမှန်ကို သိရင် ပိုပြီးပေါက်ကွဲသွားမှာ။

"မ, ရောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းက ဖွင့်ထားတဲ့ခြံတံခါးမှ ဝင်လိုက်တာနှင့် စက်ကိုသတ်ကာ ဘီးလှိမ့်ဝင်ပြီး ပေါ်တီကိုမရောက်ခင် ရပ်လိုက်ပါသည်။

"ဘာလို့ အိမ်ရှေ့မရပ်တာလဲ"

နဒီက စိမ်းစိုတဲ့မြက်ခင်းလေးတွေရယ်၊ အိုမင်းနေသော ချစ်စဖွယ် ရှေးဟောင်းပုံတစ်ထပ်တိုက် မီးခိုးရောင်ပြားပြားကလေးရယ်ကို ဝေ့ဝဲကြည့်ရင်း နားမလည်စွာ မေးပါသည်။

"ဟိုဟာလေ ကျွန်တော့်သူငယ်ချင်းလေ၊ ဒီကောင်နိုးသွားမှာစိုးလို့၊ ဒီအချိန်ဆို ဒီကောင်က ရှေ့ဘက်မှာ အိပ်နေတာ နိုးသွားရင်နားညည်းတယ်၊ ဘာလဲ ညာလဲ ဟိုဟာဲ ဒီဟာပဲနဲ့ ရစ်နေမယ်၊ လာ မ,၊ ဒီဘက်ကပတ်ဝင်မယ်"

နဒီက ညိုသစ်ငြိမ်း လက်ဆွဲခေါ်ရာ အိမ်ဘေးဘက်ထဲ ခပ်သုတ်သုတ်လေးပါလာပါသည်။ ညိုသစ်ငြိမ်းကိုယ်တိုင်ကကုန်းကွ ကုန်းကွ ဆွတတနှင့် ခြေဖွနင်းတဲ့စတိုင်နှင့် ဝင်နေတာမို့ နဒီလည်း ရောယောင်ကာ အဲဒီပုံစံမျိုးနဲ့ပဲ ကုပ်ချောင်းချောင်းဝင်လာပါသည်။ ညိုသစ်ငြိမ်း သော့ဖွင့်ဝင်တဲ့နောက်က လိုက်ဝင်ကာ –

"ညိုသစ်က ဒီဘေးဘက်မှာ သတ်သတ်နေတာပေါ့"/

"ရှူး ... လာ ... မ"





နှစ်ယောက်သား ဝင်လာကာ ညိုသစ်ငြိမ်းက သူ့ရဲ့ အိပ်ခန်းကျွေ့လေးမရောက်မီ အခန်းကျယ်ထဲက မီးချောင်းနှစ်ခုကို တဖျပ်ဖျပ်ဖွင့်လိုက်ပါသည်။

"ဘယ်သူလဲဟေ့"

ထွက်ပေါ်လာတဲ့အသံကြောင့် နဒီ ပါးစပ်လေးဟကာ အံ့သြသွားရသည်။ ညိုသစ်ငြိမ်းက ခေါင်းကို စိတ်ရှုပ်ရှုပ်နှင့် တအားကုတ်ပစ်လိုက်ပါသည်။

"ဘယ်သူတုန်း ညိုသစ်လား"

"ကျွတ် ... ဟုတ် ဘွား"

နဒီက ပါးစပ်လေးအဟောင်းသားနှင့် ညိုသစ်ငြိမ်းကို အံ့အံ့သြသြ ရယ်ချင်ပက်ကျိကြည့်လိုက်လျှင် ညိုသစ်ငြိမ်းရဲ့ အလိမ်ပေါ်သွားတဲ့ရုပ်က ရှုံ့မဲ့ရွတ်ထေနေသည်။ နဒီက ချက်ချင်းပင် သဘောပေါက်သွားပြီး လက်ဝါးလေးတစ်ဖက် ပါးစပ်ကိုအုပ်၊ လက်တစ်ဖက်က ဗိုက်ကိုနှိပ်ပြီး အသံမထွက်အောင် မနည်းကြိတ်ရယ်ရလေသည်။

"ထမင်းစားပြီးပလား"

"စားပြီးပြီ အဘွား"

"အပြင်ပြန်ထွက်ဦးမှာလား"

"ထွက်မှာ ... ထွက်မှာ"

"သော့သေချာပြန်ခတ်သွား၊ အဘွား အိပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက သော့သေချာမခတ်ဘဲသွားလို့လဲ ကျွတ်"

နဒီသည် နီးရာဆက်တီတစ်ခုံမှာ အမြန်ထိုင်လိုက်ရင်း အတော်မသတ် ရယ်နေမိပါသည်။ အောင့်ကြိတ်ပြီးရယ်ရ၍ မျက်ရည်တောင်ထွက်လာသည်။ ညိုသစ်ငြိမ်းက နှစ်ယောက်ထိုင်ဆိုဖာရှည်ကြီးပေါ် မှောက်အိပ်ပစ်လိုက်ရင်း ...

"သိပ်ရယ်မနေနဲ့ ... ဟွန်း"

"ဘာလို့ ညာပြောရတာလဲ၊ သူငယ်ချင်းနဲ့ နေသလေးဘာလေးနဲ့"

"မ,က လူကို နို့နံ့မစင်သေးသလို ထင်လွန်းလို့"

"စင်ကောစင်လို့လား ... ခိ ခိ ခိ ခိ"

"မရယ်နဲ့ကွာ"

"ကဲကွယ် မရယ်တော့ပါဘူးကွယ်၊ စိတ်မကောက်နဲ့ ခိခိ"

အသံကို လေသံဖျော့ဖျော့လေးတွေလုပ်ကာပြောနေရတာပါ။ နဒီက ရယ်ရှိန်သတ်၍ အခန်းကို ဝေ့ဝဲကြည့်လိုက်လျှင် မနည်းမနော ပန်းချီကားချပ်တို့ကို နံရံမှာမှီ၍၎င်း၊ ကြမ်းပြင်ပေါ်မှာချ၍၎င်း တွေ့ရသည်။ ထူးခြားချက်ကတော့ နံရံမှာ မှီလဲကျောဘက်ကို အပြင်ထားကာ မှောက်ရက်မှီထားတာ။ ကြမ်းပေါ်မှာချလည်း ကျောဘက်ကို အပေါ်ထားကာ မှောက်ရက်ချထားတာ။ တချို့ကို အဝတ်စနှင့်ပါ အုပ်ဖုံးထားလိုက်သေးသည်။



ဆွဲလက်စ ဒေါက်စင်ပေါ်ကပုံကိုလည်း အိပ်ရာခင်းစလို အဝတ်ဖြူကြီးတစ်ခုနှင့် အုပ်ထားပါသည်။

"ညိုသစ် အားလုံးကို ဘာလို့ မမြင်ရအောင် မှောက်ထားတာလဲ"

"ဘယ်သူက မြင်ချင်တာမို့လို့လဲ"

ညိုသစ်ငြိမ်းအပြောကြောင့် စိတ်မကောင်းဖြစ်မိသည်။

"ကြည့်မယ်နော်"

"အင်း"

နဒီက တစ်ချပ်ချင်းကို လှန်ကာ ယူကာ ကြည့်သည်။ သုံးလေးချပ်ကြည့်အပြီးမှာတော့ ဆိုဖာပေါ် ရှက်ပြီး မျက်နှာမှောက်ထားတဲ့ကောင်ကလေးဘက် ပြန်လှည့်ကြည့်လိုက်မိလေသည်။ အထင်ကြီးစရာတစ်စက်မှမရှိတဲ့ ဒီကောင်လေးရဲ့ ပန်းချီလက်ရာတို့ဟာ ဘာကြောင့် ဒီလောက်အဆင့်မြင့်ပြီး ကောင်းနေခဲ့တာပါလိမ့်။ ဝါသနာနှင့် အခံဗီဇတို့ကြောင့်ပင်။

သေသပ်ပိရိလှတဲ့ အဆင့်မြင့်လက်ရာတို့ကြောင့် နဒီ့ရင်ထဲ ဝမ်းလည်းသာ၊ ညိုသစ်ငြိမ်းကို အထင်လည်းကြီး။ လူတိုင်းမှာထူးချွန်မှုတစ်ခုခုတော့ ရှိစမြဲဆိုတဲ့စကားအပေါ်သည်းလုံးဝဥဿုံ ယုံကြည်လက်ခံလိုက်ရကာ ရင်ထဲ တသိမ့်သိမ့်လှိုက်လှဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



နဒီက ဆွဲလက်စ,ကားပေါ်က အဝတ်ဖြူစကြီးကို ဆွဲဖယ်လိုက်ပါသည်။ မှင်သက်မိသလို ငေးမောမိသွားတဲ့မျက်လုံးအစုံတွင် ကြည်နူးပီတိနှင့် မျက်ရည်ပင် စို့စွတ်လာသည်။ ကိုယ့်ရဲ့ဓာတ်ပုံတစ်ပုံကို မြင်နေရသလို ရှေ့တည့်တည့်က နဒီပုံ ပန်းချီပုံတူဟာ ညိုသစ်ငြိမ်းရဲ့ရင်ထဲက ဇွဲလမ်းလေးနက်မှုရဲ့ သက်သေပဲပေါ့။ နဒီအပေါ် သူ ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်၊ ဇွဲလမ်းတယ်၊ အစိုပ်ကြည့်နေတယ်ဆိုတာ ပုံမှာပေါ်လွင်နေသည်။

နဒီက ပီတိပြုံးလေးနှင့် မျက်ရည်လေးလည်လည်နှင့်ပင် ...

"မောင်လေး ... မင်းကိုလေ မ,နဲ့ခင်တဲ့ ဂယ်လာရီပိုင်ရှင်တစ်ယောက်ဆီ ဆက်သွယ်ပေးမယ်၊ မင်း သိပ်တော်တာပဲ၊ မ, ပျော်လိုက်တာ"

မယုံနိုင်သလို ခေါင်းထောင်ကြည့်လာတဲ့ ညိုသစ်ငြိမ်း မျက်ဝန်းမှာလည်း ရှက်ကြည်နူးရိပ်တို့နှင့် မယုံနိုင်သလို အရည်လည်ရွှန်းတောက်လက်ဖြာနေခဲ့သည်။



## ၉

"ဟယ်လို"

"ဟယ်လိုမနေနဲ့ ညိုသစ်ငြိမ်း၊ ခုချက်ချင်း အိမ်ရာက ထ, ထိုင်လိုက်"

"မာမီ ဘာဖြစ်တာလဲဗျာ"

ညိုသစ်ငြိမ်းက အိပ်ရာထဲ လူးလွန့်ရင်း တော့ဒ်လက်စ်ခွန်းကို နားမှာကပ်၍ ရှုံ့မဲ့ညည်းတွားမိပါသည်။ ဒီအချိန် အဘိုးသမ်းလျှောက်ထွက်တဲ့ဆီက ပြန်မလာသေး။ အသွားက မီးဖိုထဲမှာ ဒေါ်အိနှင့် ထမင်းဟင်း ဝင်ရောက်စီမံချက်ပြုတ်နေမည့်အချိန်မို့ အိမ်ရှေ့ကဖုန်းမြည်သံကို မကြားတာပဲဖြစ်မည်။ လိုင်းခွဲခံတဲ့ ညိုသစ်ငြိမ်း အခန်းထဲမှာ တတူတူနှင့် အော်ကြီးဟစ်ကျယ်ဆက်တိုက်ကြည့်နေတော့ မကိုင်ရင်မရပ်တော့မှာမို့ အိပ်မှုန်စုံမွှေး

www.burmeseclassic.com



နှင့် ဖုန်းကိုင်လိုက်ရတာပင်။ စားပွဲတင်နာရီကို တစ်ဆက်တည်း ကြည့်ရင်း ...

"မာမီ ခြောက်နာရီတောင် မထိုးသေးဘူးဗျာ"

"ငါ သိတယ် ညိုသစ်ငြိမ်း၊ အိပ်ချင်မူးတူးလုပ်မနေနဲ့၊ တမင် ဒီအချိန်ဆက်လိုက်တာ၊ ဒါမှ မင်း အပြင်မသွားခင် အုပ်မိမှာ၊ မင်းအဘွားလည်းပြောတယ်၊ မနက်ဆို အစောကြီးထွက် ညမိုးချုပ်မှ ပြန်တယ်မဟုတ်လား"

"ည မိုးမချုပ်ပါဘူး"

"မာမီ ညက ဆယ်နာရီအထိ ဖုန်းခေါ်သေးတယ်၊ အဲဒီအချိန်လောက်ဆိုရင်တော့ ငါ့အဖေနဲ့အမေ အိပ်ရာဝင်တော့မှာဆိုတာသိလို့ အဲဒီနောက်ပိုင်း ဆက်မခေါ်တော့တာ၊ ငါ့အဖေ အမေ နိုးမှာစိုးလို့ အိပ်ရေးပျက်မှာစိုးလို့ပေါ့၊ အဲဒါကြောင့် ဒီအချိန်ခေါ်ရတာ"

"ညကတော့ သား ဧည့်ခံပွဲတစ်ခုသွားနေရလို့ပါ"

"ဟိုအမျိုးသမီးနဲ့ မဟုတ်လား"

"ဟုတ်"

"ဘာဖြစ်လို့ ဒီလောက် မင်းတို့ ကဲနေသည်းနေကြတာလဲ၊ မင်း ဒီအသက်အရွယ်လေးနဲ့ ဒီလောက်ထင်ရာလုပ်နေစရာလား ညိုသစ်ငြိမ်း၊ မင်းကို ငါ အိပ်ပြန်ခေါ်မှထင်တယ်"





"အာ ... မာမီကလည်း၊ မလာချင်ဘူး၊ အဲဒီမှာ သားအတွက် ပန်းချီဆွဲစရာနေရာလည်း မရှိဘူး၊ စိတ်မလွတ်လပ်ဘူး၊ သားထင်ရာလုပ်နေတာမဟုတ်ပါဘူး မာမီ၊ ညဘက်တွေလည်း ညဥ့်မနက်ပါဘူး၊ မနေ့ကတော့ အဲဒီဧည့်ခံပွဲမှာ မ,က သားကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးစရာရှိလို့ သား လိုက်သွားလို့ပါ မာမီရာ"

"ဘယ်ကလူလဲ"

"သူက တရုတ်ပြည်မှာရော ယိုးဒယားမှာရော သူပိုင်တဲ့ ဂယ်လရီရှိတဲ့လူတစ်ယောက် မာမီ၊ မြန်မာလူမျိုးပဲ၊ တအားထောတဲ့ Bossဗျ၊ ဒီကနေ ပန်းချီကားတွေ ဝယ်သွားပြီး ဟိုက ဂယ်လရီတွေမှာ တင်ရောင်းတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"မာမီကလည်း မ,က သားရဲ့ပန်းချီတွေကို ဒီလူ့ကိုပြဖို့ ကြိုးစားနေတာ၊ သားကိုလည်း အဲဒီလူဆီမှာ ပန်းချီဆရာ ရွက်ပုန်းသီးတစ်ယောက်အဖြစ် မိတ်ဆက်ပေးနေတာ"

"ကဲ ... ညကတော့ ဒီကိစ္စနဲ့ နောက်ကျသွားတယ် ထားပါ၊ မနက် မနက်ကျ အစောကြီး အိမ်ကထွက်ပြီး မင်း ဘယ်တွေသွားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘယ်ရယ်မဟုတ်ပါဘူး မာမီ၊ ဟိုသွားဒီသွား ပေါ့၊ ပန်းချီကားတွေလည်း ထပ်ဆွဲချင်တာရှိတော့ ခေါင်း ရှုပ်တဲ့အနေနဲ့ ဟိုဒင်း ..."

"တော်စမ်း၊ ပလီစိချောက်ချက် လျှောက်ပြောမနေစမ်းနဲ့ ညိုသစ်ငြိမ်း၊ မင်း တစ်နေ့ကုန် ဘယ်မှာသွားနေတယ်ဆိုတာ မာမီ သိတယ်"

"မာမီ ဘယ်လိုသိလဲ"

"မမေးနဲ့၊ ငါ ဒီလိုပဲသိတယ်၊ ငါ့ကို ပြောတဲ့သူရှိတယ်"

ညိုသစ်ငြိမ်း အံ့သြသွားပါသည်။ ဖြုလည်းဖြုသွားရပါသည်။ မာမီက လက်တံရှည်လှချည်လား။ နား မျက်စိကြီးလှချည်လား။ ဘယ်သူမှမသိဘူးလို့ သူ ထင်နေတဲ့ကိစ္စကို ဘယ်လိုလုပ်ပြီး မာမီ သိနိုင်ခဲ့ပါလိမ့်။

"ငါက ပြောရမှာလား၊ မင်း ပြောမှာလား"

"ဟိုလေ မာမီ သား ပြောပါ့မယ်၊ သား '......'ကွန်ဒိုအခန်း တစ်ခန်းမှာ ပန်းချီသွားဆွဲနေတာပါ"

"ဟိုအမျိုးသမီးအခန်းမဟုတ်လား"

"ဟုတ်ကဲ့"

"မင်းတို့က ဘယ်လိုတောင်ဖြစ်နေကြပြီလဲ ညိုသစ်ငြိမ်း၊ မင်း အမေကိုတောင် ဘာတစ်ခုမှ အသိမပေးတော့ဘူးလား"





ဒေါ်ခင်လေးညိုအသံက ကတုန်ကယင်ဖြစ်လာပါသည်။ မနေ့ကပဲ သူ့ဆီ နဒီလာသွားပြန်တာ။ သူ့ရဲ့အခန်းတစ်ခန်းမှာ ညိုသစ်ငြိမ်းကို လွတ်လွတ်လပ်လပ် ပန်းချီဆွဲဖို့ ခွင့်ပြုထားတာ ဒေါ်ခင်လေးညို သိခဲ့ရသည်။ ကိုယ့်သားအပေါ် အရာရာအစစ သဒ္ဓါကြည်ဖြူနေတာကို ပီတိမဖြစ်နိုင်ဘဲ ရင်မနေရတဲ့အဖြစ်ပါ။

"မာမီ စိတ်မကောင်းမဖြစ်ပါနဲ့၊ သားတို့ မာမီ စိုးရိမ်သလို မျိုးကြီးတွေ ဘာမှမဖြစ်ပါဘူး၊ မ,က အစကတည်းက ပန်းချီကိုရော ပန်းချီကားတွေကိုရော ချစ်တာ၊ ကျွန်တော့် ပန်းချီကားတွေ တွေ့သွားတော့ သူ အရမ်းသဘောကျတာ မာမီ၊ သားက အားပေးတဲ့သူ တိုက်တွန်းတဲ့သူမရှိတော့ မဆွဲဖြစ်ဘဲ ပစ်ထားတာကို လက်ကျသွားမှာ သူက နှမြောနေတာပါ၊ သား ပန်းချီဆွဲဖြစ်အောင် သူ့အခန်းကို တစ်နေ့ကုန်ပေးသုံးထားတာပါ ...

သူ့အိမ်အခန်းမဟုတ်ပါဘူး၊ ဒီဘက်က သူ့ဆိုင်ပစ္စည်းတချို့သိမ်းတဲ့အခန်းလွတ်ပါ၊ သူက သော့တွေပေးခဲ့တော့ သားက ဒီဘက်ခန်းလွတ်မှာ ပန်းချီဆွဲ၊ ဗိုက်ဆာရင် ဟိုဘက်ခန်းကူးပြီး တစ်ခုခုယူစား၊ ပြီးရင် ..."

"တော်တော့ ဒါတွေ မာမီ သိလည်းမသိချင်တော့ဘူး မင်း အသက်ကနှစ်ဆယ့်နှစ်နှစ်ပဲရှိသေးတယ် ညိုသစ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ် မြန်မာကလေးတွေဟာ ရာခိုင်နှုန်းအတော်များများက မိဘအုပ်ထိန်းမှုအောက်က မလွတ်ကြသေးပါဘူး၊ မင်းကို အဘွားအိမ်သွားနေခွင့်ပြုတယ်ဆိုတာက မိဘအုပ်ထိန်းတဲ့အိမ်လိုပဲ သဘောသက်ရောက်လို့ နေခွင့်ပြုထားတာ၊ မင်းက အခု ဒီမိန်းကလေးရဲ့တိုက်ခန်းမှာ မိုးလင်းကမိုးချုပ် တစ်နေကုန်အချိန်ဖြုန်းတဲ့အဆင့်ရောက်လာပြီ၊ မကြာခင် ညပါအိပ်တော့မယ့်သဘောလား ညိုသစ်ငြိမ်း"

"အာ ... မာမီကလည်းဗျာ"

"မင်း ငါ့ကိုပြောစမ်း၊ မင်း မိန်းမယူဖို့ အသင့်ဖြစ်နေပြီလား"

"အမှန်တိုင်းပြောရရင်တော့ အသင့်မဖြစ်သေးပါဘူး"

"အမှန်မဖြေလို့ မင်းက လိမ်ပြီးဖြေချင်သေးလို့လား၊ မင်း ခုနေ အိမ်ထောင်များ မတော်တဆ ကျသွားခဲ့ရင် မင်း တစ်သက်လုံး ပျော်ရမယ် ထင်သလား သား၊ မင်း တစ်ချိန်မှာ နောင်တရရလိမ့်မယ်ဆိုတာကို မာမီတင်မကဘူး မင်းအမျိုးသမီးလည်း သိပါတယ် သား၊ သူ့စကားတွေ မာမီ အားလုံးကြားရ သိရပါတယ်"

မာမီ ဘယ်ကသိပါလိမ့်။ မဇင်ကတစ်ဆင့် ကိုသီဟ၊ ကိုသီဟကတစ်ဆင့် အစ်ကိုဝမ်းကွဲကတစ်ဆင့် ကြီးတော်ကတစ်





ဆင့် မာမီ့နားထဲ ရောက်တာလား။ ဒါမှမဟုတ် မ,နဲ့သိတဲ့သူတစ်ဦးဦးဟာ မာမီနဲ့လည်း ရင်းနှီးနေလား။ ကြားကသတင်းပေးတော့ ရှိနေပြီ။

"မာမီ ... သားပြောပြီကော၊ သား နက်ဖြန်သန်ဘက်ခါ လက်ထပ်မလို့ မဟုတ်ပါဘူးဆိုမှ၊ မာမီ ဘာတွေ ဒီလောက်ပူလောင်နေတာလဲ"

"ပူလောင်တယ်၊ သားသိတာထက်ကို မာမီ ပိုပြီး သောကတွေများနေရသေးတယ်၊ သားကို မာမီက ဒါမလုပ်နဲ့ ဒါလုပ်လို့ ယတိပြတ် တစ်ချက်လွှတ်အမိန့်နဲ့ တားနိုင်တဲ့အနေအထားမှာ မရှိတော့ပါဘူး၊ မင်းမှာက ဘာတ်နှစ်ဖက်ရှိလာပြီလေ၊ ဒီတော့ မာမီ့စကားကို မင်း ကွယ်ရာမှာ ပယ်ရှားနေရင်လည်း မာမီ သိနိုင်တာမဟုတ်လို့ အမိန့်အာဏာနဲ့ မတားမြစ်ချင်ဘူး၊ မင်း ဦးနှောက်ရှိဖို့ ဦးနှောက်သုံးဖို့လိုတယ် ညိုသစ်ငြိမ်း၊ မင်း ဒီအသက်အရွယ်ရောက်တဲ့ထိ မာမီ တတွတ်တွတ် ဆုံးမပြီး မင်း ခေါင်းထဲ ထည့်ပေးထားတဲ့ ဆင်ခြင်ဉာဏ်တွေကို မင်း အသုံးချပါ ...

မျက်စိစုံမှိတ်ပြီး မိုက်လုံးမကြီးလိုက်ပါနဲ့၊ ဆုံးဖြတ်ချက်လည်း မမြန်ပါနဲ့၊ ခေါင်းအေးအေး သွေးအေးအေး စဉ်းစားဆင်ခြင်ပါ ညိုသစ်ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ... သားကို တစ်ချက်လွှတ်အမိန့်နဲ့ မတားမြစ်တာကို ကျေးဇူးတင်ပါတယ်၊ သား စဉ်းစားဆင်ခြင်မှာပါ မာမီ"

"ဒီလိုပြောဖော်ရတာကိုပဲ ဝမ်းသာလှပါပြီ ညိုသစ်ငြိမ်းရယ်၊ ကဲ ... ဒါပဲ"

ညိုသစ်ငြိမ်းက ဖုန်းချပြီး မျက်မှောင်ကုတ်ကုတ်နှင့် ထိုင်တွေးနေမိပါသည်။ မာမီက သူပြောတာထက် ပိုသိထားပြီးသလိုပဲ။ တကယ့် အခြေအနေမှန်ထက်တောင် အပိုတွေထည့်တွက်ပြီး ထင်မြင်ယူဆနေပုံရသေးသည်။

တကယ်တော့ သူ့ရဲ့ပန်းချီကားတွေကို အပိုမပါဘဲ တကယ်နှစ်နှစ်ကာကာ ကြိုက်နှစ်သက်လှပုံရတဲ့ မ,ဟာ ညိုသစ်ငြိမ်း ပန်းချီဆွဲဖြစ်အောင် မေတ္တာစေတနာအပြည့်နှင့် သူ့အခန်းကို အသုံးပြုခွင့် ပေးထားတာ။ ညိုသစ်ငြိမ်းကလည်း ကျယ်ဝန်းသပ်ရပ်ပြီး တိတ်ဆိတ်အေးမြနေတဲ့ မ,ရဲ့အခန်းထဲမှာ ပန်းချီဆွဲဖို့ ရှာန်ပိုဝင်တာ မဝင်တာထား။ မ,ရဲ့အငွေ့အသက်လေးတွေ မကင်းဘူးလို့ ခံစားရတာ ဒီအခန်းထဲ ဝင်ထိုင်နေရရင်ကိုပဲ ကြည်နူးရင်ဖိုနေတာ။

လောလောဆယ်တော့ မ,ရဲ့ပုံတူကားကိုပဲ အနုစိတ်ပြီး လက်စသတ်နေပါသည်။ လေးငါးရက်အတွင်း ဘာကားမှ အသစ်မဆွဲရသေး။ ဘယ်ဆွဲရမလဲ။ သူ့ကို အလိုလိုက်တဲ့ မ,





ကြောင့် ဟိုဘက်ခန်းက တီဗီကြီးပါ ဒီဘက်ရွှေ့ပြီး သီချင်းခွေတွေ ထိုင်ကြည့်၊ အိမ်က ဂိမ်းမ်စက် သယ်လာပြီး တီဗီမှာဂျိုင်းကာ ဂိမ်းမ်ဆော့။ အာလူးကြော်လေးစားလိုက် အစေ့လှော်တွေ ဝါးလိုက်။

မ,အိမ်ကို လှော်ဖွပ်လှည်းကျင်းလာလုပ်တဲ့ ကုလားမကြီးဟာ မ,အိမ်မှာ နှစ်ရှည်လများ လုပ်ခဲ့ကာ မ,နှင့် ရင်းနှီးယုံကြည်စိတ်ချရတဲ့သူမို့ မ,က သော့တစ်ချောင်း ပေးထားပါသည်။ တစ်ခါတစ်ရံ မ,အိမ်ပြန်တဲ့ ညနေဘက်မှ လာတတ်သလို တစ်ခါတစ်ရံလည်း နေ့လယ်ခင်းတို့မှာ သူ့ဟာသူ ဖွင့်ဝင်ကာ လုပ်စရာရှိတာ လုပ်သွားတတ်ပါသည်။

အဲဒီကုလားမကြီး လာတဲ့အချိန် ဟိုဘက်ခန်းကိုကူးပြီး ထမင်းလေး တစ်လုံးလောက်ချက်ပြီး ကြော်လေးနိုင်းတာတို့ ခေါက်ဆွဲထုပ်တွေရှာပြီး အဆာပလာတွေထည့်ကာ ပြုတ်ခိုင်းတာတို့၊ အသားပြားတွေ ပေါင်မုန့်တွေ ရှာဖွေပြီး ဆဲင်းဒဝစ်ချ်လိုလို ဘာဂါလိုလိုဟာမျိုး လုပ်ခိုင်းတာတို့နှင့် ညိုသစ်ငြိမ်း တစ်ယောက် စိမ်ကျနေပါသည်။

ညနေ မ,ပြန်လာမှာကိုမျှော်။ မ,ပြန်လာရင် မ,နားမှာ တွတ်တွတ် တွတ်တွတ်နှင့် အာလူးဖုတ်။ တကဝ်ကဝ်လှုပ်။

"ဟင် ... ကြည့်စမ်း၊ ဒီနေ့လည်း ဘာပုံမှ ဆွဲမထားဘူးလှုပျင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖရုံစေ့အခွံတွေကို ဒီလိုပဲ ပွကျဲထားစရာလား၊ မင်းဟာလေ လူကြီးကိုမဖြစ်ဘူး၊ စည်းကမ်းလည်း မရှိဘူး"

စသဖြင့် မ,ဆူတာတွေကိုခံ။ ဤသို့ဖြင့် တစ်နေ့တာကုန်ကာ တစ်ခါတစ်ရံတော့ ကိုယ့်ဟာကိုယ် အိမ်ပြန်။ တစ်ခါတစ်ရံတော့ မ,နဲ့ အပြင်ပြန်ထွက်ကာ ညစာထွက်စားလိုက်သေးသည်။ ခေတ်လေ့ကားနားက ရုပ်တည်ကြီးနဲ့ လုံခြုံရေးမှူးကြီးပင် ခုတော့ ညိုသစ်ငြိမ်းကို ကောင်းကောင်းမျက်မှန်းတန်းကာ ခပ်တည်တည်ကြီး ခေါင်းတစ်ချက်ဆတ်ပြတဲ့အဆင့် ရောက်နေပါပြီ။

❦ ☙ ❦

ဒေါ်ခင်လေးညိုသည် မျက်နှာချင်းဆိုင် ဆိုဖာပေါ်က နဒီကို တုန်လှုပ်သောရင်နှင့် စိတ်လှုပ်ရှားစွာ ငေးစိုက်နေမိသည်။ နဒီ လာမည့်နေ့ဆိုရင် သူ နှလုံးတုန် ရင်ခုန် ဖြစ်နေပြီ။ နဒီ စကားတွေကို ထိုင်နားထောင်နေရင်းက သွေးခုန်နှုန်းတွေပါ တက်လာတတ်သည်။

နဒီကို လူနာတစ်ယောက်အဖြစ် သူ ပြန်ပြောမည့်စကားများထဲမှာ ညိုသစ်ငြိမ်းရဲ့အမေ ရှုထောင့်က ပြောမည့်စကားမျိုး ညပ်ပါသွားမှာ ရောနှောသွားမှာ အကြောက်ဆုံးပင်။ သူဟာ Psychiatirst တစ်ယောက်။ ကိုယ့်ရဲ့လူနာအပေါ်မှာ သစ္စာစောင့်





သိရန်လိုသည်။ စိတ်ကျန်းမာရေး လာရောက်ကုသနေတဲ့ လူနာတို့ဟာ တခြားရောဂါဝေဒနာ ခံစားရတဲ့ လူနာတို့နှင့် မတူသည့်မှာ သူတို့ရဲ့ နိုက်နိုက်ချွတ်ချွတ် အတွင်းရေး အဖြစ်အပျက်တို့ကိုပါ ဆရာဝန်ထံ ယုံယုံကြည်ကြည် ဖွင့်အံရတာပင်။

သူ့စိတ်ထဲမှာ ဖြစ်နေတာတွေအထိ သိရမှလည်း သူ့စိတ်ရဲ့ကျန်းမာရေး၊ ပုံမှန်ဖြစ်ရေးတို့ကို ကူညီဆောင်ရွက်နိုင်မှာ။

"ကိုယ့်အပေါ် တကယ်မချစ်တဲ့ လူတစ်ယောက်နဲ့ လက်ထပ်လုနီးနီး ဖြစ်ပြီးမှ ပျက်ခဲ့ရတယ်၊ အဲဒီနောက်ကျမှ တကယ့်ကို ကိုယ့်အပေါ် နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်းချစ်တဲ့သူ တစ်ယောက်နဲ့ ဆုံခဲ့ရတယ်၊ ဒါပေမဲ့ မမရယ်၊ သူက ကျပြန်တော့လည်း ကိုယ်နဲ့လက်တွဲဖို့ရာအထိ အရွယ်မရောက် မရင့်ကျက်သေးဘူး"

"အင်း"

ဒေါ်ခင်လေးညိုက ခေါင်းကို တညိတ်ညိတ် လုပ်နေပါသည်။

"အနည်းဆုံး တချို့သောကိစ္စတွေမှာပေါ့နော် ကိုယ့်ဘဝကို သူ့ကိုပေးမယ်လို့ ဘဝနဲ့ရင်းပြီး ဘဝနဲ့ချီပြီး စွန့်စားပေးဆပ်တော့မယ် ဆိုရင်တော့ သူ့ကို လိုအပ်သလို ပြုစုပျိုးထောင်ပေးသွားဖို့ လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နဒီက အင်း ... သူ့ကို ဘဝနဲ့ရင်းပြီး ချစ်တာလို့ သေချာနေပြီလား"

ဒေါ်ခင်လေးညိုက စကားလုံးတို့ကို မတုန်လှုပ်အောင် သတိထားပြီး ပြောနေတဲ့ကြားက အနည်းငယ် ထစ်ငေါ့တုန့်ယင်သွားပါသေးသည်။ သေချာတယ်၊ မနက်ဖြန်တော့ ဒေါ်တင်တင်ဦးဆီပြေးရဦးမှာ။ နဒီ လာသွားပြီးပြီဆိုတိုင်း သူ့စိတ်တွေ ဆောက်တည်ရာမရ ဖြစ်ရကာ နောက်တစ်ရက် နှစ်ရက်အတွင်း ဒေါ်တင်တင်ဦးထံ ပြေးရတော့တာပင်။

အဓိက,ကတော့ နဒီ့ စကားတွေကို သူ လက်ခံနားထောင်နိုင်အား မရှိတာ။ သူ့ရဲ့ပြန်လှန်အားပေး ထောက်ပံ့တဲ့ ကုသတဲ့ စကားလုံးတွေထဲမှာ အငြိအစွန်းတွေ ပါသွားမှာကို သူ လက်မခံနိုင်ပါ။ လူနာရဲ့ ဆရာဝန်ဘဝ၊ လူနာ့ချစ်သူရဲ့ အမေဘဝ။ ထိုအခြေအနေ နှစ်မျိုးမှာ သူ ပြောရမယ့် စကားလုံးတွေဟာ တစ်မျိုးစီ ခြားနားနေသည်။ လူနာတစ်ယောက်ကို ပြောတဲ့ စကားမျိုးဖြစ်ဖို့ ဘယ်လိုပဲ ကြိုးစား ကြိုးစား၊ မသိလိုက် မသိဘာသာ ငြိချိတ်ထွက်ကျသွားနိုင်တဲ့ စကားလုံးတွေကို ကြိုးစားထိန်းချုပ်နေရတာ ပင်ပန်းလှပြီ။

"နဒီ သူ့ကို ချစ်မိတာတော့ အမှန်ပါ မမရယ်"

"အင်း"





"ဒါပေမဲ့ ဘဝနဲ့ကော ရင်းသင့်ရဲ့လားလို့ နေ့စဉ်နဲ့အမျှ တွေးမိတယ်၊ နဒီ ကံကြမ္မာကို မယုံဘူး ကြောက်တယ်၊ ကိုယ်နဲ့ လိုက်လျောညီထွေတဲ့ ဖြစ်သင့် ဖြစ်ထိုက်တဲ့ ရွေးချယ်သင့်တဲ့ အခြေအနေတစ်ခုတောင်မှ လက်ထဲရောက်လုနီးမှ လွတ်ကျသွားသေးတာပဲ၊ နဂိုကတည်းကိုက မသင့်တော်တဲ့ မဖြစ်ထိုက်တဲ့ အခြေအနေမျိုးဟာ ကြာကြာခံကော ခံပါ့မလား၊ တွေးလိုက်ရင် သိပ်မောတယ် မမရယ် ...

သူက နဒီ့ကို ပြောတယ်၊ နဒီက သူချစ်သလောက် မချစ်ဘူးတဲ့၊ သူ့အပေါ် စိတ်ကိုဖွင့်ပြီး အားလုံးမပေးဘူးပေါ့၊ မတရားဘူးတဲ့၊ နဒီ့အနေနဲ့ အသက်နှစ်ဆယ့်နှစ်နှစ် ကောင်ကလေးတစ်ယောက်နဲ့ အပြိုင်ရှူးသွပ်လို့ မရဘူးဆိုတာ သူ နားမလည်နိုင်ဘူးလေ ...

တစ်ချိန်မှာ အဲဒီလို နားမလည်နိုင်တာတွေ ဘယ်လောက်တောင် ရှိလာမလဲ။ မမ ! နဒီ ဘာဆက်လုပ်ရမလဲဟင်၊ နဒီ့ကို အကြံပေးပါဦး မမရယ်"

ဒေါ်ခင်လေးညိုက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ မဖြစ်တော့ဘူး။ တဖြည်းဖြည်းချင်းနဲ့ သူတို့ရဲ့ ခံစားချက်တွေဟာလည်း စိုးရိမ်မှတ်ကို မြင့်မြင့်တက်လာနေပြီ။ ကြားထဲက ဘယ်နေရာမှာ နေရမည်မသိတဲ့ ကိုးလိုးကန့်လန့် နိုင်လှသော သူ့

www.burmeseclassic.com

www.burmeseclassic.com



Position ဟာ ချောင်ထဲမှာ ပိတ်မိနေတဲ့ အနေအထားတစ်ခုကို ရောက်ရောက်လာခဲ့ပြီ။

"နဒီ"

ဒေါ်ခင်လေးညိုက ထိုင်ရာမှ ထ,ရပ်လိုက်ပါသည်။ လက်နှစ်ဖက်ကို လေထဲဖြန့် ပခုံးကိုတွန့်ကာ အတန်ကြာငြိမ်နေပြီးမှ ...

"နဒီ"

"ရှင်"

"Sorry ပါ နဒီ၊ မမ ဆက်မလုပ်နိုင်တော့ဘူး"

"ရှင် ! ဘာကို ဆက်မလုပ်နိုင်တာလဲ မမ"

"ဒီကိစ္စကြီး တစ်ခုလုံးကိုပဲ၊ တို့ ဆက်မရပ်တည်နိုင်တော့ဘူး၊ ဆက်မလုပ်နိုင်တော့ဘူး၊ နဒီရဲ့ Consultant အဖြစ်က တို့ နုတ်ထွက်မှ ဖြစ်တော့မယ်၊ ဆက်လုပ်ဖို့ မဖြစ်နိုင်တော့ဘူး"

နဒီက မတ်တတ်ရပ်နေတဲ့ ဒေါ်ခင်လေးညိုကို အံ့အံ့သြသြလေး မော့ကြည့်နေရင်း ...

"ဘာဖြစ်လို့လဲ မမ"

ဒေါ်ခင်လေးညိုက သက်ပြင်းကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ပါသည်။





"သူက တို့သားပဲ နဒီ"

"ရှင်"

နဒီက နားမလည်နိုင်စွာ ...

"ဘယ်သူလဲ မမ"

ဒေါ်ခင်လေးညိုက နဒီကို စာနာကြင်နာစွာ စိုက်ကြည့်နေရင်းက နဒီ ထိုင်နေတဲ့ ဆိုဖာရှည်ရဲ့တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်ပါသည်။ နဒီသည် ခေါင်းလေး ရှေ့တိုးကာ ဒေါ်ခင်လေးညိုကို စူးစိုက်ကြည့်နေရာမှ ...

"မမ"

တုန်လှုပ်သော အသံလေးတစ်မျိုးက နှုတ်ဖျားမှ အလန့်တကြား ခုန်ထွက်လာသည်။ ဒေါ်ခင်လေးညိုက နှုတ်ခမ်းနှစ်လွှာကို ဖိကြိတ်ထားရာမှ ...

"ဆောရီး ... နဒီ"

"ဘာရယ် မမ၊ သူက မမသား !!"

"ဟုတ်ပါတယ်"

"ညိုသစ်ငြိမ်းက !!"

"ဟုတ်တယ်"

နဒီ မျက်နှာသည် တစိမ့်စိမ့်နှင့် သွေးရောင်လျှမ်းတက်လာကာ မယုံကြည်နိုင်သော မျက်ဝန်းကြောင်ကြောင်လေးနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ညိုသစ်ငြိမ်းက မမ သားပေါ့"

"ဟုတ်တယ် နဒီ"

"ဒါ ... ဒါဖြင့် မမ နဒီအပေါ် သစ္စာမဲ့ခဲ့တာပေါ့"

ဒေါ်ခင်လေးညို ရင်မှာ နာကျင်ရပါသည်။

"သစ္စာမဲ့သလို ဖြစ်ကောင်း ဖြစ်သွားနိုင်ပေမယ့် အဲဒါ မမ လုပ်သင့်တယ်ထင်တာကို လုပ်ခဲ့တာပါ နဒီ"

နဒီသည် ရှက်ခြင်း ဝမ်းနည်းခြင်း ခံပြင်းခြင်းပါ ရောပြွမ်းကာ ကိုယ်ခန္ဓာလေးက တဆတ်ဆတ် တုန်လာပါသည်။ ဘုရားရေ ...။ ရှက်လိုက်တာ။ ညိုသစ်ငြိမ်းရဲ့အမေကို ညိုသစ်ငြိမ်း အပေါ် အရွယ်နဲ့မလိုက် စွဲလမ်းရူးသွပ်မှုများအကြောင်း ဆယ်ရက် တစ်ကြိမ် မှန်မှန် ရင်လာဖွင့်ခဲ့မိသလို ဖြစ်သွားပြီပေါ့။ အတွင်း ကျကျ ကိစ္စတွေအထိ။ လုံးဝ ဆရာစားမချန်ဘဲနဲ့လေ။ အားလုံး သိတဲ့ "ဇာ"အပေါ်တောင်မှ မပြောဖြစ်ဘဲ ဖုံးကွယ်ချန်ရစ်ထား တာတွေ ရှိသေးသော်လည်း ဒေါ်ခင်လေးညိုကိုတော့ ဘာကိုမှမချွင်း မချန်မိတဲ့အထိ ရင်တစ်ခုလုံးကို ဟာလာဟင်းလင်း ဖွင့်ပြထားခဲ့မိ ပါသည်။

"ဒီကိစ္စဟာ နဒီ့အတွက် အပေါ်ယံ စိတ်လှုပ်ရှားမှုလားလို့ မမ စောင့်ကြည့်ခဲ့သေးတာပါ၊ အဲဒါဆိုရင် ခုလိုတောင် ဝန်ခံဖို့ မလိုပါဘူး၊ အစစအရာရာဟာ တစ်ချိန်ချိန်မှာ





သူ့အလိုလို ပြီးသွားတော့မှာလေ၊ ခုတော့ ဝန်ခံဖို့ ဖွင့်ပြော ဖို့ လိုလာတယ် နဒီ၊ နဒီနဲ့ မမ ဒီကိစ္စ ဆက်လုပ်ဖို့ မဖြစ် နိုင်ဘူး၊ မမ နဒီ့ Therapist မလုပ်နိုင်တော့ဘူး"

နဒီသည် ရဲတွတ်နေတဲ့ မျက်နှာနှင့် ဒေါ်ခင်လေးညို ကို ဝမ်းနည်းရှက်ရွံ့စွာ စိုက်ကြည့်နေရှာသည်။ ထို့နောက် ဒေါသကို ဖုံးအုပ်ထားတဲ့ အသံတုန်တုန်နှင့် ...

"ဘယ်တုန်းကတည်းက သိခဲ့တာလဲ"

"ကြာပြီ၊ တစ်လလောက်တော့ ရှိပြီ"

"ဘာဖြစ်လို့ အခုမှ ပြောရတာလဲ"

"တို့ ပြောပြီကော၊ အရေးမပါတဲ့ အပေါ်ယံကိစ္စတစ်ခု ဖြစ်ခဲ့ရင်တော့ ..."

"အရေးပါပါ မပါပါ၊ မမ အစောကြီးကတည်းက နဒီ့ကို တားလိုက်လို့ ရပါတယ်"

"နဒီ့အတွက် ဦးစားပေးခဲ့တာပါ၊ နဒီ့အတွက် ဆွေးနွေး ကုသမှုကို လွယ်လွယ်ရပ်မပစ်လိုက်ရက်တာပါ"

နဒီက နာနာကျင်ကျင်နှင့် ခေါင်းကို ယမ်းခါလိုက် ပါသည်။

"မဖြစ်နိုင်ပါဘူး၊ နဒီ့အတွက် မမ မသိယောင်ဆောင်ပြီး ရှေ့ဆက်နေခဲ့တာ မဖြစ်နိုင်ပါဘူး၊ မမရဲ့သားအတွက်၊



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းကို မမ ထိန်းချုပ်နိုင်ဖို့အတွက် နဒီ့ကိုလက်မလွှတ်သေးဘဲ အသုံးချနေခဲ့တာ မဟုတ်ဘူးလား"

"လုံးဝမဟုတ်ဘူး နဒီ၊ နဒီ ထင်တာ မှားတယ်၊ ညိုသစ်ငြိမ်းကို ထိန်းချုပ်ဖို့ နဒီနဲ့ ဆက်တွေ့နေစရာ မလိုအပ်ပါဘူး၊ နဒီ့အတွက်ပါ၊ မင်းအတွက်ပဲကြည့်ပြီး ဒီအခြေအနေထဲမှာ တို့ ဆက်ပါနေခဲ့ရတာ"

"မယုံဘူး"

နဒီ့ ကိုယ်လေးက တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ မျက်လုံးအိမ်ထဲ တမုဟုတ်ချင်း ဝဲလျှံလာပါသည်။ မျက်နှာကိုတော့ အတတ်နိုင်ဆုံး မပျက်အောင်ထိန်းကာ ...

"နဒီ့ကို မမရဲ့လူနာတစ်ယောက်အဖြစ် မမက စိတ်ချမ်းသာအောင် အမြဲအားပေး မြှင့်တင်နေရမှာ၊ မမရဲ့သားကိုကျတော့ အသက်ကြီးကြီး မိန်းမတစ်ယောက်ဆီမှာ စွဲလမ်းနစ်မြုပ်မနေအောင် တားမြစ်ရမှာလေ၊ အဲဒီဆန့်ကျင်ဘက်နှစ်ခုကို တစ်ပြိုင်နက်မှာ မမ တစ်ကိုယ်တည်းက ဘယ်လိုလုပ်ပြီး ဆောင်ရွက်နေသလဲ"

ရှက်ရွံ့နာကျင် ပေါက်ကွဲနေတဲ့ နဒီ့ မျက်နှာလေးကို ဒေါ်ခင်လေးညိုက စိတ်မချမ်းမသာနှင့် ငေးစိုက် ကြည့်နေပါသည်။





"နဒီ ... မင်း ယုံချင်မှယုံပါ၊ ဒီကိစ္စအတွက် မမကိုယ်တိုင် Therapist နဲ့ သွားတွေ့နေရပါတယ်၊ တို့စိတ်ထဲမှာလည်း အရမ်းကို နှောက်ကျိုရှုပ်ထွေးသွားတာပါ၊ မစဉ်းစားနိုင် မဆုံးဖြတ်နိုင်အောင် ဖြစ်ရတာပါ၊ တို့ကိုယ်တိုင် မင်းရဲ့ Therapist ဖြစ်နေရတဲ့ အခြေအနေအပေါ် စိတ်ဓာတ်ကျခဲ့ရတာ ဦးနှောက်ခြောက်ခဲ့ရတာပါ၊ တို့သားဘက်ခြမ်းအတွက် တို့ခံစားရတာက သီးသန့်ပါ နဒီ၊ မင်းအတွက်ပိုပြီးဦးစားပေး ဆုံးဖြတ်ထားခဲ့တာပါ၊ ဒါပေမဲ့ ခုတော့ မင်း Therapist အသစ် ရှာလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အဲဒီမနက်က နဒီ ထွက်သွားတာ ဘာမှမကြာသေး၊ ခဏနေတော့ ဝုန်းဒိုင်း ဝုန်းဒိုင်း ပြန်ရောက်လာကာ စိတ်တွေကြီးနေတော့သည်မှာ ညိုသစ်ငြိမ်း အံ့သြငြိမ်ကျနေရအောင်ပင်။ ညိုသစ်ငြိမ်း မ,ရဲ့ကွန်ဒိုမီနီယမ်ကို ရှစ်နာရီမှာ ရောက်လာသည်။ မ,အပြင်မသွားခင် ဟိုရှုပ်ဒီရှုပ် အာလူးဖုတ်ပြီး မ,သွားတော့ ဟိုဘက်ခန်းမှာ ဂိမ်းမ်ဆော့ရင်း အာလူးကြော်ထုပ် ဝေဖာထုပ်တွေ ဖောက်စားနေတာ။

တံခါးခေါက်သံ ဘဲလ်သံတွေ ဝရုန်းသုန်းကားကြောင့် ဂိမ်းမ်ကို Pause လုပ်ကာ တံခါးဖွင့်တော့ မ,။ ဒေါသတကြီး ဝင်လာကာ ဂိမ်းမ်ချည်းပဲ ဆော့နေတာကိုလည်းကောင်း၊ မုန့်တွေကို စည်းမရှိ ကမ်းမရှိ စားထားတာကိုလည်းကောင်း၊ နောက် ဘာတွေကိုမှန်းမသိ တတွတ်တွတ် တပေါက်ပေါက် မြည်တွန်တောက်တီးပြီးနောက် ...



"ကဲ ... တို့နဲ့လိုက်ခဲ့စမ်း၊ မင်းကို ပြောစရာရှိတယ်"

ညိုသစ်ငြိမ်းသည် မာမီ ဆူတာ ခံရတာထက်ပင် ရင်တွေဖိုကာ လန့်စိတ်နှင့် နှလုံးခုန်သံပင် တဒုတ်ဒုတ် ပြန်ကြားနေရသည်။ လှပနုထွေးတဲ့ မ,ဟာ နီလိုလည်း အဘွားကြီးတစ်ယောက်လို ဇျစ်တောက် ဇျစ်တောက် လုပ်တတ်သလားလို့ အံ့အားလည်း သင့်နေသည်။ သူချစ်တဲ့ မ,ကို အဘွားတို့ မာမီတို့လို ပြစ်တင်ကြိမ်းမောင်း ဇျစ်တောက်တတ်မယ့် မိန်းမတစ်ယောက်လို့ ထည့်မှတ်မထားမိတာ။ ညီမလေးလိုပဲ အိညောင်အိညောင်လောက်ပဲ လုပ်တတ်မယ် ထင်တာ။

ကျောင်းမှာ ငယ်ငယ်က ဆရာမဆူတာ ခံရသကဲ့သို့ပင် ခပ်ရှိန်ရှိန် ခပ်လန့်လန့်နှင့် "ငါဘာအပြစ်တွေများ ကျူးလွန်မိပြီလဲ" တထိတ်ထိတ် သောကဖြစ်ကာ ကားပေါ်မှာ ဘာစကားမှတောင် မပြောရဲ။ နီမြန်းနေတဲ့ မ,ရဲ့မျက်နှာကို ခိုးခိုးကြည့်ပြီး အရမ်းပေါက်ရင် ငုံ့ခံရမှာလား၊ ပြန်ဆင်ခြေတက်ရမှာလား၊ နောင်ကို အကျင့်ပါမသွားအောင် မခံတဲ့ပုံ ပြရမလား တွေးမရဘဲ ရာများနေသည်။

ကားကိုတောင် ညိုသစ်ငြိမ်းကို ခါတိုင်းလို ချေးမခေါင်းဘဲ သူကိုယ်တိုင် မောင်းနေကာ ကားမောင်းပုံမှာလည်း စိတ်လှုပ်ရှားနေတာက သိသာနေသည်။ ညိုသစ်ငြိမ်းသည် ကြည်

www.burmeseclassic.com



ကြည်လင်လင် ပေါ့ပေါ့ပါးပါးသာနေချင်သူ နေတတ်သူဖြစ်ရာ ဤလိုအခြေအနေမျိုးကို စိတ်၌ကျဉ်းကျပ်ရှုပ်ထွေးသည်။ အဲဒါကြောင့်လည်း အိမ်မှာမနေဘဲ အသွားဆီ နေတာ။

ခဏအကြာတွင် ညိုသစ်ငြိမ်းက အရဲစွန့်ကာ ...

"မ,"

"......"

"မ, ဘာဖြစ်နေတာလဲ"

"ပြောစရာရှိတယ်၊ ဘယ်ကိုသွားရင် ကောင်းမလဲ၊ သေချာပြောမှဖြစ်မယ်"

ကားက ပြည်လမ်းပေါ်ရှိနေ၍ ညိုသစ်ငြိမ်းက —

"အင်းယားကန်စောင်း သွားပါလား မ,"

"သွားစရာလား အင်းယားကန်စောင်း၊ ငါက ကောင်လေးငယ်ငယ်တစ်ယောက်နဲ့တွဲပြီး ကန်စောင်းသွားထိုင်ရဦးမယ်ပွန်း"

"မ,ပဲ အေးအေးဆေးဆေး စကားပြောချင်တာဆို"

"ကျွတ်... သွားစရာနေရာကလည်း ရှားလိုက်တာ၊ တချို့နေရာတွေကျပြန်တော့ လွတ်လွတ်လပ်လပ် ပြောလို့ဆိုလို့မရ၊ တချို့နေရာတွေ ကျပြန်တော့ သူများအမြင်မတော်တယ်"





"မ, သူများအမြင်တွေ ဘာတွေ ဒီအချိန်မှာ ထည့်စဉ်းစားနေဖို့ မလိုပါဘူး၊ ဒေါသဖြစ်နေတာတောင် ဘေးပတ်ဝန်းကျင်ကို ငဲ့နေရသေးရင် ဘယ်သွားလွတ်လပ်တော့မှာလဲ"

"မင်းက ထည့်စဉ်းစားဖို့ မလိုပေမယ့် ငါကလိုတယ်"

"ငါလို့မပြောပါနဲ့ မ,ရယ်"

"ကျွတ်"

"ကန်တော်ကြီး သွားလိုက်ပါလား မ,"

"ဘာထူးလဲ၊ အင်းယားစောင်းလိုပဲပေါ့၊ လူရှင်းရှင်းနေရာ လာချိန်းတွေ့တာမျိုး မဖြစ်ချင်ပါဘူး"

"မ,ထင်သလို လူမရှင်းပါဘူး မ့၊ တကယ်ပါ၊ လူကိုမပြတ်တာ၊ သွားလာနေကြတာပါပဲ၊ မ,မရောက်လို့ မသိတာပါ"

"သွားလာနေသမျှကလည်း စုံတွဲတွေပဲ မဟုတ်လား၊ နေပုံထိုင်ပုံတွေက ပလူးပလဲတွေလေ၊ မြေကြီးပေါ် ထိုင်လိုထိုင်၊ ရေစပ်ထိုင်လိုထိုင်၊ လုံ့ကိုလုံအောင် ထီးနဲ့ကွယ်ထားတာတို့၊ လုပ်ချင်သလို လုပ်နေကြတာ၊ ကိုယ့်ကို အဲဒီနားမှာမြင်ရင် ကိုယ်လည်း အဲသလိုလုပ်ဖို့ ရောက်လာတယ် အထင်ခံရမှာပေါ့၊ သိက္ခာကျတယ်"

ညိုသစ်ငြိမ်းက သက်ပြင်းချလိုက်ကာ ...

"ကိုယ့်အိမ်မှာ ကိုယ်ပြောတာက ပိုတောင်ကောင်းဦးမယ်"

"လူရှင်းတဲ့ဆိုင်တစ်ဆိုင် သွားမယ်"

www.burmeseclassic.com



နောက်ဆုံးပိတ် သူ့ဟာသူ ဆုံးဖြတ်လိုက်ကာ နဒီက အင်းလျားလမ်းထဲက ဆိုင်တစ်ဆိုင်ဆီ ဝင်လိုက်ပါသည်။ စားပွဲတစ်ဝိုင်းစာ ခနိမိုးတဲကလေးတွေနှင့် လူလည်းရှင်း၊ လူရှင်းတဲ့အတွက်လည်း အမြင်မတင့်တယ်တာမျိုး ဖြစ်မနေတဲ့ နေရာကလေးပင်။ ဆိုင်က ခနိမိုးတဲလေးတစ်လုံးထဲ ထိုင်မိကြတော့ မီနူးကို ကောက်ကိုင်ကာ ညိုသစ်ငြိမ်းက ဘာမှာရကောင်းမလဲ လျှောက်ဖတ်နေစဉ် ...

"ကြည့်မနေနဲ့တော့၊ ကပ္ပူးချီးနိုးနှစ်ခွက်၊ ပုစွန်ကော်ပြန့်ကြော် အသေးလေးတွေ တစ်ပွဲ၊ ဒါပဲ ချပေး"

စားပွဲထိုးကို နဒီကပဲ လှည့်မှာလိုက်၍ ညိုသစ်ငြိမ်းက အီလည်လည်နှင့် မီနူးကို ပြန်ချထားလိုက်ပါသည်။

"မင်းလည်း မကောင်းဘူး"

"ဗျာ"

"ဘာကိုမှ အလေးအနက်ကို မရှိဘူး၊ ဆော့မယ် ကစားမယ်၊ စားမယ် သောက်မယ် ဒါပဲ၊ တို့ အခု ဒီလောက် စိတ်တွေလှုပ်ရှား ဖြောင်းဆန်လာတာကို သိရက်နဲ့ စကားပြောဖို့သက်သက် လာပါတယ်ဆိုမှ အေးအေးဆေးဆေး မီနူးဖတ်နေနိုင်သေးတယ်၊ စားဖို့ ခေါင်းထဲရောက်နေသေးတယ်"

ညိုသစ်ငြိမ်းက နည်းနည်းတော့ ကျွဲမြီးတိုသွားပါသည်။ မာမီတောင် ဒီလောက် ဒေါသဖြစ် ပေါက်ကွဲနေရင် ညိုသစ်ငြိမ်းက ဆက်နားမထောင် အနားမနေတော့။ ကျောကော့ထွက်သွားလိုက်ပြီ။ အဲသလို ဟဲဗီးမက်တယ်လ်တွေ နားမထောင်ချင်ပါ။ အာရုံနောက်ကျိရသည်။

"မ, ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲ"

နဒီက အသက်ရှုသံမြန်နေပြီးမှ ...

"မင်းအမေ ငါ့အပေါ် သစ္စာမဲ့တယ်"

"ဗျာ"

ညိုသစ်ငြိမ်း ဘယ်လိုမှ နားမလည်လိုက်။ ခေါင်းထဲရှုပ်ထွေးသွားရသည်။ အဲဒီနောက်တော့ တစ်လုံးပြီးတစ်လုံး မွှင့်အန်သွန်ကျလာတဲ့ နဒီရဲ့ ရင်ဖွင့်စကားတွေကို အံ့ဩတကြီး နားဆင်ရပါသည်။ ကျဉ်းလိုက်တဲ့ လောကကြီးနှယ်။ ဘယ်လိုတွေလာတွေ့ပတ်သက်နေပါလိမ့်။ သူချစ်တဲ့ မိန်းမက သူ့အမေရဲ့ Patient ဖြစ်နေပြန်ရောတဲ့။ သေပါတော့ကွာ။

စိတ်ထိခိုက် လှုပ်ရှားစွာ ပြောရင်း ဆိုရင်း မျက်ရည်ရှိုက်လာလိုက်။ မျက်နှာနီမြန်းတင်းမာသွားလိုက်။ ခေါင်းတယမ်းယမ်း မဲ့ပြုံးလိုက်။ ငိုမလို ဖြစ်လိုက်။ သူ အားကိုးလွန်းပြီး ယုံကြည်ပုံအပ်ကာ အတွင်းရေးအကုန် ဖွင့်ဟာအပ်နှံခဲ့တဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က သူ့ကို သူ့သားနဲ့ သဘောမတူနိုင်တဲ့ ယောက္ခမလောင်း ဖြစ်နေတယ်ဆိုတာဟာ တကယ်တော့လည်း အလွန်အမင်း ခံပြင်းစရာပေပဲ။

"ကဲ ... ကြည့်စမ်း၊ အဲဒါ ဘယ်လိုဆက်လုပ်မလဲ"

"မသိဘူးလေ"

"ဘာမသိဘူးလေလဲ၊ မင်းအမေက တို့အပေါ် မတရားလွန်းရာ ရက်စက်ရာ မကျဘူးလား ဟြာ"

"မ,က ဘာဖြစ်လို့ အားလုံးသွားလျှောက်ပြောလဲ"

"ဟာ ... သူက ငါ့ဆရာဝန်လေ"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့လည်း ပြောသင့်သလောက်ပဲ ပြောပေါ့"

"ဆရာဝန်မှ ရိုးရိုး ငါ့ရောဂါကို ကုတာမဟုတ်ဘူးလေ၊ ငါ့ရဲ့ကျဆင်းနေတဲ့စိတ်တွေ ရှုပ်ထွေးနေတဲ့စိတ်တွေ အထီးကျန်ဆန်နေတဲ့စိတ်တွေကို အားပေးမြှင့်တင်ပေးနေတဲ့ Therapist ၊ ဒီတော့ စိတ်ထဲရှိတာ မချွင်းမချန် အားလုံးဖွင့်ပြောမိတာပေါ့၊ ရင်ဖွင့်ကိုလည်း ဖွင့်ရမှာပဲလေ"

"ဒါတော့ ဒါပေါ့၊ ကျွတ် ..."

ညိုသစ်ငြိမ်းက စိတ်မသက်မသာနှင့် ခေါင်းယမ်းကာ စိတ်မပါ လက်မပါ တစ်ချက် ရယ်လိုက်မိပါသည်။

"မင်း ဘာရယ်တာလဲ ညိုသစ်ငြိမ်း"





"....."

"ငါ ဒီလောက်ဖြစ်နေတဲ့ အချိန်မှာ မင်းက ရယ်နေနိုင်တယ် ဟုတ်လား"

"အာ ... မ,ကလည်း၊ မ,ကို ရယ်တာမှ မဟုတ်တာ၊ အဖြစ်အပျက်ကို စဉ်းစားကြည့်လေ၊ ရယ်ချင်စရာကြီးလေ၊ ကျွန်တော့်မာမီကိုမှသွားပြီး မ,က ကျွန်တော်နဲ့ ပတ်သက်တဲ့ အကြောင်းတွေ ရင်ဖွင့်မိတာ၊ ဟား ဟား၊ သူခိုးလက်ထဲမှ ရွှေထုပ်ကြီး အပ်မိရက်သား ဖြစ်နေသလိုပဲ၊ ဟား ဟား"

ညိုသစ်ငြိမ်း အတွက်တော့ ဒီအဖြစ်ကြီးက စိတ်လည်းရှုပ်စရာ ရယ်လည်း ရယ်ချင်စရာ ဟာသကြီး ဖြစ်နေသည်။ နဒီအဖို့ကတော့ ရယ်စရာ တစ်ကွက်မှမပါ။ နဒီသည် သူ့ရဲ့အခွင့်အရေးတစ်ရပ် ချိုးဖောက်ခံရတယ်ရယ်လို့ နာကျင်နေပါသည်။

"လုံးဝရယ်စရာမဟုတ်ဘူး ညိုသစ်ငြိမ်း၊ ဒီကိစ္စက ခံပြင်းရမှာ"

ညိုသစ်ငြိမ်းက တင်းထန်နေတဲ့ နဒီမျက်နှာကို ကြည့်နေလိုက်ပါသည်။

"အစစအရာရာ အသေးစိတ်ကို သူ သိသွားပြီ၊ ငါကလည်း လုံခြုံတယ်ထင်လို့ ဖွင့်ပြောမိတာပေါ့၊ ခုတော့ ကြည့်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



သိသိချင်း ပြောတာလည်း မဟုတ်ဘူး၊ သူသိတာ ကြာနေပြီ၊ ဒါပေမဲ့ တို့ကို မပြောဘူး”

“ဟုတ်ပါတယ်၊ အချိန်ကြာကြာထိ ဖွင့်မပြောဘဲ ဆက်ဖုံးထားတာတော့ မ,အနေနဲ့ စိတ်ဆိုးစရာပါ၊ ဒါပေမဲ့ မာမီအကြောင်း ကျွန်တော် သိပါတယ် မ,၊ ကျွန်တော် သူ့သားပါ၊ မာမီ ခုလိုလုပ်တာဟာ သူ ကူညီပေးနေတဲ့ သူ့ရဲ့လူနာအပေါ် ဂရုစိုက်တဲ့အနေနဲ့ လုပ်တာပါ”

“တို့ကို ဂရုစိုက်တဲ့အနေနဲ့ !! ”

နဒီက မဲ့မဲ့လေးမေးကာ ခေါင်းကို ယမ်းပစ်လိုက်ပါသည်။

“မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး”

“ဟုတ်ပါတယ် မ,၊ မ,ကို ဆက်ကြည့်ပေးဖို့ ရှိနေတဲ့အတွက် မာမီက မ,ကို ဖွင့်မပြောဖြစ်တာ နေမှာပါ၊ မာမီက သူ့လူနာအတွက် အမြဲရှေ့တန်းထားပြီး ကြည့်တဲ့ဆရာဝန်ပါ”

“လုံးဝမဟုတ်နိုင်ဘူးကွာ”

ညိုသစ်ငြိမ်းက သက်ပြင်းတစ်ချက်မော့ပြီး မှုတ်ထုတ်လိုက်ပါသည်။

“သူက မင်းအမေလေ”





“ဟုတ်တယ်လေ”

“ငါနဲ့လည်း သဘောမတူနိုင်ဘူးလေ၊ ဒီတော့ မင်းကို ထိန်းချုပ်ကိုင်တွယ်နိုင်အောင် မင်း ဘာတွေလုပ်နေတယ်၊ မင်းခြေလှမ်းတွေ ဘယ်လိုတွေရှိတယ်၊ ဒါတွေကိုသိဖို့ ငါ့ကို အသုံးချတာ၊ ငါ့အပေါ် လုပ်စားတာ”

ညိုသစ်ငြိမ်းက စိတ်မကောင်းဖြစ်ကာ မျက်နှာပျက်ပျက်နှင့် ...

“မာမီက သူ့လူနာတစ်ယောက်ကို ဘယ်တော့မှ ဒီလိုမလုပ်ပါဘူး”

“မင်း ဘယ်လိုလုပ် သေချာသိမှာလဲ”

“ကျွန်တော် သူ့သားပဲ၊ ရှေ့မှာလည်း အဖြစ်အပျက်သာဓကတွေ အများကြီးရှိတာပဲ၊ မာမီ့အဖို့ သူ့လူနာဟာ နံပါတ်တစ်ပဲ၊ မာမီ ကျွန်တော့်ကို ထိန်းတယ် ချုပ်ကိုင်တယ် မှန်ပါတယ်၊ မငြင်းပါဘူး မ,ရယ်၊ ဒါပေမဲ့ ဒီလို ကျွန်တော့်ကိုထိန်းဖို့ ကျွန်တော့်ကို ချုပ်ကိုင်ဖို့အတွက် မ,ကို အသုံးချတယ်လို့ မ,ထင်နေတာတော့ လုံးဝမှားပါတယ်၊ လုံးဝမဖြစ်နိုင်ပါဘူး”

“အစောကြီးကတည်းက ဖွင့်မပြောချင်ရင်တောင် တစ်နည်းနည်း လွှဲပြီး တို့နဲ့ Consulting လုပ်နေတာကို ရပ်ပစ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မရပ်လဲ၊ ဒါဟာ မင်းနဲ့ တို့ရဲ့အခြေအနေကို တို့ ဆီကသိရဖို့ပေါ့"

"မ,ကို ရပ်မပစ်တာက မ,ဟာ သူနဲ့ဆက်တွေ့ ဆက်ကုနေဖို့ လိုအပ်တဲ့ အခြေအနေမှာ ရှိနေသေးလို့ ဖြစ်မှာပါ၊ မ,ထင်သလိုဆိုရင် မ,ဆီက မာမီသိရတဲ့ တိကျသေချာတဲ့ အချက်အလက်တွေကိုသုံးပြီး ကျွန်တော့်ကို တားမှာပေါ့၊ မင်းတို့ ဘယ်သွားတယ် မဟုတ်လား၊ ဘာလုပ်တယ် မဟုတ်လား ဆိုတာမျိုးတွေ မာမီ ကျွန်တော့်ကို တစ်လုံးမှ မပြောခဲ့ဘူး၊ နို့မို့ရင် မာမီသာ မ,ကိုအသုံးချပြီး ကျွန်တော့်ကို ပြန်ချုပ်ကိုင်တယ်ဆိုရင် မ,ဟာ မာမီ့ Patient ဆိုတာ ကျွန်တော် အစောကြီး သိနေရမှာပေါ့ ...

ကျွန်တော့်ကိုပါ မာမီ ဘာမှမပြောခဲ့တာ၊ မ,ရဲ့စကားတွေကို အဲဒီ Consulting room ထဲမှာပဲ မာမီ ထားပစ်ခဲ့တာပါ"

နဒီက လက်ပိုက်၍ ခုံမှာမှီထိုင်နေကာ ညိုသစ်ငြိမ်းကို မခံချိမခံသာကြည့်ကာ နားထောင်နေရင်းက ...

"တော့"

ညိုသစ်ငြိမ်း စကားကို ရပ်ပစ်လိုက်ပါသည်။ ဆက်ပြောနေဖို့ စိတ်ရှည်လက်ရှည် မရှိတော့၍ မပြောလိုတော့သော်





လည်း မ,ရဲ့အနေအထားကို သူ ကိုယ်ချင်းစာပါသည်။ မ,ဟာ သူ့ကိုသဘောမတူဆိုတဲ့ ညိုသစ်ငြိမ်းရဲ့မိခင်အပေါ် ကြည်ကြည်ဖြူဖြူ နားလည်မှု ရှိနိုင်ခဲ့သားပဲ။ အခုဟာက အဲဒီ ညိုသစ်ငြိမ်းအမေဟာ သူ့ Therapist ဖြစ်နေလို့သာ အကြီးအကျယ် ခံပြင်းသွားတာ။ ရှက်သွားတာ။

မာမီ့ထံမှာ ဘယ်လောက်ထိအောင်တောင် ရင်ကိုဖွင့်ပြထားခဲ့သလဲမှ မသိတာ။ ညိုသစ်ငြိမ်းလည်း ဘာဆက်ပြောပြီး ဘယ်လိုဆက်နှစ်သိမ့်ရမယ် မသိတော့ပါ။ လောလောဆယ် မ,ရဲ့ခံပြင်းနာကျင်မှုက ကြီးထွားနေတော့ ညိုသစ်ငြိမ်းက စိတ်ကိုလျှော့ကာ နှုတ်ဆိတ်နေလိုက်ရပါသည်။

ဒေါ်ခင်လေးညိုက သူ့ရှေ့က ဆိုဖာရှည်မှာ ဝင်ထိုင်နေတဲ့ ညိုသစ်ငြိမ်းကို ခပ်တင်းတင်းကြည့်ရင်း ...

"မင်းဆီက မကျေနပ်ချက်တွေကို လက်ခံဖြေရှင်းပေးနေဖို့ မာမီ့မှာ အချိန်မရှိဘူး ညိုသစ်ငြိမ်း၊ သုံးနာရီမှာ Patient တစ်ယောက် လာစရာရှိတယ်"

"ခုမှ နှစ်နာရီပဲ ရှိသေးတာပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



“တော်ကြာလာမယ့် Patient ရဲ့ History file ကို ငါ ပြန်လှန်လှောရဦးမယ်၊ သူနဲ့ ဘာတွေပြောထားတယ် ဆိုတဲ့ မှတ်တမ်းကို ပြန်ဖတ်ထားရဦးမယ်”

“မာမီ့ဆီမှာ မ,ရဲ့မှတ်တမ်းလည်း ရှိမှာပေါ့နော်၊ မရေနဒီ ဆိုတဲ့ Patient နဲ့ ဘာတွေပြောထားတယ်ဆိုတာ မာမီ ခဏ ခဏ ပြန်ဖတ်နေမှာပဲနော်”

“မင်း ဘာတွေလာပြောနေတာလဲ ညိုသစ်ငြိမ်း၊ လောလောဆယ် ငါ့အခန်းထဲမှာ လူနာမရှိပေမယ့် ဒါ ငါ့အလုပ်ချိန်ပဲ၊ အနှောင့်အယှက် လာမပေးစမ်းပါနဲ့”

“မာမီ့ အချိန်ဆိုရင် အလုပ်သဘောပဲ ပြောတော့မယ်၊ အခု သားကိုစာရင်းသွင်းလိုက်ပါ၊ မာမီ့ဆီမှာ Consulting Fees ပေးပြီး သားကိစ္စကို ဆွေးနွေးမယ်”

ဒေါ်ခင်လေးညိုက ဒေါသတစ်ဝက် စိတ်ပျက်တစ်ဝက် မျက်နှာနှင့် ညိုသစ်ငြိမ်းကို စူးစူးရဲရဲ ကြည့်နေပါသည်။

“မာမီ ... သား ပြောရမှ ဖြစ်မယ်”

“သွား ...၊ နော်စတယ်လာဆီမှာ မှတ်ပုံတင်၊ မင်းအတွက် အချိန်နာရီဝက်ပဲ ပေးနိုင်မယ်၊ ပြီးရင် တစ်ခါတည်း ကျသင့်ငွေ ရှင်းသွား၊ နော်စတယ်လာ”





မာမီက စိတ်လိုက်မာန်ပါနှင့် သူနာပြုကို ကုန်းအော်ခေါ်ကာ ညိုသစ်ငြိမ်းကို မှတ်ပုံတင်စာရင်းသွင်းဖို့၊ ပြီးရင်ကျသင့်ငွေ တွက်ယူဖို့ ညွှန်ကြားပါသည်။ ညိုသစ်ငြိမ်းက အောင့်သီးအောင့်သက်ပြုံးလျက် ညွှန်ကြားချက်အတိုင်း လိုအပ်တာတွေ လုပ်ရပါသည်။ လောကကြီးမှာ ခွကျလိုက်တာ ဆိုတာ၊ ကိုယ့်အမေကိုများ နာရီတွက်နဲ့ ပိုက်ဆံရှင်းပြီး စကားပြောရသေးသည်။ သူများကြားရင် ယုံနိုင်စရာ မရှိတာ။

ညိုသစ်ငြိမ်းက အတွင်းခန်းထဲပြန်ဝင် ဆိုဖာမှာထိုင်ကာ ...

“မာမီ လုပ်ပုံက မ,အပေါ် Ethical လုံးဝမဖြစ်ဘူး၊ အရှက်ဆိုးလွန်းတယ်”

“အေး ... အဲသလို Ethical မဖြစ်မှာစိုးလို့ ငါကိုယ်တိုင်တောင် ငါ့ရဲ့စီနီယာ ငါ့ဆရာမ Psychiatrist ဒေါ်တင်တင်ဦးနဲ့ သွားသွားတွေ့ခဲ့ရတယ် ညိုသစ်ငြိမ်း၊ စသိလိုက်တာနဲ့ ငါ နဒီကို ဆက်ကုသချင်ဦးမယ်များ မင်း ထင်လား၊ သူ ပြောနေတဲ့ မင်းနဲ့ သူ့ရဲ့ ရင်းနှီးခင်တွယ်မှုတွေ သံယောဇဉ်တွေ ပလူးပလဲ ရင်ခုန်စရာ အဖြစ်အပျက်တွေ ဒါတွေကို သွေးတွေတိုး နှလုံးခုန်တွေမြန်ပြီး ငါ နားထောင်ခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက နားထောင်ချင်မှာလဲ၊ ကိုယ့်ရဲ့သားနဲ့ အသက်ဆယ့်နှစ်နှစ် ပိုကြီးတဲ့ မိန်းမတစ်ယောက်ရဲ့ ကယုကယင်စာတ်လမ်းကို မျက်နှာမပျက်အောင် ဣန္ဒြေဆည်နားထောင်ရတာ ငါ့အဖို့ ဘယ်လောက် ပင်ပန်းဆင်းရဲတယ် ထင်သလဲ"

"မာမီ ဆက်မလုပ်နဲ့ပေါ့"

"သူ့အခြေအနေက ရပ်ပစ်လို့မှ မရသေးဘဲ၊ ရပ်ပစ်ဖို့ရာလည်း အကြောင်းပြချက် ပေးရဦးမယ်လေ၊ မင်း ကောင်းသွားပြီ လာစရာ မလိုတော့ဘူးလို့ ငါ ညာမပြောနိုင်ဘူး၊ နောက်တစ်ယောက်ဆီ ပြောင်းဖို့ပဲ ညွှန်နိုင်တာ၊ အဲသလိုပြောင်းလဲတာဟာ ဘာကြောင့်လို့ ငါ အကြောင်းပြရမှာလဲ၊ သူ့အကြောင်း ငါပဲ အစအဆုံး သိထားတာ၊ နှစ်ကြိမ်မြောက်မို့လို့ သူ့စိတ်ကလေးက အထိမခံ ရွှေပန်းကန်ဆိုသလို ရွရွကလေး ဖြစ်နေတာ၊ အမှားအယွင်း တစ်ခုခုကြောင့် ဆိုးကျိုးတစ်ခုခုလည်း ဖြစ်သွားနိုင်တယ်ဆိုတာကိုငဲ့ပြီး ငါ မလုပ်ချင်တာကို လုပ်ခဲ့ရတာ"

"အခုကော ဆိုးကျိုးမဖြစ်နိုင်ဘူးလား မာမီ၊ ခုနက မ,တအရမ်းတုန်လှုပ်ချောက်ကွဲနေတာ"





"အဲဒီအတွက် မာမီလည်း ဘယ်လိုစိတ်ထိခိုက်နေလဲ မင်း မသိပါဘူး ညိုသစ်ငြိမ်း၊ ကိုယ့်ရဲ့ Patient တစ်ယောက်ကို ကိုယ်တိုင်က ဝေဒနာဒဏ်ရာပေးမိသလို ဖြစ်သွားပြီလားဆိုပြီး စိတ်ဆင်းရဲနေတယ်၊ ဒီလို မလုပ်လို့လည်း မရတော့ဘူး၊ ခုတောင် သူ မာမီ့ကို ဘယ်လိုစွပ်စွဲသလဲ၊ ဒီထက်ကြာလေ ဒီထက်အပြစ်ကြီးလေလည်း ဖြစ်ရဦးမယ်၊ မာမီ မပြောဘဲ သူ့ဟာသူ တစ်နေရာက သိသွားရင် ပိုဆိုးမယ်၊ မာမီလည်း ပိုသိက္ခာမဲ့မယ်၊ အကြောင်းကြောင်းကိုကြည့်ပြီး ဒီလိုလုပ်လိုက်ရတာ ..."

မပြောခဲ့တုန်းကရော အခုပြောတဲ့ အခါမှာရော၊ သူ့အတွက် သူ့ကိုပဲပိုပြီး ရှေ့တန်းတင်ကြည့်ပေးခဲ့တယ်၊ သူ ထင်ချင်သလိုထင်နိုင်တယ်၊ မာမီ သူ့အပေါ် စေတနာထားခဲ့တာ အမှန်ပဲ၊ မင်းကပါ မာမီ့ကို မယုံသင်္ကာဖြစ်စရာလား၊ ကိုယ့်အမေဟာ သူ့လူနာတွေအပေါ် ဘယ်လိုသဘောထားရှိတယ် ဆိုတာတောင် မင်း နားမလည်နိုင်ဘူးလား"

"သား နားလည်တယ်၊ မာမီ မနဒီကို စေတနာထားပြီးကြည့်ခဲ့တာဖြစ်မှာကို သား ယုံပါတယ်၊ သူ့ကိုလည်း ဒီအတိုင်းပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သားအတွက်တောင် ကိုယ် မကြည့်ခဲ့ဘူး၊ လူနာအတွက်ပဲ ပိုကြည့်ခဲ့တာ၊ မင်းတို့ချင်း တွဲနေတာ ပတ်သက်နေတာက မင်း ဆုံးဖြတ်ချက်နဲ့ မင်း ရွေးချယ်မှုပဲလေ၊ မင်းတို့ကိစ္စပဲ"

ဒေါ်ခင်လေးညိုက ညိုသစ်ငြိမ်းကို စေ့စေ့ကြည့်ရင်း ...

"မင်း အခု ဘာဆက်လုပ်မှာလဲ"

"ဒီတိုင်းပဲပေါ့ မာမီ"

"မင်းဘဝရှေ့ရေးအတွက် မင်း အကောင်းဆုံး ဆုံးဖြတ်တတ်လိမ့်မယ်လို့ မာမီ မျှော်လင့်တယ်၊ မင်း မိန်းမတစ်ယောက်ကိုတောင် ချစ်တတ်နေပြီပဲ ညိုသစ်ငြိမ်း၊ အချစ်ကို ပတ်သက်မယ် စိတ်ကူးရင် ဘဝကို ချန်ထားရစ်ခဲ့လို့ မရဘူးသား၊ အချစ်စစ်တိုင်းမှာ ဘဝရှေ့ရေးက တွဲပြီးပါနေတယ်၊ မင်းကို ထည့်တွက်ထားတဲ့သူ ရှိလာသလို မင်း ထည့်တွက်ရမယ့်သူလည်း ရှိလာပြီ သား"

ညိုသစ်ငြိမ်းက ခေါင်းကို ငုံ့ချကာ ...

"သား ... မ,ကို ချစ်တယ် မာမီ"

ဒေါ်ခင်လေးညိုသည် သူ ကိုးလလွယ် မွေးခဲ့ပြီး ဒီအရွယ်ရောက်သည့်တိုင် အရိပ်ကြည့် ပြုစုပျိုးထောင်ခဲ့သော သားလူပျိုကို ခပ်ဆွေးဆွေး ငေးမောကြည့်နေမိပါသည်။ တစ်ချိန်ကျတော့ မိဘရင်ခွင်မှ ခွဲခွာထွက်ကြမှာချည်း ဖြစ်ပေမယ့် သူတို့ ဦးတည်ရည်ရွယ်တဲ့ လမ်းကြောင်းကို ရွေးချယ်မှုမှန်ကန်စေလိုသေးသည်။



ခုချိန်မှာတော့ မင်းရဲ့အချစ်စိတ်တို့က မှုန်နေဦးမှာပေါ့ သားရေ။ မင်း အသက် သုံးဆယ်မပြည့်ခင် လေးဆယ်ကျော်သွားမယ့် မိန်းမတစ်ယောက်အပေါ် မင်းအချစ်က တစ်သက်လုံး ခိုင်ခိုင်မာမာ ချည်နှောင်နေမလား။ တွဲရုံတွဲနေကြသေးတဲ့ အဆင့်မှာပဲ အမြင်ချင်း သဘောထားချင်း သေးသေးကွေးကွေး ကွဲလွဲမှုတွေ အခါခါ ကြုံရတယ် မဟုတ်လား။ တကယ်တမ်း လက်တွဲပြီး အိမ်ထောင်ဘဝတစ်ခုကို ထူထောင်လိုက်တဲ့ အခါကျမှ ကြီးကြီးမားမား ကွဲလွဲမှုမျိုးဆိုတာတွေ ရှိလာမှာပါ။

"သားကို မာမီတို့က အုပ်ထိန်းမှု လိုတာထက်ပိုတယ်၊ ထိန်းချုပ်လွန်းတယ်လို့ မင်း ထင်တယ်၊ ထင်လို့လည်း အဘွားအိမ်မှာ ပိုလွတ်လပ်အောင် သား သွားနေခဲ့တာပေါ့၊ မာမီ သားကို ထိန်းချုပ်တယ်ဆိုတာ လူတစ်ယောက်အဖို့ မရှိမဖြစ် လိုအပ်တဲ့ အခြေခံစည်းကမ်းချက်လေးတွေမှာ ထိန်းခဲ့ချုပ်ခဲ့တာပါ၊ မာမီ ကိုယ်တိုင်က Psychiatrist တစ်ယောက်ပါ၊ အခုလို နှလုံးသားရေးရာ မေတ္တာရေးရာတွေမှာတော့ ကိုယ့်သားသမီးရဲ့စိတ်ကိုပင်လျှင် မာမီ မချုပ်နှောင်ချင်ပါဘူး သား ...

www.burmeseclassic.com

www.burmeseclassic.com



ရေနဒီနဲ့ ပတ်သက်လို့ သားမှာ အလေးအနက် စိတ်ထား ဘယ်လောက် နက်ရှိုင်းသလဲ မသိရခင်တုန်းက၊ မင်းနဲ့ မင်းထက်အသက်တော်တော်ပိုကြီးတဲ့ မိန်းကလေး တစ်ယောက် တွဲနေတာ သိသိချင်းတုန်းက ဖြတ်ပစ်လိုက်လို့ မာမီ အလွယ်လေး ပြောခဲ့ပေမယ့် အခုလောက်ထိ အခြေအနေတွေ ချည်နှောင်မှုရှိလာတဲ့ အခါမှာတော့ သားကို မာမီ ဘာလုပ်ပါလို့ တစ်ချက်လွှတ် မပြောတော့ပါဘူး သား ...

သားဟာလည်း သွေးနဲ့ သားနဲ့ ဦးနှောက်နဲ့ အသည်းနှလုံးနဲ့ပဲ၊ မင်းအဖို့ လိုအပ်တာကို မင်း ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ရမယ်လို့ မာမီ နားလည်ထားပါတယ်၊ မာမီ့စကားဆိုရင် ဒါဟာ မာမီ့ဆန္ဒပဲ ဖြစ်နေလိမ့်မယ်၊ မင်းတို့နှစ်ယောက်ဆန္ဒကို မစွက်ဖက်ချင်လို့ မာမီ သူ့ကို ဆက်လုပ်မပေးနိုင်တော့ဘူးလို့ ပြောလိုက်တာ၊ မာမီ့စိတ်ထဲက မာမီဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုက Patient ပေါ်မှာ သက်ရောက်မှု ရှိသွားရင် အခြေအနေတွေ ရှုပ်ထွေးလာနိုင်စရာ အကြောင်းရှိလို့ မာမီ ရပ်ပစ်တာ၊ ဆက်မလုပ်သင့်ဘူး ထင်လို့ မာမီ ရပ်ပစ်တာ ...





ဆက်မလုပ်သင့်ဘူးလို့ထင်တဲ့ အယူအဆထက်ကို သူ့ကို ပိုဦးစားပေးခဲ့လို့ သူ့အတွက် ပိုထည့်တွက်ပေးခဲ့လို့ အခုမှ ဖွင့်ပြောဖြစ်တာ၊ ဒီကိစ္စရပ်ပေါ်မှာ မာမီ့အနေနဲ့ ဘာအကြောင်းအရာအတွက်မှ အမြတ်မထုတ်ခဲ့ဘူး၊ မတရား မလုပ်ခဲ့ဘူး၊ သစ္စာမမဲ့ခဲ့ဘူး ဆိုတာ သူရော မင်းရော နားလည်ဖို့လိုတယ် ညိုသစ်ငြိမ်း”

မာမီ့ကို ညိုသစ်ငြိမ်း နားလည်းလည်သည်။ ယုံလည်း ယုံကြည်သည်။ မာမီ မပြောခင်ကတည်းက ဒီလိုအတိုင်း ယူဆထားပြီးသားပင်။ ခက်နေတာက နဒီ။ နဂိုကတည်းကို အပြင်းအထန် တုန်လှုပ်စိတ်ဆင်းရဲရခြင်းအပေါ် ခံနိုင်ရည်မရှိတဲ့ သူတစ်ယောက် ဖြစ်တဲ့အတွက် ခုကိစ္စအပေါ်လည်း မ,ရဲ့ခံစားချက်ဟာ တစ်ဖက်စွန်းရောက်နေသလားလို့ ညိုသစ်ငြိမ်း တွေးမိသည်။ ကိုယ် (သို့မဟုတ်) မာမီဟာ မ,ကို ဝေဒနာဖြစ်စေခဲ့သလားလို့ တွေးမိတော့ ရင်မောခေါင်းရှုပ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"စာရင်းတွေ အားလုံးကလည်း အမှားနဲ့အယွင်းချည်းပဲ၊ ဟိုးတစ်ရက်ကလည်း တစ်ခါ မှားပြီးပြီ၊ ဒီပုံအတိုင်း စာရင်းလုပ်နေလို့ကတော့ ဒီဆိုင်မှ မပြုတ်ရင် ဘယ်ဆိုင်မှ မပြုတ်တော့ဘူး၊ စုထွေး ... ခုတလော နင့်စိတ်တွေ ဘယ်ရောက်နေလဲဟင်"

"မဟုတ်ဘူး မမ၊ မမိချို ကောက်သွားတဲ့ အထည်စာရင်းက ဒါအမှန်ပါပဲ၊ စကတ်က အထည်အစိတ်တည်းပါ၊ သုံးဆယ့်ငါးထည် မဟုတ်ပါဘူး"

"စကတ်သုံးဆယ့်ငါးထည်လို့ ညည်းကို ငါ ပြောတယ် မဟုတ်လား"

"မဟုတ်ဘူး မမရဲ့၊ နှစ်ဆယ့်ငါးထည်ပါ၊ မမိချို စာရင်းစာအုပ်နဲ့လည်း တိုက်စစ်ပြီးပါပြီ"





"ဘာ ... နင်က ချိုချို့ စာရင်းကို အတည်ယူတယ်၊ ငါ့စကားကို အတည်မယူဘူးပေါ့ ဟုတ်လား၊ ငါက သုံးဆယ့်ငါးထည်ဆိုရင် သုံးဆယ့်ငါးထည်ပေါ့၊ ဆယ်ထည်တောင်ကွာနေပြီ၊ ဆယ်ထည်ဆို တစ်သိန်းပဲ နည်းသလား၊ နေစမ်းပါဦး၊ နင့် အလုပ်ရှင်က ချိုချိုလား ငါလား"

"မမပါ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ကို ငါ မကြားချင်ဘူး"

"မမ ... စုထွေး စကတ်တွေကို အထည်ပါစစ်ပြီး တိုက်ပြီးပါပြီ၊ မမိချို ဆိုင်နဲ့ ဒေါ်ကျင်ရီ့ဆိုင်ကို ပေးတာရယ်၊ ဆိုင်က အရောင်းစာရင်းရယ် လက်ကျန်ရယ် အားလုံးကွက်တိ ကိုက်ပါတယ်၊ စာရင်းမမှားပါဘူး မမရယ်"

"ငါပြောရင် လုံးဝဆင်ခြေမကန်နဲ့၊ လူတိုင်းက ကိုယ့်ဆင်ခြေနဲ့ ကိုယ်ချည်းပဲ၊ မာလာတို့ မြနှင်းအေးတို့လည်း ဆိုင်မှာတင်ရောင်းတဲ့အိတ်ကိုတောင် ဖုန်စင်အောင် မသုတ်ချင်ဘူး၊ စင်တွေဆိုလည်း မနက်ဖုန်သုတ်ရင် ရှုပ်ခနဲ ရှုပ်ခနဲဖြစ်ကတတ်ဆန်း ပြီးစလွယ်၊ ဘယ်တစ်ယောက်မှ အချိုးမပြေဘူး၊ ငါ ဘယ်သူ့မှ ကြည့်လို့မရဘူး"

ဆိုင်မှာ ဈေးဝယ်လည်း ရှင်းလင်းနေချိန်မို့ ဒီဟာ တစ်ဆိုင်လုံးကို ကြိမ်းမောင်းဆူပူနေပါသည်။ ဆိုင်[illegible]ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ "ဇာ"သည် မျက်နှာလေး ငယ်နေတဲ့ စုထွေးကို နဒီ မမြင်အောင် မျက်ရိပ်လေး ပြလိုက်ကာ ...

"စုထွေး ... လာ ... လာ ... ဒီကို၊ နောက်တစ်ခါ သေချာအောင် လုပ်ပေါ့တယ်၊ သွား ... မြနှင်းအေးတို့က အိတ်တွေ ဘာတွေ နည်းနည်းသ,စမ်း၊ ဟိုးအပေါ်တန်းက လည်သာဘက်ဂ်တွေကို လည်သာပေါလစ်ရှိနဲ့ နည်းနည်းပွတ်စမ်း၊ အရည်တွေ မရွဲနဲ့၊ အရောင်လက်ရုံလေးပဲ ခြောက်ခြောက်သုတ်၊ ဆိုင်ဖွင့်ကာစ အချိန်တွေမှာ အဲဒါတွေ ကမန်းကတန်း လုပ်ထားလိုက်ရ၊ ညီမတို့က လုပ်နေတာကြာပြီပဲ သိပါတယ်"

နဒီက ဆိုင်ခန်းနောက်ဘက်ထဲက အိမ်သာခန်းဆီ ဝင်သွားပါသည်။ မျက်ရည်ပဲ သွားကျနေမလား မပြောတတ်။

"စုထွေး"

"ရှင်"

"နင်တို့အစ်မပြောတာ စိတ်မကောင်း မဖြစ်နဲ့၊ ခုတလော သူလည်းစိတ်မကြည်သာလို့ပါ၊ သူ့မှာလည်းသူ့အပူသောက သူ့ပြဿနာနဲ့သူရှိတယ် စုထွေးရဲ့၊ ခုလည်းပဲ စုထွေး မမှားတာ အစ်မ သိပါတယ်၊ ဒါပေမဲ့ နဒီနဲ့သွား မငြင်းနဲ့၊ နည်းနည်း စိတ်ကြည်လင်ပုံပေါက်မှ ရှင်းပြလိုက်ပေါ့"



"ဟုတ်ကဲ့ မဇာ"

"သူ စိတ်မကြည်လင်မှန်းသိလို့ သိပ်လည်းနေမကောင်းလို့ အစ်မလည်း ဒီရက်တွေ ဆိုင်ကို နေ့တိုင်းနီးပါး လာပေးနေရတာပေါ့"

"ဟုတ်ကဲ့"

"နင်တို့ အစ်မက သူ ကြည်လင်နေရင် နင်တို့အပေါ်လည်း သိပ်ကောင်းတာလေ၊ ဟုတ်တယ် မဟုတ်လား၊ တစ်ခါတလေ ဆူပူတာ ဘာမှစိတ်ထဲမထားနဲ့နော်"

"စုထွေး နားလည်ပါတယ် မဇာရယ်၊ ဦးသက်မင်းထွန်းကိစ္စ ဖြစ်ပျက်ပြီးကတည်းက မမကို စုထွေးက သနားလွန်းလို့ မမနားမှာပဲ အမြဲနေမယ်၊ မမဆိုင်မှာပဲ အမြဲလုပ်တော့မယ်လို့ စိတ်ကူးထားတဲ့သူပါ၊ ခုလည်းပဲ မမ မကြည်သာနေတာ သိပါတယ်၊ စုထွေး စာရင်းတွေ မှားနေတယ်လို့ မမ အမှတ်မှားသွားမှာစိုးလို့သာ ပြန်ပြောပြတာပါ"

"သူ ခုတလော သိပ်လည်း နေမကောင်းဘူးလေ၊ နောက်တခြားကိစ္စ ပြဿနာလေးတွေလည်း ရှိတော့ ..."

"စုထွေး သိပါတယ်၊ ကိုညိုသစ်ငြိမ်း အမေက မမရဲ့ဆရာဝန်ဖြစ်နေပြီး ကိုညိုသစ်ငြိမ်းနဲ့ မမကိုလည်း သဘောမတူဘူးဆိုတာ စုထွေးလည်း၊ သိပါတယ်"

"ဟင် ... ဘယ်လိုလုပ် သိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမ ဖုန်းပြောတာ ကြားရုံနဲ့ သိတာပဲ၊ မနေ့ကဆိုရင် ဖုန်းထဲကနေ ကိုညိုသစ်ငြိမ်းကို အော်နေတာ၊ နင့်အမေက နင့်အမေကနဲ့ ထည့်ပြောနေလို့ ကြားပြီး သိလိုက်ကြရတာပါ၊ အားလုံးကြားကြတာပဲ"

အင်း ...။ နဒီ တစ်ယောက်တော့ ဒုက္ခပါပဲ။ ဓာကဖြင့် နဒီဟာ Psychiatrist နှင့် အပတ်စဉ်တွေ့နေရတယ် ဆိုတာ ခင်ပွန်းသည် ကိုသီဟကိုတောင် မပြော။ နဒီကလည်း မပြောလို့ မရအောင် ကြောင်တောင်တောင် ဖြစ်နေတာမှ မဟုတ်တာ။ ဆိုင်က ဝန်ထမ်းလေးတွေလည်း မသိဘူးပဲ ထင်နေတာ။ အရင်ကတော့ သိကြပုံ မရပါ။ ခုတော့ နဒီ့ရဲ့ စိတ်လိုက်မာန်ပါဒေါသတွေ၊ မချုပ်တည်းနိုင်မှုတွေကြောင့် အကုန်လုံး ကြားကုန်သိကုန်ကြပြီပေါ့။

"အဲဒီကိစ္စအတွက် မမ စိတ်ဒုက္ခလည်း ရောက်နေမယ်၊ ဒေါသတွေလည်း ဖြစ်နေမယ်ဆိုတာ နားလည်ပါတယ်၊ အဲဒါကြောင့် ဒီတစ်ပတ်လုံး အော်ဟစ်သောင်းကျန်းနေတာတွေကို ဟုတ်ဟုတ် မဟုတ်ဟုတ် ငုံ့ခံနေတာပါ"

နဒီဟာ သူ့စိတ် တုန်လှုပ် ထိခိုက်သွားပြီဆိုရင် ယောက်ယက်တွေခတ် ဆူပူသောင်းကျန်းကာ သုံးလေးရက် စိတ်လိုက်မာန်ပါ ဖြစ်နေပြီးမှ ငြိမ်ကျကာ အိပ်ရာထဲ လဲသွားတတ်





သည်။ သူ့အဖေအမေ ဆုံးစဉ်ကတော့ အဲသလို အိပ်ရာထဲ ပုံလဲသွားချိန်က တာရှည်ခဲ့ပါသည်။

ကိုသက်မင်းထွဋ်နှင့် မင်္ဂလာပွဲပျက်ရတော့ တစ်ရက်နှစ်ရက်လောက်မှာပဲ ဒေါ်ခင်လေးညိုဆီ သွားလိုက်နိုင်တာရယ်၊ ငါးရက် တစ်ပတ်နေတော့ ညိုသစ်ငြိမ်းနှင့် မမျှော်လင့်ဘဲ ဆုံတွေ့စွဲငြိသွားကြတာရယ်ကြောင့် ရက်ရှည်ကြာကြီး ဝေဒနာသည်ဖြစ်မနေခဲ့။ ညိုသစ်ငြိမ်းကြောင့် ရင်ခုန်လှိုက်ဖိုရတာတွေနှင့်ပင် ချက်ချင်းစိတ်အပြောင်းအလဲဖြစ်ပြီး လန်းဆန်းထူထောင်လာခဲ့ပါသည်။

ကဲ ... ခုတော့။

ဘယ်တတ်နိုင်မလဲ။ ကံကြမ္မာက ကိုယ်ဖန်တီးလို့ ရတာမှ မဟုတ်တာ။ ညိုသစ်ငြိမ်းဟာ ဒေါ်ခင်လေးညို သားလို့ ဘယ်လိုမှ ကြိုမသိနိုင်ခဲ့တာ။ တကယ်လို့များ ကိုသီဟကို နဒီဟာ ဒေါ်ခင်လေးညိုနှင့် ပြနေရကြောင်း စကားစပ်မိထားလျှင်ဖြင့် ကိုသီဟက ရုပ်ရှင်ရုံမှာ ညိုသစ်ငြိမ်းနှင့် ဆုံစဉ်က ...

"ဒါ ဒေါ်ခင်လေးညိုသားလေ"လို့ မိတ်ဆက်ပေးကောင်း မိတ်ဆက်ပေးခဲ့မှာပေါ့။ သူတို့နှစ်ယောက်ကို သားအမိဖြစ်နေအောင် ဘယ်သူကမှ လုပ်ခဲ့တာ မဟုတ်သလို သားအမိမဖြစ်အောင်လည်း ဘယ်သူမှ ဖန်တီးပြုပြင်ယူလို့ ရတာမှမဟုတ်ဘဲ။ ဒီလိုပဲ ဖြစ်လာခဲ့ပြီပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



"မမကို ခေါ်ကြည့်ပါဦး မမဇာ၊ မနေ့ကလည်း အိမ်သာထဲဝင်ပြီး ငိုပြီးမှ ပြန်ထွက်လာတယ်"

ကဲ ... ကလေးတွေလည်း မသိချင်မှအဆုံး။ ကလေးတွေကလည်း အ,အတွေမှ မဟုတ်တာ။ ဇာက အိမ်သာဆီ လိုက်ဝင်လာကာ ...

"နဒီ ... နဒီ"

"ဘာလဲ"

ထူးလိုက်သံက နှာခေါင်းပိတ်သံ၊ ငိုနေပြီ။

"မပြီးသေးဘူးလား"

"နင် ဘာဖြစ်လို့ လာခေါ်နေတာလဲ၊ ငါ့ကိုပစ်ထားလိုက်ပါလား"

"ဟဲ့ ... ငါ အိမ်သာတက်ချင်လို့ဟဲ့၊ တကတဲ ကြာလိုက်တာ"

ရေဆွဲချသံ ချက်ချင်းထွက်ကာ တံခါးဖွင့်ပြီး နဒီ ထွက်လာပါသည်။ နီမြန်းနေတဲ့ မျက်ဝန်းများက ဘာမှမေးနေစရာ မလိုအပ်ဘဲ အိမ်သာထဲ ဘာဝင်လုပ်နေတယ်ဆိုတာရဲ့ သက်သေလို ဖြစ်နေသည်။

"နဒီ"

"အင်း"





"ဒေါ်ခင်လေးညိုက သူ့အမေ ဖြစ်နေတာလေးနဲ့ နင် ဒီလောက် ခံပြင်းနေစရာ မလိုပါဘူးဟယ်၊ သူ့အပေါ်လည်း နင် အမျက်ဒေါသ မဖြစ်သင့်ဘူး၊ သူ ပြောတဲ့စကားထဲမှာ အမှားမပါဘူး၊ သူ လုပ်သင့်တယ် ထင်သလို လုပ်ခဲ့တာပါ။ သူ့သားကို ချုပ်ကိုင်နိုင်ဖို့ အမြတ်ထုတ်ခဲ့တာဆိုရင် ခုလောက်ရှိ သူ့သား နင့်အိမ်မှာ တံခါးမရှိ ဓားမရှိ ဒလဟော ဝင်ထွက်လို့ ရနေစရာ အကြောင်းမရှိဘူး။ သူ ပြန်ခေါ်ထားရောပေါ့"

"နင်က ဒေါ်ခင်လေးညို ဘက်ကလား"

"ငါက နင့်ဘက်က၊ နင် စိတ်ချမ်းသာအောင်ပဲ ငါကြည့်ကျက်လုပ်မှာပဲ၊ စိတ်ချမ်းသာရာရဖို့ ဆိုတာလည်း ကိုယ့်စိတ်ကိုယ် ထားတတ်ဖို့ ဖြေသိမ့်တတ်ဖို့ လိုတယ် နဒီ၊ ပြဿနာကို ဆွဲဆန့်နေရင် ဘယ်တော့မှ မပြီးဘူး၊ ငါက ဘာဆက်လုပ်ပါလို့ အကြံပေးနေတာ မဟုတ်ဘူး၊ ကိုယ့်စိတ်ကို ပင်ပန်းဆင်းရဲ ထိခိုက်စေမယ့် ဟာတွေကို ဘာတစ်ခုမှ စိတ်ထဲမထားဖို့ တိုက်တွန်းနေတာနော်"

နဒီက ခပ်ငိုင်ငိုင် တွေဝေနေသည်။

တကယ်တော့ အရှက်လွန်စိတ်နှင့် နဒီ့စိတ်တွေ လူနှင့်မကပ်နိုင်အောင် မထိန်းချုပ်နိုင်အောင် ဖြစ်နေရတာ သူ့သား



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်မိတဲ့အကြောင်း သူ့အမေကို သွားသွားရင်ဖွင့်နေမိတဲ့ သူ့သားထက် ဆယ့်နှစ်နှစ်ကြီးတဲ့ မိန်းမတစ်ယောက်အဖြစ် မျက်နှာကို မားနဲ့သာ အကွင်းလိုက် လှီးပစ်ချင်သည်။

"ဟိုကောင်လေးကိုလည်း သွားမဲမနေပါနဲ့ဟယ်၊ သူနဲ့ဘာဆိုင်လို့လဲ၊ သူကော ဘာသိမှာလဲ"

"သူ့အမေလေ"

"သူ့အမေကိုယ်တိုင်လည်း ဘာလုပ်ရမယ်မှန်း ရေရေရာရာ မဆုံးဖြတ်နိုင်ပဲ အားလုံးထဲက အကောင်းဆုံး ဖြစ်နိုင်မယ်ထင်တာကို ရွေးလုပ်ရတာပဲပေါ့"

မနက်ကလည်းပဲ ညိုသစ်ငြိမ်းကို နဒီ ခပ်တင်းတင်း ဆက်ဆံခဲ့သေးသည်။ ဒီကိစ္စပေါ်ပေါက်လာပြီးနောက်မှာ နဒီသည် ညိုသစ်ငြိမ်းကို ခပ်တင်းတင်းပဲ ဆက်ဆံကာနေသည်။ တစ်ချက်တစ်ချက်မှာ ကောင်လေး မခံချိမခံသာနှင့် မျက်နှာပျက်သွားတာကို ရိပ်မိပေမယ့် ကောင်လေးက အပြင်ကိုတော့ ဘာမှပွင့်အန်ထွက်မလာအောင် ထိန်းသည်။ သူ့ရဲ့မခံချင်မှု အညွန့်အတက်ကို သူ့ဟာသူပဲ ချိုးဆိတ်ဖဲ့ခြွေလိုက်တတ်သည်။

"ငါ အိမ်ခဏ ပြန်လိုက်ဦးမယ် ဇာ"

"ဘာလုပ်မလို့လဲ"

"နင် ဆိုင်မှာ ခဏရှိနေပေးမလား"





"အင်းပါ၊ ရှိနေပါ့မယ်၊ နင်က ဘာလုပ်မှာလဲ"

"ဘာမှမလုပ်ပါဘူး"

"ဟိုကောင်လေးကို ပြဿနာသွားရှာဦးမလို့လား"

"မရှာပါဘူး ဇာရယ်၊ မနက်က ငါ သူ့ကို အော်ခဲ့သေးတယ်၊ အားအားယားယား ပန်းချီတော့ ဆွဲမယ်မကြံ၊ ဂိမ်းမ်တွေပဲ ဆော့နေတာပဲ ဆိုပြီးတော့လေ၊ သူ မျက်နှာငယ်နဲ့ ကျန်ခဲ့တာ၊ ဒီနေ့ ကုလားမလည်း လာမှာမဟုတ်ဘူး၊ သူ့ကို နေ့လယ် စားစရာလုပ်ကျွေးမယ့်သူ မရှိဘူး၊ တစ်ခုခုဝယ်ပြီး ပြန်ပို့ပေးလိုက်ဦးမယ်"

ခါတိုင်းဆိုရင်တော့ ဇာက နဒီ့ရဲ့အဖြစ်သည်းမှုအတွက် အမြင်ကတ်ကာ "သူ့မှာ ခြေထောက်ပါသားပဲ၊ သူ့ဟာသူ အောက်ဆင်းဝယ်စားလိမ့်မပေါ့"လို့ ကဖျက်ယဖျက် ပြောမိမည်ဖြစ်သော်လည်း ဒီတစ်ခါတော့ ဇာက ကဖျက်ယဖျက် စကားမဆိုပဲ ...

"သွား ... သွား၊ ငါ ရှိတယ်"

ရုတ်တရက် စိတ်ကောင်းလေး ဝင်လာတဲ့ နဒီက လမ်းမှာ ဖြတ်သန်းတဲ့ ဝိုင်ကေကေအိုး တစ်ဆိုင်မှာ ကြေးအိုးဆီချက်တစ်ပွဲ ဝင်ဝယ်သည်။ ကြေးအိုးဆီချက်ကို ညိုသစ်ငြိမ်းက သိပ်ကြိုက်တာ။ စေတနာ သဒ္ဓါတရားအပြည့်နှင့် ညိုသစ်ငြိမ်းစားဖို့ ကြေးအိုးဆီချက်ထုပ်ဆွဲကာ ပြန်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နဒီ အခန်းတံခါးဘဲလ်ကို တီးလိုက်တဲ့အချိန်မှာ တိုက်ခန်းတွင်း အဖြစ်အပျက်ကကော့ ညိုသစ်ငြိမ်းနှင့် ဝေလင်း အလန့်တကြား ဝရုန်းသုန်းကား ဖြစ်သွားရတာပင်။ နဒီ ထွက်သွားကတည်းက စိတ်ညစ်ညစ် စိတ်လေလေနှင့် ကျန်ရစ်ခဲ့သော ညိုသစ်ငြိမ်းက ဝေလင်းကို ဖုန်းဆက်ခေါ်လိုက်ပါသည်။ သူတို့ကုမ္ပဏီက ဝန်ထမ်းလျှော့ချစာရင်းထဲ ပါသွားတဲ့ ဝေလင်းကလည်း သူ့အကြောင်းနှင့်သူ စိတ်လေနေသူဖြစ်ရာ ညိုသစ်ငြိမ်း လှမ်းခေါ်သည်နှင့် ဖျတ်ခနဲ ရောက်ချလာသည်။

လူချည်းပဲ မဟုတ်။ ဘီယာလေးလုံးနှင့် ကြက်သားသုပ်အမြည်းထုပ်ကလေးပါ။ တံခါးဖွင့်လိုက်လို့ ဘီယာပုလင်းတို့ကို မြင်လျှင် ...

"ဟား ... မင်းကတော့"

"ဘာလဲ ... မင်း မသောက်ချင်ဘူးပေါ့"

"အမြည်းကျတော့ တစ်ထုပ်တည်းလို့ ပြောမလို့"

နှစ်ယောက်သား ကိုယ့်စိတ်အလေနှင့်ကိုယ် ဘီယာထိုင်သောက်နေကြတာ။ ဒီလိုနှင့် ကြိုတင်ရည်ရွယ်မှုမရှိဘဲ ရီဝေဝေ ဖြစ်နေကြဆဲ တံခါးကဘဲလ်သံနှင့်အတူ ..

"ညိုသစ်ငြိမ်း"

မ,ရဲ့အသံကိုပါ ကြားလိုက်ရလျှင် ညိုသစ်ငြိမ်း အလန့်တကြား ဖြစ်သွားရကာ ...





"ဟော့ကောင် ... ဟော့ကောင်၊ သွား ... သွား ... မင်း ဟိုအခန်းထဲ ခဏဝင်ပုန်းစမ်းပါ"

"ဘာ ...၊ ဟော့ကောင် ဘာဖြစ်လို့ ငါက ..."

"မ,လာနေပြီကွ၊ မ,တွေ့သွားလိမ့်မယ်"

"ငါ့ကိုတွေ့လို့ မရဘူးလား၊ ဧည့်သည်လာတာပဲလေ"

"မရဘူး ... မရဘူး၊ ဟော့ကောင် ... သွား၊ ရာသီဥတုက ကောင်းတာမဟုတ်ဘူး"

"ဟာ ... မင်း အဲဒီလောက်တောင် အဲဒီ မ,ကို ကြောက်တာ ဟုတ်လား !! ဟော့ကောင် ညိုသစ်၊ မင်း ဒီလောက်တောင် ပဲလားကွာ"

ဝေလင်းဟာ ပါးစပ်က လေသံအုပ်အုပ်နှင့် ပြောရင်းဆိုရင်းပင် ညိုသစ်ငြိမ်း တွန်းထည့်လိုက်တဲ့ နီးရာအခန်းတံခန်းထဲ ဝင်ရောက်သွားရပါသည်။

"ညိုသစ်ငြိမ်း"

"ဗျာ ... လာပြီ ... လာပြီ ... မ,"

ညိုသစ်ငြိမ်း ကမန်းကတန်းနှင့် အူယားဖားယား ပုံစံနှင့် တံခါးပြေးဖွင့်တာကို နဒီက အကဲခတ်နေပါသည်။ ဆံပင်ဖရိုဖရဲ မျက်နှာကိုလည်း ခပ်လွဲလွဲနှင့် ဆောက်တစ်ဖက်ကို ခေါင်းငုံ့ကာ ဂနာမငြိမ်တဲ့ ပုံစံနှင့်။

"မ,"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မ, ဘာလာလုပ်တာလဲ"

နဒီက ကြေးအိုးဆီချက်ထုပ်နှင့် မီးဖိုဘက်ဝင်သွားကာ ...

"ဘာဖြစ်လို့လဲ၊ လာလို့မရဘူးလား၊ ပြန်ထွက်သွားပေးရမှာလား"

"မ,ကလည်း၊ အဟဲ"

"ညိုသစ်ငြိမ်း ... ရှင် ဘာဖြစ်နေတာလဲ"

နဒီက ကြေးအိုးဆီချက်ထုပ်ကို မီးဖိုထဲက ဂရင်းနိုက်ကျောက်ပြားခင်း စင်ပေါ်တင်ရင်း နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ ...

"မင်း ဘီယာသောက်နေတာလား"

"ဟိုဟာလေ မ,"

"စောစောစီးစီး အချိန်ကြီး ထူးထူးဆန်းဆန်း ဘီယာတွေသောက်လို့ ဘာဖြစ်နေတာလဲ၊ လူကလည်း မပိမရိ ဂနာမငြိမ်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

နဒီက တစ်စုံတစ်ရာကို မပိမရိဖုံးကွယ်နေတဲ့ ညိုသစ်ငြိမ်းကို စူးစူးရဲရဲ အကဲခတ်လိုက်ရင်း ဒိတ်ခနဲ ရင်ထဲတုန်လှုပ်သွားကာ ...





"မင်း ... မင်းဆီကို တစ်ယောက်ယောက် ရောက်နေတာလား"

"ဟင့်အင်း"

"အိမ်မှာ တစ်ယောက်ယောက် ရှိနေတယ် မဟုတ်လား၊ ဟင်"

"မဟုတ်ပါဘူး၊ မ,ကလည်း"

နဒီက ညိုသစ်ငြိမ်း မျက်ဝန်းများထဲ စူးစူးရဲရဲကြည့်နေခိုက် ညိုသစ်ငြိမ်း ကျောဘက်က အခန်းတစ်ခန်းထဲမှ ဝုန်းခနဲ မြှတ်ကျတဲ့ အသံတစ်သံက အလန့်တကြား ပေါ်ထွက်လာပါသည်။

"ဟိုအခန်းထဲမှာ ဘယ်သူလဲ"

နဒီ့ အသံလေးက ကတုန်ကယင်။ ရုတ်တရက်မှာ ခိန်းကလေးဖော်လားလို့ပင် ထင်မိတာ။ အဲဒီတုန်း အထဲကကြားနေရတဲ့ ဝေလင်းက အခန်းတံခါးကိုဖွင့်ကာ ထွက်လာခဲ့ပါသည်။ လက်ထဲမှာလည်း ဘီယာပုလင်းနှင့်။ အခန်းထဲက သတင်းစာဗျာနယ်အပုံကြီးပေါ် တက်ထိုင်လိုက်မိတာ အပုံကြီးက လဲပြိုကျသွားတာ ဖြစ်ပါသည်။ အိမ်ရှင် ပြန်လာလို့ အခန်းတစ်ခန်းထဲ ဝင်ပုန်းနေရတယ်ဆိုတဲ့ အဖြစ်ကို စိတ်ပျက်စွာ ပခုံးတွန့်ခေါင်းယမ်းရင်း ...

"ဆောရီးဗျာ"

"ဒါ ... ဒါ မင်း သူငယ်ချင်းပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နဒီက ယက်ညှိုးလေးညွန်ကာ မေးလျှင် ...

"ဟုတ်၊ ကျွန်တော် ပြောပြောနေတဲ့ ဝေလင်း ဆိုတာ"

"နေပါဦး ညိုသစ်ငြိမ်း၊ မင်းက ငါမရှိတုန်း အိမ်ကိုခေါ် ချင်တဲ့ ညှော်သည်ခေါ်၊ သောက်စားမူးယစ်၊ ဒီလိုပဲလား"

"အာ ... မ,ကလည်း၊ အရင်က ခေါ်မှမခေါ်တာ၊ ဒီနေ့ စိတ်ကလေလေနဲ့ ..."

"စိတ်က ဘာကိစ္စလေတာလဲ"

"မ,က ရာသီဥတုမှ မကောင်းဘဲ"

"ကောင်းစရာလား၊ ရာသီဥတု ကောင်းရအောင် မင်းက ကော ဘာတွေကောင်းနေလို့လဲ၊ မင်းကို စေတနာသ သက်နဲ့ ပန်းချီတွေ အေးအေးချမ်းချမ်း ဆွဲနိုင်ပါစေဆို တစ်နေကုန် အခန်းအပ်ထားတာ၊ ဒီနေ့ထိ မင်းလုပ်တာ ဘာလဲ၊ ဂိမ်းမ်တွေဆော့၊ တစ်ခန်းလုံးကို အမှိုက်ပွ၊ ငါ ပြန်လာတိုင်း ဒီတစ်ခန်းလုံးကို လှည်းလိုက်ရတဲ့ တံမြ စည်း၊ ခု ကြည့်စမ်း ...

ခေါ်ချင်တဲ့လူခေါ်ထည့်၊ သောက်စား မူးယစ် တာပေါ့"

အသံတွေ တုန်ယင်လာတဲ့ နဒီကို ညိုသစ်ငြိမ်း စိတ်ပျက်ပျက်ကြည့်ကာ ...





"မ, ဒါ ဒီလောက်ထိဖြစ်ဖို့ လိုတဲ့ပြဿနာလား။ ဒီလောက် အော်ပြောဖို့ လိုသလား၊ ဒါ ကျွန်တော့်သူငယ်ချင်း၊ ကျွန် တော်ရှိတဲ့ နေရာကို ခဏတဖြုတ် လာတာ မရဘူးလား"

"ရိုးရိုးလာနေတာ မဟုတ်ဘူးလေ၊ ခုလို လာချင်တယ် သောက်ချင်တယ်ဆိုရင်လည်း ငါ့ကို ခွင့်တောင်းလို့ ရတယ် လေ"

ဝေလင်းက စိတ်ညစ်ညစ်နှင့် ခေါင်းတယမ်းယမ်း လုပ်ကာ ပွင့်ဟနေတဲ့ တံခါးမှ အခန်းအပြင်ဘက် ထွက်ရပ်နေ လိုက်ပါသည်။ ဝေလင်း ရှေ့မှာမို့လည်း ပိုပြီးရှက်ကန် ကန်လာတဲ့ ညိုသစ်ငြိမ်းက ...

"ခွင့်တောင်းရအောင် ကြိုတင်စီစဉ်ထားတာလည်း မဟုတ် ဘူး၊ ခုတစ်ခဏလေးမှ စိတ်ကူးထဲ ပေါ်လာပြီး ခေါ်လိုက် တာ၊ မ,က ဘာဖြစ်စေချင်တာလဲ၊ ဒီအခန်းထဲမှာ မိုးလင်း မိုးချုပ် ပန်းချီဆွဲ၊ ညနေကျ အခန်းသန့်ရှင်းရေးလုပ်ပြီးပြန်၊ အဲသလိုလား၊ မ,ကလေ မရှိ,ရှိတဲ့ပြဿနာကို ချောင်ကြား ထဲက ဆွဲထုတ်ရှာနေတယ်နော်၊ ရက်အတော်ကြာပြီ၊ မ, လွန်နေတာ"

"ငါ ဘာလွန်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေလေ၊ မ,က ကျွန်တော့်ကို ဘာသဘော သတ်မှတ်ထားလို့ အဲသလောက် အော်နေရတာလဲ၊ ဘယ်သူမှ ကျွန်တော့်ကို ဒီလောက် မအော်ခဲ့ရဘူး"

"ဘုရားရေ ... မင်းကို တောင်းပန်ရမှာလား ဟုတ်လား၊ ဒီရက်ပိုင်းမှာ ဒီလိုဖြစ်နေတာ မင်းကြောင့်၊ မင်းအမေကြောင့်လေ၊ မင်းအမေနဲ့ ပတ်သက်ပြီးတော့လည်း ခေါင်းထဲမှာထူနေတာ၊ ဘာဆက်လုပ်ရင် ကောင်းမလဲတောင် စဉ်းစားလို့ကို မရသေးဘူး"

"လုပ်ချင်တာ လုပ်လေ၊ အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

"အဲဒါ မင်းအမေလေ"

"မ,ကို မာမိနဲ့ ကျွန်တော်က မိတ်ဆက်ထားပေးလို့လား၊ မ,တို့ဟာ မ,တို့ ပတ်သက်ထားတာပဲ၊ ကိုယ့်ကိစ္စနဲ့ကိုယ် မ,ဘာသာ ပတ်သက်ထားတာ၊ မာမီ ခုလိုလုပ်တာလည်း မာမီ့ ဆုံးဖြတ်ချက်နဲ့ မာမီပဲ၊ အဲဒီဘက်ကိစ္စနဲ့ ကျွန်တော်နဲ့ လာမရောနဲ့"

"ဒါကို မင်းကိုမပြောလို့ ငါက မျိုသိပ်ပြီး တစ်သက်လုံး ပါးစပ်ပိတ်နေရမှာလား၊ ငါကတော့ သူ့ကို ယုံကြည်ခင်မင်အားကိုးလို့ တိုင်ပင်လိုက်ရတာ၊ ရင်ဖွင့်ခဲ့ရတာ"





နဒီက မျက်ရည်တွေပါ ဖိုးဖိုးပေါက်ပေါက် ကျလာသည်။

"ခုကြည့်စမ်း၊ ငါ့ခေါင်းတွေ ပူနေပြီ၊ ဖွင့်မပြောတုန်းကလည်း ပိပိရိရိ၊ ခုလည်း ငါ့ကို ဆက်မတွေ့နိုင်တော့ဘူးလို့ လုပ်ချလိုက်တာ"

"အဲလို ဆက်မတွေ့နိုင်တာ သူ့သားက ခင်ဗျားကို ချစ်နေမှန်းသိလို့၊ ခင်ဗျားကလည်း သူ့သားကို ချစ်နေမှန်းသိလို့ပေါ့"

"ဘာတွေ လာပြောနေတာလဲ ညိုသစ်ငြိမ်း"

နဒီက နာကျင်တဲ့ မျက်နှာနှင့် ခေါင်းကိုယမ်းခါလိုက်ပါသည်။

"ငါလိုချင်တာလည်း မင်းဆီမှာ မရှိဘူး၊ မင်းလိုချင်တာမျိုးလည်း ငါ့ဆီမှာ ရှိမယ်မထင်ပါဘူး ညိုသစ်ငြိမ်း၊ စိတ်ကူးယဉ်နေတာတွေကို တို့ ရပ်တန့်လိုက်ကြရအောင်"

ညိုသစ်ငြိမ်းက အေးစက်၍ မခိုးမခန့်သော မျက်နှာနှင့် ...

"ဘာကိုဆိုလိုတာလဲ မ,"

"မင်းလည်း မင်းနဲ့သင့်တော်တဲ့သူတစ်ယောက် ရှာလိုက်ပါ၊ ငါလည်း ငါနဲ့သင့်တော်တဲ့ လူစားမျိုးကိုပဲ ရှာတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်းက ငါ့အတွက် ဖြစ်နိုင်တဲ့သူတစ်ယောက် မဟုတ်ပါဘူး၊ မင်းကို ငါ ချစ်လည်း မချစ်ဘူး”

“အဲသလိုလား”

ညိုသံစ်ငြိမ်းက ချာခနဲ အခန်းတွင်းဘက်လှည့်ကာ စင်ပေါ်တင်ထားလက်စ ပန်းချီကားတစ်ချပ်ကိုဖြုတ်၍ ဝေလင်း ထံ သွားပေးလိုက်သည်။ ဒေါက်ထောက်ထားတဲ့စင်ကိုဖြုတ်ကာ ခေါက်လျက် ချိုင်းကြားထဲ ကန့်လန့်ညှပ်လိုက်ရင်း နံရံပေါ်က ပန်းချီကားချပ်အသစ်လေးတစ်ချပ်ကို လှမ်းကြည့်လိုက်ကာ ...

“အဲဒီပုံတော့ ထားရစ်ခဲ့ပါမယ်၊ ဒီအ...ကို ရက်အတော် ကြာ အသုံးပြုခဲ့ပဲ ထားလိုက်ပါတော့”

ခပ်သွက်သွက် ထွက်သွားတဲ့ ခြေသံတွေကို နားစွင့်ရင်း နဒီ ခပ်တောင့်တောင့် ရပ်ကျန်ရစ်သည်။





၁၂

“ကျွန်မရဲ့လူနာကို ကျွန်မ ဒုက္ခပေးမိသလို ဖြစ်နေပြီ မမ ရယ်”

ဒေါ်ခင်လေးညိုက ဒေါ်တင်တင်ဦး ရှေ့မှာ ခြေပစ် လက်ပစ် ညည်းတွားလိုက်ပါသည်။

“သူ ဘာဖြစ်နေလို့လဲ”

“သတင်းကြားရသလောက် သူ Desperate ဖြစ်နေတဲ့ သဘောပဲ မမရယ်”

“သားရော”

“သားနဲ့လည်း ပြဿနာဖြစ်ထားတယ်၊ သားက သူ့ဆီ မသွားတော့ဘူး၊ သူနေတဲ့ အဘွားအိမ်မှာပဲ တစ်နေ့တစ် နေ့ ပန်းချီဆွဲနေတာ၊ အမေအိမ်လည်း ပြန်ပြန်လာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ခံစားနေရတယ်၊ အမေဆီက အဖြေတစ်ခုခုရလို ရငြားနေမှာပေါ့ မမရယ်၊ အမေကို လာကပ်တဲ့သဘောပဲ"

"ခင်လေးညိုက သူ့ကို ဘာပြောသေးလဲ"

"ကျွန်မ သားကို ဘာမှမပြောဘူး မမ၊ အဲဒီကိစ္စထဲ ကျွန်မ မပါဘူး၊ ဘေးထွက်ပြီး နေနေပါတယ်၊ ကိုယ့်ကြောင့် နှဒ္ဒီဆီမှာ အဆိုးတစ်ခုခု ဖြစ်မသွားစေချင်ဘူး"

"သူ အံ့ရမ်းတော့ Shock ဖြစ်သွားမှာလေ၊ ဒီအချိန်မှာ သူ့ Therapist နဲ့ သူ Consult လုပ်ဖို့လိုတယ်"

ဒေါ်ခင်လေးညိုက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ကျွန်မ စဉ်းစားကြည့်တယ်၊ သူဟာ လွတ်လပ်တဲ့မိန်းမ တစ်ယောက်ပဲလေ၊ သူ့မှာလည်း တခြားမိန်းမတွေလိုပဲ သူလိုချင်တာကို ရွေးချယ်ဖို့ အခွင့်အရေးရှိတယ်၊ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်ကို ကြိုးကြိုးငယ်ငယ်ပေါ့ မေတ္တာ သက်ဝင်ခွင့်ရှိတယ်၊ တစ်နည်းပြောရင် ကျွန်မသားနဲ့ သူ ပတ်သက်ဖို့ အခွင့်အရေး သူ့မှာပိုင်ပါတယ်"

"ခင်လေးညို အနေနဲ့ကလည်း သားကို ဆယ့်နှစ်နှစ်ကြီး တဲ့ မိန်းမနဲ့ သဘောမတူချင်ဘူးဆိုရင် သဘောမတူခွင့် အခွင့်အရေး ရှိတာပဲလေ၊ ဒါကို စိတ်မကောင်းမဖြစ်ပါနဲ့၊





မကောင်းသော စေ့ဆော်မှုမျိုးနဲ့ သူ့အချစ်ရေးကို ဖျက်ဆီး တာလည်း မဟုတ်ဘူးလေ"

"ဒါပေမဲ့ အဲဒီသဘောများ သက်ရောက်သွားပြီလားလို့ တစ်နေ့မှာ စိတ်မချမ်းသာပါဘူး မမရယ်၊ ကျွန်မရဲ့သား ကလည်း သူ့ကို ထိခိုက်ခံစားစေပြီ၊ သူကလည်း သားကို ထိခိုက်ခံစားစေတာပဲ၊ သားလည်း မပျော်နိုင်ရှာပါဘူး၊ သူတို့နှစ်ယောက်ကြားမှာ ကျွန်မရဲ့အခန်းကဏ္ဍကို စဉ်းစား လို့မရဘူး၊ ဘာလုပ်ရင် ကောင်းမယ်ဆိုတာ စဉ်းစားရင် ခေါင်းကို ရှုပ်နေတာပဲ မမရယ်"

"သိပ်စိတ်မကောင်း မဖြစ်ပါနဲ့၊ ရေနဒီ အနေနဲ့လည်း သူ ချစ်ခင်သံယောဇဉ် ဖြစ်ချင်သူကို ချစ်ခွင့် သံယောဇဉ်ဖြစ် ခွင့်ရှိတာ မှန်တယ်၊ ခင်လေးညို အနေနဲ့လည်း ကိုယ့်သား ကို မကောင်းဘူး၊ မသင့်ဘူးထင်တဲ့လမ်းကို မလျှောက်ဖို့ တားမြစ်တာ တားခွင့်ရှိတယ်၊ ဒီကိစ္စမှာ ရေနဒီက ခင်လေး ညိုရဲ့ Patient လာဖြစ်နေတဲ့ ကိစ္စကတော့ တိုက်ဆိုင်မှု သက်သက်ပဲ၊ ကိုယ် တမင်လုပ်တာမှ မဟုတ်ဘဲ ...

ဒီတော့ ... ခင်လေးညို အနေနဲ့ ကိုယ်ကောင်းတယ် ထင်သလိုလုပ်ခဲ့တဲ့ ကိစ္စနဲ့ သူကောင်းမယ်ထင်လို့ သူလုပ် တဲ့ကိစ္စ ဒီနှစ်ခုရဲ့ ရလဒ်ကတော့ တစ်ထပ်တည်း ဘယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မလဲ၊ ဒါပေမဲ့ ရေနဒီအနေနဲ့ Therapist တစ်ယောက်နဲ့ ဆက်တွေ့ဖို့ လိုအပ်တယ် ဆိုတာကိုတော့ သားနဲ့တစ်ဆင့်ဖြစ်ဖြစ် ကြားလူတစ်ယောက်ယောက်နဲ့ တစ်ဆင့်ဖြစ်ဖြစ် အသိပေး တိုက်တွန်းသင့်တယ်"

"သားနဲ့ကလည်း ပြဿနာ တက်ထားကြတယ်"

"တခြား နှစ်ယောက်လုံးသိတဲ့သူ ဖြစ်ဖြစ်ပေါ့"

ဒေါ်ခင်လေးညိုက ငိုင်နေမိပါသည်။ သူ့ရင်ထဲတွင် အစစ်အမှန် ရှိသည်မှာတော့ နဒီကို သူ ပြန်ခေါ်တွေ့ပြီး ဆက်ကြည့်ပေးချင်တာပင်။ ဒါဟာ သူ့အတွက် မျှော်လင့်ချက်တစ်ခုလို ဖြစ်သွားမလား။ နဒီနဲ့ ညိုသစ်ငြိမ်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ဝေဒနာခံစားစေကြရသလို ဖြစ်တဲ့ကြားမှာ သူကပါ ဒဏ်ရာဒဏ်ချက်တစ်ခု ထပ်ပေးသလို ဖြစ်ခဲ့ပြီး သူတို့ဟားအမိဘက်က လွှန်ခဲ့သလားလို့ စိတ်ထိခိုက်နေပါသည်။

"ခင်လေးညို"

"ဟုတ်ကဲ့ မမ"

"သူ့ကို မင်းက ခေါ်ယူလို့ သူက မင်းရဲ့ Patient ဖြစ်လာတာ မဟုတ်ဘူး၊ သူ့ဟာသူ မင်းဆီလာခဲ့လို့ မင်းရဲ့ Patient ဖြစ်လာရတာ မဟုတ်လား"

"ဟုတ်ပါတယ်"





"ညိုသစ်ငြိမ်းနဲ့ သူနဲ့ကိုလည်း မင်း ပယောဂနဲ့တွေ့ဆုံပေးခဲ့တာ မဟုတ်ဘဲ သူတို့ချင်း သူတို့ဘာသာ တွေ့ဆုံကျွမ်းဝင်ခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"အချစ်မှာ တစ်ယောက်နဲ့ တစ်ယောက် မနာကျင်စေပါဘူးဆိုတဲ့ အာမခံချက် မရှိဘူး ခင်လေးညို၊ အစစအရာရာအားလုံးဟာ သူ့ဟာနဲ့သူ ဖြစ်နိုင်ချေရှိသလောက်ပဲ ဖြစ်လာမှာ၊ သောကဖြစ်မနေနဲ့"

ဒေါ်ခင်လေးညိုသည် Patient တစ်ယောက်အနေနှင့် ခင်မင်ရင်းစွဲရှိသည့် နဒီ အတွက် သူ ဘာလုပ်ပေးနိုင်မလဲ စဉ်းစားရင်းသာ စိတ်မကောင်း ဖြစ်နေမိလေသည်။

"ကျွန်တော် ဆန်နီပါ၊ ကိုညိုသစ်ငြိမ်း အဆင်ပြေရင် ကျွန်တော် ကိုညိုသစ်ငြိမ်းရဲ့ ပန်းချီကားတွေကို ဒီနေ့အပြီးကြည့်ချင်လို့၊ နဒီနဲ့ စကားပြောပြီး တစ်ရက် နှစ်ရက် နေတော့ ကျွန်တော်လည်း Over sea ပြန်ထွက်သွားတော့ ခင်ဗျားနဲ့ မဆက်သွယ်ဖြစ်ဘဲ ဖြစ်နေတာ၊ ခုတစ်ခေါက်လည်း ကျွန်တော် ဒီမှာသိပ်မကြာဘူးဗျ၊ ရက်ပိုင်းပဲ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ ဖြစ်နိုင်ရင်တော့ ဒီနေ့ လာကြည့်လိုက်ချင်တယ်၊ ကိုညိုသစ်ငြိမ်း စီစဉ်ပေးနိုင်မလား"

ဖုန်းလာလို့ အမှတ်မထင် ကိုင်လိုက်တဲ့အခါ ကြားလိုက်ရတဲ့ စကားကြောင့် မမျှော်လင့်ဘဲ ညိုသစ်ငြိမ်း တစ်ခဏကြက်သေ သေနေသေးသည်။ တကယ်တော့ ဒီ"ဦးဆန်နီ"ဆိုသူနှင့် မ,က မိတ်ဆက်ပေးထားပေမယ့် ညိုသစ်ငြိမ်း လက်ရာကိုလည်း အမွန်းတင် ပြောဆိုထားပေမယ့် ဒီလူ့အနေနှင့် လူမှုရေးအရသာ နားထောင်ရုံ ထောင်ထားလိုက်ပြီး သိပ်ကြီးတော့ စိတ်ဝင်တစား ရှိမှာမဟုတ်ဟု ညိုသစ်ငြိမ်း ယူဆခဲ့တာ။

ဒီလူနှင့် သိကျွမ်းမိတ်ဆက်ရတာကိုပဲ သူ့မှာလမ်းစရသလို စိတ်တွေ တက်ကြွနေခဲ့ရပေမယ့် လနဲ့ချီကြာလာပြီး ထပ်လည်းမတွေ့၊ အဆက်အသွယ်လည်း မရှိတော့တဲ့အခါ မျှော်လင့်ချက်ကို မထားတော့တာပါ။ ခုလို မ,နဲ့ဝေးကွာနေတဲ့ အချိန်တွေမှာ ခံစားချက် နင့်နင့်သည်းသည်း မ,ကိုလွမ်းလွမ်းနှင့် စုတ်ချက်တွေ ခပ်ကြမ်းကြမ်းသုံးကာ ပန်းချီတွေ တစ်ကားပြီးတစ်ကား အခန်းအောင်း ဆွဲနေမိသည်။

မ,က သူ့ကို အလေအလွင့် အပျင်း၊ ဘာမှမလုပ်ချင်တဲ့သူ၊ အသုံးမကျတဲ့သူ၊ အရွယ်မရောက်တဲ့သူလို့ သိမ်းကျုံးအမိပွာယ်ရတဲ့ စိတ်ပျက်ခြင်းမျိုးနှင့် စိတ်ပျက်လက်ပျက် ပြောဆိုခဲ့တာလေ။





"ဟယ်လို"

"ဪ ... ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် အံ့သြနေလို့ပါ၊ မိတ်ဆက်ပေးတုန်းကတော့ ကျွန်တော် တက်ကြွမိပေမယ့် နောက်တော့လည်း ဘာမျှော်လင့်ချက်မှ မရှိဘူးထင်တာနဲ့ မေ့ထားလိုက်တာမို့ အခု အံ့သြသွားလို့ပါ"

"ကျွန်တော်က အလုပ်များတာရယ်၊ ဒီမှာလည်း မရှိတာရယ်ကြောင့်ပါ၊ နဒီက ချီးမွမ်းတဲ့ ပန်းချီဆရာမို့ ကျွန်တော့်စိတ်ထဲ အမှတ်ထင်ထင် ထားပါတယ်၊ နဒီက ပန်းချီသဘောကို နားလည်တာ ကျွန်တော် သိတယ်လေ၊ မဆွဲတာတမည်ပဲ၊ ဝါသနာလည်း သိပ်ကြီးတာ၊ သူ ဈေးဝယ်လာရင်လည်း ကျွန်တော့် ချင်းမိုင်ပြခန်းကို အမြဲဝင်လာတယ်၊ လာကြည့်တယ်၊ နဒီရဲ့အမြင်ကို ကျွန်တော်က အထင်မသေးတဲ့အတွက် ကိုညိုသစ်ငြိမ်းကို ဆက်သွယ်ရမယ့် လူစာရင်းထဲ ထည့်ထားပါတယ်"

"ဟုတ်ကဲ့ပါ အစ်ကို၊ အစ်ကို အချိန်မရွေး လာကြည့်နိုင်ပါတယ်၊ ပန်းချီကားတွေက အိမ်မှာပါပဲ"

"ကျွန်တော်က နက်ဖြန်ကို မန္တလေး၊ ပြီးရင် ပုဂံ ဆက်သွားတော့မှာမို့ ဒီနေ့ပဲ လာလိုက်ချင်ပါတယ်"

"လာခဲ့ပါ ခင်ဗျာ၊ အခု လာလည်း ဖြစ်ပါတယ်"

"ဒါဖြင့် ခုပဲ ထွက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာပြောပြ ဖုန်းချပြီးလျှင် ညိုသစ်ငြိမ်းသည် နဒီရဲ့ပုံတူပန်းချီကားတို့ကို အခန်းရဲ့ ချောင်တွေ ထောင့်တွေမှာ ကိုဆန်နီ မတွေ့အောင် လိုက်ဖွက်သည်။ ဒီအခန်းထဲကလွဲလို့ တခြားလည်း သွားဖွက်စရာ နေရာမရှိ။ အဘွားတို့လည်း မမြင်စေလို။ ဖွက်ရင်းကပဲ ဖွက်စရာလုံခြုံသော နေရာကို စိတ်တိုင်းမကျ။ တစ်ယောက်တည်း ကမူးရှူးထိုး ချွေးပြန်နေပြီးသော် သူ စိတ်ဒုံးဒုံးချလိုက်သည်။

ဘာဖြစ်လို့ ဖွက်ရမှာလဲ။ ဘာအတွက်လဲ။ ကိုဆန်နီ မမြင်တော့ရော မြင်တော့ရော ဘာပြောင်းလဲ ထူးခြားသလဲ။ မ,ကို သူ အစွဲကြီး စွဲလမ်းတယ်ဆိုတာ ဘယ်သူသိသိ ဘာဖြစ်ရမှာလဲ။ ချစ်တယ်လေ … ဘာဖြစ်လဲ။ အသက်ကွာတယ်လေ ဘာဖြစ်လဲ။ မ,ပုံတူတွေ အများကြီး ဆွဲမိတာကော ဘာဖြစ်လဲ။

ချောင်ထဲထိုး ဟိုအောက် ဒီအောက် ထိုးထည့်ထားတဲ့ မ,ပုံတွေကို အားလုံး ပြန်ဆွဲထုတ်ကာ ညိုသစ်ငြိမ်းက တခြားကားတွေနှင့် ပြန်ရောနှောထားလိုက်ပါသည်။ ဦးဆန်နီ ရောက်လာတဲ့အတွက် မ,ကို ပိုပြီးလွမ်းဆွတ်သည်။ တကယ်တော့ လွမ်းစရာကို နာစရာနှင့် ဖျောက်ထားတာပါ။ မ, သူ့ကိုနိမ်ပြီး ဆက်ဆံတယ်လို့လည်း သူ ခံပြင်းနေသည်။ သူ့အပေါ် မ,မလေးစားတာလည်း သူ သိသည်။





သူက လေးစားစရာ ကောင်းလို့လား ဆိုတာကိုထား။ လူတိုင်းမှာတော့ "လူ"ဆိုတဲ့ "အလေးစားခံအပ်မှု"ဖြစ်ခြင်း တစ်ခု ရှိတာပဲမို့လား။ မ,ဟာ သူ့ကို ဘယ်တော့မှ ဒီ"ဦးဆန်နီ" တို့၊ မဇာရဲ့ အထက်လူကြီး "ဦးလပြည့်"တို့ကို ဆက်ဆံသည့် လေးစားသမှုမျိုးနှင့် မဆက်ဆံနိုင်ပါ။ ကလေးတစ်ယောက်လို ချစ်စနိုး ဆက်ဆံရင် ဆက်ဆံမည်။ လေးစားမှုကိုတော့ ဘယ်သောအခါမှ ထားပေးနိုင်လိမ့်မည် မဟုတ်ဟု ယူဆနားလည်ခြင်းက ညိုသစ်ငြိမ်းရဲ့ရင်ကို နာကျင်စေသည်။

ဦးဆန်နီ ရောက်လာကာ သူ့ပန်းချီကားတွေကို ကြည့်နေတုန်း ညိုသစ်ငြိမ်းက ခပ်လှမ်းလှမ်းမှာ သွားနေနေမိသည်။ မ,ကလွဲလို့ ဘယ်သူမှ မယ်မယ်ရရ မချီးကျူးဖူးတဲ့ သူ့ရဲ့ပန်းချီတွေအတွက် သူ အမြဲ မရဲမဝံ့ ရှိုးတိုးရှန့်တန့် ရက်တက်တက် ရှိတတ်သည်။ အားကျသူတွေရဲ့ လက်ရာတွေကိုကြည့်၊ အတုခိုး လေ့ကျင့်။ နှစ်ပေါင်းများစွာ ဆွဲထားခဲ့တာတွေထဲကမှ ငယ်လက်ရာတချို့ သူကိုယ်တိုင် အားမရတော့တာ တချို့ကိုတော့ ဟိုးနောက်က ကားဂိုဒေါင်ထဲ အသေပိတ် သိမ်းထားသည်။

ဒီအခန်းထဲမှာတောင် ကားပေါင်းက နည်းတာ မဟုတ်။ အခန်းက ဒါတွေနဲ့ပဲ ပြည့်ကျပ်နေသည်။ ရှင်းထုတ်ရဦးမည်လို့ပင် သူ တွေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ဘယ်တုန်းကတည်းက ဆွဲထားတဲ့ ပုံတွေလဲ"

ဦးဆန်နီက သူ့ကို လှမ်းမေးပါသည်။

"ဒါတွေကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်အတွင်းကပေါ့၊ နောက်ပိုင်းဆွဲတဲ့ ကားတွေပါ၊ ဟိုးရှေ့ပိုင်းက တချို့တော့ ကျွန်တော် ကိုယ်တိုင်လည်း သိပ်အားမရတာတွေတော့ မရှိတော့ဘူး"

"ကိုညိုသစ်ငြိမ်းက လက်ရာအတော်ငြိမ်နေပြီပဲ၊ လူသစ်တန်းလို့ ဘယ်လိုမှ ထင်လို့မရဘူး ဖြစ်နေတယ်"

"ကျေးဇူးပါပဲ အစ်ကို၊ သိပ်တော့ မချီးမွမ်းပါနဲ့ဗျာ၊ ကျွန်တော်က ရှက်တတ်လို့"

မျက်နှာတွေ တကယ်နီမြန်းလာသော ညိုသစ်ငြိမ်းကို ဦးဆန်နီက သဘောတကျ ပြုံးရယ်နေရင်း ...

"ဒါတွေ တစ်ခါမှ မပြဘူးလား"

"ကျွန်တော် အဆက်အသွယ်လည်း မရှိပါဘူး အစ်ကို၊ သင်တန်းတက်တာမျိုးလည်း မရှိတော့ ဆွဲဖော်ဆွဲဖက်ရယ်လို့တောင် အသိအကျွမ်းထဲက မရှိပါဘူး၊ နည်းနည်းခင်တဲ့ အစ်ကိုလိုသဘောမျိုး တစ်ယောက်လောက်ပဲရှိတော့ သူ ဆွဲတာတွေ လေ့လာ၊ သူ့ဆရာက '......' ဆိုတော့ အဲဒီဆရာကိုလည်း ကြည့်ပြီး လေ့လာခွင့် ရတာလောက်ပဲ ...





ရှင်းရှင်းပြောရရင် အိမ်ကလည်း အားမပေးခဲ့ဘူး၊ စိတ်ကူးယဉ်သမား အလုပ်မျိုးလို့တောင် ယူဆကြတော့ ကျွန်တော် ကိုယ်တိုင်လည်း သိပ်ရဲရဲကြီး ထဲထဲဝင်ဝင်ကြီး ပန်းချီလောကထဲလည်း မတိုးရဲ မဝင်ရဲ၊ ကိုယ့်အိမ်ထဲပဲ ကိုယ် စွက်ပုန်းသီးသဘောမျိုး ကျိတ်ဆွဲနေတာပါ ...

ကျွန်တော် သင္တိုလည်းနည်း၊ အတွေ့အကြုံလည်း နည်း၊ အပေါင်းအသင်းလည်း နည်းပါတယ်၊ မ,က ... မနဒီက အတင်းမိတ်ဆက်ပေးလို့သာ အစ်ကိုနဲ့ သိခွင့်ရခဲ့တာ၊ နို့မို့ရင် ကျွန်တော့်ပန်းချီကားတွေကို ခုလို လာကြည့်ဖော်ရတဲ့သူရယ်လို့တောင် ရှိမှာမဟုတ်ဘူးဗျ၊ ဒီတော့ ပြပွဲ တင်ဖို့ဆိုတာမျိုးက အဝေးကြီးက အိပ်မက်ပါ အစ်ကိုရာ"

"အဲဒီအဝေးကြီးက အိပ်မက်ကို တကယ့်အဖြစ်အပျက် အနေနဲ့ကြုံရမယ် ဆိုရင်ကော"

"အဟား ဟား ဟား ... အစ်ကိုရာ"

ညိုသစ်ငြိမ်းက ခေါင်းမော့လှန်၍ ရယ်မောကာ ခေါင်းကို အသာအယာ ယမ်းခါနေမိပါသည်။ အိပ်မက်တောင် ရဲရဲမမက်ဝံ့တာကို တကယ်ကြုံရဖို့က ...။

"ဒီကားတွေက အားလုံး ရောင်းဖို့လား"

"ဗျာ ...၊ ဟို ရောင်းဖို့ဆိုတာက ဝယ်တဲ့သူ ရှိရင်တော့ ရောင်းမှာပေါ့ အစ်ကိုရာ၊ ရောင်းဖို့ မရောင်းဖို့ရယ်လို့ညြ



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ထားပြီး ဆွဲတာမဟုတ်ပါဘူး၊ ဩော် ... ဒါပေမဲ့ ရဲ့ပုံတွေ၊ မနဒီရဲ့ ပုံတူကားတွေတော့ မရောင်းဘူး အစ်ကိုရာ၊ မနဒီ ပုံတွေကလွဲရင် ကျန်တဲ့ကားတွေက ဝယ်သူသာရှိရင် ရောင်းနိုင်ပါတယ်"

"ဈေးနှုန်းကိုရော ဘယ်လိုသတ်မှတ်မလဲ"

"ဗျာ"

ညိုသစ်ငြိမ်းက ဦးဆန်နီကို စူးစိုက်၍ ကြည့်သည် ဦးဆန်နီက ညိုသစ်ငြိမ်းကို မကြည့်ဘဲ ပန်းချီကားတွေဆီ ပြ လျှောက်သွားကာ နောက်တစ်ကြိမ် ခပ်မြန်မြန် ပြန်ကြည့်နေသည် တစ်ချပ်ဆွဲမ,လိုက် ကြည့်လိုက် ပြန်ချလိုက်၊ နောက်တစ်ချပ် မ,ကာကြည့်လိုက်။

"ဟင် ... ဘယ်လောက် သတ်မှတ်သလဲ"

"အဲ ... ဈေးနှုန်းကတော့ ကျွန်တော် ..."

"တစ်ကားကို လေးသောင်းနှုန်းနဲ့ ပျှမ်းမျှပေါ့၊ ဒီ ခပ်လတ် လတ်ရော နည်းနည်းကြီးတဲ့ Size ရော ဈေးနှုန်းခွဲခြား မသတ်မှတ်တော့ဘဲ ပျှမ်းမျှတစ်ကား လေးသောင်းဆိုရင် ဘယ်လိုသဘောရမလဲ"

ညိုသစ်ငြိမ်းသည် နောက်ပြောင်နေတာ မဟုတ်မှန်း သိတဲ့တိုင် ငါ့ကို စ,နေသလားလို့ ခံစားရကာ ခပ်တွေတွေစိုက် ကြည့်နေမိသည်။ ရင်တွေကတော့ တဒိုင်းဒိုင်း စ,ခုန်လာခဲ့ပါပြီ။





"အားလုံးနီးပါး ... အားလုံးပဲ ဆိုပါစို့၊ ကျွန်တော် အကုန် ချုပ်ယူထားမယ်၊ ပြပွဲအနေနဲ့ ကျွန်တော် ဒီမှာလည်း လုပ်မယ်၊ ချင်းမိုင်မှာလည်း လုပ်မယ်၊ တရုတ်ပြည်မှာလည်း လုပ်မယ်၊ ကိုညိုသစ်ငြိမ်းရဲ့ ပြပွဲပေါ့၊ ကိုညိုသစ်ငြိမ်း ကိုယ်တိုင်လည်း ပါဝင်ရမယ်ပေါ့၊ ဒါပေမဲ့ ကားတွေ ရောင်းချရခြင်းကတော့ ကျွန်တော်နဲ့ပဲ အားလုံး သက်ဆိုင် သွားပြီဆိုတဲ့ သဘောပါ၊ ရှေ့အတွက် ကိုညိုသစ်ငြိမ်းရဲ့ ပန်းချီကား ရောင်းချခြင်း၊ ပန်းချီပြပွဲ ပြုလုပ်ခြင်းတို့အပေါ် မှာလည်း ကျွန်တော်တို့ နားလည်မှုတစ်ခုညှိပြီး စာချုပ်က လေးနဲ့ သေသေချာချာ လုပ်ချင်တယ်၊ တစ်သက်လုံးတော့ မဟုတ်ပါဘူး၊ နှစ်ကာလ အတိုင်းအတာတစ်ခုအထိပေါ့ ဗျာ၊ သဘောကတော့ ကျွန်တော်လည်း ဝိုင်းဝန်းမွေးတင် ပေးတဲ့သဘောပေါ့၊ ကျွန်တော့်မှာလည်း အတိုင်းအတာ တစ်ခုအထိ ရင်းနှီးမြှုပ်နှံထားရမှု ရှိတဲ့အတွက်ကြောင့် သာ နှစ်အပိုင်းအခြား စာချုပ်လေး လိုအပ်တာပါ၊ ကျွန်တော့် ပန်းချီဆရာ လျှမ်းလျှမ်းတောက် ပေါက်သွားတော့လည်း ကျွန်တော်လည်း ပြန်ကောင်းစားတာပေါ့ဗျာ"

ညိုသစ်ငြိမ်းသည် သူ့အဖြစ်ကိုသူ မယုံနိုင်သလောက် အောင် လူက ထုံ၍ပင်နေသည်။ သူ့ဘဝမှာ သူ့ပန်းချီကားတွေ ကို မ,လိုက်ကြည့်ခဲ့တဲ့နေ့က ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်တော်တာပဲ၊ မ, ပျော်လိုက်တာ"ဆိုတဲ့ စကားသံကလေးကြောင့် ပထမဆုံးအကြိမ် အားတွေတက်ခဲ့ရသည်။ အခုတော့ ဒုတိယအကြိမ်။ သူ့လက်ဖျားတွေ အေးစက်ကာ ချွေးတွေနှင့် စေးထန်းလာသည်။ ဘေးမှာ မ,ရှိနေရင် သိပ်ကောင်းမှာပဲ မ,ရယ်။ မ,သိရင် ပျော်ဦးမှာပါ။ မ,သိစေချင်လိုက်တာ။

ဦးဆန်နီ ပြန်သွားချိန်တွင် ညိုသစ်ငြိမ်း မ,ရဲ့ဖုန်းကို ခေါ်သည်။ မ,နဲ့ မတွေ့ကြတော့ကတည်းက ပထမဆုံး ဖုန်းပြန်ခေါ်တာပင်။ မ,ကို ပြောချင်ဇောဖြင့် ရင်တွေ တအားခုန်နေသော်လည်း မ,ရဲ့ဖုန်းထဲကနေ Voice mail မှာ မှာစရာရှိတာ မှာထားခဲ့ဖို့ သတင်းပို့နေသံကိုသာ ကြားနေရပါသည်။ မ,ကို တိုက်ရိုက်ပြောရတာ မဟုတ်ဘဲ သူ့အသံကို မ,ဖုန်းထဲ ထည့်မထားခဲ့လိုပါ။ မ,ရဲ့တုံ့ပြန်မှုကိုပါ တစ်ပါတည်း ကြားလို သိလိုတာ။

ဆိုင်ကိုလည်း သူ ဆက်ကြည့်ပါသည်။

"မမ မဖာနဲ့ ဦးလပြည့်နဲ့ အပြင်ထွက်သွားတယ် ကိုညိုသစ်ငြိမ်း"

စုထွေး စကားမဆုံးခင်ပင် သူ ဖုန်းချပစ်ခဲ့သည်။

ထို့နောက်တော့ သူ့ရင်ထဲ ငိုချင်စိတ် ဆို့လှိုက်တက်လာကာ ခုတင်စွန်းမှာထိုင်ရင်း မျက်နှာကိုအုပ်လျက် တစ်ခဏ





အသံတိတ် ငိုနေမိခဲ့သည်။ မျက်ရည်တွေ စိုစွတ်နေသော မျက်ဝန်းကို မသုတ်နိုင်သေးဘဲ မာမီ့ထံ ဖုန်းခေါ်ဖို့ သတိရပါသည်။ မာမီရဲ့ "ဟယ်လို"သံကြားလျှင် ပိုပြီးဝမ်းနည်းလာပြန်ကာ ...

"မာမီ ...၊ သား ... သား ပန်းချီဆရာ ဖြစ်တော့မယ်ထင်တယ်"

"တစ်ခုခု ဘာထူးလို့လဲ သား"

"မ, ဆက်သွယ်ပေးတဲ့ ဂယ်လရီပိုင်ရှင်ကလေ သားရဲ့ ကားတွေ အားလုံးကို ဝယ်လိုက်တယ်၊ ပြပွဲလည်း လုပ်ပေးမယ်"

"ဟုတ်လား"

ဒေါ်ခင်လေးညို အသံကလည်း တုန်ခါနေပါသည်။ ရှင်းရှင်းပြောရလျှင် ခုချိန်ထိ သားဖြစ်သူရဲ့ ပန်းချီကားအားလုံးကို စေ့အောင်မကြည့်ဖူး၍ အားနာသလိုလိုလည်း ဖြစ်နေမိပါသည်။

"နှင်္ဒီ သိပြီးပြီပေါ့"

"မ, မသိသေးဘူး မေမေ၊ ဖုန်းဆက်လို့လည်း မရဘူး"

"မီးက ကိုညိုကို အမြဲသတိရပါတယ်နော်၊ ဒါပေမဲ့ လွှင့်လိုက်တိုင်း ဟိုအန်တီနဲ့ချည်းပဲဆိုတော့ ရင်နာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းက နာခေါင်းထဲက လေထွက်ရုံတစ်ချက် ရယ်မိသည်။ ဟိုအန်တီတဲ့။ ဒါပေါ့လေ၊ မီးမီးဟာ အသက်နှစ်ဆယ်ပဲ ရှိသေးတဲ့ဟာ။ ခေါ်မယ်ဆိုလည်း ဖြစ်ပါတယ်။ ဒီကြားတွေထဲလည်း မီးမီးက သူ့ထံ ကြိုကြားတော့ ဖုန်းဆက်သည်။ သူက မကိုင်တာ ချပစ်တာတွေနှင့် ရှောင်ရသည်။

ဟိုတစ်နေ့ကတော့ ဖုန်းမလာတာကြာတဲ့ မီးမီးထံမှ ဖုန်းဝင်လာတော့ တစ်ယောက်ယောက်နဲ့ စကားတွေ တအားပြောချင်နေတဲ့ ညိုသစ်ငြိမ်းက အကြာကြီး လက်ခံစကားပြောဖြစ်လိုက်တာ။ မီးမီးက နောက်နေ့လည်းဆက်. နောက်နေ့လည်းဆက်။ ဒီနေ့တော့ ရုပ်ရှင်လိုက်ပြဖို့ အသည်းအသန် ပူဆာပြန်ရာ ကိုယ်တိုင်လည်း စိတ်လေလေ ခပ်ပျင်းပျင်းနှင့် ရုပ်ရှင်လာကြည့်ဖြစ်ခဲ့တာ။

ရုပ်ရှင်ရုံက ဆင်းတော့ ...

"ဟိုအောက်မှာ ကော်ဖီတိုက်"

"အင်း"

"မုန့်တွေလည်း စားမှာနော်။ ကိုညို ပန်းချီကားတွေ ရောင်းရတယ်ဆို၊ ထောနေတယ် မဟုတ်လား"

"အင်း ... စား"

"ကိုညိုပြပွဲလုပ်ရင် မီးကိုလည်း ဖိတ်နော်"

"အင်း"





"ဟွန်း ... သဘောတွေ ကောင်းနေတယ်"

"ဘယ်တုန်းက သဘောပုပ်လို့လဲ"

"အံမယ် ... ဟိုအန်တီကြီးနဲ့ တတွဲတွဲတုန်းက မီးကို ဖုန်းထောင် သေချာမပြောချင်တာ၊ မှန်မှန်ပြောပြ၊ အဲဒီအန်တီက ကိုညို့ ရည်းစားလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"တို့ပန်းချီကားတွေ ရောင်းရဖို့ ပြပွဲဖြစ်ဖို့ ဟိုလူဒီလူနဲ့ မိတ်ဆက်ပေးတာပါ၊ ဒီလိုပါပဲ၊ ကိစ္စရှိလို့ တွဲတာပါ"

ပြောပြီးမှ ကိုယ် ဘာကြောင့် ဒီလိုဖြေဖြစ်ပါလိမ့်...ာ ကိုယ့်ကိုယ်ကိုယ် နားမလည်။ မ,ကို ချစ်လည်းချစ် လွမ်း...ည်းလွမ်း ရင်ထဲနင့်နေရင်းကကိုပဲ မ,ဟာ ကိုယ်ချစ်တဲ့သူဆို...ာကိုတော့ ပွင့်ပွင့်လင်းလင်း ထုတ်ချပြရမှာ တစ်မျိုးကြီးလိုလို ...ဖြစ်နေပါသည်။ ကိုယ်က ဖွင့်ပြောရင့်လည်း လူတစ်ရာမှာ တစ်...လုံး အံ့အားတသင့် ဖြစ်သွားမှာကို နားလည်နေသည်။

"ထင်တော့ ထင်ပါတယ်၊ ကိုညိုက တွဲစရာရှားလို့ ဒီလောက်အသက်ကြီးကြီးနဲ့တော့ မကြိုက်လောက်ပါဘူးလို့"

ကော်ဖီဆိုင်ထဲ ဝင်လာပြီး နှစ်ယောက်ထိုင်တဲ့...ပွဲခပ်သေးသေးလေးမှာ ဝင်ထိုင်ပြီးတဲ့နောက် ညိုသစ်ငြိမ်း...ကော်ဖီမီနူးကို ကြည့်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ယော့ ... ဗော့ ... ကိုညို၊ ဟိုမှာ ... ဟိုအန်တီတော့"

မီးမီးစကားကြောင့် ရင်ထဲ ဒိန်းကနဲ ဖြစ်သွားကာ လှကို လှုပ်တောင် မလှုပ်ရဲမိပဲ ဖြစ်သွားပါသည်။

"အန်ကယ်ကြီးတစ်ယောက်နဲ့ ... ဟီဟိ"

ညိုသစ်ငြိမ်းရဲ့ ကျောဘက်မှာဖြစ်၍ လှည့်မကြည့်ပဲ မီးမီးကိုသာ ...

"ကိုယ်တို့ကို တွေ့လား"

"အင်း ... မီးကိုတော့ နှစ်ခါလောက် လှမ်းကြည့်နေတယ်"

ညိုသစ်ငြိမ်းသည် လှည့်မကြည့်ဘဲ ရင်ထဲ ဝမ်းပန်း ... ှည်း ဖြစ်ရာမှ ဒေါပါပွလာသည်။ ဟို ... ဦးလပြည့် ဆိုတဲ့သူ ဖြစ်မှာပဲ။ ခင်ဗျားက ဒီလူကြီးနဲ့ တွဲနေတာပေါ့လေ မ,။ ရှယ်တူ တန်းတူထဲကပေါ့ ဟား ဟား။ ဒီလိုဘူတားကြီးမျိုးလောက်ကိုမှ ခင်ဗျားက ယောက်ျားထင်တာလား။ ကျုပ်လောက်ကိုဆိုရင် သူ့ အော်စရာ ဟောက်စရာ သူထားရာနေစရာ သွားစရာ အရုပ်သာ ...သာဟောက် သဘောထားတာ။

မ,ကျွန်တော့်ကို အော်ဟစ်တဲ့ နိုင့်ထက်စီးနင်းစကား လုံးတွေနဲ့ ဒီဦးလပြည့်ကိုသာဆိုရင် အော်ရဲလား။ ဟား ဟား ... ခင်ဗျား ဘယ်အော်ရဲမလဲ။ ဒါကြီးကိုကျတော့ ခင်ဗျားကကြောက် နေမှာပေါ့လေ။ ကျွန်တော့်ကိုသာ မလေးမစား အရေးမထား ခင်ဗျား ဆက်ဆံရဲတာ မဟုတ်လား။





"ကိုညို့ မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"နှုတ်မဆက်ဘူးလား၊ ဒီလောက် ခင်ထားပြီးမှ"

"မလိုပါဘူး"

"ရန်ဖြစ်ထားတာလား၊ မကြည်လို့လား ဟုတ်လား"

"ရန်မဖြစ်ပါဘူး၊ ကိစ္စရှိသလောက်ပဲပေါ့၊ တစ်ခါတလေ ကျတော့လည်း အရေးတကြီးကိစ္စမှ မရှိတာ၊ မမြင်ချင် ယောင်ဆောင်ထားလည်း ရတာပဲ၊ သွားမကြည့်နဲ့"

"မကြည့်ပါဘူး၊ သူကတော့ အရမ်းလှမ်းလှမ်းကြည့်တာ"

"မြန်မြန်သောက်ကွာ၊ သွားမယ်"

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး၊ မြန်မြန်သွားမယ်လို့"

"မြန်မြန်သွားစရာ အကြောင်းရှိလို့လား"

"သိပ်ကြာရင် နှုတ်မဆက်လို့ မရဘူးလေ၊ လူကြီးတစ် ယောက်လည်း ပါနေတော့ နှုတ်လည်းမဆက်ချင်လို့"

ယုတ္တိရှိမရှိ ကျိုးကြောင်း ခိုင်လုံမလုံတော့ မသိပါ။ ညိုသစ်ငြိမ်းက ဒီဆိုင်ထဲ ဆက်ထိုင်နေချင်စိတ်ကို မရှိတော့အောင် ရင်ထဲ နာကျင်ပူလောင်လာ၍ ဖွင့်ပြောလိုက်ပါသည်။

"ကော်ဖီက မော့ချလို့ ရတယ်၊ မုန့်က ..."

"လက်က ကိုင်ခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညိုသစ်ငြိမ်းက ပြောလည်းပြော၊ တြိဂံချွန်း ချော ကလက်ကိတ်လေးကို တစ်ရှူးနှင့် ကောက်ယူလိုက်ကာ မီးမီး လက်ထဲသို့ထည့်ပြီး ပိုက်ဆံခေါ်ရှင်းပါသည်။

"ဘာမှန်း သိဘူး၊ ဖုတ်ပူမီးတိုက်နဲ့၊ ခုပဲ ရောက်တာကို"

မီးမီးကို မဖြေရှင်းတော့။ ဒါပေမဲ့ ဆိုးညစ်သော စိတ်ကလေး တစ်စွန်းတစ်စက အံ့သြလောက်စရာ တချောင်ကြား က ဘယ်လိုထွက်လာမှန်းမသိ ထွက်လာပြီးလျှင် ထိုင်ရာက ထ, အထွက်ကတည်းက မီးမီးရဲ့လက်ဖျားလေးကို လှမ်းဆွဲဆုပ်ကိုင် လိုက်ပါသည်။ ချာခနဲအလှည့်မှာ ခပ်စောင်းစောင်းက မ,တို့ စားပွဲကို ထင်းထင်းကြီး လှမ်းမြင်နေရတော့တာ။

လုံးဝလှမ်းမကြည့်ပါဘူးလို့ ရည်ရွယ်ထားတဲ့ကြားက မျက်လုံးများက ဖျတ်ခနဲ မ,ထံ ရောက်သွားသည်။ မ,ကအကြည့် ကို ရှောင်မလွှဲဘဲ စားပွဲပေါ် တံတောင်ဆစ်ထောက် လက်ဖဝါး မေးထောက်ပုံစံနှင့်ပင် ညိုသစ်ငြိမ်းထံ လှမ်းကြည့်နေလျက်သား။ အသက်အရွယ်နဲ့ ဝါစဉ်သမ္မာစဉ်အရ မ,လောက်တော့ သွေးအေး တည်ငြိမ်နိုင်ခြင်း မရှိဘဲ ဘာမှမဖြစ်သလို လှမ်းပြုံးပြလိုက်တဲ့ ညိုသစ်ငြိမ်း အပြုံးက မပီပြင်။ နှုတ်ခမ်းထောင့်တစ်ဖက်ပဲ တွန့် ကွေးတက်ကာ မဲ့တဲ့တဲ့နှင့် နှုတ်ခမ်းသားတွေက တုန့်သွားရသေး ကာ ရင်ထဲမှာလည်း လှိုက်လှဲကြေကွဲခဲ့ရသည်။





## ၁၃

ရူပါမားကက်ထဲ လှည်းကိုတွန်း၍ ငိုင်တိငိုင်တိုင် လျှောက်လာသော နဒီသည် လိုအပ်တယ်ထင်တာတွေ စင်မှဆွဲ ယူကာ လှည်းထဲ ပစ်ထည့် ပစ်ထည့်ရင်း အမှတ်မထင် လှည်းထဲ ပြန်ငုံ့ကြည့်မိသည်။

နွားနို့ဘူးက ညိုသစ်ငြိမ်း ကြိုက်တဲ့ တံဆိပ်လေ။ Chez တံဆိပ် ချိစ်ဆင်းဒ်ဝစ်ချ် ဘီစကစ်ဘူးကကျတော့ ညိုသစ် ငြိမ်းရဲ့ ဖေးဘရိတ်။ ဂျပန်ရေညှိထုပ်တွကလည်း သူ့အကြိုက်ပဲ။ ဘာဖြစ်လို့ ဝယ်သမျှက သူ့အကြိုက်ချည်း ဖြစ်နေရတာလဲ။ ဟို ရက်ပိုင်းတွေတုန်းကတော့ ဝယ်သမျှဟာ တစ်ဟုန်ထိုး ကုန်လိုက် ထပ်ဝယ်ဖြည့်လိုက်နှင့် အဆက်မပြတ်ဆင်းဝယ်ထားရသော လှေ က အကျင့်ပါနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ စားမယ့်သူမှ မရှိတာ။ မနက်ဆိုရင် သရေစာတစ်ပုံတစ်ပင်နဲ့ အခန်းအပ်ပြီး ထားရစ်ရတဲ့ ကလေးမဟုတ် လူကြီးမဟုတ် ကောင်ကလေးဟာ ခုဆိုရင် တစ်နေကုန် ဘယ်တွေ လျှောက်လည်နေမလဲ။ ဟို ... မီးမီးဆိုတဲ့ ကောင်မလေးနှင့်ပဲလား။ ဟိုတစ်နေ့က ကော်ဖီဆိုင်ထဲ မီးမီး လက်ကို ဆုပ်ဆွဲ၍ သူ ထွက်သွားတော့ ရင်ထဲ နာကျင်နင့်မောနမြောပူလောင်ကျန်ရစ်ခဲ့သည်။

အဝင်တုန်းက သီးသန့်ခပ်ခွာခွာနဲ့ နဒီရှိမှန်းသိမှ လက်ဆွဲတွဲလိုက်တဲ့ အပြုအမူကို ရိပ်မိသော်လည်း ရင်ထဲ နာကျင်တာတော့ နာကျင်တာပဲလေ။ မ,ရဲ့ပုံတူကို ဆွဲခြယ်ခဲ့တဲ့ မင်းရဲ့ လက်ချောင်းလေးတွေနဲ့ တခြားမိန်းကလေးတစ်ယောက်ရဲ့လက်ကို ဆုပ်တွဲရက်တယ်ပေါ့နော်။ ညိုသစ်ငြိမ်းရယ်။

ဘယ်လိုပင်ဖြစ်စေ ဘယ်လိုမှ ဖွတ်ကန်ငြင်းပယ်မရနိုင်သည်မှာ အဲဒီနေ့က Jean အပြာရင့်ကလေးတွေကိုယ်စီ ဘောင်းဘီတစ်ခေါင်းစွပ်အိတ်ရှည်လေးတွေ ကိုယ်စီနှင့် ညိုသစ်ငြိမ်းနဲ့ မီးမီးတို့ အတွဲကလေးဟာ အင်မတန်မှကို လိုက်ဖက်တင့်တယ်ပြီး နုနယ်ပျိုမျစ် လတ်ဆတ်သစ်လွင်နေကြတာပါပဲ။ ချစ်စရာရုပ်ရည်လေးတွေနှင့် စုံတွဲလှလှကလေးလို့ အားလုံး သတိပြုကြည့်မိချင်စရာ ဖြစ်နေတာ။





"ငယ်ဂွင်" ဆိုတာဟာ တကယ်ပဲ အသရေတစ်မျိုး ထွန်းတောက်စေတာပါလား။ မင်း ကိုယ်နဲ့တွဲသွားတဲ့အခါ နံဘေးမှာ ရင့်ရော်ခြင်း တစ်စိတ်တစ်ပိုင်းနဲ့ (ဘယ်လောက်ပဲ လှပပါတယ် ပြောပြော) နုသစ်လတ်ဆတ်မှုမှာတော့ မီးမီး ကဲ့သို့ ဂုဏ်ထူးမထွက်နိုင်တော့သော မိန်းမတစ်ယောက်ကို ယှဉ်တွဲခေါ်ရတဲ့အခါ မသိစိတ်ထဲမှာ ရှက်သလို ရွံ့သလို မဖြစ်မိပါဘူးလို့ မင်း တိုက်တွယ်နိုင်ပါ့မလား မောင်လေးရယ်။

Jean စကားလေး စတ်ပြီး မင်း ခြေလှမ်းတဲ့အတိုင်း ခြေလှမ်းကျဲ လိုက်လှမ်းရင်း တွဲပါနိုင်တဲ့ အသက်နှစ်ဆယ် ချစ်စဖွယ် ကောင်မလေးတစ်ယောက်ယောက်ထက် ဘယ်လိုမှ ခြေလှမ်းကျဲနဲ့ တွဲမလိုက်နိုင်ဘဲ ဒေါက်ဖိနပ် တုပ်တုပ် ခွပ်ခွပ်နဲ့ စကတ်ထဘီ တင်းတုပ်မသွားအောင် မနည်းအားယူ လှမ်းလိုက်ရတဲ့ သုံးဆယ်ကျော် မိန်းမတစ်ယောက်ကို မင်း ရေရှည်ပိုမိုစိတ်ရှည်နိုင်မှာမို့လား။

[မင်းကို မလွမ်းဘူးဆိုရင် အဲဒါဟာ မုသာဝါဒပဲ။ လွမ်းလွန်းအားကြီးတော့ မငိုပါဘူးဆိုတာတောင် ဘယ်ကဘယ်လို ထွက်ကျလာမှန်း မသိတဲ့ မျက်ရည်တွေက ခေါင်းအုံးတောင် စိုနစ်ရွဲလို့ နောက်တစ်ရက် နေပူထုတ်လှမ်းရတဲ့ အထိပဲ။ ဆေးဒီ ဆေးဝယ်လှည်းထဲမှာ မင်းကြိုက်တာတွေချည်း ယောင်ယမ်းဝယ်



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းမိတဲ့ အထဲမှာ မ,အတွက် တဲတယ်ဆဲအသုံးပြုဖို့ ဝယ်လာခဲ့တာ တစ်ရှူးဘူးတွေ။

မျက်ရည်သုတ်ဖို့၊ နှာခေါင်းကိုညှစ်ဖို့။ တစ်ညတည်းနဲ့များတောင် တစ်ဘူးနီးပါး ကုန်လုကုန်ခင်။

ညိုသစ်ငြိမ်းကိုချည်းပဲလား ဆိုတော့ မဟုတ်ပါ။ ဝင်ငွေကြေးပါပုံရတဲ့ နဒီမှာ သူ့ရဲ့အမေ ဒေါ်ခင်လေးညိုကိုလည်း ကိုယ့် Therapist အဖြစ် သီးခြားဖြစ်စေ၊ ချစ်သူရဲ့အမေအဖြစ် နွယ်ယှက်ပတ်သက်၍ဖြစ်စေ လွမ်းဆွတ်သတိရနေပြန်သေးသည်မှာ အံ့သြစရာ။

ဒီကြားထဲမှာ ကြံရာမရ ဆောက်တည်ရာမရ ခေါင်းတွေ ထူပူရှုပ်ထွေး အာရုံတွေ ထွေပြားလာပြီး ဒေါ်ခင်လေးညိုရဲ့ Clinic ရှိတဲ့ ကွန်ဒိုမီနီယံအောက် သွားရပ်ကာ တွေဝေနေမိပြီး အပေါ်မတက်ဖြစ်ဘဲ ပြန်ကွေ့လာခဲ့မိတာ နှစ်ခါပါ။ ရက်ကြာလာတော့ သူမအနေနှင့်လည်း ရွေးချယ်စရာလမ်း ကျပ်တည်းခဲ့မှာပဲ ရယ်လို့ ခွင့်လွှတ်တွေး တွေးလာမိပါသည်။

ကိုယ့်သားပျိုကလေး အသက်နှစ်ဆယ့်နှစ်နှစ် သုံးဆယ့်လေးနှစ်ရွယ် အမျိုးသမီးတစ်ယောက်နှင့် သဘောတူ ချင်တဲ့ မိခင်တစ်ယောက်ကို အပြစ်မြင်စရာ အကြောင်းမရှိပါ။ သားပျိုရှိတဲ့ အမေတိုင်း လက်သီးလက်မောင်းတန်းပြီး ထော



ကြံမှာပါ။ တစ်ဖက်က ကိုယ့်ရဲ့လူနာ အမျိုးသမီးဟာ သားရဲ့ အမျိုးသမီးပဲလို့ သိလိုက်တဲ့အခါ သွေးပျက်သွားမယ့် ခံစားချက်ကိုလည်း အစားခံစား ကိုယ်ချင်းစာကြည့်လို့ ရပါသည်။

ဒီလူနာရဲ့ ရင်ဖွင့်စကားတွေကို ဆက်နားထောင်ရ ကောင်းနိုး၊ ဆက်နားမထောင်ရ ကောင်းနိုး၊ ရှုံ့ချည်နှင်ချည်ဝေခွဲမရ သောကတွေ ဖြစ်ခဲ့ရှာဦးမှာ။ သူကိုယ်တိုင်တောင် သူ့ဆက်စိနီယာဖြစ်တဲ့ Psychiatrist ဆီ သွားတယ်ဆိုသားပဲ မဟုတ်လား။ ကြံရာမရ အတော်ဦးနှောက်ခြောက်ခဲ့မှာ။ ဒေါ်ခင်လေးညို လုပ်ခဲ့တာဟာ ကိုယ်တိုင် သူ့နေရာဆိုလည်း ဒီလိုပဲ လုပ်မိဖို့များတာ တစ်နေ့ထက် တစ်နေ့ ဆင်ခြင်နိုင်စွမ်း ရှိလာချိန်မှာ နဒီ ဒေါသတို့က ပြေနေပြီ။

သွားချင်ရက်နှင့် မသွားရဲတဲ့ ဝမ်းနည်းမှုကသာ ပိုနေပြီ။ ညိုသစ်ငြိမ်း ပြောခဲ့တာတွေကလည်း အမှန်တွေပင်။ ဦးလပြည့်ကိုဆိုရင် နဒီဟာ ကောင်လေးအပေါ် နိုင့်ထက်စီးနင်း ဖိနှိပ်ပြောချင်တိုင်း ပြောတာမျိုး ပြောရဲမလားဆိုတော့ မပြောရဲပါ။ လူဆိုသည်မှာ ကိုယ်နိုင်ရာကိုဖိ၍ ထောင်းတတ်ပြီး မနိုင်ရဲတာကိုကျတော့ ပင့်၍ မ,ထားရတဲ့ မမှန်တဲ့သဘောမျိုးရှိကြများပါသည်။ ဦးလပြည့်ကိုဆိုရင် စကားအခွန်းတိုင်းထိ ချိန်ဆပြီးမှ ဆင်ခြင်ပြောရတာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ရိုင်းတယ်၊ မယဉ်ကျေးဘူး ထင်မှာလည်း မလိုလား။ သူ့ကို မလေးမစား စော်ကားရာကျသွားမှာလည်း မလိုလား။ အလေးထားပြီး ဂရုစိုက် ဆက်ဆံရတာပါ။ ဒါတောင်မှ ဒီလူဟာ ကိုယ့်အတွက် မရှိမဖြစ် အရေးပါတဲ့သူ မဟုတ်သေးပါဘူး။ ညိုသစ်ငြိမ်း အပေါ်ကျတော့ အသည်းနှစ်အောင် ချွဲချစ်မိတာ ကိုယ့်ကိုယ်ကိုယ် သေချာတဲ့တိုင် ပြောဆိုကြိမ်းမောင်းပစ်လိုက်ဖို့ ဝန်မလေးခဲ့သလို တလေးတစားလည်း နေရာမပေးမိခဲ့ပါ။

အဲဒါ ဘာလဲ။ အသက်ကွာခြားတာကြောင့်ပဲ။ သူ့အပေါ် သူငယ်နှပ်စားအရာသာ ထားမိတာကြောင့်ပဲ။ တမင်လည်း မဟုတ်။ အလိုလို စိတ်ကဖြစ်နေတာ။ သိပ်ချစ်ပေမယ့် လေးမှ မလေးစားနိုင်တာ။ သူကလည်း သူပဲလေ။ အားရကျေနပ်စရာ ကိုယ့်ထက် တော်တယ်ထင်စရာ ဘာအချက်တစ်ချက်ရှိလို့လဲ။ ဘယ်နေရာမှာမှ ကိုယ့်ကိုမီနိုင်အောင် မတော်တဲ့ လူငယ်ကလေးလေ။ ကိုယ့်ထက်ညံ့တယ်လို့ပဲ သတ်မှတ်ထားတဲ့ ကောင်ကလေးလေ။

ဘာကြောင့်များ အနည်းဆုံး ဆယ်နှစ်လောက်စောပြီး မမွေးဖွားခဲ့တာလဲ ညိုသစ်ငြိမ်းရယ်။ ကိုသီဟနဲ့ ဇာနဲ့ ကွာသလောက်ဆိုရင် ရဲရဲလက်တွဲဝံ့ပါတယ်။ မင်း လူဖြစ်တာ ဆယ်နှစ်လောက် နောက်ကျခဲ့တာမို့ ခုလို ရင်မောစရာတွေ ကြုံနေရတာပါ။





သူကြိုက်တတ်တဲ့ မုန့်ဘူးမုန့်ထုပ်တွေကို ပြန်မဖယ်မိတဲ့အပြင် အခွေတွေ ဘာတွေ ကြည့်ရင်း တဖြောက်ဖြောက်စားတတ်တဲ့ ဖရုံစေ့နှင့် Pistachio အစေ့ထုပ်ကိုပါ ထပ်ဝယ်မိပြန်သည်။ Pistachio အထုပ်ကို ချိတ်လေးမှ လှမ်းဖြုတ်အယူ လက်တစ်ဖက်နှင့် ဆုံနေရကာ အဲဒီလက်ရောနဒီရဲ့လက်ရောက တစ်ထုပ်တည်းကိုပဲ ပြိုင်တူ ဆွဲယူနေမိတာ။

"ဆောရီး"

တောင်းပန်စကားဆိုကာ လှည့်အကြည့် ...

"ဟင် ..."

"မ,"

ဘေးကနေ Pistachio ထုပ်ကို ပြိုင်တူလှမ်းဖြုတ်သူဟာ ညိုသစ်ငြိမ်း ဖြစ်နေပါသည်။ သူ့မှာတော့ နဒီလို လှည်းနှင့် မဟုတ်။ သူစားနေကျ မုန့်တချို့ကို လက်တစ်ဖက်နှင့် ရင်ခွင်မှာ ပိုက်ထားကာ လက်တစ်ဖက်က မုန့်ကိုလှမ်းဖြုတ်နေတာ။ ခေါင်းဆောင်းပါတဲ့ အပေါ်ဝတ်အင်္ကျီကို ခေါင်းပါဆောင်းပြီး ဝတ်ထားပြီး အဲဒီခေါင်းဆောင်းကြောင့်ပင် သူဟာ ဆေးဘီကို သေချာမြင်ဟန်မရှိ။

နှစ်ယောက်လုံးဟာ ကြက်သေသေကြီးတွေ ရုပ်လျှက် မလှုပ်မယှက် ငြိမ်သက်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိကြပါသည်။ အဲဒီကြည့်နေတဲ့ မျက်ဝန်းတွေထဲမှာ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း၊ ဝမ်းနည်းခြင်း၊ အထီးကျန်ခြင်း၊ အသနားခံခြင်း ခံစားချက်ပေါင်းများစွာက တစ်လှည့်စီ ပြေးလွှားနေကြသည်။

……… မင်း သိပ်နေနိုင်တယ်ပေါ့နော် ………

……… မ, သိပ်နေနိုင်တာပေါ့နော် ……… လို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ဝမ်းပန်းတနည်း မျက်လုံးတိုက်ပွဲဝင်ကာ အသံတိတ် မချိတင်ကဲ စကားနာတွေထိုးပြီး အသီးသီး ဆို့ဆို့နင့်နင့် ဖြစ်လာပါသည်။

နဒီ့လက်တွေမှာ အားလည်းမရှိတော့သလို လှည်းကိုတောင် ဆက်တွန်းနိုင်စွမ်း မရှိတော့လောက်အောင် လူကယိုင်ညွတ်ခွေလဲမတတ် ဖြစ်လာသည်။ ခြေနှစ်ဖက်ကိုလည်း မတ်မတ်စုံမရပ်ချင်တော့အောင် အားလျော့သွားတာ။

တစ်ဖက်က ညိုသစ်ငြိမ်း ပုံစံကလည်း ဒီအတိုင်း။ တစ်ယောက်နဲ့တစ်ယောက် နှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး ဝမ်းပန်းတနည်း စိုက်ကြည့်နေကြသည်မှာ စက္ကန့်ပေါင်းများစွာ။ ရှောင်ပြီးထွက်သွားဖို့ ဘယ်သူကမှ စိတ်ကူးပုံလဲမရ။

အဲဒီနောက်မှာတော့ ညိုသစ်ငြိမ်းက စတင်လှုပ်ရှားလိုက်ပါသည်။–သူ့ရင်ဘတ်မှာ ပွေ့ပိုက်ထားတဲ့ မုန့်ထုပ်တွေကို





ဒီရဲ့လှည်းထဲ ဖြုတ်ချလိုက်သည်။ ထို့နောက် သူ့လက်တစ်ဖက် နဒီ့ လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆုပ်ဆွဲကိုင်လိုက်ပါ
ည်။ ရုန်းကန်ငြင်းဆန်ရန် နည်းနည်းကလေးမှ စိတ်ကူးမရှိမိ
တဲ့ နဒီသည် ညိုသစ်ငြိမ်းရဲ့လက်ချောင်းများကို ပြန်ပြီးဆုပ်ညှစ်
ားမိကာ လှည်းကိုကွေ့ထွက်လျက် နှစ်ယောက်အကြားက
ည်းကို အပြင်ဘက်ရောက်အောင် ညိုသစ်ငြိမ်းထံ တိုးကပ်လိုက်
သည်။

"မ,"

"… …"

"မ,"

ထို့နောက်တော့ နဒီသည် ညိုသစ်ငြိမ်း ကျစ်ကျစ်
ခွဲခေါ်ရာနောက်သို့ လက်တွဲလျက်သား တုပ်တုပ် တုပ်တုပ်နှင့်
အပြေးအလွှား ပါသွားပါသည်။ ဝယ်ထားသမျှ ပစ္စည်းတို့သည်
နောက်မှာ ကျန်ချင်သလို ကျန်ခဲ့ကြလျက် သူတို့ခေါင်းထဲ ဘာ
မှမရှိတော့။

ဆိုင်ထဲကထွက် ဘေးဖက်တစ်ကွေ့ပတ်လိုက်လျှင်
နဒီတို့ ကွန်ဒိုအပေါ်ထပ်ကိုတက်ဖို့ ဓာတ်လှေကားပေါက်ပင်။
လက်ချင်းပူးဆုပ်ကာ ဖခုံးချင်းပါတိုက်ပြီး ခုနေ တစ်နေရာစီခွဲ
ပစ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ပုံစံမျိုးနှင့် ခေါင်းကြီးတွေ မဖော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သည်းထန်တဲ့ ခံစားချက်ကိုယ်စီ ပြင်းပြနေတဲ့ ပုံစံမျိုးနှင့် တေ
လေှကားထဲ ကမူးရှူးထိုး ဝင်သွားကြတာကို လုံခြုံရေးမှူးကြီးအ
မျက်ခုံးကြီးပင့်ပြီး ကြည့်ကျန်ရစ်ခဲ့တဲ့ အထိပင်။

နဒီအခန်းတံခါးကိုဖွင့်၍ ဝင်လိုက်ပြီးချိန်မှာတော
ဘယ်လိုမှ ကြိုတင်မရည်ရွယ်ထားပဲ နှစ်ယောက်သားဟာ ပုံးကော
ရုံမကာ ဖောက်ဝင်သွားတော့မည်ကဲ့သို့ တစ်ယောက်ကိုတစ်ယော
တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားလိုက်မိကြပါသည်။

"မ,"

"……………"

"မ,"

"ညိုသစ်"

"မ,ကို ချစ်တယ်"

"ဟင့်အင်း၊ မင်း မ,ကို မချစ်ပါဘူး၊ မင်း မ,ကို ပစ်ထား
နိုင်တာပဲ"

"မဟုတ်ဘူး မ,၊ မ,ကသာ …"

"ဒီရက်တွေအတွင်း မ, ဘယ်လောက်တောင် ဝမ်းနည်း
ခဲ့ရလဲ၊ ဘယ်လောက်တောင် ငိုခဲ့ရလဲ၊ မင်း သိလို့လား"

နဒီသည် ညိုသစ်ငြိမ်း ရင်ခွင်ထဲ ရှိုက်ကြီးတငင်
ငိုနေမိပါသည်။





"မ, မငိုပါနဲ့ မ,၊ မ,ငိုတော့ ကျွန်တော်လည်း ငိုချင်တယ်"

"မင်း … မ,ကို ပစ်ထားနိုင်ပါတယ်"

"မ,က နှင်ထုတ်တာကိုး"

မကြာခင်မှာတော့ ညိုသစ်ငြိမ်း ကိုယ်တိုင်ပါ မျက်
ရည်အလူးလူး ငိုကြွေးနေမိလျက်သား။ ကြားလေမသွေးနိုင်အောင်
အထိ တစ်ယောက်ကို တစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်တွယ်
ထားသည်မှာ ရုန်းထွက်ပြေးသွားမှာ စိုးတဲ့အလား။ နဒီက ညိုသစ်
ငြိမ်း ရင်ခွင်မှာ မျက်နှာအပ်၍ငို။ ညိုသစ်ငြိမ်းက နဒီ့ဆံပင်တွေ
ဆီ မျက်နှာမှောက်၍ငို။

"မ, ကျွန်တော်လေ ပန်းချီကားတွေ ရောင်းရပြီ၊ ဦးဆန်နီ
လာဝယ်တယ်၊ ကျွန်တော် ပြပွဲလည်း လုပ်ရမယ် သိလား၊
မ,ကို အရင်ဆုံး ပြောချင်လို့ ဖုန်းဆက်ပါတယ်၊ မ,ကဖုန်း
မကိုင်ဘဲ Voice mail ကြီး ဖွင့်ထားတော့ ကျွန်တော်
မပြောခဲ့တော့ဘူး၊ ကျွန်တော် နောက်လည်း ဆက်တိုက်
ဆွဲမှာ၊ ကျွန်တော့မှာ ဝင်ငွေလည်းရှိပြီ၊ အလုပ်လည်းရှိနေ
ပြီ မ, …

မ,အထင်သေးတဲ့ ဘာမှမလုပ်တဲ့ လူပျင်းလေးမဟုတ်
တော့ပါဘူး မ,ရယ်၊ ကျွန်တော့်မှာ မိန်းမတစ်ယောက်ကို
ရှာကျွေးနိုင်တဲ့ အစွမ်းအစရှိပါပြီ၊ မ,လောက် ဝင်ငွေမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုင်တောင်မှ မ,ကိုတော့ ထမင်းကျွေးနိုင်ပါတယ် ကျွန်တော် အဲဒါဆိုရင် ယောကျ်ားတစ်ယောက် ပီသပြီ နော် ...

မ,ပြောခဲ့ဖူးသလိုလေ၊ မ,က ရည်းစားထားရမယ့် အရွယ် မဟုတ်တော့ဘူး၊ လက်ထပ်ရမယ့်အရွယ်ဆို ကျွန်တော်တို့ 'ရည်းစား'ဆိုတဲ့ တစ်ဆင့်ကို မြန်မြန် ပြီး ကျော်လိုက်ပြီးတော့ လက်ထပ်ကြရအောင်လေ မ,အတွက် နောက်ကျမသွားအောင်လေ၊ နော် ... မ,"

နဒီသည် သူ့ရင်ခွင်မှာပဲ မျက်နှာကိုပွတ်ကာ တိ တိတ်ကလေး ခေါင်းကိုယမ်းနေမိပါသည်။ မင်းက ငါ့ကိုလို တယ်ဆိုတာထက်ပိုပြီး ငါက မင်းကို လိုအပ်ပါတယ် ညိုသစ်ငြိမ် ရယ်။ မင်း သိထားတာထက်ကို မင်းကို မ,ပိုလိုအပ်ပါတယ် မင်းထင်ထားတာထက်လည်း မင်းကို ပိုပြီး မ, ချစ်ပါတယ်

ဦးငြိမ်းအောင်နှင့် ဒေါ်ခင်လေးညိုက ရှေ့တည့်တည့် မှာ ထိုင်နေသော ညိုသစ်ငြိမ်းကို စိတ်ဝင်တစား စိတ်ဓာတ်နှင့် စူးစိုက်ကြည့်နေကြပါသည်။





"မှာမိ ... ဒက်ဒီ"

"ပြော ... သား၊ မင်းအမေ ဒီထက်ကြာရင် နှလုံးခုန်ရပ် တော့မယ်"

ဒေါ်ခင်လေးညိုက ကိုယ်ဟန်ကို ပြုပြင်လိုက်ရင်း ခင်ပွန်းသည်ကို မျက်စောင်းထိုးကာ ...

"မရပ်ပါဘူး၊ သူ့ဟာသူ ပြောချင်စိတ်ပေါက်မှ ပြောပစေ ပေါ့"

"ပြောဖို့ ရောက်လာတာပဲဟာ၊ ပြောမေ့ သားရဲ့"

"ဒက်ဒီ"

"အေး"

"ကျွန်တော် မ,ကို အိမ်ကိုခေါ်လာခဲ့ပါရစေ၊ မ,ကိုကြည့် ပေးပါ"

"ဟော ... ဘယ်သူ !"

ဒေါ်ခင်လေးညိုက ဦးငြိမ်းအောင်ကို မျက်စောင်းထပ် ထိုးရင်း ...

"ဟိုတစ်ခါ ညို ပြောပြီးသားလေ၊ သူ့ထက်ကြီးတဲ့ ..."

"ဩော် ... သားထက် အသက်ငါးနှစ် ပိုကြီးတဲ့ မိန်းကဲ လေးဆိုတာလား"

ဒေါ်ခင်လေးညိုက ခေါင်းယမ်းကာ ...

"ငါးနှစ် မဟုတ်ဘူး၊ ဆယ့်နှစ်နှစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ့်နှယ်"

"ဒက်ဒီ ... မ,က ကျွန်တော့်ထက် ဆယ့်နှစ်နှစ်ကြီးပါတယ်"

"ဒါဖြင့် သူက ဘယ်အရွယ်တောင် ရှိနေပြီလဲ"

"သုံးဆယ့်လေးနှစ်ပါ ဒက်ဒီ"

ဦးငြိမ်းအောင်က မျက်မှောင်ကြီးကုတ်ကာ အံ့အားတသင့် စိတ်ကျဉ်းကျပ်ပြီး ငြိမ်သွားပါသည်။ ခုမှသိရသည်ဖြစ်၍ အံ့ဩတကြီး ဖြစ်နေရတာပင်။ ငါးနှစ်ကြီးတဲ့ မိန်းကလေးနှင့် သားဟာ တကယ်ပဲ အစစ်အမှန် ချစ်မြတ်နိုးနေကြပြီဆိုရင်ဖြင့် သဘောတူပေးလိုက်ဖို့ရန် ဇနီးသည်ကို နားချဖို့ စိတ်ကူးရှိပြီးဖြစ်ပါသည်။ ခုတော့ ဆယ့်နှစ်နှစ်ဆို၍ မယုံကြည်နိုင်အောင် ဖြစ်သွားမိပါသည်။

"ဆယ့်နှစ်နှစ် !! ၊ အသက်ကွာတာက မလွန်လွန်းဘူးလား သား၊ ဖြစ်နိုင်ပါ့မလား"

"အံ့အားသင့်ရလောက်အောင် ကွာခြားတယ်ဆိုတာ သားသိပါတယ် ဒက်ဒီ၊ ဒါပေမဲ့ သား မ,ကို မေတ္တာစစ်နဲ့ချစ်တာပါ"

"ဒါပေမဲ့ သားကြီး၊ မင်း အသက်သုံးဆယ် အင်မတန်လန်းဆန်းတက်ကြွချိန်မှာ သူက လေးဆယ့်နှစ်နှစ်၊ မင်းအသက်





လေးဆယ် စွမ်းဆောင်ရည် လုပ်ရည်ကိုင်ရည် အမြင့်မားဆုံးနဲ့ အအောင်မြင်ဆုံး အချိန်မှာ သူက ငါးဆယ်နှစ်နှစ်၊ ကွာခြားပုံတွေက မဆိုးလွန်းဘူးလား သားရယ်၊ မင်းမလွယ်ဘူး ထင်တယ် သား ...

ငါ့သားဟာ မိကောင်းဖခင်သား၊ ဘယ်လောက်ပဲ အကျင့်ကောင်းတဲ့ယောက်ျား ဖြစ်ပစေဦး၊ မင်း ရင့်ရော်အိုမင်းလာတာထက် ဆယ့်နှစ်နှစ် အမြဲပိုအိုမင်းနေမယ့် မိန်းမတစ်ယောက်ကို မင်း တစ်သက်လုံး ကျေနပ်နိုင်ပါ့မလား။ မင်း သုံးဆယ့်ငါးနှစ်ဆိုရင် သူက လေးဆယ့်ခုနစ်၊ အိုပြီကွ၊ မင်း လက်တွဲပြီး ပွဲအတူတက်ချင်ဦးမလား"

"တက်ချင်ပါတယ် ဒက်ဒီ"

"အဖြေမစောနဲ့ သား၊ ဒါ မင်းဒီခံစားချက်နဲ့ ဖြေနေတာ၊ အဲဒီအရွယ် အဲဒီအချိန်ရဲ့ ခံစားချက်ကို မင်း ခုနေ ဘယ်လိုမှ အမှန်ကန်ဆုံး မခန့်မှန်းနိုင်သေးပါဘူး၊ အခုစိတ်က မင်း သူ့ကို သိပ်ချစ်နေတယ်၊ ရိုပ်မိတယ်၊ တစ်ချိန်မှာ ကိုယ့်ထက် ဆယ့်နှစ်နှစ်စာ ပိုအိုမင်းနေတဲ့ ကိုယ့်ရဲ့ဇနီးသည်ကို မင်း မကျေနပ်နိုင်တော့ဘူးဆိုရင် အဲဒါ အိမ်ထောင်ရေးမှာ အန္တရာယ်ပဲ သား"

"အဲဒါတွေ သား အားလုံး နားလည်ပါတယ် ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ ဒါ သိအိုရီတွေပဲလေ၊ စာအုပ်တွေထဲ ဖတ်ဖူး မြင်ဖူးနေမှာပဲ၊ ကိုယ်တွေ့မှ မကြုံရသေးပဲ၊ အလွယ်ကလေး ဖြတ်သန်းကျော်လွှားနိုင်လိမ့်မယ်လို့ မင်း ထင်နေလိမ့်မယ်။ မလွယ်ဘူးနော် ငါ့သား၊ ငါးနှစ် ခြောက်နှစ် ခုနစ်နှစ် မဟုတ်ဘူး ဆယ့်နှစ်နှစ်ကွာ၊ ဆယ့်နှစ်နှစ်ဆိုတာ ..."

ဒေါ်ခင်လေးညိုက ဆိုဖာပေါ်မှာ သက်သောင့်သက် သာ ပုံစံနှင့် ခပ်လျော့လျော့ မှီထိုင်လိုက်ကာ လက်ကိုပိုက်၍ ဘာ မှဝင်မပြောတော့ဘဲ သားကိုသာ စိတ်မကောင်းစွာ သနားကြင်နာ စွာ ငေးကြည့်နေမိသည်။ နောင်ဆယ်နှစ်လောက်မှ သူ ဖြစ်လာမယ့် အခြေအနေကို ခုနေမှာ ပါးစပ်က ဘယ်လိုပဲပြောပြပြ မြင်းထန် တဲ့ အချစ်စိတ်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် ခိုင်မာနေတဲ့ သားဟာ အလွယ်တကူ နားဝင်လက်ခံမှာလည်း မဟုတ်။

ပြောသမျှဟာ အပိုပဲဖြစ်မှာ။

ဒက်ဒီတို့ မာမီတို့က သူ ချစ်သလောက် မချစ်တတ် လို့ မချစ်ဖူးလို့လို့တောင်မှ တွေးနေဦးမှာ။ လွယ်ကူစွာ လက်လျှော့ မှာ မဟုတ်ပါ။

"နဒီနဲ့ မင်း ပြန်ဆက်သွယ်ပြီပေါ့"

"ဟုတ်ကဲ့ မာမီ"

"သားက အခု ဘာဖြစ်ချင်တာလဲ"





"တစ်ညနေလောက် ဒီကို ညစာအတူစားဖို့ တစ်မိသားစု လုံးနဲ့ ဆုံဖူးဖို့ ခေါ်လာချင်ပါတယ် မာမီ၊ မ,ကလည်း လိုက်ချင်ပါတယ်"

ဒေါ်ခင်လေးညိုက စိတ်ရှုပ်ထွေးနေပုံရသေးတဲ့ ခင် ပွန်းသည်ဘက် တစ်ချက်လှည့်ကြည့်ရင်း ...

"အင်းလေ ... ထမင်းစား ဖိတ်တာလောက်ပဲ၊ အပန်းမ ကြီးပါဘူး သား၊ ခေါ်လာပါ၊ မာမီလည်း နဒီနဲ့ တွေ့ချင် ပါတယ်"

ညိုသစ်ငြိမ်း မျက်နှာက ဝင်းလက်တောက်ပသွား ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဘဲလ်တီးလိုက်တဲ့အခါ တံခါးဖွင့်ပေးသူက အဘွား။ ေနဲ့အဖို့ အဘိုးရော အဘွားပါ ဒေါ်ခင်လေးညို အိမ်သို့ရောက် ပါသည်။ သူတို့မိသားစုအတွက် ရင်သပ်ရှုမော အထူးတဆန်း ဖြစ်ရမည့် အထူးဧည့်သည်တော် "နဒီ"ပါလာမည်ဆိုသည့်အတွက် ဘိုးနှင့် အဘွားပါ မနက်ကတည်းက ရောက်နေကြတာပင်။

"မ,ပါလာပြီ အဘွား၊ မာမီ … မ, ပါလာပြီ"

အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်နေတဲ့ ညိုသစ် းက အကြီးအကျယ် ရှက်ကိုးရှက်ကန်း ဖြစ်နေတဲ့ နဒီနှင့်စာ ာ့ တည်ငြိမ်ယောင် ရှိနေပါသည်။

ညစာစားဖို့နှင့် သူ့မိဘမိသားစုတွေနှင့် တွေ့ပေးဖို့ သစ်ငြိမ်းက ဖိတ်ခေါ်တဲ့အခါ နဒီ မယုံနိုင်အောင် ဖြစ်ခဲ့ရပါ ည်။ မာမီက သေချာဖိတ်ခိုင်းလိုက်တာပါ ဆိုတဲ့အခါမှာတော့



နဒီသည် သဘောမတူကြောင်း သိရစဉ်ကထက် ပိုပြီးဝမ်းပန်း တနည်း ဖြစ်ရသည်။ ဒေါ်ခင်လေးညိုဟာ သူ့သဘောထားကို ပြောင်းလဲပြီး ညိုသစ်ငြိမ်းနှင့် နဒီကို သဘောတူပေးလိုက်တာမျိုး မဟုတ်ဘဲ ညိုသစ်ငြိမ်းကို ကိုယ့်ကိစ္စကိုယ့်ဘာသာ လွတ်လွတ် လပ်လပ် စီရင်ဆုံးဖြတ်ပိုင်ခွင့် (တစ်နည်းဆိုရရင်) ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့် ပေးလိုက်တာလို့ နဒီ နားလည်ပါသည်။

"ဒက်ဒီ … ဒီမှာ မ,"

နဒီသည် အပြုံးတစ်ခုနှင့် သူ့ကို စေ့စေ့စပ်စပ်အကဲ ခတ်ကြည့်ရှုရင်း ကျောပြင်ကလေးကို တရင်းတနှီးသပ်ကာသပ် ကာ ရှိနေသည့် အဘွားခါးကို ဖက်ထားရာမှ သူ့ထံ ဘိုဆန်ဆန် လက်ကမ်းပေးလိုက်တဲ့ ညိုသစ်ငြိမ်းရဲ့အဖေ ဆရာဝန်ကြီးဦးငြိမ်း အောင်ကို လက်ပြန်ကမ်း၍ လက်ဆွဲနှုတ်ဆက်လိုက်ရပါသည်။

အဘွားဟာ သူ့မြေးကြီး ညိုသစ်ငြိမ်းရဲ့ကျောကို ပြောင်းပုတ်ရင်း …

"ချောတာကိုး၊ ကလေးမက သိပ်ကြည့်ကောင်းတာကိုး၊ ငါ့မြေးကြီး အသည်းစွဲသွားတာပေါ့လေ"

ညည်းတွားသလို ပြောဟန်မှာ သူ့မြေးတောင်မှ မိန်းမတစ်ယောက်ကို ချစ်တတ်နေပါရောလား ဆိုတဲ့ ဝမ်းသာ ဝမ်းနည်းသဘော သက်ဝင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမိ"

"မင်းမာမိ မီးဖိုဘက်မှာယော့၊ မိုက်ကရိုဝေ့ဖ်နဲ့ ကြက်ကင်နေတယ် သား၊ စပါယ်ရှယ်ချက်ပြုတ်နေတာပဲ နဒီရေ"

"အားနာစရာ ကောင်းလိုက်တာ၊ နဒီက ပေါ့ပေါ့ပါးပါး သဘောပဲ လာချင်တာပါ၊ အားလုံး အလုပ်များကုန်ပြီ ထင်ပါတယ်"

တကယ်တော့ ဦးငြိမ်းအောင်နှင့်ဆိုလျှင် နဒီ ခုမှ စ,မြင်ဖူးတာပါ။ ဆရာဝန်ကြီးဟာ မျက်နှာထားတည်ပြီး စကားနည်းလှတယ်လို့ ဆေးလောကမှာ လူသိများသူပါ။ ခုတော့ သူ့သား ခေါ်လာတဲ့ မိန်းကလေးအပေါ် ဟက်ဟက်ပက်ပက် မရှိလှဘူး အထင်ခံရမှာ စိုးရိမ်ပုံ၊ သား စိတ်မကောင်းဖြစ်မှာ စိုးရိမ်ပုံတို့နှင့် နဒီကိုတောင်မှ "နဒီ"လို့ နာမည်တရင်းတနီး ထည့်ခေါ်လိုက်သေးသည်မှာ နဒီ အဖို့တော့ ရင်ထဲဝမ်းနည်းလှုပ်ခတ်ချင်စရာ ကောင်းနေပါသည်။

ညိုသစ်ငြိမ်းက ဝရန်တာတံခါးကို ဖွင့်ဟလိုက်ကာ ...

"အဘိုး"

"ဟော"

"ညှိုသည်ရောက်ပြီ"

"ဟော ... ဟုတ်လား၊ အေး ... အေး"





ဝရန်တာမှာ အေးအေးလူလူ ဂျာနယ်ဖတ်နေရာက ဂျာနယ်လက်ထိုးညှပ်ပြီး ဧည့်ခန်းဘက် ကမန်းကတန်း လှမ်းဝင်လာတဲ့ အဘိုးက ...

"ဒါလား ရေနဒီ ဆိုတာ"

"ဟုတ်ကဲ့ပါ အဘိုး၊ ကျွန်မ နဒီပါ"

"သြော် ... သြော် ...၊ ချောချောယဉ်ယဉ်ကလေးကိုး၊ ထိုင်ပါ ... ထိုင်ပါ၊ ဟော့ကောင် ထိုင်ခိုင်းလေကွာ"

အားလုံးရဲ့ပုံစံမှာ ဘာစကားပြောလို့ ပြောရမည်မသိဘဲ ခပ်စိမ်းစိမ်း ဖြစ်နေတာကို ဖုံးကွယ်ပြီး ဟက်ဟက်ပက်ပက် ဖြစ်အောင် ကြိုးစားနေကြတာ သိသာနေပါသည်။ အင်တင်တင် လိုလို ဖြစ်ထားတဲ့ သူတို့ဘက်က အနေအထားကို သူတို့ဘာသာ အားနာပါးနာ ဖြစ်နေတာလိုလို။ ဒီထက် ဖော်ရွေချင်သေးပုံပေါ်ပြီး ပြောစရာစကားလည်း ရှာကြံမရကြတဲ့ ပုံစံမျိုး ဖြစ်ပါသည်။

"ညိုသစ်ရေ ... မာမီ လာမယ်၊ နဒီ့ကို အေးအေးဆေးဆေး ထိုင်ခိုင်းဦး၊ ဒီမှာ ကြက်ကရနေပြီမို့လို့"

မီးဖိုကွေ့ဘက်က ဒေါ်ခင်လေးညို အသံက အဝေးမှ လှမ်းအော်လိုက်သလို ထွက်ပေါ်လာသည်။

"လာ ...၊ မ,လာ၊ မာမီ့ဆီ သွားမယ်"

ညိုသစ်ငြိမ်း အကျင့်ပါပါ ကမ်းလိုက်တဲ့လက်ကို ဝိုင်းကြည့်နေကြတဲ့ လူကြီးတွေရှေ့မှာ တုံ့ပြန်လက်စတော့မှာဘဲ



www.burmeseclassic.com

www.burmeseclassic.com



**နဒီက လူချည်းပဲ ညိုသစ်ငြိမ်း နောက်က လိုက်သွားလိုက်ပါသည်။ ဦးငြိမ်းအောင်ကပါ နောက်က ကပ်ပါလာကာ ဧည့်ခန်းမှ ထမင်းစားခန်း မီးဖိုခန်းတို့ဘက်အကူး စင်္ကြံကွေ့ကလေးမှာ တယ်လီဖုန်းပြောနေတဲ့** သမီးငယ်ကိုမြင်လျှင် ...

"သမီးငယ် ... ဖုန်းချ၊ ဒီမှာ မမ လာတယ်"

နဒီသည် အားနာပါးနာဖြစ်ကာ ...

"ရပါတယ်၊ နဒီ လာလို့ ဘာမှအထူးတလည် ဖြစ်စရာ မလိုပါဘူး၊ ရပါတယ်၊ အားနာလိုက်တာ ညီမလေး ပြောပါ ... ရတယ်"

နဒီက တစ်အိမ်သားလုံး မနေရ မထိုင်ရ ဖြစ်ကုန်တာကို အားတွေအလွန်နာမိပါတော့သည်။

ညိုသစ်ငြိမ်းရဲ့ညီမလေးသည် သူငယ်ချင်းနှင့် ဖုန်းပြောနေရာမှ သူ့ဒက်ဒီက လက်နှင့်ရော မျက်ရိပ်နှင့်ရော အမူအရာပြကာ ချပစ်ဖို့ ပြောနေပြီမို့ ...

"ဟဲ့ ... ပြီး၊ ငါ ကိစ္စရှိလို့နော်၊ နောက်မှပြန်ဆက်မယ် သိလား"

ဒက်ဒီ ဆူမှာ ကြောက်ရသည်ဖြစ်ရာ ဖုန်းကိုခပ်မြန်မြန်ပဲ စကားဖြတ်ပြီး ချပစ်လိုက်ပါသည်။

မီးဖိုသုံးဖော့လက်အိတ်ကြီး စွပ်လျက်သား၊ ရင်ဘတ်ဘ အေပရွန်စီးနှောင်လျက်သားနှင့် မီးဖိုထဲ အလုပ်များနေတဲ့





ဒေါ်ခင်လေးညိုကိုမြင်လျှင် နဒီသည် အားတုံ့အားနာလည်းဖြစ် မျက်နှာလည်း ခပ်ပူပူနှင့် ဖျစ်ညှစ်တိုးထွက်ရသော လေသံတိမ်တိမ်နှင့် ...

"မမ"

"ဟဲလို ... နဒီ၊ ရှေ့မှာပဲ ထိုင်လေ၊ ဘယ့်နှယ် မီးဖိုထဲ ခေါ်လာရသလဲ ညိုသစ်ရယ်"

"မမရယ် ဘာတွေ တကူးတက လုပ်နေတာလဲ၊ အဲလို မလုပ်ပါနဲ့၊ နဒီ အားတွေနာပြီး စိတ်ကျဉ်းကျပ်လိုက်တာ။ မမနဲ့လည်း မတွေ့တာကြာတော့ သတိလည်းရ၊ တွေ့လည်း တွေ့ချင်တာနဲ့ အိမ်ကို လိုက်လည်ရုံသက်သက်ပါ၊ သူက ထမင်းပါ စားခိုင်းပေမယ့် ခုလိုကြီး တကူးတကတွေ ချက်ပြုတ်နေမှာမျိုး နဒီ မှုလိုလားပါဘူး၊ အားလုံးပဲ လူပင်ပန်း စိတ်ပင်ပန်း ဖြစ်ကုန်ပြီ"

နဒီသည် ညည်းတွားလျှင် ဒေါ်ခင်လေးညိုက နဒီနှင့် ရင်ချင်းအပ်လျက် တစ်ချက်ဖက်ညှစ်လိုက်ရင်း ...

"ဘာမှအားနာမနေနဲ့ နဒီ၊ ကဲ ... သွား။ အိမ်ရှေ့မှာထိုင်၊ သမီးငယ် ... ကိုကိုနဲ့ မမဖို့ juice တစ်ခုခုတိုက်စမ်း၊ မမလည်း ပြီးနေပါပြီ၊ အခုလာခဲ့မယ်၊ အေးအေးဆေးဆေး ထိုင်ပါ နဒီ"

"နဒီလည်း ကူပြင်ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မလိုတော့ဘူး၊ ကြက်ကင်ကို ပန်းကန်ပြင်ပြီး ထည့်ရုံပဲ၊ သွား ... နဒီ၊ သွားထိုင်နေ"

နဒီသည် ဧည့်ခန်းမှာ အဘိုးအဘွားတို့နှင့် စကားလက်ဆုံကျရလေသည်။ ဦးငြိမ်းအောင်ကပါ ဝင်ထိုင်ဧည့်ခံနေတဲ့အတွက် အနေခက်ရသည်။ သူတို့အားလုံး နဒီ့ကို မလိုမလားမရှိပါဆိုတာ သိသာအောင် တကူးတက ပြုမူပေးနေကြတာကိုက စိတ်ကျဉ်းကျပ်ဖို့ ကောင်းနေပါသည်။ တစ်နည်းဆိုရရင် သူတို့မိသားစုဟာ နဒီ့ကို သားရဲ့မိန်းကလေး ဆိုတာထက် အများကြီးမြှင့်တင်ဆက်ဆံနေတာ။ သားရဲ့ဆရာမကို အိမ်ခေါ်လာတာမျိုးနှင့်တောင် တူနေပါပြီ။

ဖခင်ဖြစ်သူက သားရဲ့ရည်းစား (ချွေးမလောင်း)လို မဆက်ဆံ။ မိတ်ဆွေတစ်ယောက်အဆင့်မျိုး တလေးတစား တန်းတူဆက်ဆံသည်။ အဘိုးအဘွားတို့ကလည်း ဒီအတိုင်း။ မိခင်ဖြစ်သူကတော့ သူ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရဖူးတဲ့သူတစ်ယောက်ကို ပြန်ပြီးအကြွေးဆပ်နေသလို ဖေးဖေးမမ ဆက်ဆံနေပါသည်။ သေချာသည်မှာ သူတို့သည် နဒီ့ကို ညိုသစ်ငြိမ်းရဲ့ရည်းစား ချစ်သူ တစ်ယောက်အဖြစ် ဘယ်လိုမှ မဆက်ဆံနိုင်ဘာပါပဲ။

ထမင်းဝိုင်းတွင် ...





"အား ... မာမီ့ကြက်ကင်ကို အနံ့တောင် မရှူရတာကြာပြီ"

ညိုသစ်ငြိမ်းက ခေါင်းကြီးရှေ့တိုးကာ အလယ်ကောင်က ကြက်ကောင်လုံးကင် ရွှေညိုနီရောင်ရဲရဲကို နှာခေါင်းကပ်၍ ရှူသည်။ ဒေါ်ခင်လေးညိုက ထိုခေါင်းကို ဘတ်ခနဲ လှမ်းရိုက်ကာ ...

"ဆံပင်တွေနဲ့ ထိတော့မယ်၊ ထိတော့မယ်၊ ဖယ်စမ်း"

ညီမလေးက ကြက်ကောင်လုံးကင်ရဲ့ ဘေးကျန်းပေါ် လက်ညှိုးနှင့်သပ်ကာ အဆီအနှစ်လေးတွေ ပါလာတဲ့ လက်ညှိုးကို ပြွတ်ခနဲ စုပ်လိုက်၍ အမေဖြစ်သူက ထိုလက်ကို ဖတ်ခနဲရိုက်ဆဲ၊ ညိုသစ်ငြိမ်းက အားကျမခံ သူ့လက်ညှိုးနှင့် ဆီဗူးဖျားကနေ လည်ပင်းငုံးတိုအထိ အဆီအနှစ်တွေကို သယ်ယူကလော်လိုက်ပြီး သူ့လက်ညှိုးကို ပြွတ်ခနဲ စုပ်လိုက်ပြန်ရာ ဒေါ်ခင်လေးညိုမှာ ဟိုဘက်ရိုက်ပြီး ဒီဘက် ချာခနဲ လှည့်ရိုက်ပြန်ကာ ...

"ဟဲ့ ... နင်တို့လေ နင်တို့၊ ကဲ ... ကြည့်တော့ နဒီရေ၊ မြင်တဲ့အတိုင်းပဲ"

"အဟင်း ဟင်း"

နဒီက အလိုက်သင့် ပြုံးရယ်ရင်း ဖင်တကြွကြွ အစားငမ်းနေတဲ့ ညိုသစ်ငြိမ်းကို မသိမသာ အံ့အားတသင့် အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်နေမိပါသည်။ ချစ်သူကို အိမ်ကိုဖိတ်ခေါ်လာခဲ့တဲ့ အမှုကိစ္စအတွက် လိုက်ပါလာတဲ့ နဒီသည်သာ စိတ်ကျဉ်းကျပ်တာ၊ နေရခက်တာ၊ အားနာတာ၊ မျက်နှာပူတာ၊ ရှိုးတိုးရှန့်တန့် ဖြစ်တာတွေရှိပြီး ဒီကိစ္စအပေါ် Serious ဖြစ်နေပေမယ့် ခေါ်လာတဲ့ ညိုသစ်ငြိမ်းဟာ ခေါ်စဉ်ကသာ မရမက တလှိုက်တလှဲ။

အိမ်ရောက်တာနှင့် သူ့မှာ ဘာတုန်လှုပ် ရင်ခုန်မှုမှ မရှိတော့ဘဲ နဒီကိုလည်း ဂရုတစိုက် မရှိတော့ဘဲ မိသားစုရဲ့ ကလေးကြီးအဖြစ်ကိုသာ ရောက်သွားပြီ။

"မာမီ အထဲက အသည်းအမြစ် နှလုံးတွေ ပါသေးလား"

"မပါတော့ဘူးလေ သား၊ နှိုက်ပစ်လိုက်ပြီ"

"အာ ... မာမီကလည်း၊ အဲဒီ အသည်းအမြစ် နှလုံးကို သား စားချင်တာပါဆို"

"ဩော် ... သားရယ်၊ သားကလည်း အဘွားတို့အိမ်မှာဆိုတော့ ဒီမှာမစားတာ ကြာပြီဆိုတော့ အိမ်မှာက အသည်း နှလုံး အမြစ်တွေ ဘယ်သူမှ စားတာမှ မဟုတ်တာ၊ ကြက်ဝယ်ရင် ဒါတွေဖယ်ပြီး ခွေဝါ့ပဲ ကြော်ကျွေးလိုက်တာပဲလေ၊ ဒီနေ့လည်း မေ့ပြီး ဒီလိုပဲ ..."

"အာ ... မာမီကလည်း၊ ခွေဝါ့ကျွေးပစ်တယ်၊ သားကျတော့ ..."





အဖေ အမေ အဘိုး အဘွား လူကြီးများအားလုံးဟာ မျက်စိပျက် မျက်နှာပျက်နှင့် ညိုသစ်ငြိမ်း အပြောအဆို အမူအရာတို့ကြောင့် နဒီကို ကွက်ကြည့် ကွက်ကြည့်နှင့် မချိသွားဖြဲ ရယ်ကျဲကျဲဖြစ်ကြကာ ...

"ဟဲ့ ... သား၊ မင်း ဘယ်လိုဖြစ်နေလဲ၊ မင်းကလေးလား၊ နဒီ တစ်ယောက်လုံး ပါလာတာကို"

နဒီသည် မမျိုသိပ်နိုင်ဘဲ ရယ်လိုက်မိပါတော့သည်။

"ဒီကောင်က ဂျီကောင်၊ အစားလည်း ခုတ်သလား မမေးနဲ့"

အဘိုးက မဲ့တဲ့တဲ့ ဝင်ပြောတာဖြစ်သည်။

"အဲဒါ သား အဘိုးနဲ့တူတာ၊ အဘိုးက ပီဇာတစ်ချပ်ဝယ်လာရင် အစိတ်တွေကို သေချာတိုင်းပြီး ရွေးပြီး အကြီးဆုံးကိုမှ ယူတာ"

"ဟော့ကောင်"

"ညိုသစ်ငြိမ်း"

"မာမီ ... ကိုကို ငါးမုန့်ကြော်စားရင် ဘယ်လိုစားလဲ မမကို ပြောပြလိုက်ရမလား"

ဆေးတက္ကသိုလ်ကျောင်းသူဟာလည်း စကားပြောဟန်က ပီဘိကလေးငယ်ပင်။ သူတို့မိဘတွေဟာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]လိုထားကာ သူတို့ဟာလည်း မိဘအပေါ် ဘယ်လောက် ဆီ နဲ့ ဆိုကြတုန်း ဆိုတာက အထင်းသား ပေါ်လွင်နေသည်။

"သမီးလေး"

သူ့အဖေက ဟန့်လေသည်။

"ပြောပေါ့၊ ငါက ဂရုမစိုက်ပါဘူး"

ညိုသစ်ငြိမ်းက အရေးမစိုက်တဲ့ဟန်နှင့် ညီမလေးရဲ့ ဆံပင်ကို တစ်ချက်ဆွဲဆောင့်လိုက်ပါသေးသည်။

"အား ... ကိုကိုနော်၊ မမ ... မမနဒီ ကိုကိုကလေ ငယ် ငယ်ကတည်းက အကျင့်ပါနေတာ သိလား၊ ငါးမုန့်ကြော် စားရင်လေ အချပ်ကြီးကို ကြမ်းပေါ်ချပြီး ဖနောင့်နဲ့တစ်ချက် ပေါက်လိုက်ပြီးမှ ပဲ့သွားတာတွေကို ကောက်စားတာ လက်နဲ့မဖဲ့ဘူး၊ အကျင့်ပါနေတော့ ကြီးတော့ ပြင်လို့မရ တော့ဘူး၊ အဲဒါကြောင့် သူ အပြင်မှာ ငါးမုန့်ကြော် ဘယ် တော့မှ မစားဘူး"

"သမီးလေး"

ညိုသစ်ငြိမ်းက ဘာမှမဖြစ်။ အဖေနှင့် အမေကသာ ညီညီညာညာ ဟန့်ကြသည်။ နဒီသည် ပထမ မရယ်တဲ့ကြ ဆည်နေရာမှ "ခ်ိ"ခနဲ မထိန်းနိုင်တဲ့ ရယ်သံထွက်သွားရကာ မထူးတော့ပြီမို့ တဟားဟား ဆက်ရယ်လိုက်ရပါသည်။





"အဲဒါကြောင့် ထင်တယ်၊ နဒီ့အိမ်မှာ နေ့လယ်ဘက် သူ ပန်းချီလာဆွဲနေတုန်းက ညနေ နဒီ ဆိုင်ကပြန်လာရင် ကြမ်းပေါ်မှာ ငါးမုန့်ကြော် အစအနတွေ ကျန်ခဲ့တာ နှစ် ခါလောက် တွေ့တယ်၊ နဒီက မတော်တဆ ပဲ့ကျတယ်ပဲ ထင်တာ၊ ဒီလိုပဲ လှည်းပစ်လိုက်တာပေါ့၊ ဒီလို ဘယ်ထင် ပါ့မလဲ ... ဟား ဟား"

"ကဲ ... နဒီ တွေ့ပြီလား၊ Psychiatrist ရဲ့ Family မှာ လည်း အရူးတွေနဲ့ပဲ ဆိုတာ သိသွားပြီပေါ့"

နဒီသည် ရယ်ရင်း မောရင်းက မျက်ရည်ကြည်ပါ ရစ်လည်လာပါသည်။ ပျော်ရွှင်ကြည်နူးစရာ၊ တစ်ယောက်ကို တစ်ယောက် ချစ်ခင်မြတ်နိုးကြတာလည်း ပေါ်လွင်နေတဲ့ မိသားစု ကလေးထဲမှာ ရင်ထဲ သိမ့်သိမ့်ခါအောင် ကြည်နူးနေမိပါသည်။

"သား ခပ်ပြီ"

"ဟဲ့ ... အဘိုးအဘွား အရင်ဦးချ"

သူကြိုက်တာ ရွေးခပ်ထားတာကို ဘေးပြန်ချပြီး အဘိုးအဘွားဖို့ ပါချင်တာပါပစေ သဘောမျိုး ပြီးစလွယ် ခပ်လှ ဦးချပြီး ပထမ သူရွေးခပ်ထားတဲ့ဟာကို သူ့ထဲ ပြန်ခပ်ယူထည့် တဲ့ ညိုသစ်ငြိမ်းရဲ့ လူကြီးမဖြစ်သေးတဲ့ ကလေးဆန်မှုလေးကို

www.burmeseclassic.com



ချက်ဝါးထင်ထင် မြင်နေရကာ နဒီမှာ အံ့အားတသင့်နှင့် တခိခိ သာ ရယ်နေရပါသည်။

"ညိုသစ် ... နဒီကို ထည့်ပေးလေ"

"မ,ထည့်စားနော် ထည့်စား"

"ရပါတယ် မမရယ်၊ သူ့ဟာသူသာ ဝအောင်စားပါစေ"

"မ,ကလည်း၊ ကျွန်တော်က မာမီ့လက်ရာ မစားရတာ ကြာပြီလေ၊ ဘွားက မာမီ့လို ဟင်းချက်မကောင်းဘူး၊ ပြီးတော့ ချက်ရင် တစ်မျိုးတည်းလောက်ပဲ၊ အလွန်ဆုံးနှစ် မျိုး၊ မာမီ့လို ဖွယ်ဖွယ်ရာရာ မချက်ဘူး"

"အောင်မာ ... ဒီကောင် ငါ့ကို အပုပ်ချတယ်၊ အေး ... အေး ... မစားနဲ့တော့ ကျုပ်ဆီ၊ နင့်အမေဆီပဲ ပြန်စား"

"မဟုတ်ပါဘူး ဘွားကလည်း၊ သားက မစားရတာကြာ တာကို ပြန်စားရတော့ ပိုပြီးကောင်းသလို ဖြစ်သွားတဲ့ သဘောပါ၊ ဘွား အိမ်မှာစားတော့ရော သားကြေးများလို့ လား"

"မင်းလောက် ကြေးများတာ ရှိဦးမလား"

အဘိုးရဲ့စကားကို ညိုသစ်ငြိမ်းက ...

"ရှိတာပေါ့၊ အဘိုးလေ"





"ဟော့ကောင်"

အဘိုးက သာမန်အချိန်သာဆိုရင် ညိုသစ်ငြိမ်းကို ထ,အုပ်ပစ်လိုက်ဖို့ သေချာသလောက်ရှိပြီး နဒီ ပါလာတဲ့အခါ သမယမို့ ကိုယ့်လူကိုယ် ဇန်းတင်ရပေမယ် ဆိုတဲ့ မျိုသိပ်အောင့် အည်းခြင်းမျိုးနှင့် မကျေမချမ်း ကွက်ကြည့် ကွက်ကြည့် လုပ်ရုံ ထက်ပိုပြီး ဘာမှမလုပ်သာ။

"ဒက်ဒီ ... ဒက်ဒီ Laptop အသစ် ဝယ်မလို့ဆို"

"အင်း"

"ဒက်ဒီ့ အဟောင်း သားကိုပေးနော်"

"ဟင် ... ညီမလေး ဦးပြီးသား၊ ဒက်ဒီနော် သမီးယူမယ်"

"ဘာလဲ ... နင်က ပီစီတစ်လုံး အိမ်မှာရှိပြီးသားပဲဟာ"

"အာ ... ကိုကိုကလည်း၊ အဲဒီပီစီ ကိုကိုယူလိုက်"

"ဟ ... ငါက အဘွားတို့အိမ်ကို တိုလီမုတ်စတွေ ပုစုခရု တွေ တစ်ပုံကြီး သယ်နေရမှာပေါ့၊ ငါ လက်ပ်တော့ပ်ပဲ ယူမယ်"

"ဒက်ဒီ"

"လက်ပ်တော့ပ်ပဲ လိုချင်ရင် နင့် ဂိုက်ဒ်က[illegible] စုထားတာနဲ့ အသစ်ဝယ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့မှာလည်း ပန်းချီကားရောင်းရတာတွေ ရှိတာပဲဟာ"

"ဘာမှ ထပ်မပြောနဲ့၊ ငါက သားအကြီး"

အဖေအမေထံမှ ဘာသံမှ ထွက်မလာတဲ့အခါ ညီမလေးသည် စိတ်ကောက်ကာ ဒူးလောက်ဘောင်းဘီတိုလေးအောက်က တင်ပါးလေး တုန်ခနဲ တုန်ခနဲ နေအောင် ခြေကိုဆောင့်၍ ဆောင့်၍ သူ့အခန်းဆီ ထွက်သွားပုံမှာ ပီတိကလေးငယ်ကလေးတည်း။

"ဒက်ဒီ သားကို ပေးနော်၊ သားက ယောက်ျားလေး"

"ဟောကောင် ... ယောက်ျား မိန်းမနဲ့ မဆိုင်ပါဘူးကွာ၊ ငါ မသိဘူး၊ မင်းတို့ မောင်နှမ ကိုယ့်ဘာသာ ပြေလည်အောင် ညှိ"

နဒီသည် ပခုံးလေးကိုပုကာ ညီသစ်ငြိမ်း ဟန်ပန်ကိုရယ်မိကာ နဒီ့ကိုကြည့်၍ ဒေါ်ခင်လေးညိုကလည်း လိုက်ရယ်ပါသည်။ ဒီနေ့ကျကာမှပဲ သားတော်မောင်ဟာ ဘာကြောင့်များ အထူးတလည် ကလေးကြီးဆန်နေသလဲ။ ဖအေ မအေ ညီမတို့နှင့် အချိန်ကြာကြာ မနေတာ၊ စကားတွေ ထိုင်မပြောဖြစ်တာ၊ မငြင်းခုန်ရတာ ကြာပြီမို့ ဒီပုံစံတွေ ပြန်ပေါ်လာတာ ဖြစ်ပေလိမ့်မည်။





"ငြင်းကြ ခုန်ကြ အာကျယ် အာကျယ် ပြောကြ ရယ်လိုက်ကြ ဆူညံ ဆူညံနဲ့ စိတ်တွေရှုပ်နေပြီလား နဒီ"

"မမ ... နဒီ ထမင်းစားပွဲမှာ လူတွေအများကြီးနှင့် မထိုင်ရတာ ကြာပါပြီ။ နဒီ့မှာ မိဘရယ် မိသားစုရယ်လို့ မရှိတော့တာ ဆယ်နှစ်တောင်ရှိပြီပဲ၊ တချို့တလေ ရက်တွေကလွဲရင် အမြဲတမ်း ထမင်းစားပွဲမှာ နဒီ တစ်ယောက်တည်း၊ စကားပြောသံလည်း မကြားရ၊ ရယ်သံလည်း မကြားရ၊ ထမင်းစားရင်း တစ်ယောက်တစ်ပေါက် ငြင်းခုန်နေရတာမျိုးလည်း မရှိ၊ အထူးသဖြင့် ညစာထမင်းဝိုင်းဆိုတာ ခြောက်ကပ်ကိတ်ဆိတ်နေတာပါ ...

ထမင်းဝိုင်း တစ်ဝိုင်းဟာ ဒီလောက်ပျော်စရာကောင်းနိုင်တယ်ဆိုတာကိုတောင် နဒီ မေ့လျော့နေပြီ၊ နဒီ့အတွက် အတွေ့အကြုံတွေက ခုမှအသစ်အဆန်း ပြန်ဖြစ်နေပါတယ်၊ ဟက်ဟက်ပက်ပက် စားချင်စိတ်ပေါက်ပြီး လွယ်လွယ်ကူကူ ရှောရှောရှူရှူလေး ထမင်းတွေ ဝင်သွားတာလည်း ဆယ်နှစ်အတွင်း ဒါ ပထမဆုံးအကြိမ်ပါပဲ၊ နဒီ စိတ်[illegible] ဘူး၊ နဒီ့ကို မိသားစုတစ်ယောက်လို သဘောထားကြီးတဲ့ ထမင်းဝိုင်းမှာ အတူစားပေးတဲ့ အဘိုးချော အဘွားချော၊



www.burmeseclassic.com

www.burmeseclassic.com



ဟို ... ဆရာကြီးကိုရော မမကိုရော သိပ်ပြီး ကျေးဇူးတင်ပါတယ်"

ပြောရင်းက နဒီ့ အသံလေးက တုန်ခတ်လာ၍ ထမင်းဝိုင်းက လူတွေလည်း စိတ်မကောင်းကာ ဘာမှမပြောနိုင်ဘဲ တစ်ခဏတောင် တိတ်ဆိတ်သွားရပါသည်။ ထို့နောက်တော့ ထမင်းဝိုင်းကို နဒီက ခေါင်းလေးညိုနှင့် အတူဝိုင်း၍သိမ်းသည်။ အိမ်ဖော်မိန်းကလေး တစ်ပတ်လောက် နေရပ်ရွာကို ပြန်နေတာ သိရတော့ ဒီရက်ပေါ်မှာမှ ညစာ လာစားဖြစ်တာကို အားနာရသည်။

"ညိုသစ်ငြိမ်းကလည်း၊ အိမ်မှာ အလုပ်သမားမရှိမှန်း မပြောဘူး၊ ဒါဆိုရင် နဒီ မလာသေးပါဘူး မမရယ်၊ ခုတော့ ပြင်ဆင်ချက်ပြုတ်ရတာ နည်းတာမဟုတ်ဘူး၊ မမ ပင်ပန်းရပြီ"

"သူလား သိမှာ နဒီရယ်၊ ကောင်မလေးပြန်တာ သိတောင်မှ ကောင်မလေး မရှိရင် ငါ့မာမီ ချက်ရမှာလား ဆိုတာမျိုး သူလားတွေးတတ်မှာ၊ ဘာမှ သိတတ်တာမှ မဟုတ်တာ၊ ထမင်းဟင်း ဆိုတာ စားပွဲပေါ် အလိုအလျောက် ရောက်လာတဲ့ဟာလောက် သူက ထင်နေတာ"





"သူ တော်တော် ကလေးဆန်တာပဲ မမ၊ ကလေးဆန်ဆိုတကယ်တော့ သူ့အသက်အရွယ်က မိဘလက်အောက်မှာ ကျောင်းသားလေး ကလေးလေး လုပ်နေလို့ ရသေးတဲ့ အရွယ်ပါလေ"

"ဒါပေမဲ့ နဒီ့ကိုတော့ သိပ်ကျေးဇူးတင်တာ ရှိတယ်"

"ဘာများလဲ မမ"

"သူ့ရဲ့ပန်းချီကားတွေနဲ့ ပတ်သက်ပြီး နဒီ ကူညီပေးခဲ့တာကို"

"ဪ ... ဒါ နဒီ ဘာမှကူညီရတာ မပါပါဘူး မမ၊ မိတ်ဆက်ပေးရုံလောက်ပါ၊ ဒီဂယ်လရီပိုင်ရှင်ကလည်း ညိုသစ်ငြိမ်း လက်ရာ မကောင်းဘဲနဲ့ သူ မနှစ်သက်ပဲနဲ့ နဒီ့မျက်နှာနဲ့ ဝယ်မယ့်သူ လုံးဝမဟုတ်ပါဘူး၊ သူ တော်လို့ သူ ဖြစ်မြောက်တာ သက်သက်ပါ"

"ဘာပဲဖြစ်ဖြစ် မိတ်ဆက်ပေးခဲ့တယ် အဆက်အစပ်ရနိုင်ခဲ့တယ် ဆိုတာကိုပဲ သိပ်ကျေးဇူးတင်ရပါတယ်၊ သူ့ကိုယ်သူ ယုံကြည်ချက်တွေ အရမ်းပြည့်ဝသွားတဲ့အတွက် သူ တစ်စိတ်တစ်ဒေသ ရင့်ကျက်လာပါတယ် နဒီ၊ သူဟာ ဘာမှမဟုတ်ရာကနေ တစ်စုံတစ်ယောက် ဖြစ်တယ်ဆိုတဲ့ ယုံကြည်ကျေနပ်နိုင်မှုက လူတစ်ယောက် လူလားမြောက်ဖို့ရာမှာ အများကြီး ပံ့ပိုးပေးနိုင်ခဲ့ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရရင် နဒီဟာ သားကို မြေတောင်မြှောက်နိုင်သူ ခြေစုံမတ်မတ်ရပ်နိုင်ဖို့ သင်ကြားပေးမယ့်သူ ရင့်ကျက်အောင်မြင်လာစေမယ့်သူ ဆိုတဲ့ ယုံကြည်မှုတစ်ခုကို မမ ရလိုက်တဲ့အတွက် နဒီနဲ့သားရဲ့ ပတ်သက်ချည်နှောင်မှုထဲမှာ မမရဲ့ဆန္ဒပယောဂ မပါစေတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ် ...

နဒီ့ကို မမ ယုံတယ်၊ သားကိုလည်း အရင်ကထက် ယုံကြည်လာနိုင်တယ်၊ သားအပေါ်မှာ နဒီ ထားရှိတဲ့ မေတ္တာစေတနာကို နားလည်ယုံကြည်တဲ့အတွက် နဒီ ဆုံးဖြတ်ချက်ဟာ နဒီတို့နှစ်ယောက်ရှေ့ရေးအတွက် မကောင်းတာ ဘယ်တော့မှ မဖြစ်စေနိုင်ဘူးလို့ မမ စိတ်ချလိုက်ပါတယ်"

နဒီသည် ဝမ်းသာဝမ်းနည်းနှင့် ဒေါ်ခင်လေးညိုကို စိုက်ကြည့်နေမိပါသည်။

"ဒီနေ့ ထမင်းစားပွဲလေးကတော့ မမတို့ မိသားစုတစ်စုလုံး နဒီ့ကို ညိုသစ်ငြိမ်းရဲ့ ချစ်သူအဖြစ် လက်ခံအသိအမှတ်ပြုတဲ့ပွဲဆိုတာ နဒီ နားလည်မှာပါနော်"

"မမ ...၊ နဒီ ညိုသစ်ငြိမ်းရဲ့ချစ်သူ မဟုတ်သေးပါဘူး"





ဒေါ်ခင်လေးညိုက အံ့အားသင့်နေကာ ...

"နဒီ အဖြေမပေးသေးဘူးလား"

"ဟင့်အင်း ... မပေးသေးပါဘူး၊ နဒီ ညိုသစ်ငြိမ်းကို ခေါင်းမညိတ်ရက်သေးပါဘူး၊ မချစ်ရက်သေးပါဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

နဒီတို့ကွန်ဒိုရဲ့ တစ်ခန်းချင်းစီတိုင်းမှာ ဟိုးမိုးကုတ်စက်ဝိုင်းအထိ အဆီးအတား အကွယ်အကာမရှိ လှမ်းမျှော်ကြည့်နိုင်သော ဝရန်တာကျယ်ကြီးများ ပါဝင်သည်။ အဲဒီဝရန်တာကျယ်ကြီးတစ်ခုရဲ့ စတီးလက်ရန်းပေါ် အသီးသီး လက်ပိုက်တင်ကာ နဒီနှင့် ညိုသစ်ငြိမ်း ရပ်နေကြပါသည်။

အဲဒီညနေက တိုက်ခတ်နေတဲ့ လေချိုနုသွေးလေးဟာ အေးမြမနေခဲ့။ သွေ့ခြောက်ခြောက်နှင့် ပူနွေးနေခဲ့ပါသည်။

"ညိုသစ်ငြိမ်း"

"မ,"

"ခုလိုကြည့်နေတော့ ကောင်းကင်ကြီးက အနီးလေးလိုပဲနော်"

"အင်း"



"ဟိုမှာ လ,တောင် ထွက်လာနေပြီ၊ ဟော … ဒီမှာကြည့်စမ်း၊ မ,ရဲ့လက်ကို ဟောသလိုလေး လုပ်ထားရင် ညိုသစ်ငြိမ်းဘက်ကကြည့်ရင် မ,လက်နဲ့ လမင်းကို လှမ်းကိုင်နေသလို မထင်ရဘူးလား"

"အဟင်း …၊ အင်း … ထင်ရတယ်"

ညိုသစ်ငြိမ်းက ရယ်မောပါသည်။

"တကယ်တော့ တချို့ကိစ္စတွေမှာ ထင်ရတာရယ်၊ မြင်ရတာရယ်၊ တကယ့်အဖြစ်အပျက်က ခြားနားနေတတ်တယ်နော်၊ လူတိုင်းမှာတော့ ကိုယ်ဖြစ်ချင်တဲ့ အိပ်မက်ဆိုတာမျိုး တစ်ခု သို့မဟုတ် တစ်ခုမက ရှိကြတာပဲ။ ဒါပေမဲ့ တကယ့် အဖြစ်အပျက်တွေဟာ အိပ်မက်လောက်လည်း မလှပတတ်သလို အိမ်မက်,မက်နေသလောက်လည်း မလွယ်ကူတတ်ဘူး"

ညိုသစ်ငြိမ်းက စတီးလက်ရန်းပေါ် မေးတင်ထားတဲ့ သူ့လက်မောင်းပေါ် ခေါင်းစောင်း၍ အိပ်လိုက်သလိုပြုရင်း နဒီ့ဘက် လှမ်းပြီးငေးကြည့်သည်။

"မ, ဘာတွေပြောနေတာလဲ"

"မ်,စိတ်ထဲ ပေါ်လာတာတွေကို မ,ပြောနေတာပါ"

"မ, ကျွန်တော့်ကို အဖြေပေးတော့လေ၊ အခုဆိုရင် ကျွန်တော့်မှာ အလုပ်ရှိပြီ၊ ဝင်ငွေလည်းရှိပြီ၊ နောက်ကို ချောက်

www.burmeseclassic.com



ဝင်ငွေကောင်းလာဖို့ပဲ ရှိတော့တယ်၊ ပြီးတော့ မာမီရော ဒက်ဒီရောကလည်း မ,ကို ဘာမှကန့်ကွက်စရာအကြောင်း မရှိတော့ဘူး၊ လိုလိုလားလား လက်ခံပြီ၊ ဘာမှမလိုအပ် တော့ဘူးလေ မ,"

"... ... ..."

"မ,"

နဒီက ပြုံးပြုံးကလေးနှင့် ကောင်းကင်ကြီးကိုသာ မော်ကြည့်နေလိုက်မိသည်။ နေဝင်သွားပြီးပြီမို့ နက်ကျောကျော ပြာမှောင်မှောင် ရင့်ထော်လာတဲ့ ကောင်းကင်ဟာ မျက်ဝန်းထဲမှာ မလှတော့သလိုပင်။

"မ,"

"ညိုသစ်ငြိမ်း ..., မ,ကို စိတ်မဆိုးနဲ့နော်၊ မ, တစ်ခုပြော စရာရှိတယ်"

"ဘာလဲ ... မ, မဟုတ်တာတွေတော့ မပြောနဲ့ဗျာ"

"မ, ဦးလပြည့်ကို လက်ခံလိုက်ဖို့ စဉ်းစားထားတယ်"

"မ,"

ညိုသစ်ငြိမ်း အသံက ကြုံးအော်ပစ်လိုက်တာမို့ အကျယ်ကြီးပင်။ မျက်နှာကလည်း ချက်ချင်းပျက်ကာ တင်းမာ အေးစက်လာသည်။

"မ, ဘာတွေ လျှောက်ပြောနေတာလဲ"





"လျှောက်ပြောနေတာ မဟုတ်ဘူး၊ အတည်ပြောနေတာပါ"

"မ, ... ကျွန်တော် မ,ကို ရည်းစားအဖြစ်နဲ့ အကြာကြီး တွဲမှာမဟုတ်ပါဘူး၊ မ,အသက်အရွယ်အရရော မ,ဆန္ဒအရ ရော မ,ရဲ့ဘဝ အခြေကျချင်ပြီ အခြေကျသင့်ပြီဆိုတာ ကျွန်တော် နားလည်ပါတယ်၊ မ,ခေါင်းညိတ်လိုက်ရင် မ, ကို ကျွန်တော် ချက်ချင်းလက်ထပ်မှာပါ မ,ရယ်၊ ကျွန်တော် တွေဝေနေမှာ မဟုတ်ဘူး၊ ကျွန်တော့်ဘဝမှာ ပန်းချီနဲ့ မ, က နံပါတ်တစ်ပဲ"

"ဒါ မင်းဘက်ကလေ"

ညိုသစ်ငြိမ်း မျက်နှာက ပို၍ ညိုမှောင်ခက်ထန် သွားပါသည်။

"မ,က ဦးလပြည့်က ကျွန်တော့်ထက် ပိုတော်တယ် ပို ပြည့်စုံတယ်၊ မ,ဘဝကိုလည်း ကျွန်တော့်ထက် ပိုပြီးပြည့်စုံ စေလိမ့်မယ်လို့ ယူဆလို့လား"

"အဲဒါ မှန်တာပဲ မဟုတ်လား မောင်လေး"

"မောင်လေးလို့ လာမခေါ်နဲ့"

နဒီက ညိုသစ်ငြိမ်းကို ပြုံး၍ပဲ ငေးကြည့်နေလိုက် ပါသည်။

"မ, အပိုတွေ စိတ်ကူးယဉ်ပြီး လျှောက်လျှောက်မတွေး စမ်းပါနဲ့၊ မ,ကို လက်ထပ်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငယ်ငယ်လေး ရှိပါသေးတယ် ညိုသစ်ငြိမ်းရယ်၊ မင်း လက်ထပ်သင့်တဲ့ အသက်အရွယ် ရောက်တဲ့အခါ မင်းမှာ ရွေးချယ်စရာတွေ အများကြီးပဲရှိနေမှာပါ၊ ပြီးတော့ မင်းမှာ လုပ်စရာတွေ လုပ်ချင်တာတွေလည်း တစ်နေ့ထက် တစ်နေ့ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် အများကြီး ရှိလာဦးမှာပါ၊ တစ်နေ့မှာတော့ မင်းဟာ အသက်နှစ်ဆယ့်နှစ်နှစ်မှာ အိမ်ထောင်မကျဖြစ်ခဲ့တာကို ကျေနပ်စရာတစ်ခုလို့ မြင်နိုင်လာမှာပါ"

❦ ❧ ❦

ဒီကြားထဲက အချိန်ကာလများစွာတို့တွင် နဒီသည် ပန်းချီပြပွဲတကာကိုလိုက်ပြီး တမ်းတမ်းမွတ်မွတ် ကြည့်ဖြစ်သည်။ ညိုသစ်ငြိမ်း ဆိုတဲ့ အများအံ့သြကြရတဲ့ လူငယ်လက်တက် ပန်းချီဆရာလေးတစ်ယောက်ဟာ ပန်းချီလောကမှာ နှစ်တိုတို အတွင်း လျှမ်းလျှမ်းတောက်တောက် ထိပ်ဆုံးရောက်လာခဲ့ပါသည်။

အံ့သည်းကွဲခဲ့တယ်လို့ သတင်းကြားရတဲ့ ပန်းချီဆရာလေးရဲ့ လက်ရာတို့ဟာ အသည်းကွဲခဲ့ရတာနဲ့ တန်အောင်ပဲ အရည်အသွေး တောက်ပြောင်လာခဲ့သည်။ ညိုသစ်ငြိမ်းရဲ့ ကားတွေပါတဲ့ ပွဲတိုင်းကို နဒီ မလွတ်ခဲ့ပါ။ အမြဲ ရောက်ရာအရပ် သို့





လိုက်ကြည့်မိမြဲ။ သို့ပေမယ့် သူ့ကားတွေ တစ်ကားမှကိုတော့ နဒီ ဝယ်မသိမ်းခဲ့။

နိုင်ငံရပ်ခြား ရောက်တဲ့အခါမှာပင် ဦးဆန်နီရဲ့ ဂယ်လာရီကို အရောက်သွားပြီး ကြည့်မိမြဲ ဖြစ်ပြန်သည်။

မည်းမှောင်သော နောက်ခံကားမှာ ပြတင်းပေါက် တစ်ပေါက် ရှိနေပြီး ထိုပြတင်းပေါက်၌ရပ်ကာ လ,ကိုငေးလျက် တို့ထိဖို့ ကြိုးစားနေတဲ့ မိန်းမတစ်ယောက်ရဲ့ပုံကို ဆွဲထားတဲ့ကားကို ချင်းမိုင် ပြခန်း၌ တွေ့ခဲ့ရပြီး ကားအမည်ကို "မိုက်မဲသော မိန်းမ"လို့ တွေ့ရတဲ့ အခါမှာတော့ သူ့ကို လွမ်းဆွတ်စိတ်နှင့် ရှုးမတတ် ဖြစ်ရပါသည်။

"သူ့ကိုတော့ ဒီဘက်မှာလည်း လူကြိုက်တတ်တယ်၊ သူက လူပုံဆွဲလည်း သိပ်အနုစိတ်တယ်၊ သူ အနုစိတ်ပုံက အမြဲ အားပါတယ်၊ လူပုံမဟုတ်တဲ့ ကားတွေဆိုလည်း အိုင်ဒီယာက အမြဲဆန်းသစ်တယ်၊ ခုတောင် ဘာပုံတွေ ဆွဲဖြစ်နေလဲ မသိဘူး၊ ကျွန်တော် အပ်ထားတာရှိသေးတယ် မနဒီနဲ့ တွေ့သေးလား"

"ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ သိပ်မတွေ့ဖြစ်ကြတော့ပါဘူး ဦးဆန်နီရယ်"

နဒီက ဆွေးနင့်နင့်ကလေး ပြုံး၍ဖြေမိသည်။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နဒီသည် ဒေါ်ခင်လေးညိုထံကိုလည်း အနည်းဆုံး နှစ်လ သုံးလကို တစ်ကြိမ်လောက်တော့ ရောက်အောင်သွားတတ်ပါသည်။ ချစ်သူကောင်ကလေးရဲ့ အမေနှင့် စကားတွေထိုင်ပြောခွင့်ရလိုက်တဲ့ အခါတိုင်း အဲဒီကောင်လေးကို လွမ်းလှတဲ့စိတ်တွေ အနည်းငယ် ဖြေသာရာ ရတယ်လို့ ထင်မိသည်။

နဒီ လာနေမြဲကိုတော့ ညိုသစ်ငြိမ်း အပါအဝင် ဘယ်သူမှ မသိဖို့ ဒေါ်ခင်လေးညိုကို ဖိတ်ပင်ထားပါသည်။ ညိုသစ်ငြိမ်းကို ငြင်းလိုက်ကာစကတော့ ဒေါ်ခင်လေးညိုနှင့် ဆယ်ရက်တစ်ကြိမ်လောက် တွေ့ဖြစ်ကာ၊ နောက်ပိုင်းတော့ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ်။ ချစ်သူကို အစိမ်းဖြတ်ဖြတ်ပြီး နာကျင်လောင်မြိုက်ခဲ့ရသော နေ့များတုန်းကတော့ နဒီသည် ဒေါ်ခင်လေးညိုရဲ့ ဆေးခန်းထဲမှာ အကြိမ်ကြိမ် မျက်ရည်တွေကျခဲ့ရဖူးလျက် ထိုမျက်ရည်များရဲ့ အပူက ဆရာဝန်ကိုပါ ကူးစက်ခဲ့သည်။

အဲဒီနောက်တော့ နဒီသည် သူမရဲ့ Therapist ဒေါ်ခင်လေးညိုနှင့် အလွန်ချစ်ခင် ရင်းနှီး၍ ယုံကြည်စိတ်ချအားကိုးရသော မိတ်ဆွေစစ်တွေ ဖြစ်၍လာသည်။

"ဦးလပြည့် လက်ထပ်သွားပြီ မမ"





"ဟုတ်လား၊ ဘယ်လိုမှ ဆက်လက်သည်းခံ စိတ်ရှည်ပြီး မစောင့်နိုင်တော့ဘူးပေါ့"

နဒီက တသိမ့်သိမ့်ရယ်မောမိကာ ...

"ဟုတ်ပါရဲ့ မမရယ်၊ နဒီလည်း သူ့ကို သနားမိပါတယ်လေ"

"နဒီ ... နဒီအတွက် အဖော်ရှာဖို့ အိမ်ထောင်ဖက်ဖို့ မိသားစုဘဝတစ်ခုစဖို့ သင့်တော်တဲ့ အချိန်ပိုင်းတွေထဲက နောက်ဆုံးအပိုင်းကို ရောက်လာနေပြီ၊ ရှေ့လျှောက်မှာ ကိုယ့်စိတ်တိုင်းကျနိုင်လောက်တဲ့ အဆင့်ကိုရဖို့ တဖြည်းဖြည်း ခက်လာတော့မယ်"

"စိတ်တိုင်းကို မတျတော့တာ မမ"

အဖြစ်အပျက်တို့ရဲ့နောက် ငါးနှစ်တာလောက် လွန်မြောက်ခဲ့တဲ့အချိန် တစ်ခုသော မုတ်သုန်မိုးကာလတစ်ခုရဲ့ နေ့ရက်တစ်ရက်တွင် နဒီသည် ပန်းချီပြပွဲတစ်ခု၌ ညိုသစ်ငြိမ်းရဲ့ ကားသစ်တစ်ကားကို တွေ့ပါသည်။ ရောင်းရန်မဟုတ် ဆိုတဲ့ ပန်းချီကားက နဒီ အသည်းနှလုံးများကို ဆုပ်ညှစ်လိုက်သလို [illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်လို ကျယ်ပြောတဲ့ လက်ရန်းကွေးကြီး တစ်ခုထက်မှာ ဖဝါးရှုံ့ဖြူ တလွင့်လွင့်နှင့်ရပ်ရင်း ကောင်းကင်ပေါ်က လ,ကို တို့ထိဖို့ ကြိုးစားနေတဲ့ မိန်းမတစ်ယောက်ပုံပဲဖြစ်သည်။ ဒါကိုပဲ Version မျိုးစုံနှင့် ခံစားရေးဖွဲ့လို့ မဆုံးတော့တဲ့ ညိုသစ်ငြိမ်းက ထိုပန်းချီကားကိုတော့ "သူတော်စင်မ"လို့ အမည်ပေးခဲ့သည်။

အဲဒီနောက်များမကြာမီ ရက်ပိုင်းအတွင်းမှာပဲ ပန်းချီဆရာ ညိုသစ်ငြိမ်းနှင့် အင်္ဂလိပ်စာအဓိက နောက်ဆုံးနှစ် ဆိုတဲ့ မိန်းမငယ်လေး တစ်ယောက်တို့ရဲ့ မင်္ဂလာဆောင်ပွဲ ဖိတ်စာကို ဒေါ်ခင်လေးညိုထံမှ နဒီ လက်ခံရရှိခဲ့ပါသည်။

လမင်းမိုမို

